# CORONAVIRUS DISEASE 2019 (COVID–19)

# လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်မှ ကောက်နုတ်ချက်များ

## (၂၄–၁–၂၀၂၀) ရက်နေ့မှ (၉–၇–၂၀၂၀) ရက်နေ့အထိ

ပြည်ထောင်စုဝန်ကြီးမှ လမ်းညွှန်မှာကြားချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများ တစ်နေရာတည်းတွင် လွယ်ကူစွာဖတ်ရှု၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် စုစည်းဖော်ပြအပ်ပါသည်။

(ဤပြောကြားချက်များသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်ကူးစက်တတ်သော အလားတူ ရောဂါများအတွက်လည်း အသုံးပြုနိုင်ပါသည်။)

**COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ**

**ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

**နေပြည်တော်၊ ဇန်နဝါရီလ (၂၄) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1. ဤကဲ့သို့ ရောဂါကြိုတင် ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိမှုများသည် ကောင်းမွန်ပါကြောင်း၊

2. အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အထူးကြပ်မတ် အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

3. ရောဂါဖြစ်ပွားသည့် နိုင်ငံများမှလာရောက်သည့် ခရီးသည်များအား နယ်စပ် ဝင်ပေါက်များနှင့် လေဆိပ်များတွင် ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုစဉ်က ရောဂါလက္ခဏာများ ပြသခြင်း မရှိသော်လည်း ၎င်းတို့နေထိုင်သွားလာမည့် အချက်အလက်များကို စနစ်တကျ မှတ်တမ်းရယူထားရှိကာ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း၊

4. သံသယလူနာများကို သီးခြားလူနာခန်းတွင်ထားရှိ၍ ရောဂါအတည်ပြုခြင်းနှင့် ကုသခြင်း လုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်းနှင့် စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်းကြပ်စွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

5. လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနရှိ ဆေးရုံများထံ ဖြန့်ဝေခြင်းသာမက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများထံသို့ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ပုဂ္ဂလိကဆရာဝန်များအဖွဲ့မှတစ်ဆင့် ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊

6. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်များနှင့်အညီ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

**COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု လက်တွေ့မြေပြင် အခြေအနေများကို ပြည်ထောင်စုဝန်ကြီး လှည့်လည်ကြည့်ရှုခဲ့စဉ်**

**ရန်ကုန်၊ ဇန်နဝါရီလ(၂၅) ရက်၊ (၂၀၂၀) ခုနှစ်**

7. ယမန်နေ့ အစည်းအဝေးတွင် သက်ဆိုင်ရာဌာနအသီးသီးမှ တင်ပြထားရှိခဲ့သည့် 2019 Novel Coronavirus (2019-nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများသည် ကျေနပ်ဖွယ်ရှိပါကြောင်း၊

8. နိုင်ငံတကာ ဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မူဆယ်၊ ကန်ပိုက်တီး၊ မြဝတီ၊ တာချီလိတ်၊ တမူး အပါအဝင် မြန်မာ-တရုတ်၊ မြန်မာ-ထိုင်းနှင့် မြန်မာ-အိန္ဒိယ နယ်စပ်ဝင်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) မှ ကပ်ရောဂါဗေဒဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးကို လုပ်ငန်းများကို ကြီးကြပ်ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ချထားမည်ဖြစ်ပါကြောင်း၊

9. ထို့အပြင် ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးလမ်းကြောင်းများကို တိကျစွာ သတ်မှတ်ပေးရမည် ဖြစ်ပါကြောင်း၊

10. ထိုသို့ နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက် လမ်းကြောင်းများ၌ သေချာစွာ ရောဂါစောင့်ကြပ်ကြည့်ရှု ဆောင်ရွက်နိုင်ပါက သံသယလူနာများနှင့် ရောဂါဖြစ်ပွားသူများကို စောစီးစွာ သိရှိထောက်လှမ်းနိုင်မည်ဖြစ်ပြီး အချိန်မီကုသခြင်းနှင့် ကူးစက်ပြန့်ပွားမှုတို့ကို ကာကွယ် တားဆီးတုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊

11.သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက မိမိဒေသအတွင်းရှိ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

12.ရောဂါဖြစ်ပွားရာဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ်လက္ခဏာများ မရှိသော်လည်း ၎င်းတို့ တည်းခိုနေထိုင်မည့် ဟိုတယ်နှင့် တည်းခိုခန်းလိပ်စာများကို မှတ်သားထားရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တည်းခိုခန်းနှင့် ဟိုတယ်များသို့ အဆိုပါ ခရီးသည်များ နာမကျန်းဖြစ်သည်ဟု သံသယရှိပါက ကျန်းမာရေးဌာနသို့ အသိပေး အကြောင်းကြားပေးရန် ဆက်သွယ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

13.အပြည်ပြည်ဆိုင်ရာ လေဆိပ်များရှိ ဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် ဟိုတယ်နှင့် တည်းခိုခန်း ဝန်ထမ်းများအား ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ရောဂါကာကွယ်မှုဆိုင်ရာ အသိပညာအချက်အလက်များ၊ သတင်းပေးပို့ရမည့် အခြေအနေနှင့် လမ်းကြောင်းများကို ကြိုတင်အသိပေးထားရမည် ဖြစ်ပါကြောင်း၊

14.ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health Declaration Form ကို ပြည်ပမှ လေကြောင်းခရီးဖြင့်လာရောက်သည့် ခရီးသည်များအား စနစ်တကျ ပြည့်စုံစွာ ဖြည့်စွက်စေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတကာ လေကြောင်းလိုင်းများသို့ အကြောင်းကြားထားရမည် ဖြစ်ပါကြောင်း၊

15.တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာတွင် 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင် ရောဂါဖြစ်ပွားမှု၊ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှု အခြေအနေများကို မျက်ခြေမပြတ်လေ့လာ၍ တုံ့ပြန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

**ပြည်ထောင်စုဝန်ကြီးသည် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ သွားရောက်၍ ရောဂါဖြစ်ပွားသူများလာရောက်ပါက ဆောင်ရွက်မည့် အစီအစဉ်နှင့် ကြိုတင်ပြင်ဆင်ထားရှိသည့် မြေပြင်အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ရာတွင် -**

16.ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် သံသယလူနာများ၊ ရောဂါအတည်ပြုလူနာများ လွှဲပြောင်းကုသမှုလက်ခံရန်နှင့် ထားရှိကုသရန် ဆောင်ရွက်ထားမှု၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများသည် ကျေနပ်ဖွယ်ရာရှိသည်ကို တွေ့ရှိရပါကြောင်း၊

17.သီးခြားလူနာခန်းများထားရှိမှု အခြေအနေသည်လည်း အနည်းဆုံးလိုအပ်သည့် နိုင်ငံတကာ အဆင့်အတန်းများ (minimum international standard) ရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားခဲ့ပြီး ကျွမ်းကျင်ပိုင်းဆိုင်ရာ အချက်အလက်များကို ဆေးရုံအုပ်ကြီး၊ ပါမောက္ခများနှင့် ဆွေးနွေးကာ လမ်းညွှန်မှာကြားခြင်း၊

**ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်နေကြသော Yangon Aerodrome ကုမ္ပဏီ၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးဌာနတို့နှင့် တွေ့ဆုံ၍ -**

18.နိုင်ငံတကာမှ ဝင်ရောက်လာသော ခရီးသည်များကို Thermal Scanner အသုံးပြု၍ အဖျား ရှိ၊ မရှိ၊ သံသယလူနာစစ်ဆေးခြင်းလုပ်ငန်းများစနစ်တကျ ဆောင်ရွက်ရေး၊

19.လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းများသည် များပြားလှသော ခရီးသည်များနှင့် နေ့စဉ်ထိတွေ့နေရသဖြင့် ရောဂါပိုးကူးစက်မှု မရှိစေရေးအတွက် မျက်နှာဖုံးများ စနစ်တကျတပ်ဆင်ခြင်းနှင့် လက်သန့်စင်ပိုးသတ်ဆေး (hand sanitizer) အသုံးပြုရေး၊ လူနာများထံမှ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းတို့မှ တစ်ဆင့်ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်ရန် မှန်အကာအကွယ်ငယ်များ တပ်ဆင်အသုံးပြုရေး၊

20.ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ဝေထားသော Health Declaration Form များကို ပြည့်စုံစွာဖြည့်စွက်ထားသည့် ခရီးသည်များကိုသာ ဝင်ရောက်ခွင့်ပြုရေး၊

21.သံသယလူနာတွေ့ရှိပါက လေဆိပ်မှ ဝေဘာဂီအထူးကု ဆေးရုံကြီးထံသို့ စနစ်တကျ လွှဲပြောင်းကုသရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခြင်း၊

**COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ**
**ကာကွယ်ကုသရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရေး**
**ရောဂါစောင့်ကြပ်ကြည့်ရှုရေး၊ ကုသရေး၊ ဓာတ်ခွဲစစ်ဆေးရေးနှင့်**
**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးရေးတို့မှ အကြီးအကဲများနှင့် ညှိနှိုင်းဆွေးနွေးပွဲ**

**ရန်ကုန်၊ ဇန်နဝါရီလ (၂၇) ရက်၊ (၂၀၂၀) ခုနှစ်**

22.နိုင်ငံတကာမှ ပြည်တွင်းသို့ဝင်ရောက်လာသည့် ခရီးသည်များအား ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပြည်တွင်းသို့ဝင်ရောက်စဉ်က သံသယလက္ခဏာများ မရှိသော်လည်း ရောဂါ ပျိုးချိန်အတွင်း သံသယလက္ခဏာများ ပေါ်ပေါက်ပါက စောစီးစွာတုံ့ပြန်ဆောင်ရွက်မှု တို့မှာ အထူးအရေးကြီးကြောင်း၊

23.ဝန်ကြီးဌာနအတွင်းသာမက နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပါ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုများ ကောင်းမွန်ရေးအမှာ အထူးအရေးကြီးပါကြောင်း၊

24.သံသယလူနာများတွေ့ရှိပါက လူနာလွှဲပြောင်းမှု၊ သီးခြားခန်းတွင် ထားရှိကုသမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီတင်းကြပ်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

25.ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့ သံသယလူနာများ ရောက်ရှိလာပါက ဖြန့်ဝေပေးထား သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ကြီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီး ပါကြောင်း၊

26.နီးနွယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များ အပြန်အလှန် ဆက်သွယ်ပေးပို့ရေးမှာ အရေးကြီးပါကြောင်း၊

27.တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့်လည်း အမြဲဆက်သွယ်၍ သတင်းအချက်အလက်များ ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

28.တိုင်းဒေသကြီး/ ပြည်နယ်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ ဦးဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

29.ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမြဲဆက်သွယ်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးမှုနှင့် သတင်းအချက်အလက်များရယူသွားကာ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

**COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ကုသရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းဆေးရုံများအားလုံးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပွဲ**

**ရန်ကုန်၊ ဇန်နဝါရီလ (၂၇) ရက်၊ (၂၀၂၀) ခုနှစ်**

**30.နိုင်ငံတကာမှ ပြည်တွင်းသို့ဝင်ရောက်လာသည့် ခရီးသည်များအား ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပြည်တွင်းသို့ဝင်ရောက်စဉ်က သံသယလက္ခဏာများ မရှိသော်လည်း ရောဂါပျိုးချိန်အတွင်း သံသယလက္ခဏာများ ပေါ်ပေါက်ပါက စောစီးစွာ တုံ့ပြန်ဆောင်ရွက်မှုတို့မှာ အထူးအရေးကြီးကြောင်း၊**

**31.သံသယလူနာများတွေ့ရှိပါက လူနာလွှဲပြောင်းမှု၊ သီးခြားခန်းတွင် ထားရှိကုသမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်းကြပ်စွာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအတွင်းသာမက နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပါ စနစ်တကျ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုများ ကောင်းမွန်ရေးမှာ အထူးအရေးကြီးပါကြောင်း၊**

**32.ထို့အပြင် နီးနွယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဆက်သွယ်ပေးပို့ရေးမှာ အရေးကြီးပါကြောင်း၊**

33.ယခုအစည်းအဝေးတွင် ဆွေးနွေးမှုများကို အစည်းအဝေးသို့ တက်ရောက်လာကြသူများ သာမက နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံအုပ်များသိရှိရန် ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊

34.ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဆိုင်ရာ ကဏ္ဍများအနေဖြင့် တူညီသော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိရန်၊ အပြန်အလှန်သတင်းဖလှယ်ရန် ဆက်သွယ်ရေးကွန်ရက်လမ်းကြောင်းတစ်ခု ချက်ချင်းဖော်ဆောင်ထားရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများထိရောက်စွာဆောင်ရွက်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

35.လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်သည့် ဌာန၊ တာဝန်ရှိသူများအားလုံး အချိန်ကိုက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် (synchronized coordination and collaboration) လုပ်ကိုင်ရမည်ဖြစ်ပါကြောင်း၊

ဟိုတယ်လုပ်ငန်း၊ ခရီးသွား လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးရုံလုပ်ငန်းများမှ တာဝန်ရှိသူများမှ ရောဂါစောင့်ကြပ် ကြည့်ရှုမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးရှင်းလင်း ဆွေးနွေးပွဲ

ရန်ကုန်၊ ဇန်နဝါရီလ (၂၇) ရက်၊ (၂၀၂၀) ခုနှစ်

36.ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်လမ်းကြောင်းများ၌ သေချာစွာ ရောဂါစောင့်ကြပ် ကြည့်ရှုဆောင်ရွက်နိုင်ပါက သံသယလူနာများနှင့် ရောဂါဖြစ်ပွားသူများကို စောစီးစွာ သိရှိထောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊

37.ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်ရှိ ထုတ်ပြန်ချက်များအရ 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ၏ ရောဂါပျိုးချိန် (incubation period) သည် ရက်သတ္တပတ် (၂) ပတ်ခန့်ရှိသည် ဖြစ်သဖြင့် ရောဂါဖြစ်ပွားရာ ဒေသများ မှဝင်ရောက်ရှိလာသော ခရီးသည်များသည် မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ် လက္ခဏာများ မရှိ၊ နာမကျန်းမှု မရှိသော်လည်း ရောဂါပျိုးချိန်အတွင်း ရောဂါဖြစ်ပွားမှု ရှိနိုင်ပါကြောင်း၊

38.ထိုသို့သော လူနာများကို စောစီးစွာထောက်လှမ်းသိရှိရန်၊ ကုသပေးရန်နှင့် အခြားသူများ ထံ ရောဂါပြန့်ပွားမှုမရှိစေရန်အတွက် အရေးကြီးသဖြင့် အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

39.အဆိုပါရောဂါသည်လူတစ်ဦးတွင် ရောဂါရှိပါက အခြားသူများသို့ မကူးစက်နိုင်သည့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတို့ကဲ့သို့ မဟုတ်ဘဲ လူတစ်ဦးမှ တစ်ဦးထံ ကူးစက်နိုင် သည့်ရောဂါဖြစ်သဖြင့် အဖွဲ့အစည်းများအားလုံးနှင့် ပြည်သူများ တစ်ဦးချင်းစီမှ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊

40.ထိုသို့ဆောင်ရွက်ရာတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများ၊ ဟိုတယ်နှင့် တည်းခိုခန်း ဝန်ထမ်းများနှင့် ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍသည် ယခု အချိန်၌ အလွန်အရေးကြီးပါကြောင်း၊

41.ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health Declaration Form ကို ပြည်ပမှလေကြောင်းခရီးဖြင့်လာရောက်သည့် ခရီးသည်များအား စနစ်တကျ ပြည့်စုံ စွာဖြည့်စွက်ထားမှသာ ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပြုရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတကာလေကြောင်းလိုင်းများသို့ အကြောင်းကြားထားပြီး ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊

42.နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံသို့ဝင်ရောက်စဉ်တွင် တည်းခိုနေထိုင်မည့် ဟိုတယ် နှင့် တည်းခိုခန်းလိပ်စာများ၊ သွားလာမည့်နေရာဒေသများကို အဆိုပါ Health Declaration Form များတွင် ဖြည့်သွင်းစေပြီး မှတ်သားထားရှိပါကြောင်း၊

43.သက်ဆိုင်ရာ တည်းခိုခန်းနှင့်ဟိုတယ်များမှ တာဝန်ရှိသူများနှင့် ခရီးသွားလမ်းညွှန်များ အနေဖြင့် လာရောက်တည်းခိုသည့် နိုင်ငံတကာခရီးသည်များတွင် ရောဂါဖြစ်ပွားမှု သံသယလက္ခဏာများတွေ့ရှိရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကို တွေ့ရှိပါက သတ်မှတ် ထားသော ကျန်းမာရေးဌာနသို့ ချက်ချင်းတယ်လီဖုန်းဖြင့် အကြောင်းကြားပေးကြစေ လိုပါကြောင်း၊ ဆေးရုံမှ တာဝန်ရှိသူများကလည်း ချက်ချင်းတုံ့ပြန် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

44.ရောဂါ၏ သံသယလက္ခဏာများကို တည်းခိုခန်းနှင့် ဟိုတယ်များမှဝန်ထမ်းများ၊ ခရီးသွား လမ်းညွှန်များနှင့် ခရီးသည်များ သိရှိစေရေး ကျန်းမာရေးအသိပညာပေး ဗွီနိုင်းပိုစတာ များကိုလည်း ဟိုတယ်နှင့်တည်းခိုခန်းများတွင် အမြန်ဆုံး တပ်ဆင်ထားရှိပေးကြစေလို ပါကြောင်း၊

45.ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများအနေဖြင့်လည်း 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ သံသယလူနာများ လာရောက်ပြသမှုရှိပါက လုပ်ထုံး လုပ်နည်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသော ဆေးရုံထံသို့ ချက်ချင်း သတင်းပေးပို့အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊

46.ပြည်သူများအနေဖြင့်လည်း ထိုသို့ သံသယရောဂါလက္ခဏာများနှင့် လူနာများကို တွေ့ရှိ ပါက သက်ဆိုင်ရာ မြို့နယ်ရှိကျန်းမာရေးဌာနသို့ အကြောင်းကြားပေးနိုင်ရန် အရေးပေါ် (၂၄) နာရီဆက်သွယ်ရေးလမ်းကြောင်းထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

47.အများပြည်သူသုံး ဘတ်စ်ကားများတွင်လည်း ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးစတစ်ကာများ တပ်ဆင်ထားရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိ သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊

48.ယခုကဲ့သို့ အစပိုင်းကာလတွင် ကျန်းမာရေးဝန်ထမ်းများ၊ တည်းခိုခန်းနှင့် ဟိုတယ်များမှ ဝန်ထမ်းများ၊ ခရီးသွားလမ်းညွှန်များ၊ ပြည်သူများနှင့် ခရီးသည်များကိုယ်တိုင် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ရောဂါကာကွယ်နှိမ်နင်းမှုလုပ်ငန်းများ ထိရောက်အောင်မြင် မည်ဖြစ်ပါကြောင်း၊

49.ရောဂါ၏ ရောဂါဖြစ်ပေါ်ပြောင်းလဲမှု သဘောသဘာဝ (natural history of disease) ဖြစ်စဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာကျန်းမာရေး အဖွဲ့အစည်းများက ဆက်လက်လေ့လာလျက်ရှိပါကြောင်း၊

50.ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အဆိုပါရောဂါဖြစ်ပွားမှုအခြေအနေများကို ပြည်သူ့ ကျန်းမာရေးဆိုင်ရာနိုင်ငံတကာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားခြင်းမရှိ

**သေးသော်လည်း ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊**

51. **ပြည်သူများအနေဖြင့် အင်တာနက်ကွန်ရက်မှ သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသည့်အခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊** US CDC၊ **နိုင်ငံတကာ ကျန်းမာရေးဝန်ကြီးဌာနများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင်အင်တာနက်စာမျက်နှာများစသည့် ခိုင်မာသောသတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များကို လေ့လာကြစေလိုပါကြောင်း၊**

52. **အခြားခိုင်မာမှုမရှိသော သတင်းအရင်းအမြစ်များမှ အချက်အလက်များကို စိတ်ချရသော သတင်းအရင်းအမြစ်များမှ အချက်အလက်များနှင့် ချိန်ထိုးတိုက်ဆိုင်စေလိုပါကြောင်း၊**

53. **ဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာတွင်** 2019 Novel Coronavirus (2019–nCoV) **ကြောင့်ဖြစ်ပွားသော အဆုတ်ရောင် ရောဂါ ဖြစ်ပွားမှု၊ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုအခြေအနေများကို မျက်ခြေမပြတ် လေ့လာ၍ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊**

54. **သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့်လည်း မိမိတို့ လုပ်ဆောင်နိုင်သည့် ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း၊**

**ဗဟိုအဆင့် နေ့စဉ်အစည်းအဝေး (၁/၂၀၂၀)၊**

**နေပြည်တော်၊ ဇန်နဝါရီလ (၂၈) ရက်၊ (၂၀၂၀) ခုနှစ်**

55. ရောဂါကာကွယ်ကုသရေးအတွက် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဓာတ်ခွဲအပါအဝင် ကဏ္ဍပေါင်းစုံ ချိန်သားကိုက်ချိတ်ဆက် ဆောင်ရွက်မှုများသည် အရေးကြီးပါကြောင်း၊

56. ရောဂါပျံ့နှံ့ဖြစ်ပွားမှုဖြစ်စဉ်များတွင် ဝန်ကြီးဌာနအတွင်းသာမက နီးနွှယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပါ စနစ်တကျချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှု ကောင်းမွန်မှသာ လုပ်ငန်းများလစ်ဟင်းမှုမရှိဘဲ ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း၊

57. ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ်အဆင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ ဆယ်သွယ်ရေးလမ်းကြောင်းတစ်ခု ချက်ချင်းဖော်ဆောင်၍ သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊

58. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ(CEU) အနေဖြင့် ယခုအစည်းအဝေးမှ ဆွေးနွေး မှုများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဆင့်သို့ ဖြန့်ဝေပေးသွားရမည် ဖြစ်ပါကြောင်း၊

59. အစည်းအဝေးမှ ဆွေးနွေးမှုများကို အခြေခံ၍ လုပ်ငန်းလမ်းညွှန်မှုများ၊ လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများ (Guidelines and Standard operating procedures) များကိုလည်း ပြုစုဖြန့်ဝေပေးအပ်သွားရမည်ဖြစ်ပါကြောင်း၊

60. ပြည်သူများအနေဖြင့်လည်း သံသယရောဂါလက္ခဏာများနှင့် လူနာများကို တွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်ရှိကျန်းမာရေးဌာနသို့ အကြောင်းကြားပေးနိုင်ရန် အရေးပေါ် (၂၄) နာရီဆက်သွယ်ရေး လမ်းကြောင်းထားရှိ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

61. 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့် ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ၊ နောက်ဆုံးရ သတင်းအချက်အလက်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်သူများ လွယ်လင့်တကူ ဖတ်ရှုနိုင်ရန်အတွက် စုစည်းကာ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) တွင် icon တစ်ခုထားရှိပေးရမည်ဖြစ်ပါကြောင်း၊

62. အလားတူ ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းအချက်အလက်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများ၊ ကျန်းမာရေးအသိပညာများ၊ ရောဂါနှင့်ပတ်သက်၍ မေးမြန်းဖြေကြား (interview) ထားရှိမှုများ စသည်တို့ကို ပြည်သူများ လွယ်လင့်တကူ ဖတ်ရှုနိုင်ရန်

အတွက်စုစည်းကာ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) တွင် icon တစ်ခုထားရှိပေးရမည်ဖြစ်ပါကြောင်း၊

63. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ US CDC၊ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင် အင်တာနက်စာမျက်နှာများ စသည့် ခိုင်မာသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များကို အမြဲမပြတ်စောင့်ကြည့်ကာ ထူးခြားမှုများရှိပါက တာဝန်ရှိသူများထံ ချက်ချင်းအကြောင်းကြားရမည် ဖြစ်ပါကြောင်း၊

64. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါပျံ့နှံ့မှု ဖြစ်စဉ်နှင့် ပတ်သက်သည့်အကြောင်းအရာ၊ သတင်းအချက်များအားလုံးကို သီးသန့်ပင်မမှတ်တမ်းဖိုင် (master file) တစ်ခုထားရှိ စုစည်းထားရမည်ဖြစ်ပါကြောင်း၊

65. တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်လည်း အမြဲဆက်သွယ်၍ သတင်းအချက်အလက်များ ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

66. တိုင်းဒေသကြီး/ ပြည်နယ်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဦးဆောင်မှုဖြင့် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရ မည်ဖြစ်ပါကြောင်း၊

67. ဤကဲ့သို့ ကူးစက်မြန် epidemic prone disease ရောဂါပိုးများနှင့် ပတ်သက်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေသော ခေတ်ခွဲဝန်ထမ်းများအတွက် (risk allowance) ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊

68. တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများအနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) ကို အမြဲမပြတ်ကြည့်ရှုခြင်း၊ အချင်းချင်း ကွန်ရက်ချိတ်ဆက်ကာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊

69. ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားရှိရမည် ဖြစ်ပါကြောင်း၊

70. ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးရုံလုပ်ငန်းများမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများအတွက် ရောဂါဖြစ်ပွားမှု သံသယ လက္ခဏာများ သိရှိနိုင်ရန်နှင့် သံသယလူနာများတွေ့ရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာန သို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေး ပို့စတာနှင့် စတစ်ကာ များ ပြုစုရမည်ဖြစ်ပါကြောင်း၊

71. ရောဂါကာကွယ်ကုသရေးအတွက် နောက်ဆုံးအချက်အလက်များ ဝေမျှမှု အစည်း အဝေးကို နေ့စဉ် နံနက်တိုင်း ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊

## (၂/၂၀၂၀)၊ နေပြည်တော်၊ ဇန်နဝါရီလ (၂၉) ရက်၊ (၂၀၂၀) ခုနှစ်

72. 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ် ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ယခုအချိန်ကာလတွင် အရှိန်အဟုန် ဖြင့် အားလုံးစုစည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊

73. ရောဂါပျံ့နှံ့ဖြစ်ပွားမှု ဖြစ်စဉ်များတွင် ဝန်ကြီးဌာနအတွင်းသာမက နီးနွှယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပါ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှု ကောင်းမွန်မှသာ လုပ်ငန်းများ လစ်ဟင်းမှုမရှိဘဲ ထိရောက်အောင်မြင်မည်ဖြစ်သည်ကို ထပ်မံ၍ အလေးပေး ပြောကြားလို ပါကြောင်း၊

74. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် ယခု နေ့စဉ်အစည်းအဝေး ဆွေးနွေးမှုမှတ်တမ်းများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဆင့်သို့ အီးလ်မေးဖြင့် နေ့စဉ်ဖြန့်ဝေပေးသွားရမည် ဖြစ်ပါကြောင်း၊

75. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU)အနေဖြင့် ဖြစ်စဉ်တစ်လျှောက် လုပ်ငန်းစဉ်များကို နေ့စဉ်မျက်ခြေမပြတ် ကြည့်ရှုဆန်းစစ်၍ လိုအပ်သည်များကို အားဖြည့် ဆောင်ရွက်ကာ လုပ်ငန်းလစ်ဟင်းမှုမရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

76. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် ဦးစီးအရာရှိတစ်ဦးအား တာဝန်သတ်မှတ်ပေး၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ US CDC၊ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင် အင်တာနက်စာမျက်နှာများစသည့် ခိုင်မာသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များကို အမြဲမပြတ်စောင့်ကြည့်ကာ ထူးခြားမှုများရှိပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ ချက်ချင်း အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊

77. တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ထံ နေ့စဉ်နံနက် (၁၁) နာရီမတိုင်မီ မဖြစ်မနေ ပေးပို့ရန်နှင့်  သံသယလူနာ တွေ့ရှိပါက တယ်လီဖုန်းဖြင့် ချက်ချင်းဆက်သွယ် သတင်းပေးပို့ရန်ဖြစ်ပါကြောင်း၊

78. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ ကျန်းမာရေး နှင့်ကုသရေးဦးစီးဌာနများ၊ ဆေးရုံကြီးများ၊ ဆေးပညာပါမောက္ခများ၊ ကူးစက်ရောဂါပညာရှင်များ ပါဝင်သည့် အင်တာနက်အသုံးပြုဆက်သွယ်ရေး ကွန်ရက်အဖွဲ့ (viber group) ဖွဲ့ကာ သတင်းများဖလှယ်ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ရမည် ဖြစ်ပါကြောင်း၊

79. နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန စသည့် နီးနွှယ်ဝန်ကြီးဌာနများ၊ အခြားနီးနွှယ် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဖွဲ့စည်းပြီး ကွန်ရက်ချိတ်ဆက်၍ သတင်းဖလှယ်ပေးပို့ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

80. နိုင်ငံတကာနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ရောဂါစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်နေမှု သတင်းများကို အဆိုပါနေရာများမှ ကျန်းမာရေးဌာနတာဝန်ရှိသူများက ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) ထံသို့ နေ့စဉ်နံနက် (၁၁) နာရီ မတိုင်မီ ဆက်သွယ်ပေးပို့ရမည် ဖြစ်ပါကြောင်း၊

81. ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ (HLPU) အနေဖြင့် ပြည်သူများထံ ကျန်းမာရေးအသိပညာပေးမှုများ ယခုထက်ပိုမိုထိရောက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး လမ်းကြောင်းအမျိုးမျိုးဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

82. ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များမှတစ်ဆင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များထံသို့ ရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ ပေးပို့ထားခဲ့ခြင်းသည် ကောင်းမွန်ပါကြောင်း၊ ဆက်လက်၍ နောက်ဆုံးရ အချက်အလက်များကို ပေးပို့ပေးရမည်ဖြစ်ပါကြောင်း၊

83. အခြေခံကျန်းမာရေးဝန်ထမ်းများ အနေဖြင့် အဆိုပါ ကျန်းမာရေးအသိပညာ အချက်အလက်များကို ပြည်သူများထံ ကျန်းမာရေးစကားဝိုင်းငယ်များပြုလုပ်ခြင်း အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊

84. တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများအား ဆိုက်ရောက်ပြည်ဝင်ခွင့် ဗီဇာ (visa on arrival) ထုတ်ပေးသည့် ကိစ္စရပ်များ ခေတ္တဆိုင်းငံ့ထားရှိရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းမှုများ ပြုလုပ်မည်ဖြစ်ပါကြောင်း၊

85. ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အင်အားကိုလည်း အသုံးချဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

86. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်နှင့် အမြဲမပြတ်ချိတ်ဆက်၍ သတင်းရယူခြင်း၊ ကျွမ်းကျင်မှုပိုင်း အပါအဝင် ပံ့ပိုးမှုများရယူခြင်းနှင့် ဌာနေကိုယ်စားလှယ်အား ဝန်ကြီးဌာနမှ သတင်းများမျှဝေခြင်း တို့ကိုဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

## (၃/၂၀၂၀)၊ နေပြည်တော်၊ ဇန်နဝါရီလ (၃၀) ရက်၊ (၂၀၂၀) ခုနှစ်

87. 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ယခုအချိန်ကာလတွင် အရှိန်အဟုန်ဖြင့် အားလုံးစုစည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊

88. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် ယခုနေ့စဉ် အစည်းအဝေး ဆွေးနွေးမှု မှတ်တမ်းများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဆင့်သို့ အီးလ်မေးဖြင့် နေ့စဉ်ဖြန့်ဝေပေးသွားရမည် ဖြစ်ပါကြောင်း၊

89. ရောဂါဖြစ်ပွားမှုဖြစ်စဉ်များသည် နေ့စဉ်နှင့်အမျှ၊ နာရီနှင့်အမျှ ပြောင်းလဲနေမည် ဖြစ်သဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်၊ US CDC ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တရားဝင် အင်တာနက်စာမျက်နှာများစသည်တို့ကို မျက်ခြေမပြတ် စောင့်ကြည့်ကာ ထူးခြား သတင်းအချက်အလက်များရှိပါက တာဝန်ရှိသူများထံ တယ်လီဖုန်းဖြင့် ချက်ချင်းဆက်သွယ် ပြောဆိုရမည်ဖြစ်ပါကြောင်း၊

90. မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ တာဝန်ယူ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊

91. နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့၌ ပညာသင်ကြားလျက်ရှိကြသော မြန်မာကျောင်းသူ/ ကျောင်းသား (၆၃) ဦးအား မြန်မာနိုင်ငံ သို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အထူးလေယာဉ် စေလွှတ်ခေါ်ယူသွားရန် ဆောင်ရွက်နေ မှုတွင် ဝန်ကြီးဌာနမှ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ quarantine ထားရှိရန် ဆောင်ရွက် ထားရှိမှုများကို လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ စေ့စပ်သေချာစွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

## (၄/၂၀၂၀)၊ နေပြည်တော်၊ ဇန်နဝါရီလ (၃၁) ရက်၊ (၂၀၂၀) ခုနှစ်

92. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဌာနချုပ်တွင် (၃၀-၁-၂၀၂၀) ၌ ကျင်းပခဲ့သော အဖွဲ့ဝင် (၁၅) ဦးပါဝင်သော Emergency Committee ၏ အစည်းအဝေးမှ အကြံပြုချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က သဘောတူပြီး 2019 nCoV ကူးစက်ရောဂါ ဖြစ်ပွားမှုအား "အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern)" အဖြစ် ကြေညာလိုက်ပြီ ဖြစ်ကြောင်း၊

93. ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများအား ရောဂါရှိသူထံမှ အခြားသူများထံ ကူးစက်ပျံ့ပွားမှု မရှိစေရေး လုပ်ငန်းများအလေးထားရန် အကြံပြုထားပါကြောင်း၊

94. အဆိုပါ ကြေညာချက်တွင်ပါရှိသည့် ကမ္ဘာ့နိုင်ငံများမှ လိုက်နာဆောင်ရွက်ကြရမည့် အကြံပြုချက်များသည် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် လတ်တလော ဆောင်ရွက်လျက်ရှိသော အချက်များဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊

95. ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှုန်း သည် နေ့စဉ်ဆက်လက်မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို မိမိတို့အနေဖြင့် အထူးဂရုပြု၍ အားထုတ်ဆောင်ရွက်ရမည် ဖြစ်ပါ ကြောင်း၊

96. ယခုအခါသည် ရောဂါဖြစ်ပွားသော နိုင်ငံများမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက် လာခြင်း နည်းပါးသွားသည်နှင့်အမျှ မိမိတို့နိုင်ငံတွင် အဆိုပါရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေ မှာလည်း နည်းပါသွားမည်ဖြစ်ပါကြောင်း၊

97. မိမိတို့အနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ပိုမိုအလေးထား ဆောင်ရွက်ခြင်း (active surveillance)နှင့် ဖြစ်ပွားသူတွေ့ရှိရပါက ၎င်းရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေခြင်း (contact tracing) ကို ပိုမိုအားထည့်၍ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊

98. ဤကိစ္စကို တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်ရန်နှင့် အစီရင်ခံခြင်း၊ သတင်းပို့ခြင်းများကို စနစ်တကျဆောင်ရွက်ရန် လိုအပ် ပါကြောင်း၊

99. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဤရောဂါကူးစက် ဝင်ရောက်လာပါ က စောစီးစွာသိရှိနိုင်ရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း များကို ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆေးရုံ/ ဆေးခန်းများတွင် ဆောင်ရွက်ထားရှိရုံ သာမက နီးနွယ်ဝန်ကြီးဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ ဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊

100. ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းကိုလည်း အထူးကိစ္စရပ်အနေဖြင့် ဘက်ပေါင်းစုံမှ မဟာဗျူဟာများဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊

101. မြန်မာနိုင်ငံဆရာဝန် အသင်းမှတစ်ဆင့် အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့အားဆက်သွယ်၍ သံသယလူနာ စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ခြင်း၊ သတင်းပို့ခြင်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

102. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာနိုင်ငံရုံးခွဲ)ကို ဆက်သွယ်၍ ဆက်လက်လိုအပ်နိုင်မည့် နှာခေါင်းစည်း (surgical mask)၊ N95 နှာခေါင်းစည်း၊ တစ်ကိုယ်ရေရောဂါ ကာကွယ်ရေး ဝတ်စုံ (personal protective equipment)၊ ရောဂါပိုးစစ်ဆေး ဖော်ထုတ်ရန် ဓာတ်ခွဲပစ္စည်း (primer၊ probe နှင့် PCR kit) များ အမြန်ဆုံးရရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

103. ယခုဖြစ်ပွားနေသည့် 2019 Novel Coronavirus (2019-nCoV) ရောဂါပိုးကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအားလုံး စနစ်တကျ ချိန်ကိုက်ပူးပေါင်းဆောင်ရွက်ညှိနှိုင်း (systematic and synchronized coordination) နှင့် ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်း (proactive follow up) ကိုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

**(၅/၂၀၂၀)၊ ရန်ကုန်၊ ဖေဖော်ဝါရီလ (၁) ရက်၊ (၂၀၂၀) ခုနှစ်**

104. ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုနှုန်းသည် နေ့စဉ်ဆက်လက်မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ “ပထမဦးစားပေးအရေးပေါ်” အနေဖြင့် အထူးဂရုပြု၍ အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

105. မိမိတို့ ဝန်ထမ်းများသည် ထိုကဲ့သို့ အထူးဂရုပြု အားထုတ်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊

106. မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေယာဉ် (၂၆)စီးခန့် နေ့စဉ်ဝင်ရောက်နေပြီး ပျမ်းမျှ (၂၆၈၀)ဦးခန့် ရှိနေသည့်အတွက် ဤခရီးသည်များသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ သွားရောက်မည့်သူများဖြစ်သဖြင့် ရောဂါရှိသူများ ပါဝင်ပါက ရောဂါပျံ့နှံ့ဖြစ်ပွားမှု ရှိနိုင်ပါကြောင်း၊

107. ရောဂါဖြစ်ပွားသော နိုင်ငံများမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်လာခြင်း နည်းပါးသွားသည်နှင့်အမျှ မိမိတို့နိုင်ငံတွင် အဆိုပါ ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေမှာလည်း နည်းပါသွားမည်ဖြစ်ပါကြောင်း၊

108. နိုင်ငံအချို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားရောက်ခဲ့ခြင်း ရာဇဝင်မရှိသော်လည်း ရောဂါဖြစ်ပွားသော ဝူဟန်ဒေသမှရောက်ရှိလာသော ခရီးသည်များမှ တစ်ဆင့် အခြားတစ်ဦးသို့ (လူလူချင်း) ကူးစက်မှုများ တွေ့ရှိနေရပါကြောင်း၊

109. တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းမှ လာရောက်သူများအား ဆိုက်ရောက်ပြည်ဝင်ခွင့် ဗီဇာ (visa on arrival) ထုတ်ပေးသည့်ကိစ္စရပ်များ ခေတ္တဆိုင်းငံ့ ထားရှိပါက ပြည်တွင်းသို့ ရောဂါကူးစက်ပျံ့နှံ့မှုများ နည်းပါးကာ နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊

110. ထိုသို့ချက်ချင်း ဆောင်ရွက်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ယနေ့(၁-၂-၂၀၂၀)၊ နံနက်ပိုင်းတွင် ဆက်သွယ်ပြောကြားပြီး ဖြစ်ပါကြောင်း၊

111. မိမိတို့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် (၇) ခုရှိ မြို့နယ် (၁၄) ခုတွင် တရားဝင် မြေပြင် နယ်စပ် ဝင်၊ထွက် ဂိတ် အနည်းဆုံး (၂၇) ခန့် ရှိသည်ဟု သိရှိရပါကြောင်း၊

112. ဥပမာအားဖြင့် (၂၉-၁-၂၀၂၀) ရက်နေ့၌ ဝင်ထွက်သူ (၁၇,၆၂၉) ဦးရှိပြီး သံသယ ရောဂါလက္ခဏာရှိသူ မတွေ့ရှိရပါကြောင်း၊

113. (၅-၁-၂၀၂၀) ရက်မှ (၃၀-၁-၂၀၂၀)ရက်နေ့အထိ ရန်ကုန်ပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် (၁၇၀,၀၀၀) ဦးခန့်၊ မန္တလေးလေဆိပ် (၉၀,၀၀၀) ဦး၊ နေပြည်တော် (၃,၀၀၀)ဦး ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊

114. နယ်စပ် ဝင်ထွက်ဂိတ်များအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် (၁-၁-၂၀၂၀) မှ (၃၀-၁-၂၀၂၀) ရက်နေ့အတွင်း ဝင်၊ ထွက်သည့် အကြိမ်ပေါင်း (၆၀၀,၀၀၀) ကျော်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် (၆-၁-၂၀၂၀)မှ (၃၀-၁-၂၀၂၀)အတွင်း ဝင်၊ ထွက်သူ (၃၃၀,၀၀၀) ဦးခန့် ရှိပါကြောင်း၊ အဆိုပါ ဝင်၊ ထွက်သွားလာသူများတွင် အများစုမှာ မြန်မာနိုင်ငံသားများဖြစ်သည်ကို သိရှိရပါကြောင်း၊ ဤအချက်များကို အထူးဂရုပြု စဉ်းစားသင့်သည့် အချက်ဖြစ်ပါကြောင်း၊

115. ထို့ကြောင့် မိမိတို့အနေဖြင့် မိမိတို့နိုင်ငံသို့ ဝင်ရောက်လာသည့်ခရီးသည်ဦးရေ နည်းပါးစေရေးအတွက် နယ်စပ်ဝင်ထွက်မှုများကို လျှော့ချခြင်း (သို့မဟုတ်) လတ်တလော ယာယီ ပိတ်ပင်မှုကို ဆောင်ရွက်ခြင်းကို ထည့်သွင်းစဉ်းစားရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ယနေ့ချက်ချင်း ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

## (၆/၂၀၂၀)၊ ရန်ကုန်၊ ဖေဖော်ဝါရီလ (၂) ရက်၊ (၂၀၂၀) ခုနှစ်

116. ယခု ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ဆက်လက်မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ “ပထမဦးစားပေးအရေးပေါ်” ကိစ္စရပ် (top priority emergency issue) အနေဖြင့် အထူးဂရုပြု၍ အားထုတ်ဆောင်ရွက်ရန်၊

117. လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ချိန်သားကိုက်ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်မှု (systematic and synchronized coordination) များ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ရန်၊

118. လုပ်ငန်းကဏ္ဍအလိုက်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ ဌာနခွဲများ၊ ဥပမာ - ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲဌာန၊ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ၊ ဝေဘာဂီအထူးကုဆေးရုံ၊ ဆေးပညာ ပါမောက္ခများ၊ ကူးစက်ရောဂါ

ပါမောက္ခများ၊ ကူးစက်ရောဂါဗေဒပညာရှင်များသည် လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်မှု (division of labour) ကို တိကျစွာ သတ်မှတ်ဆောင်ရွက်ရန်၊

119. ဆက်သွယ်မှုလမ်းကြောင်း (line of communication)ကို တိကျရှင်းလင်း ပြတ်သားစွာ ချမှတ်ဆောင်ရွက်ရန်သည် အထူးအရေးကြီးပါကြောင်း၊ သို့မဟုတ်ပါက သတင်းများ တစ်ခုနှင့်တစ်ခု တူညီမည်မဟုတ်ဘဲ ပြည်သူများ ရှုပ်ထွေးမှုဖြစ်စေခြင်း၊ မလိုလားအပ်သောကိစ္စများ နားလည်မှုလွဲခြင်းများ ဖြစ်ပေါ်နိုင်ပါကြောင်း၊

120. တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ကျန်းမာရေးဌာနများ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ကျန်းမာရေးတာဝန်ရှိသူများသည် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ(Central Epidemiological Unit) သို့ နေ့စဉ်၊ နံနက် (၁၁) နာရီမတိုင်မီ သတင်းပေးပို့ရန်၊

121. တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကို အတိအကျ ဆောင်ရွက်ရန်ကိစ္စများကို ညွှန်ကြားထားပြီးဖြစ်သဖြင့် ၎င်းအတိုင်းဆောင်ရွက်မှု ရှိ၊ မရှိကို နေ့စဉ်သုံးသပ်ရန်၊

122. တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ကျန်းမာရေးဌာနများ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ကျန်းမာရေးတာဝန်ရှိသူများအနေဖြင့် နေ့စဉ်၊ နံနက် (၁၁) နာရီထက် နောက်မကျစေဘဲ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) သို့ပေးပို့ရန် ညွှန်ကြားထားပြီးဖြစ်သဖြင့် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာရန်၊

123. သို့ဖြစ်၍ ၎င်းတို့မှ ပေးပို့သောသတင်းများကို ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ (Central Epidemiological Unit) မှ ဆန်းစစ်သုံးသပ် (analysis)ပြုလုပ်ပြီး နေ့စဉ် နံနက်တိုင်းပြုလုပ်သည့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အစည်းအဝေး၌ တင်ပြရန်နှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည့်ကိစ္စများ ရှိလျှင်လည်းကောင်း၊

အရေးကြီး သော သတင်းအချက်အလက်များ ထောက်လှမ်းသိရှိရပါကလည်းကောင်း ပြည်ထောင်စု ဝန်ကြီးထံသို့ တိုက်ရိုက်သတင်းပေးပို့ရန်၊

124. ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ဖြစ်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ ကျန်းမာရေးဌာနများတွင် အဆိုင်းလိုက် အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်ရေး အခြားဌာနခွဲများမှ ဝန်ထမ်းများကို ထပ်မံအားဖြည့် တာဝန်ပေးရမည်ဖြစ်ပါကြောင်း၊ ဤကိစ္စကို ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်မှ ယနေ့ပင် အမိန့်ညွှန်ကြားချက်ထုတ်ရန်၊

125. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့မှ ပြန်လည်ရောက်ရှိလာပြီး သီးခြားထားရှိ စောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားပညာသင်ဦး (၅၉) ဦး၏ ကျန်းမာရေးအခြေအနေများကို နေ့စဉ် (၂)ကြိမ် သတင်းရယူ၍ ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) သို့သတင်းပေးပို့ရန်၊

126. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် နေ့စဉ် ဆက်သွယ်ရေးကွန်ရက် (တယ်လီဖုန်း၊ အင်တာနက်) ကိုအသုံးပြု၍ ဌာနတွင်း တိုင်ပင်ဆွေးနွေးချိတ်ဆက်မှုများ၊ လုပ်ငန်းဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်ရန်၊

127. ရောဂါဖြစ်ပွားမှုအခြေအနေများနှင့် လက်ရှိနောက်ဆုံး သတင်းအချက်အလက်များကို ပြုစု၍ ပြည်သူများသိရှိရန် နေ့စဉ်ထုတ်ပြန်ပေးရန်၊

128. နိုင်ငံတော်သမ္မတရုံးသို့ နေ့စဉ်သတင်းပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးထံသို့ မူဝါဒနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ တည်းဖြတ်ပေးရန်အတွက် အမြန်ဆုံးတင်ပြရန်၊

129. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် ထူးခြားဖြစ်စဉ် သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်ဖြစ်ပါကြောင်း၊ ဤကိစ္စကို ဝန်ကြီးဌာန၊ eHealth ဌာနမှတာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဆက်သွယ်၍ ဆောင်ရွက်ရန်၊

130. အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း အပါအဝင် နှီးနွှယ်အဖွဲ့များသို့ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာ အချက်အလက်များ၊ ပြည်သူများမှ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်နိုင်သည့်အချက်များကို ဖြန့်ဝေပေးအပ်ရန်၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များနှင့် နှီးနွှယ်အဖွဲ့များအနေဖြင့် အဆိုပါ အချက်အလက်များကို ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန်၊

131. ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ပြောကြားလိုသည်မှာ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားနိုင်ငံများပညာရှင်များမှ ယခုရောဂါဖြစ်ပွားမှုကို ကွန်ပျူတာဖြင့် မျှော်မှန်းတွက်ချက်ခြင်း (modelling and simulation) လုပ်ဆောင်ရာ၌ ရောဂါ ဖြစ်ပွားသူတစ်ဦးထံမှ အခြားသူများထံကူးစက်ပျံ့ပွားနိုင်မှု အခြေခံနှုန်း (basic reproduction number (R0)) တန်ဖိုးသည် အချို့ပညာရှင်များက (၂.၂) ခန့်ဟု ခန့်မှန်းခဲ့ရာမှ ယခုအခါ အချို့ပညာရှင်များက (၄.၀၃) အထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည် ဖြစ်သည့်အတွက် ကူးစက်ပျံ့ပွားမှု ပိုမိုမြန်ဆန်နိုင်သည်ကို အထူးသတိပြုရမည်ဖြစ်ပါကြောင်း၊ သို့အတွက် ကမ္ဘာ့ကပ်ရောဂါအသွင် (pandemic situation) သို့ ရောက်ရှိသွားနိုင်ပါကြောင်း၊

132. ယခုအချိန်၌ မိမိတို့နိုင်ငံတွင် ခာတ်ခွဲအတည်ပြု လူနာများမရှိသေးသော်လည်း မိမိတို့သည် လူနာများရှိသကဲ့သို့ သဘောထား၍ လုပ်ငန်းများကို ဆောင်ရွက်ရန်၊

133. အပြည်ပြည်ဆိုင်ရာ လေဆိပ် (၃) ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် (၄)ခုမှ မြို့နယ် (၁၀) မြို့နယ်ရှိ ဝင်ထွက်သွားလာနေမှုများသည် အရေးကြီးသဖြင့် ဤကိစ္စကို အမြဲတမ်းအတွင်းဝန်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မည်သို့ဆောင်ရွက်နေသည်ကို အမြန်ဆုံးသုံးသပ်၍ ယခုထက် ပိုမိုထိရောက်မြန်ဆန်စေရန် ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးထံ အမြန်ဆုံးတင်ပြရန်၊

134. တိုင်းဒေသကြီး/ ပြည်နယ်များတွင် လွန်ခဲ့သော (၁၄) ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားရာဇဝင်ရှိသူများ ရှာဖွေစုံစမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုရန်၊

135. လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနရှိ ဌာနပေါင်းစုံမှ ပါဝင်ဆောင်ရွက်ရန်၊

136. ယခုအချိန်သည် အရေးကြီးသော အချိန်ကာလဖြစ်သဖြင့် ရောဂါနှိမ်နင်းရေးသာမက ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကိုပါ အားဖြည့်တာဝန်ချထားပြီး အားလုံးညီညွတ်စွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ (CEU) သို့ အခြားဌာနများမှ ဝင်ရောက်ပူးပေါင်းကာ လုပ်ငန်းများ ဆောင်ရွက်ရန်၊

137. ဤရောဂါသည် လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ပိုမိုကူးစက်ပျံ့ပွားနိုင်သည်ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း တတ်နိုင်သမျှလျှော့ချ ခြင်း (social distancing) ဖြင့် ရောဂါကူးစက်ပျံ့ပွားမှုများကို ကာကွယ်လျှော့ချနိုင်မည်ဖြစ်သည် ဆိုသည့်အချက်သည် အလေးအနက်ထား ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ပါကြောင်း၊

138. ယခုကဲ့သို့ နေ့စဉ် လုပ်ငန်းဆန်းစစ်သုံးသပ်မှု၊ ဆွေးနွေးတိုင်ပင် အကြံပြုမှုများ ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ကပ်ရောဂါဗေဒဌာနမှ ပါဝင်ပြီး ဖြစ်စဉ်အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ကပ်ရောဂါဗေဒရှုထောင့်မှ ဆွေးနွေး အကြံပြုချက်များ ပေးအပ်ရန်၊

139. ဝေဘာဂီအထူးကုဆေးရုံကြီးရှိ ဆောက်လုပ်ဆဲ (၂) ထပ်လူနာဆောင်သစ်နှင့် (၃) ထပ် လူနာဆောင်သစ်များ အမြန်ဆုံး ဆောက်လုပ်ပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနမှ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

140. 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ရေးကော်မတီ အစည်းအဝေးကို အပတ်စဉ်ပြုလုပ် ဆောင်ရွက်ရန်၊

141. ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ သံသယလက္ခဏာများတွေ့ရှိပါက မဖြစ်မနေ သတင်းပေးပို့ရေး (mandatory reporting) အတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးကို ထည့်သွင်းစဉ်းစားရန်၊

142. အထက်ပါ ကိစ္စရပ်များအားလုံးကို ထည့်သွင်းစဉ်းစားရန်နှင့် ယနေ့မိမိလမ်းညွှန် မှာကြားချက်များကို တိကျစွာ အမြန်ဆုံးဆောင်ရွက်ရန်၊

(၇/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၃) ရက်၊ (၂၀၂၀) ခုနှစ်

143. ယခု ဖြစ်ပွားနေသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (2019–nCoV acute respiratory disease) ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ နေ့စဉ်ဆက်လက်မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ “ပထမဦးစားပေး အရေးပေါ်” ကိစ္စရပ် (top priority emergency issue) အနေဖြင့် အထူးဂရုပြု၍ ဆက်လက်အားထုတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

144. လူမှုကွန်ရက်စာမျက်နှာများတွင် ကောလဟာလသတင်းများ ဖြန့်ဝေနေမှုများအား ခြေဖျက်ရန်အတွက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU)အနေဖြင့် လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် ထူးခြားဖြစ်စဉ်သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ (real time) ထုတ်ပြန်ပေးရန် ဖြစ်ပါကြောင်း၊ ဤကိစ္စကို တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဆက်သွယ်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

145. တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားနိုင်ငံများမှ ယခု2019 Novel Coronavirus ရောဂါပိုးသစ်ကြောင့်ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါကုထုံးသစ်များ စမ်းသပ်နေမှုသတင်းများကိုလည်း မျက်ခြေမပြတ် စောင့်ကြည့်၍ မိမိတို့တွင်ရှိနေသော ဆေးဝါးများကို စုဆောင်းထားခဲ့သည်သာမက ဆေးဝါးအသစ်များ ထပ်မံလိုအပ်ပါကလည်း ချက်ချင်းဝယ်ယူ ဖြည့်တင်းရမည်ဖြစ်ပါကြောင်း၊

146. မြန်မာနိုင်ငံတွင် 2019 Novel Coronavirus (2019–nCoV) ရောဂါပိုး ရှိ၊ မရှိအား ဓာတ်ခွဲစစ်ဆေးအတည်ပြုနိုင်ရေး ဆေးသုတေသနဦးစီးဌာန၊ အမျိုးသားကျန်းမာရေး

ဆိုင်ရာစာတင်ခွဲဌာနနှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံချက်တို့မှ ဇီဝလုံခြုံမှု အဆင့်(၂)နှင့်အထက် ဓာတ်ခွဲခန်းများတွင် ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊

147. အပြည်ပြည်ဆိုင်ရာ လေဆိပ် (၃)ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် (၇)ခုမှ မြို့နယ်(၁၄) မြို့နယ်ရှိ ဝင်ထွက်သွားလာနေမှုများကို နေ့စဉ်သုံးသပ်ပြီး လိုအပ်သည်များ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဤကိစ္စသည် အရေးကြီးပါသဖြင့် အလေးအနက်ထား ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

148. ဤရောဂါသည် လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ပိုမိုကူးစက်ပျံ့ပွားနိုင်သည်ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း တတ်နိုင်သမျှ လျှော့ချခြင်း (social distancing)ဖြင့် ရောဂါကူးစက်ပျံ့ပွားမှုများကို ကာကွယ်လျှော့ချနိုင်မည် ဖြစ်သည်ဆို သည့်အချက်သည် အလေးအနက်ထား ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ပါကြောင်း၊

149. ဤကိစ္စရပ် (၂)ခုနှင့်ပတ်သက်၍ 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ရေးကော်မတီ အစည်းအဝေးနှင့် 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟို ကော်မတီ အစည်းအဝေးတို့တွင် အလေးအနက်ထား ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊

150. Novel Coronavirus (2019–nCoV)ကြောင့်ဖြစ်ပွားသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ပိုမိုထိရောက်စွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် “2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ” တွင် ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်လည်း တိုင်ပင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

**(၈/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၄) ရက်၊(၂၀၂၀) ခုနှစ်**

151. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ ပညာရှင်များအနေဖြင့် 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို "ပထမဦးစား ပေးအရေးပေါ်" ကိစ္စရပ် (top priority emergency issue) အဖြစ် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊

152. မိမိတို့အားလုံးသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရောဂါကာကွယ် တားဆီး ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ဖြစ်သဖြင့် အလေးထားပြီး နိုးကြားတက်ကြွစွာ တုံ့ပြန် (proactive and balanced response) ဆောင်ရွက်ရန်၊

153. ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားမှုများနှင့် ပတ်သက်၍ ကောလဟာလ သတင်းမှား (rumour and disinformation) များကို ခေျဖျက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအား အကြံပြုထားပါကြောင်း၊ ဝန်ကြီး ဌာနအနေဖြင့်လည်း အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် အချိန်နှင့် တစ်ပြေးညီ (real–time basis) သတင်းထုတ်ပြန် ပေးလျက်ရှိပါကြောင်း၊

154. ပြည်သူလူထုအား 2019–nCoV လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ဖြစ်ပွားပျံ့နှံ့မှု အခြေအနေအားဖော်ပြရာတွင် ရှင်းလင်းလွယ်ကူသော Dashboard ပုံစံဖြင့် ပြသနိုင်ရေး ဌာနအတွင်းတိုင်ပင်လုပ်ဆောင်ရန်၊

155. လူနာထံမှ ဓာတ်ခွဲနမူနာများရယူမှု၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့မှု၊ အတည်ပြုစစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်မှုအဆင့်ဆင့်တို့အား ပြည်သူများ သိရှိစေနိုင်ရန်အတွက် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ရန်၊

156. လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်သွယ်မှုလမ်းကြောင်း (line of communication) တိကျပြတ်သားမှုသည် အထူးအရေးကြီးပါကြောင်း၊ သို့မဟုတ်ပါက မလိုလားအပ်သော နှောင့်နှေးမှုများနှင့် ရှုပ်ထွေးမှုများကို ကြုံတွေ့ရနိုင်ပါကြောင်း၊

157. ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးရုံများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှု ဆိုင်ရာဌာန၊ လေဆိပ်ကျန်းမာရေးဌာနများ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များရှိ ကျန်းမာရေး တာဝန်ရှိသူများ အားလုံးအကြား မည်သည့်ဌာနမှ မည်သို့ဆက်သွယ် ဆောင်ရွက်ရမည် ဆိုသည့် ဆက်သွယ်ချိတ်ဆက်မှုလမ်းကြောင်းများကို ရှင်းလင်းစွာ သိရှိနိုင်ရေးအတွက် လုပ်ငန်းအဆင့်ဆင့် ချိတ်ဆက်ဆောင်ရွက်ပုံ အစီအစဉ် လမ်းကြောင်းပြ ကားချပ် (flow chart) ကို ရေးဆွဲပြီး သက်ဆိုင်ရာသို့ဖြန့်ဝေပေးရန်၊

158. ဟိုတယ်နှင့် တည်းခိုခန်းများတွင် သံသယလူနာတွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေး ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနအလိုက် တယ်လီဖုန်း (hot line) နံပါတ်များ ထားရှိထုတ်ပြန်ရန်၊ အဆိုပါဖုန်းနံပါတ်များကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သို့ ပေးပို့ရန်၊

159. နယ်စပ်ဒေသများနှင့် ရောဂါကူးစက်ဝင်ရောက်နိုင်ခြေရှိသော နေရာဒေများရှိ ကျန်းမာရေးဌာနများသို့ ဆေးနှင့် ဆေးပစ္စည်းများ ပိုမိုဖြန့်ဝေပေးခြင်းကိုသာမက နေရာ ဒေသအရ အချက်အခြာကျသော၊ မဟာဗျူဟာကျသော ကျန်းမာရေးဌာနများတွင် ဆေး နှင့် ဆေးပစ္စည်းများ စုပုံထားရှိကာ ထပ်မံလိုအပ်သည့်နေရာများသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်သွားရန်၊

160. တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများရှိ သီးခြားခန်းများသာမက တည်ဆောက်ပြီးစီးပြီး အသုံးပြုခြင်းမရှိသေးသော ကျန်းမာရေးဌာန အဆောက်အဦများ တွင် စောင့်ကြည့်လူနာနှင့် သံသယလူနာများ ထားရှိနိုင်ရေးအတွက် ရောဂါစောင့်ကြပ် ကြည့်ရှုခန်းနှင့် သီးခြားခန်းများ ပြင်ဆင်ထားရှိရန်၊

161. တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံ အဆောက်အဦအပါအဝင် တည်ဆောက် ပြီးစီးပြီး အသုံးပြုခြင်းမရှိသေးသော တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ ကျန်းမာရေး အဆောက်အဦများ စာရင်းပြုစုတင်ပြရန်၊

162. လုပ်ငန်းများအတွက် ဘဏ္ဍာငွေများ ထပ်မံလိုအပ်နိုင်သည်ဖြစ်သဖြင့် ကြိုတင်တွက်ဆကာ ပြင်ဆင်ထားရှိရန်နှင့် လိုအပ်ပါက ဝန်ကြီးဌာန၏ အရေးပေါ်ရန်ပုံငွေမှ အသုံးပြုရန်၊

163. နယ်စပ် ဝင်၊ ထွက်ပေါက် ကုန်းလမ်းမှ ဝင်ရောက်လာသူများကို ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းကိစ္စရပ်များကို ပိုမိုကောင်းမွန်စေရေး သုံးသပ်လုပ်ဆောင်ရန်၊

164. အဆိုပါကိစ္စရပ်များတွင် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (ethnic health organization) များ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ကျန်းမာရေးဌာနများအနေဖြင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

165. နယ်စပ်ဒေသများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်း အသိပေး ရှင်းလင်းထားရန်၊

166. နယ်စပ်ဝင်၊ ထွက်ပေါက်များတစ်လျှောက်ရှိနေသည့် မြို့များမှ ပြည်သူများ အဆိုပါကျန်းမာရေးအသိပညာဗဟုသုတများ ရရှိစေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ နီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်း (ethnic health organization) များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

167. ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကပ်ရောဂါဗေဒရှုထောင့်မှ ဆန်းစစ်သုံးသပ်ချက် (analysis)များ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် အကြံပြုချက်များ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြန့်ဖြူးခြင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ချက် (analysis)နှင့် အကြံပြုချက်များကို ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်)နှင့် အခြေခံ ကျန်းမာရေးတက္ကသိုလ် (မကွေး) တို့ရှိ ပညာရှင်များက လုပ်ဆောင်ရန်၊

168. လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ပိုမိုကူးစက်ပျံ့ ပွားနိုင်သည်ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း လိုအပ်မှသာကျင်းပခြင်းနှင့် တတ်နိုင်သမျှ လျှော့ချခြင်း (social distancing) ဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများကို ကာကွယ်လျှော့ချ နိုင်မည်ဖြစ်ပါကြောင်း၊

169. သိပ္ပံနည်းကျပြီး အထောက်အထားများကို အခြေခံ၍ ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊

**(၉/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၅) ရက်၊ (၂၀၂၀) ခုနှစ်**

170. ယခု ဖြစ်ပွားနေသော 2019-nCoV လတ်တလောအသက်ရှုလမ်းကြောင်း ဆိုင်ရာ ရောဂါဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ် ပိုမိုမြင့်မားနေသည် ကို ဆက်လက်တွေ့ရှိနေရသည့်အတွက် မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အရှိန် (လုံး၀) မလျှော့ပဲ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

171. နိုင်ငံတကာဖြစ်ပွားမှုများတွင် အာရှနှင့် အာဆီယံများတွင်လည်း ဖြစ်ပွားမှုများ ရှိနေခြင်း၊ တစ်ဆင့်ခံခရီးစဉ်များမှ ခရီးသည်များ ရှိနေနိုင်ခြင်းကြောင့် သက်ဆိုင်ရာ လေကြောင်းခရီးသည်များအားလည်း ဆက်လက်ဂရုပြု စောင့်ကြည့်ရန်လိုအပ် ပါကြောင်း၊

172. ရောဂါပိုးစတင်ကူးစက်ခံရချိန်မှ ရောဂါလက္ခဏာများ စတင်ပြသသည့် ကြားကာလ (ရောဂါပျိုးချိန်သည်) အနည်းဆုံး (၂) ရက်မှ အများဆုံး (၁၀) ရက်အထိ ရှိသည်ဖြစ်၍ ကပ်ရောဂါဗေဒရှုထောင့် (epidemiological point of view) မှ ကြည့်ရှုလျှင် ယခု လက်ရှိအချိန်သည် အရေးကြီးသည့် အချိန်အခါ (crucial period) နှင့် အခြေအနေ ဖြစ်ပါကြောင်း၊

173. မည်သည့်အချိန်တွင်မဆို ရုတ်ချည်းလူအများ ကပ်အသွင် ရောဂါကူးစက်ဖြစ်ပွားမှု (explosive outbreak) ဖြစ်ပွားနိုင်သည်ကို အလေးအနက်ထား ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

174. သံသယလူနာ (suspected case)/ လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူ (contact) များကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (contact tracing) လုပ်ငန်းများကို အထူး လေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

175. လူမှုကွန်ရက်စာမျက်နှာများ၊ နိုင်ငံတကာမီဒီယာများပေါ်သို့ ရောက်ရှိပျံ့နှံ့လာသည့် သတင်းများ၏ အတိမ်အနက်၊ အခြေအမြစ်ရှိသည်၊ မရှိသည်ကို ဆန်းစစ်သုံးသပ်ခြင်း၊ ခိုင်မာသည့် သတင်းရင်းမြစ်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

176. ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန်နိုင်ငံ US CDC၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင်အင်တာနက်စာမျက်နှာများကို စောင့်ကြည့် လေ့လာနေရမည်ဖြစ်ပါကြောင်း၊

177. မည်သည့်အဖွဲ့အစည်းမှ အကြံပြုချက်များကိုမဆို မိမိတို့နိုင်ငံ၏ လက်ရှိ အခြေအနေ အရပ်ရပ်နှင့် ချိန်ထိုးကိုက်ညီမှုရှိစေရေး စဉ်းစားသုံးသပ်ပြီးမှ ဝိုင်းဝန်းစုစည်း တိုင်ပင်ကာ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊

178. မြန်မာနိုင်ငံတွင် ယခုလောလောဆယ်အချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိရ သေးသော်လည်း ရောဂါပျိုးချိန်အတွင်းဖြစ်၍ ရောဂါလက္ခဏာ မပြသေးသူများရှိနေနိုင် သည့် ချက်ကို နောက်ခံထား၍ လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

179. မိမိတို့ ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်နေသော လုပ်ငန်းများကို စောင့်ကြည့်သုံးသပ်မှု (monitoring) အမြဲမပြတ်ပြုလုပ်ကာ လိုအပ်သည်များ အားဖြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

180. လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို မှတ်တမ်းပြုစုကာ စုစည်းထားရှိရမည် ဖြစ်ပါ ကြောင်း၊

181. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသူများ အားလုံး အကြားတွင် ဆက်သွယ်မှုလမ်းကြောင်း (line of communication) ကို တိကျပြတ်သား စွာဖြင့် သတင်းပေးပို့ဖလှယ်မှုအခြေအနေများကို ပြန်လည်သုံးသပ်၍ ဆက်လက်ဆောင် ရွက်ရမည်ဖြစ်ပါကြောင်း၊

182. ယခုအစည်းအဝေးတွင် တက်ရောက်သူများ၊ လုပ်ငန်းဆောင်ရွက်နေသူများအားလုံး သည် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို နှလုံးသွင်း၍ ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ် ပါကြောင်း၊

183. ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ စောင့်ကြည့်လူနာများနှင့် သံသယလူနာ များ၏ အခြေအနေသတင်းများနှင့် ထူးခြားဖြစ်စဉ် သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ (www.mohs.gov.mm)မှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ (real time) ဆက်လက်ထုတ်ပြန်ပေးရန်မှာ အထူးအရေးကြီးပါကြောင်း၊

184. ခါတ်ခွဲအတည်ပြုရောဂါရှိသူများတွေ့ရှိပါက ၎င်းတို့ကို ထိရောက်သည့်ကုသမှုပေးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားနိုင်ငံများမှ ကုထုံးသစ်များ စမ်းသပ်နေမှုများကို မျက်ခြေမပြတ် ဆက်လက်စောင့်ကြည့် လေ့လာနေရမည်ဖြစ်ပါကြောင်း၊

185. ဓါတ်ခွဲအတည်ပြုရောဂါရှိသူများ ကုသမှုခံယူပြီး သက်သာပျောက်ကင်းသည့်အခါ ၎င်းတို့ထံမှ ရောဂါဆက်လက်ပြန့်ပွားနိုင်ခြေ လုံးဝမရှိသည့် အချိန်တွင်မှ ဆေးရုံမှပေး ဆင်းရန်နှင့် ထိုသို့ဆေးရုံဆင်းရာတွင် ၎င်းတို့အနေဖြင့် ဆက်လက်လုပ်ဆောင်ရမည့် အချက်များကို လက်ကမ်းစာစောင် ပြုစုပေးအပ်ရမည်ဖြစ်ပါကြောင်း၊

186. တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် ထိစပ်လျက်ရှိသော နယ်စပ်ဒေသများ ရှိ တရားဝင်ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုများ အထူးအလေးပေး ဆက်လက် အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

187. တိုင်းဒေသကြီး/ ပြည်နယ်များမှ သတင်းပေးပို့မှုများအပေါ် အားသာချက်၊ အားနည်း ချက်များ သုံးသပ်၍ ပြန်လည်ပေးပို့ (feedback) ရမည်ဖြစ်ပါကြောင်း၊

188. လုပ်ငန်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များအား သိရှိနားလည်နိုင်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဆက်သွယ်ရေး ကွန်ရက်အသုံးပြု ဆွေးနွေးပြောဆိုမှု(Tele Conferencing)ကို နေ့စဉ်ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

189. ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒရှုထောင့်၊ ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာ ရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်စသည့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရှုထောင့်များအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နေသော ပထဝီအနေအထား၊ ဒေသတွင်း ရောဂါ ကူးစက်ပြန့်ပွားမှု၊ လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးစသည့် အခြေအနေ အရပ်ရပ်ကို ဘက်စုံထည့်သွင်းစဉ်းစား၍ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်အညီ တုံ့ပြန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

## (၁၀/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၆) ရက်၊ (၂၀၂၀) ခုနှစ်

190. ယခုအစည်းအဝေးမှတစ်ဆင့် ပြည်သူများကို ခြုံငုံသုံးသပ်၍ အသိပေးပြောကြား လိုသည်မှာ ယခုဖြစ်ပွားနေသော 2019-nCoV လတ်တလောအသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ရက်ဆက် ပိုမိုမြင့်မားနေပြီး (၃၁-၁-၂၀၂၀) ရက်နေ့တွင် လူနာသစ်တွေ့ရှိမှုမှာ (၂,၀၀၀) ဦးခန့်ရှိပြီး (၅-၂-၂၀၂၀) ရက်နေ့ တစ်ရက်တည်းတွင် (၄,၀၀၀) ဦးခန့်အထိ ထပ်မံ တွေ့ရှိရသဖြင့် ဖြစ်ပွားမှုများ ဆက်လက် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊

191. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆-၂-၂၀၂၀) ရက်နေ့ နေ့လယ်ပိုင်း ထုတ်ပြန်ချက်များအရ ရောဂါဖြစ်ပွားသူများ၏ (၉၉)ရာခိုင်နှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဖြစ်ပြီး အခြား နိုင်ငံ (၂၄) နိုင်ငံတွင်လည်း ကူးစက်ဖြစ်ပွားမှုရှိပါကြောင်း၊

192. ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားသူပေါင်း (၂၈,၂၇၆) ဦးရှိပြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံတွင် (၂၈,၀၆၀) ဦးဖြစ်ပါကြောင်း၊ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးမှု ရာနှုန်းမှာ (၂.၀) ရာခိုင်နှုန်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အဆိုပါ ရောဂါဖြင့် သေဆုံးသူ (၅၆၄) ဦး ရှိပါကြောင်း၊

193. တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် ဓာတ်ခွဲအတည်ပြု ရောဂါဖြစ်ပွားသူ အနေဖြင့် ဂျပန်နိုင်ငံတွင် (၃၃) ဦးရှိပြီး မိမိတို့ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံတွင် (၂၅) ဦး၊ စင်ကာပူနိုင်ငံ၌ (၂၄) ဦး၊ ဗီယက်နမ်နိုင်ငံတွင် (၁၀) ဦး တွေ့ရှိနေရပါကြောင်း၊

194. ယခုရောဂါ ဖြစ်ပွားမှုဖြစ်စဉ်များကို ကပ်ရောဂါဗေဒရှုထောင့်နှင့် ပြည်သူ့ကျန်းမာရေး ပညာရှုထောင့်တို့မှ သုံးသပ်ပါက ဤကပ်ရောဂါဖြစ်ပွားမှု အခြေအနေများသည် ပိုမို မြင့်တက်လာနိုင်သည့် အလားအလာများရှိနေပါကြောင်း၊

195. ရောဂါ၏ ဖြစ်ပေါ်ပြောင်းလဲမှု သဘောသဘာဝ (natural history of disease) ဖြစ်စဉ် ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆက်လက်လေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ပေးလျက်ရှိကာ မိမိတို့ဝန်ကြီးဌာနမှလည်း ပြည်သူ များထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိပါကြောင်း၊

196. ကွန်ပျူတာဖြင့် မျှော်မှန်းတွက်ချက်ခြင်း (modelling and simulation) လုပ်ဆောင် ရာ၌ ဤရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားဖြစ်ပွားနိုင်ခြေရှိသူများထံ ကူးစက်ပျံ့နှံ့နိုင်မှု အခြေခံနှုန်း (basic reproduction number (R0)) (R nought) တန်ဖိုးသည် အခြား ကူးစက်မြန်ရောဂါများထက် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊

197. ယခုဖြစ်ပွားလျက်ရှိသော ရောဂါအခြေအနေများကို သုံးသပ်ချက်အရ ရောဂါပိုးသည် လူတစ်ဦးမှ တစ်ဦးထံသို့ ကူးစက်နိုင်ခြင်း (human to human transmission) မှာ သေချာနေပြီဖြစ်သောကြောင့် မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများ ကို အရှိန် (လုံးဝ) မလျှော့ပဲ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊

198. အထူးသဖြင့် သံသယရောဂါလက္ခဏာရှိသူ လူနာများအားစောစီးစွာ ထောက်လှမ်း ခြင်း (early detection)၊ သံသယလူနာနှင့် စောင့်ကြည့်လူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်း (isolation and case management) နှင့် သံသယလူနာ/ လူနာနှင့် အနီးကပ်ထိတွေ့ ဆက်ဆံဖူးသူ (contact) များကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (contact tracing) တို့ကို ဆက်လက်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊

199. ရောဂါပိုးစတင်ကူးစက်ခံရချိန်မှ ရောဂါလက္ခဏာများ စတင်ပြသသည့် ကြားကာလ ရောဂါပျိုးချိန်သည် ယခုအချိန်လေ့လာချက်များအရ အနည်းဆုံး (၂) ရက်မှ အများဆုံး (၁၀) ရက်အထိ ရှိသည်ဖြစ်၍ မိမိတို့နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများသည် ရောဂါ ပျိုးချိန်အတွင်းဖြစ်၍ ရောဂါလက္ခဏာ မပြသေးသူများ မိမိတို့ပတ်ဝန်းကျင်၌ ရှိနေနိုင်

ပါကြောင်း၊ အဆိုပါရောဂါပျိုးချိန်သည် ဆက်လက် တွေ့ရှိချက်များအရ ထပ်မံပြောင်းလဲနိုင်ပါကြောင်း၊

200. ပြည်သူများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပွားသည့်နိုင်ငံများမှ လာရောက်သည့် သံသယရောဂါလက္ခဏာရှိသူများကို တွေ့ရှိရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေး အကြောင်းကြားရန်ဖြစ်ပါကြောင်း၊ အလားတူ ဟိုတယ်နှင့်တည်းခိုခန်း ဝန်ထမ်းများအနေဖြင့်လည်း ထိုသို့သံသယရောဂါ လက္ခဏာရှိသူများကိုတွေ့ရှိရပါက မဆိုင်းမတွဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေး အကြောင်းကြားရမည် ဖြစ်ပါကြောင်း၊ ဤကဲ့သို့ပြုလုပ်ပါက ရောဂါသံသယရှိသူများမှ တစ်ဆင့်အခြားသူများထံ ကူးစက်မှုနှုန်းကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊

201. ကျန်းမာရေးဌာနများကလည်း ထိုသို့သတင်းပေးပို့မှုအပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊

202. ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာအချက်အလက်များကိုလူစည်ကားရာဈေးများ၊ ဘတ်စ်ကားဂိတ်များ၊ ဘတ်စ်ကားများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ နိုင်ငံတကာခရီးသွားများ လည်ပတ်ရာနေရာ (tourist attraction site) များ၊ စားသောက်ဆိုင်များ၊ ကျောင်းများ၊ ရုံးများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဖြန့်ဝေလျက်ရှိပါကြောင်း၊ ပြည်သူများကလည်း ဤကျန်းမာရေး အသိပညာအချက်အလက် ပိုစတာများကိုလည်းဖတ်ရှု၍ပါရှိသည့် အချက်အလက်များကို မိမိ၏ မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများကိုလည်း ဝေမျှပေးစေလိုပါကြောင်း၊

203. ပြန်ကြားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍လည်း ရုပ်မြင်သံကြားနှင့် အထူးသဖြင့် တိုင်းရင်းသားဘာသာ ရေဒီယိုများ၌လည်း ထုတ်လွှင့်ပေးရန် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊

204. မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှု၊ နီးနွယ်ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့်၍ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊

205. ပြည်သူများအား ပြည့်စုံမှန်ကန်သည့် ကျန်းမာရေးအသိပညာ အချက်အလက်များနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

206. ပြည်သူများအနေဖြင့် ကောလဟလသတင်းမှားများကို မှန်ကန်သည့် သတင်းရင်းမြစ်များမှ သတင်းအချက်အလက်များနှင့် ချိန်ထိုးစိစစ်ပြီးမှ ယုံကြည်ကြစေလိုပါ ကြောင်း၊ မမှန်ကန်သည့်၊ မသေချာသည့်သတင်းများကို လူမှုရေးကွန်ရက်များမှ ဆက်လက်မဖြန့်ဝေပါရန် မေတ္တာရပ်ခံပါကြောင်း၊

207. လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ရောဂါပိုမိုကူးစက်ပြန့်ပွားနိုင်သည် ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း လိုအပ်မှသာ ကျင်းပခြင်းနှင့် တတ်နိုင်သမျှလျှော့ချခြင်း (social distancing) ဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများကို ကာကွယ်လျှော့ချ နိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် လူစုလူဝေးနေရာများကို မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ကြစေလိုပါကြောင်း၊

208. ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည့် ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျအသုံးပြုမှု၊ လက်ကိုစင်ကြယ်စွာ ဆေးကြောမှု၊ နှာချေ၊ ချောင်းဆိုးလျှင် လိုက်နာရမည့် ကျင့်ဝတ်များစသည့် ကျန်းမာရေးအသိပညာ အချက်အလက်များကို တိကျစွာလိုက်နာ ကျင့်သုံးပါက မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုများကို ကောင်းစွာ ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း၊

209. ထိုကဲ့သို့သော ကျန်းမာရေးအသိပညာအချက် အလက်များကိုပြုစု၍ ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း၊

210. တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့မှအထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် (၅၉) ဦး၏ ကျန်းမာရေး အခြေအနေသည် (ယနေ့၊ နံနက်ပိုင်း စစ်ဆေးချက်များအရ) ကောင်းမွန်ပါကြောင်း၊

211. သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသည့် သံသယလူနာများအပါအဝင် လူနာများအားလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်ပါကြောင်း၊

212. ရည်ညွှန်းဓာတ်ခွဲခန်းသို့ လူနာ (၁၀) ဦး၏ ဓာတ်ခွဲနမူနာများကို ပေးပို့၍ စစ်ဆေးခဲ့ရာ (၅) ဦးတွင် ရောဂါပိုးမရှိကြောင်းတွေ့ရှိရ၍ ဆေးရုံမှ ဆင်းခွင့်ရပြီ ဖြစ်ပါကြောင်း၊ ကျန် လူနာများ၏ ဓာတ်ခွဲအဖြေများ မရရှိသေးပါကြောင်း၊

213. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၃၀-၁-၂၀၂၀)ရက်နေ့၌ ယခုရောဂါကူးစက်ပြန့်ပွားမှုဖြစ်စဉ် ကို "အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern)" အဖြစ် ကြေညာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ရန် ပေးအပ်ခဲ့သည့်အကြံပြုချက်များကို မိမိတို့နိုင်ငံအနေဖြင့် ၎င်းကြေညာ ချက် မကြေညာခင် (၅-၁-၂၀၂၀) ရက်နေ့ကတည်းကပင် အဆိုပါအကြံပြု ချက်တွင်ပါဝင် သောလုပ်ငန်းများဖြစ်သည့် - ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့် ဆောင် ရွက်ခြင်း (active surveillance)၊ သံသယလူနာများအား စောစီးစွာ ထောက်လှမ်းခြင်း (early detection)၊ သံသယလူနာ/ အတည်ပြု လူနာများအား အခြားသူများနှင့် မထိတွေ့ စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်း (isolation and case management)၊ သံသယလူနာ/ လူနာနှင့်အနီးကပ် ထိတွေ့ဆက်ဆံဖူးသူ (contact) များကို ထောက်လှမ်း ၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (contact tracing)၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ် ထိန်းချုပ်ခြင်း (prevention of onward spread of 2019-nCoV infection)နှင့် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်း (to share full data with WHO) တို့ကို လုပ်ဆောင်နေခဲ့ပြီး ဖြစ်ပါကြောင်း၊

214. တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသစ်ဆောက်လုပ်ပြီးစီးပြီး လူနာများ ထားရှိခြင်း မရှိသေးသော ကျန်းမာရေးအဆောက်အဦနှင့် လူနာဆောင်သစ် (၂၅)ခုတွင် စောင့်ကြပ် ကြည့်ရှုလူနာများ ထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါကြောင်း၊

215. ဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီး ဌာန မှူးများထံသို့ တိကျပြတ်သားသော ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များကို လည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊

216. ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများကို ဆိုက်ရောက်ဗီဇာ ထုတ်ပေးမှု ဆိုင်းငံ့ ရပ်ဆိုင်းထားသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့်

လာရောက်သူမှာ (၃၁-၁-၂၀၂၀) အထိ နေ့စဉ်ပျမ်းမျှ (၂,၃၀၀) ဦးခန့်ရှိခဲ့ရာမှ ယမန့်နေ့ (၅-၂-၂၀၂၀) တွင် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ လာရောက်သူ (၃၂၃) ဦးအထိ သိသာစွာနည်းပါးသွားပါကြောင်း၊ ၎င်း (၃၂၃) ဦး တည်းခိုမည့် ဟိုတယ်နှင့် တည်းခိုခန်းများ သို့လည်း အကြောင်းကြား ချိတ်ဆက်ထားပြီး ဖြစ်ပါကြောင်း၊

217. နှစ်နိုင်ငံ နယ်မြေခြင်းထိစပ်မှုမှာ (၁,၃၀၀) မိုင်ခန့် ရှည်လျားပြီး ကုန်းလမ်းကြောင်းများရှိ တရားဝင် ဝင်၊ ထွက်ပေါက်များအပြင် တရားမဝင် ဝင်ထွက်ပေါက်များမှပါ ဝင်ရောက်နေမှုများ ရှိနေသည့်အချက်သည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ တရားဝင် ဝင်၊ ထွက်ပေါက်များ၌ မိမိတို့ဝန်ထမ်းများသည် နီးနွယ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရောဂါစောင့်ကြပ်ကြည့်ရှုနေပါကြောင်း၊

218. ဤ ဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်မှုသည် လေကြောင်းခရီးဖြင့် ဝင်ရောက် မှုထက် အဆများစွာ များပြားသဖြင့် မိမိတို့အနေဖြင့် နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍လည်းကောင်း၊ နယ်မြေခံအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊

219. ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ရောဂါကူးစက်ပြန့်ပွားနိုင်ခြေကို မှန်းဆရာတွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစား၍ ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်ခွဲပစ္စည်းစသည်တို့ကို ပံ့ပိုးပေးရေးကိစ္စရပ်တွင် မြန်မာနိုင်ငံကို ဦးစားပေးနိုင်ငံအဖြစ်သတ်မှတ်ထားရှိ ဆောင်ရွက်ရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊

220. ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် မည်သည့်အဖွဲ့အစည်းမှ အကြံပြုချက် များကို မဆို မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရပ်ရပ်နှင့် ချိန်ထိုးပြီးစဉ်းစားသုံးသပ်၍ ဆုံးဖြတ်ချက်များချမည် ဖြစ်ပါကြောင်း၊

221. မိမိတို့အနေဖြင့် ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒရှုထောင့်၊ ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်စသည့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာရှုထောင့်များ အပြင် ပထဝီအနေအထား၊ ဒေသတွင်းရောဂါ ကူးစက်ပြန့်ပွားမှု၊ လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာမှု စသည့် အခြေအနေအရပ်ရပ်ကို ဘက်စုံ

ထည့်သွင်းစဉ်းစား၍ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်အညီ တုံ့ပြန်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေးနှင့်စီးပွားရေး မထိခိုက်စေရေးအတွက်ကိုလည်း အလေးထားထည့်သွင်း စဉ်းစားမည်ဖြစ်ပါကြောင်း၊

222. တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အချင်းချင်း အပြန်အလှန် အသိပေးဝေမျှရန် ပြောကြားထားပြီး ဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်နေပါကြောင်း၊

223. ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ဆောင်ရွက်မှု နမူနာကောင်းများကိုအခြား တိုင်းဒေသကြီး/ ပြည်နယ်များမှ မိမိတို့နေရာဒေသနှင့် သင့်တော်ကိုက်ညီစွာ အသုံးပြုရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

224. တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နီးနွယ်ဌာနများပါဝင်သော အဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ ဖွဲ့စည်း ဆောင်ရွက်နေသည်ကို တွေ့ရှိနေရခြင်းသည် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု သာဓကများပင် ဖြစ်ပါကြောင်း၊

225. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုများအားလုံးကို ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များ အားလုံးတွင် နောင်ဖြစ်ပေါ်လာမည့် ကိစ္စရပ်များတွင် အသုံးပြုရန်နှင့် ပြည်သူ့ကျန်းမာရေး မဟာသိပ္ပံသင်တန်းများတွင် သင်ကြားနိုင်ရန် မှတ်တမ်းပြုစုကာ စုစည်းထားလျက်ရှိပါကြောင်း၊

226. ဝန်ကြီးဌာနမှ အတွေ့အကြုံမြင့်မားသော ပညာရှင်များအနေဖြင့်လည်း မျိုးဆက်သစ် ပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများကိုလည်း လက်တွေ့လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် လက်တွဲခေါ်ဆောင်၍ ဤရောဂါကို ကာကွယ်ထိန်းချုပ်သည့်လုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်စေလျက်ရှိပါကြောင်း၊

227. မိမိတို့ဝန်ကြီးဌာနမှ မျိုးဆက်သစ်ပညာရှင်များအနေဖြင့် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် များစွာသော အတွေ့အကြုံများရရှိလျက်ရှိသည်ကိုလည်း ပြောကြားလိုပါကြောင်း၊

228. မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေ့စဉ်လုပ်ဆောင်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးအစည်းအဝေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် လုပ်ဆောင်နေသော လုပ်ငန်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ သတင်းအချက်အလက်များကို ပြည်သူများမှ ဝင်ရောက်ဖတ်ရှုကြခြင်းဖြင့် လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊

229. ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသူများ အားလုံးအကြားတွင် ဆက်သွယ်မှုလမ်းကြောင်း(line of communication) ကို တိကျပြတ်သားစွာဖြင့် စနစ်တကျ ချိန်သားကိုက်ချိတ်ဆက်ဆောင်ရွက်မှု (systematic and synchronized coordination and collaboration) တို့ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်းကို ပြည်သူများအား အသိပေးအပ်ပါကြောင်း၊

230. ထို့အပြင် ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရောဂါကာကွယ်တားဆီး ရေးလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို နှလုံးသွင်း၍ ကြိုးပမ်းနေကြသည်ကို အသိအမှတ်ပြုချီးကျူးပါကြောင်းနှင့် ဆက်လက်၍လည်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊

**(၁၁/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၇) ရက်၊ (၂၀၂၀) ခုနှစ်**

231. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆-၂-၂၀၂၀) ရက်နေ့ နေ့လယ်ပိုင်းထုတ်ပြန်ချက်များအရ ယခုဖြစ်ပွားနေသော 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ

ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ရက်ဆက် ပိုမို မြင့်မားနေပါကြောင်း၊

232. ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားသူပေါင်း (၂၈,၂၇၆) ဦးရှိပြီးတရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် (၂၈,၀၆၀) ဦးဖြစ်ပါကြောင်း၊

233. တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုရောဂါဖြစ်ပွားသူ (၁၀၀) ဦးလျှင် (၂) ဦးခန့် သေဆုံးသည်ကိုတွေ့ရှိရပြီး ဤရောဂါစတင်ဖြစ်ပွားစဉ်ကတည်းက အဆိုပါသေဆုံးမှုရာနှုန်းမှာ ပြောင်းလဲမှုမရှိသေးသည်ကို တွေ့ရှိရသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကုသမှုအပိုင်း၌ ကောင်းမွန်နေသည်ဟုယူဆ၍ရပါကြောင်း၊

234. နိုင်ငံခြားသားခရီးသည် (tourist) များ ဝင်ထွက်သွားလာမှုများပြားသော အိမ်နီးချင်းနိုင်ငံများတွင် ရောဂါကူးစက်ပျံ့နှံ့မှုများရှိနေသည်ကိုတွေ့ရှိရပါကြောင်း၊

235. ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ (၆-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထွက်ခွာလာသောလေယာဉ် (၆)စီးမှ ခရီးသည် (၃၃၄) ဦး ဝင်ရောက်လာသည်ကို သိရှိရသဖြင့် ဤခရီးသည်များ တည်းခိုနေထိုင်သည့် ဟိုတယ်၊ တည်းခိုခန်းများသို့ ရောဂါစောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းများကိုအားဖြည့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

236. ထိုသို့ပြုလုပ်ခြင်းမှာငင်းတို့ ပြည်တွင်းသို့ ဝင်ရောက်လာခဲ့စဉ်ကဖျားနာခြင်းမရှိဘဲ ရောဂါပျိုးချိန်ကာလအတွင်းရှိနေနိုင်သောကြောင့် ဖြစ်ပါကြောင်း၊

237. မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံနယ်မြေခြင်းထိစပ်မှုမှာ (၁,၃၀၀) မိုင်ခန့် ရှည်လျားပြီး ကုန်းလမ်းကြောင်းများရှိတရားဝင် ဝင်၊ ထွက်ပေါက်များအပြင် တရားမဝင် ဝင်ထွက်ပေါက်များမှပါ ဝင်ရောက်နေမှုများရှိနေသည့် အချက်သည် မိမိတို့နိုင်ငံအတွက် အထူးအရေးကြီးသည့်အချက် ဖြစ်သည့်အတွက် ဝင်ရောက်လာသည့် ခရီးသည်ဦးရေနှင့် ရောဂါဖြစ်ပွားမှုအခြေအနေကို အမြဲစောင့်ကြပ်ကြည့်ရှု သုံးသပ်ရမည် ဖြစ်ပါကြောင်း၊

238. တရားဝင် ဝင်၊ ထွက်ပေါက်များ၌ မိမိတို့ဝန်ထမ်းများသည် နီးနွယ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းများနှင့် အညီရောဂါစောင့်ကြပ် ကြည့်ရှုနေပါကြောင်း၊

239. အဆိုပါနေရာဒေသများရှိ ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများတွင် နယ်စပ်ဒေသများ၌ လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊

240. အဆိုပါ အဖွဲ့အစည်းများထံသို့ ၎င်းတို့ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ယနေ့ပင် ချက်ချင်းအကြောင်းကြား ပေါင်းစပ်ညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊

241. ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ ရရှိသောပံ့ပိုးမှုများကို အမြန်ဆုံးစိစစ်သုံးသပ်၍ ဆက်လက်လိုအပ်မည့် ဆေး၊ ဆေးပစ္စည်း ကိရိယာနှင့် ဓာတ်ခွဲပစ္စည်းများ အချိန်မီရရှိစေရေးအတွက် အထူးအားထုတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့ ကတိကဝတ်ပြုထားသည့် အချက်များကို မြန်ဆန်စွာ အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

242. WHO Health Cluster အစည်းအဝေးမှ အကြံပြုချက်များ၊ ပံ့ပိုးပေးရန် ကတိပေးကမ်းလှမ်းချက်များ အမြန်ဆုံးရရှိဖြစ်မြောက်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

243. ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုပြီးဖြစ်သည့် တရုတ်ဘာသာဖြင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများ တည်းခိုရာ၊ နေထိုင်ရာနေရာများနှင့် ရပ်ကွက်များတွင် ချက်ချင်းဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

244. ပြည်သူများမှ ၎င်းတို့၏ ပတ်ဝန်းကျင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွန်ခဲ့သော (၁၄) ရက်အတွင်း သွားရောက်ခဲ့ပြီး သံသယရောဂါလက္ခဏာရှိသူများနှင့် ပတ်သက်၍ အကြောင်းကြားခဲ့ခြင်းများကို ကျန်းမာရေးအဖွဲ့များက နယ်မြေခံ အာဏာပိုင်များနှင့်

ကွင်းဆင်းစစ်ဆေးခဲ့မှုများကို တွေ့ရှိရသည့်အချက်သည် ကောင်းမွန်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများကိုအရှိန်အဟုန် လုံးဝလျှော့ချ၍မရပါကြောင်း၊

245. ထိုသို့ကွင်းဆင်းဆောင်ရွက်ခဲ့မှု ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများအား သတင်း ထုတ်ပြန် အသိပေးရမည်ဖြစ်ပါကြောင်း၊

246. တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ လုပ်ကိုင်လျက်ရှိသော ရန်ကုန်နှင့် မြို့ကြီးများရှိ စက်မှုဇုန်များ၊ အလုပ်ရုံနှင့်စက်ရုံများတွင်လည်း မြန်မာနှင့် တရုတ်ဘာသာ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေနေမှုများကို ပိုမိုအားဖြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

247. အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ဝင်ရောက်လာသူများတွင် Health Declaration Card အားပြည့်စုံစွာ ဖြည့်စွက်ထားရှိမှုမရှိပါက ပြည်တွင်းသို့ လုံးဝ ဝင်ရောက်ခွင့် မပြုရန်မှာ အရေးကြီးပါကြောင်း၊ အဆိုပါ Health Declaration Card တွင် ၎င်းတို့ နေထိုင်တည်းခိုမည့် ဆက်သွယ်ဖုန်းနံပါတ်နှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အရေးကြီး သည့် အချက်များပါရှိသည့်အတွက် ထိုသို့ဖြည့်သွင်းရန်မှာ အရေးကြီးပါကြောင်း၊

248. ယခုကာလအတွင်းတွင် မိမိတို့နိုင်ငံမှ ရောဂါဖြစ်ပွားမှု များပြားနေသေးသည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခြင်းများ တတ်နိုင်သမျှလျှော့ချခြင်း၊ ဖြစ်နိုင်ပါက မသွားရောက်ခြင်းတို့ကို ပြုလုပ်မှသာလျှင်ရောဂါကူးစက်နိုင်ခြေကို လျှော့ချနိုင်မည်ဖြစ် ပါကြောင်း၊

249. မိမိတို့၏ ဆေးဘက်ဆိုင်ရာ ပါမောက္ခများပူးပေါင်းကာ နိုင်ငံတကာမှ နောက်ဆုံး တွေ့ရှိချက် ကုထုံးများထည့်သွင်းရေးဆွဲထားသည့် ရောဂါကုသမှုလမ်းညွှန် (updated clinical management guideline)ကို မွမ်းမံခဲ့ပြီး လူနာအခြေအနေခွဲခြားခြင်း (triage) ကိုလည်းယနေ့ပင် ဖြန့်ဝေပြီးဖြစ်ပါကြောင်း၊

250. ယခုကဲ့သို့ နေပြည်တော်၌ နေ့စဉ်လုပ်ငန်းဆန်းစစ်သုံးသပ်မှု၊ ဆွေးနွေးတိုင်ပင် အကြံပြုမှုများဆောင်ရွက်နေရာတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) နှင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) တို့မှ ဆရာ၊ ဆရာမအနည်းဆုံး နှစ်ဦးစီနှင့်

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ တစ်ဦးတို့ မပျက်မကွက် ပါဝင်တက်ရောက်ရမည်ဖြစ်ပါကြောင်း၊

251. သို့မှသာလျှင် မိမိတို့အားလုံးသည် ဤရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်နိုင်ပြီးရောဂါ၏ရေရှည်ကာကွယ်မှုနှင့် ထိန်းချုပ်မှုများ၌ ထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊

252. တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တယ်လီဖုန်းဆက်သွယ်ရေး ကွန်ရက်ကိုအသုံးပြု၍ လုပ်ငန်းကြီးကြပ်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ (teleconferencing) ပုံမှန်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသဖြင့် ကောင်းမွန်သည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊

253. မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နီးနွယ်ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊

## (၁၂/၂၀၂၀)၊ ရန်ကုန်၊ ဖေဖော်ဝါရီလ (၈) ရက်၊ (၂၀၂၀) ခုနှစ်

254. ယခုအချိန်၌ မိမိတို့သည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဌာနများနှင့် လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ခံနိုင်ဖွယ်ရှိသည့် အဆင့်သို့ ရောက်ရှိနေသည်ဟု သုံးသပ်နိုင်ပါကြောင်း၊

255. ယခုအချိန်၌ အားဖြည့်ဆောင်ရွက်ရန်မှာ အထူးအရေးကြီးသည့်ကိစ္စရပ်မှာ ရောဂါဖြစ်ပွားသူများ ရုတ်တရက်များပြားစွာ ပေါ်ပေါက်လာပါက ၎င်းတို့အား အချိန်နှင့်တစ်ပြေးညီ စောစီးစွာဖြင့် အရည်အသွေးပြည့်ဝသော ကုသမှုများပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်ဖြစ်ပါကြောင်း၊

256. ဝေဘာဂီအထူးကုဆေးရုံအပါအဝင် ဝန်ကြီးဌာနဆေးရုံများ၌ လူနာများပေါ်ပေါက်လာပါက အရေးပေါ်ကြပ်မတ်ကုသမှု၌ အသုံးပြုရန် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို လုံလောက်စွာရှိစေရန်နှင့် အဆင်သင့်ဖြစ်စေရန် အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

257. အဆိုပါကိစ္စရပ်အတွက် မိမိတို့လက်ဝယ်ရှိနေသော ပြည်သူများမှ လှူဒါန်းငွေများအပြင် နိုင်ငံတော်အစိုးရမှ ပေးအပ်ထားသော အရေးပေါ်ရန်ပုံငွေမှ အမြန်ဆုံး ဝယ်ယူဖြည့်တင်းလျက်ရှိနေပါကြောင်း၊

258. ဝန်ကြီးဌာန ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်ဒေသများအားလုံးမှ ဝန်ထမ်းများသည် နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်နေမှုများကို သုံးသပ်ကြည့်ရှုရာ ကျေနပ်မှုရှိပါကြောင်း၊

259. ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ (၇-၂-၂၀၂၀) ရက်နေ့တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ထွက်ခွာလာသောလေယာဉ် (၂) စီးမှ ခရီးသည် စုစုပေါင်း (၁၁၇) ဦးသာ ဝင်ရောက်လာခြင်းသည် ယခင်ကထက် သိသာစွာ လျော့နည်းသွားခြင်းဖြစ်ပြီး ယခုကဲ့သို့ ရောဂါပြန့်ပွားကူးစက်မှု ဖြစ်ပေါ်နေသော ကာလအတွင်း ရောဂါကာကွယ်ထိန်းချုပ်မှု ရှုထောင့်မှကြည့်လျှင် ကောင်းမွန်သော လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊

260. ၎င်းခရီးသည်များ တည်းခိုနေထိုင်သည့် ဟိုတယ်၊ တည်းခိုခန်းများသို့ ရောဂါစောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

261. ပြည်တွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံတကာမှ ခရီးသည်များ၏ ရာခိုင်နှုန်းများစွာသည် ၎င်းတို့ယခင်ကတည်းကဌားရမ်းထားသည့် အိမ်များသို့ သွားရောက်နေထိုင်သည်ကို တွေ့ရှိရပါကြောင်း၊

262. မိမိတို့၏ ဝန်ထမ်းများသည် ထိုသို့ နိုင်ငံတကာမှ ပြည်တွင်းသို့ ဝင်ရောက်လာသူများနေထိုင်ရာ ရပ်ကွက်များ၌ ပညာပေးလုပ်ငန်းများပြုလုပ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသဖြင့် ကျေနပ်မှုရှိပါကြောင်း၊

263. မိမိတို့၏ ဝန်ထမ်းများအနေဖြင့် တည်းခိုခန်းနှင့် ဟိုတယ်များမှ ဝန်ထမ်းများအား "ရောဂါ၏ သံသယလက္ခဏာများ ရှိသူများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး အကြောင်းကြားရန်မှာ အထူးအရေးကြီးကြောင်း၊ သို့မှသာ ရောဂါဖြစ်ပွားသူမှ တည်းခိုခန်းနှင့် ဟိုတယ်ဝန်ထမ်းများ အပါအဝင် အခြားသူများထံ ရောဂါကူးစက်ပြန့်ပွားခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း" တို့ကို အမြဲတမ်းအသိပေးနှိုးဆော် ပြောကြားရမည်ဖြစ်ပါကြောင်း၊

264. ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုပြီးဖြစ်သည့် တရုတ်ဘာသာဖြင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများတည်းခိုရာ၊ နေထိုင်ရာနေရာများနှင့် ရပ်ကွက်များတွင် ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

265. တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဖြန့်ဝေထားပြီးသော ကျန်းမာရေးအသိပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များအား ပြည်သူလူထုမှ ဖတ်ရှုမှု၊ နားလည်မှုရှိနှင့် အမှန်တကယ်လက်တွေ့အသုံးချဆောင်ရွက်မှု အခြေအနေများကို အသုံးချသုတေသနဖြင့် ရက်ပိုင်းအတွင်း သိရှိရန်ဆောင်ရွက်ဆန်းစစ်ရမည် ဖြစ်ပါကြောင်း၊ တွေ့ရှိချက်များအပေါ် မူတည်၍ လိုအပ်သလို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

266. ယခုအချိန်၌ ဤရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ များစွာသော လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နေမှုရှိသဖြင့် စနစ်တကျတာဝန်ခွဲဝေသတ်မှတ် (division of labour) ၍ ဆောင်ရွက်မှသာလျှင် ထိရောက်သော အောင်မြင်မှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း၊

267. ဤကိစ္စကို ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများမှ ကြီးကြပ်ပေးရမည်ဖြစ်ပါကြောင်း၊

268. မိမိတို့သည် ဤရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို (၅-၁-၂၀၂၀) မှစတင်၍ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တွေ့ရှိရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ ပြဿနာများကို အမြန်ဆုံး (၃)ရက်အတွင်း ဆန်းစစ်ကာ မိမိတို့ဗဟိုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊

269. သို့မှသာလိုအပ်သော ပြုပြင်မှု၊ လုပ်ငန်းလမ်းညွှန်မှုများကို ချက်ချင်းပေးအပ်နိုင်မည် ဖြစ်ပါကြောင်း၊

270. ရောဂါကူးစက်ပြန့်ပွားမှုရှိသော ပြည်ပနိုင်ငံများမှ လာရောက်သူများအား ခွဲခြား၍ ဆက်ဆံခြင်းများ (stigmatization) များမရှိစေရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ထိုသို့ ခွဲခြားဆက်ဆံမှုများသည် ဤရောဂါကာကွယ်ထိန်းချုပ်မှု၌ အကျိုးမရှိသည့်အပြင် မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားနိုင်သည်ကို ပြည်သူများမှသိရှိရန် လိုအပ်ပါကြောင်း၊

271. တိုင်းဒေသကြီး/ ပြည်နယ်များတွင် သက်ဆိုင်ရာ မြို့နယ်ဆရာဝန်များမှ ဦးဆောင်၍ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သူနာပြု၊ ပြည်သူ့ ကျန်းမာရေးကြီးကြပ် (၁)၊ သားဖွားဆရာမနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂)များသည် သက်ဆိုင်ရာ မြို့နယ်အတွင်း၌ရှိသော ဟိုတယ်နှင့် တည်းခိုခန်းများ၊ အခြားနိုင်ငံမှ လာရောက်သူများ အများဆုံးနေထိုင်သည့် ရပ်ကွက်များသို့ ကွင်းဆင်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Active Surveillance) ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

272. ဤကိစ္စရပ်သည် ရောဂါဖြစ်ပွားသူများကို စောစီးစွာထောက်လှမ်းနိုင်ရေးအတွက် အရေးကြီးသဖြင့် အထူးဦးစားပေးအနေဖြင့် ယနေ့မှစ၍ မြို့နယ်ဆရာဝန်များကို တာဝန်ပေးအပ်ဆောင်ရွက်စေလိုပါကြောင်း၊

273. ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများမှ ဦးစီး၍ အနီးကပ်ညွှန်ကြား ဆောင်ရွက်စေလိုပါကြောင်း၊

274. ကွန်ပျူတာဖြင့် မျှော်မှန်းတွက်ချက်ခြင်း (modelling and simulation) လုပ်ဆောင်ရာ၌ ဤရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားဖြစ်ပွားနိုင်ခြေရှိသူများထံ ကူးစက်ပျံ့နှံ့နိုင်မှု အခြေခံနှုန်း (basic reproduction number (R0)) တန်ဖိုးသည် အခြားကူးစက်မြန်ရောဂါများထက် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် ရောဂါဖြစ်ပွားမှု သံသယရှိသူများအား အခြားသူများနှင့် ထိတွေ့မှုမရှိစေဘဲ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုမှုမှာ အရေးကြီးပါကြောင်း၊

275. မိမိအနေဖြင့် ပြည်သူများကို အထူးသဖြင့်ပြောကြားလိုသည်မှာ ရောဂါဖြစ်ပွားမှုရှိ၊ မရှိကို (၁၄) ရက်တာကာလ စောင့်ကြပ်ကြည့်ရှုခြင်း (quarantine)နှင့် သီးခြားခန်းတွင်ထားရှိခြင်းသည် ဤရောဂါကာကွယ်ထိန်းချုပ်မှု၌ အကျိုးရှိသည့် ကိစ္စရပ်တစ်ခု ဖြစ်ပါကြောင်း၊

276. ထိုသို့ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်း ခံရသူတွင် အကယ်၍ 2019–nCoV လတ်တလောအသက်ရှူလမ်းကြောင်းရောဂါ လက္ခဏာများ ပေါ်ပေါက်လာပါကချက်ချင်းကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေ နည်းပါးသည့်အပြင်၎င်းမှတစ်ဆင့် အတူနေထိုင်သော မိသားစုများနှင့် မိတ်ဆွေများထံသို့ ကူးစက်မှု မဖြစ်ပွားနိုင်တော့သဖြင့် အားလုံးအတွက် အကျိုးရှိသည့်ကိစ္စရပ် ဖြစ်ပါကြောင်း၊

277. စောင့်ကြည့်လူနာများတွင် 2019–nCoV ရောဂါပိုး ရှိ၊မရှိ ဓာတ်ခွဲစမ်းသပ်မှု၌ ဤရောဂါပိုးမရှိသဖြင့် ဆေးရုံမှ ဆင်းခွင့်ရသောသူများအားလည်း လိုက်နာဆောင်ရွက်ရမည့်အချက်များကို နှုတ်ဖြင့်ပြောကြားသည့်အပြင် လက်ကမ်းစာစောင်ကိုလည်း ပြုစုထားရှိပြီး ပေးဝေလျက်ရှိပါကြောင်း၊

278. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်စာအုပ်များ၊ စံလုပ်ထုံးလုပ်နည်းများကို ပြုစုထုတ်ဝေ၍ ဖြန့်ဝေလျက်ရှိရာ ဤလမ်းညွှန်များကိုတိုင်းဒေသကြီး၊ ပြည်နယ်နှင့် နယ်စပ် ဝင်၊ ထွက်ပေါက်များ၌ ဆောင်ရွက်ရန်ကိစ္စကိုသက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှုများက စီမံကြပ်မတ်၍ ဆောင်ရွက်စေလိုပါကြောင်း၊

279. မိမိတို့ ဝန်ကြီးဌာနမှ ထုတ်ဝေထားသောရောဂါကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးနှင့်ဓာတ်ခွဲနမူနာရယူခြင်း လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန် စာအုပ်များ၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း အချိန်နှင့် တစ်ပြေးညီသုံးသပ်၍ လိုအပ်လျှင်လိုအပ်သလို ပြုပြင်ထုတ်ဝေရမည်မှာ changing epidemiological situation ဖြစ်သဖြင့် လည်းကောင်း၊ရောဂါဗေဒဆိုင်ရာ သဘောတရား နိယာမအရလည်းကောင်း အလွန်အရေးကြီးပါသဖြင့်တာဝန်ရှိသူအသီးသီးက ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

280. ဝန်ကြီးဌာနမှ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထု နားလည်နိုင်မည့် သတင်းအချက်အလက်များကို မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် အသိပညာပေးစကားဝိုင်းငယ်များ ပြုလုပ်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်စေလိုပါကြောင်း၊

281. မိမိတို့ လုပ်ဆောင်ထားရှိသည့်အချက်များကို နေ့စဉ်မှတ်တမ်းထားရှိပြီး ဆောင်ရွက်ချက်ပြီးစီးမှု ရှိ၊ မရှိကိုလည်း အမြဲတမ်း ကြီးကြပ်ဆန်းစစ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်စေလိုကြောင်း၊

282. ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပံ့ပိုးရန် ကတိပြုထားသော နယ်စပ်၊ ဝင်ပေါက်/ ထွက်ပေါက် များတွင် အသုံးပြုသည့် ရောဂါကာကွယ် ထိန်းချုပ်ရေးပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်ရာတွင် အသုံးပြုသည့် ရောဂါပိုးရှာဖွေရန် ဓာတ်ခွဲပစ္စည်းများနှင့် ဆေးရုံများတွင်အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို ၎င်းတို့မှ ကတိကဝတ်ပြုထားသည့်အတိုင်း အမြန်ဆုံးရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

283. တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များ၊ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဆွေးနွေးညှိနှိုင်းမှု (Video Conferencing and Tele conferencing) များကို ဆက်လက်ဆောင် ရွက်စေ လိုပါကြောင်း၊

284. တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် သံသယလူနာနှင့် စောင့်ကြည့် လူနာများတွေ့ပါက လူနာညွှန်းပို့ရမည့် သတ်မှတ် ဆေးရုံ (Designated Hospital) များကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့နှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ သိရှိစေရန်အတွက် ကြိုတင်အကြောင်းကြားထား ရမည်ဖြစ်ပါကြောင်း၊

285. ဆေးရုံကြီးများအနေဖြင့် ရောဂါကုသရေးလုပ်ငန်းရှုထောင့် (Clinical perspective) ပတ်သက်ပြီး မိမိတို့ဆေးရုံတွင် ပြင်ဆင်ထားရှိမှုများ၊ လိုအပ်ချက်များနှင့် နယ်စပ်ဒေသ

များရှိ ဆေးရုံများတွင်ထားရှိရန် ထပ်မံလိုအပ်မည့် ပစ္စည်းကိရိယာများကို အမြန်ဆုံး တင်ပြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှလည်း ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊

286. ယခု မြန်မာနိုင်ငံမှ 2019–nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိ၊ မရှိ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့ခဲ့သော ဓာတ်ခွဲနမူနာများအနက် (၇)ခုမှာ 2019–NCoV ရောဂါပိုးမတွေ့ရှိဟု အဖြေရရှိပြီး ကျန်ရှိသော ဓာတ်ခွဲနမူနာများအတွက် အဖြေစောင့်ဆိုင်းဆဲဖြစ်ပါကြောင်း၊

287. ဆက်လက်ပေးပို့မည့် ဓာတ်ခွဲနမူနာများအတွက် ချိန်ကိုက်နမူနာရယူမှု (Timing of sample collection) များ ပိုမိုတိကျ မှန်ကန်ရန်အတွက်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်ဓာတ်ခွဲခန်းထံမှ အကြံဉာဏ်များ အမြန်ဆုံး ရယူစေလိုပါကြောင်း၊

288. အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအနေဖြင့်လည်း မိမိတို့နိုင်ငံတွင် ရောဂါစစ်ဆေးမှုပြုလုပ်ပေးနိုင်ရန် လိုအပ်သောပစ္စည်းများကို ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှာယူပြီး မကြာခင်ကာလအတွင်း စစ်ဆေးပေး နိုင်တော့မည်ဖြစ်ပါကြောင်းနှင့် ထိုကဲ့သို့စစ်နိုင်ပါက ဓာတ်ခွဲခန်းအဖြေကို ဓာတ်ခွဲန မူနာရောက်ရှိပြီး တစ်ရက်အတွင်း ထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊

289. ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ လုပ်ဆောင်ချက်များသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာရှုထောင့်မှ သုံးသပ်ရာတွင် ကောင်းမွန်သည်ကို တွေ့ရှိရသဖြင့် အဆိုပါလုပ်ဆောင်ချက်များကို ဖတ်ရှုရလွယ်ကူစေရန် အကျဉ်းချုံး ပြုစု၍ အခြားတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနများသို့ ပေးပို့စေလိုပါကြောင်း၊

290. ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ယခုလုပ်ဆောင်နေသော လုပ်ငန်းများသည် ပြည်သူများအားလုံးအတွက် အကျိုးအတွက် ဆောင်ရွက်နေသည်ကို နှလုံးသွင်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း၊

**(၁၃/၂၀၂၀)၊ ရန်ကုန်၊ ဖေဖော်ဝါရီလ (၉) ရက်၊ (၂၀၂၀) ခုနှစ်**

291. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၈-၂-၂၀၂၀) ရက်နေ့ နေ့လယ်ပိုင်း ထုတ်ပြန်ချက် များအရ ယခု ဖြစ်ပွားနေသော 2019-nCoV လတ်တလောအသက်ရှူ လမ်းကြောင်း ဆိုင်ရာရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ရက်ဆက် ပိုမိုမြင့်မားနေပါကြောင်း၊

292. ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားသူပေါင်း (၃၄,၈၈၆)ဦးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် (၃၄,၅၉၈) ဦးဖြစ်ပါကြောင်း၊

293. Home Quarantine, Hotel Quarantine, Contact Tracing များနှင့် စပ်လျဉ်း၍ လုပ်ဆောင်ရမည့်အချက်များအား ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကုသရေးဦးစီးဌာနတို့မှ Guideline ပြင်ဆင် ဆောင်ရွက်ပေးစေလိုကြောင်း၊

294. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနအနေဖြင့် Isolation (သီးသန့်ခွဲခြား ထားရှိခြင်း) နှင့် Quarantine (အသွားအလာတားမြစ်ပိတ်ပင်ခြင်း/ ကန့်သတ်ခြင်း) စသည့် စကားလုံးများကို ပြည်သူလူထုနားလည်သိရှိနိုင်မည့် စကားလုံးများဖြင့် ရှင်းလင်းမြင်သာစွာ အဓိပ္ပါယ်ဖွင့်ဆိုသင့်ကြောင်း၊ သို့မှသာ သံသယလူနာများအား မိမိတို့ကျန်းမာရေးဝန်ထမ်းများမှ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ဆောင်ခြင်းသည် လူနာအတွက်သာမက အနီးကပ်ထိတွေ့နေသည့်သူများကို ရောဂါကာကွယ်မှုပေးနိုင်သည်ကို ပြည်သူလူထုအနေဖြင့် သိရှိမည်ဖြစ်ကြောင်း၊

295. မိမိယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံဘုရားကြီးသို့ သွားရောက်ခဲ့ရာ၌ ကျန်းမာရေးအသိပညာပေး ပိုစတာများချိတ်ဆွဲထားခြင်းမျိုးမတွေ့ရှိခဲ့ရပါကြောင်း၊

296. ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနမှ ထုတ်ဝေထားသည့်အချက်များအား ပြည်သူလူထုအနေဖြင့် ယခုထက်ပိုမို၍အသိပညာပိုမိုရရှိနိုင်ရေးအတွက် ဘုရား၊ ဈေးများနှင့် လူစည်ကားရာ နေရာများတွင် ပိုစတာများ၊ ဗွီနိုင်းများကို ကပ်ထားစေလိုကြောင်း၊

297. ယခုဖြန့်ဝေထားသည့် သတင်းအချက်အလက်နှင့် ပတ်သက်၍ မိမိတို့တကယ်ထုတ်ဝေချင်သည့်နေရာများသို့ ရောက်ရှိ/ မရှိ၊ ပါဝင်သည့် သတင်းအချက်အလက်များ

သည် ပြည်သူလူထု ရိုးရှင်းစွာနားလည်မှုရှိ/ မရှိ ဆိုသည်ကို အောက်ခြေထိသွားရောက်၍ စီစစ်ကြီးကြပ်စေလိုကြောင်း၊

298. ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ပတ်သက်၍ အခြေခံကျန်းမာရေးကျွမ်းကျင်ပညာရှင်များ၊ Volunteer, Health Worker များ လုပ်ဆောင်ရမည့် အချက်များကို mobile tablet များထဲတွင် ထည့်ထားပြီးဖြစ်သလို၊ တိုင်း/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဆရာဝန်များ ဆောင်ရွက်ရမည့် အချက်များကိုလည်း ပြင်ဆင်ပေးစေလိုကြောင်း၊

299. နေ့စဉ်စောင့်ကြည့်လူနာ၊ သံသယလူနာနှင့် သီးခြားခွဲခြားလူနာစာရင်းများကို နေ့စဉ် ပုံမှန်သတင်းထုတ်ပြန်နိုင်ရေးအတွက် အချိန်မီပေးပို့ရန်လိုအပ်ကြောင်း၊

300. ယခုလက်ရှိဖြစ်ပွားနေသော 2019-nCoV ကြောင့်ဖြစ်ပွားသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ လူနာအမျိုးအစား ခွဲခြားသတ်မှတ်ရာတွင် ရောဂါပိုး၏ ကူးစက်ရောဂါဗေဒဆိုင်ရာပြောင်းလဲမှု၊ လူနာတွင်ဖြစ်ပွားသော ရောဂါလက္ခဏာနှင့် လူနာ၏ အခြေအနေများပေါ်မူတည်၍ လူနာအမျိုးအစား သတ်မှတ်ရာတွင် အပြောင်းအလဲရှိနိုင်ကြောင်း၊ သံသယလူနာတွင် Coronavirus ဓာတ်ခွဲအဖြေ (Negative) ဖြစ်သော်လည်း လိုအပ်ပါကအဆိုပါလူနာအား ဆေးရုံများတွင် လိုအပ်သလို ဆက်လက်ကုသမှုများ ပြုလုပ်ရန်လိုကြောင်းတို့ကိုလည်း ပြည်သူလူထုအား အသိပေးစေလိုကြောင်း၊

301. ကုသရေးဦးစီးဌာနအနေဖြင့် ဆေးကုသမှုလုပ်ငန်းများ အဆင်ပြေစေရန် ကျွမ်းကျင်ပညာရှင်များဖြင့် (Working Group) ဖွဲ့စည်းထားပြီး နေ့စဉ် case review လုပ်ခြင်း၊ case definition နှင့် ကိုက်ညီမှုရှိ/ မရှိ၊ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများ၏ ကုသမှုလုပ်ငန်းစဉ်များ၊ လူနာ၏ တိုးတက်မှုအခြေအနေများကို နေ့စဉ်သုံးသပ်၍ တင်ပြပေးစေလိုကြောင်း၊

302. ဆေးရုံတက်လူနာများ၏ အခြေအနေကို ထုတ်ပြန်ကြေငြာရာတွင်လည်း စောင့်ကြည့်လူနာ၊ သံသယလူနာနှင့် သီးသန့်ခွဲစောင့်ကြည့်လူနာစာရင်းများနှင့် ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်စာရင်းပြုစုထားရှိပြီး ဓာတ်ခွဲ အဖြေမရရှိသေးသည့်

လူနာများနှင့် ပတ်သက်၍ သီးခြားဖော်ပြစေလိုကြောင်း၊ သို့မှသာ ပြည်သူလူထုမှ ဓာတ်ခွဲအဖြေမရသေး၍ စောင့်ဆိုင်းနေသည်ကို သိရှိမည်ဖြစ်ကြောင်း၊

303. ယနေ့ (၉.၂.၂၀၂၀)ရက်နေ့အထိ စောင့်ကြည့်လူနာ (၉)ဦး၊ သံသယလူနာ (၁) ဦးရှိပြီး ဆေးရုံတက်ရောက်ကုသနေသည့်လူနာ (၁၀)ဦးရှိသည်ကို တွေ့ရှိရပါကြောင်း၊

304. ဓာတ်ခွဲအဖြေစုစုပေါင်း (၁၃) ခုအား ရည်ညွှန်းဓာတ်ခွဲပေးပို့ထားပြီးဖြစ်သလို (၇)ယောက်မှာ(Negative) ဖြစ်ပြီး (၆)ယောက်မှာ ဓာတ်ခွဲအဖြေစောင့်ဆိုင်းနေပြီး အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာနအနေဖြင့် လူနာများ၏ ဓာတ်ခွဲစမ်းသပ်မှုနှင့် ပတ်သက်၍ အချိန်နှင့်တပြေးညီလုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊

305. ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင် (ICU) တွင် အသုံးပြုနေသည့် ventilator, monitor, defibrillator စက်ကိရိယာလိုအပ်ချက်ကို စာရင်းပြုစု၍ လိုအပ်သလို တင်ပြမှုများကို ချက်ချင်းပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊

306. ထိုလိုအပ်ချက်ပေါ်မူတည်၍ ဦးစားပေးပံ့ပိုးရမည့်ဆေးရုံ၊ အထူးသဖြင့် နယ်စပ်ဝင်/ထွက် ဒေသများရှိဆေးရုံများကို ပံ့ပိုးပေးနိုင်ရန်အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများနှင့် ဆက်စက်ပစ္စည်းများကို အလျင်အမြန်ဝယ်ယူ၍ ဖြည့်ဆည်းပေးစေလိုကြောင်း၊

307. ဆေးရုံတွင်လိုအပ်သော ကြိုတင်ပြင်ဆင်မှုများအတွက် နိုင်ငံတော်ရန်ပုံငွေမှ ကျခံဝယ်ယူနိုင်ရေးတင်ပြဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနသို့ လှူဒါန်းထားသော အလှူငွေများကိုဦးစွာအသုံးပြုပြီး လိုအပ်သောစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် အမြဲတမ်းအတွင်းဝန်မှ ဦးစီးဆောင်ရွက်စေလိုကြောင်း၊

308. အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာနအနေဖြင့် ဓာတ်ခွဲနမူနာရယူခြင်း၊ ရည်ညွှန်းဓာတ်ခွဲခန်းသို့ပေးပို့ခြင်း လုပ်ငန်းစဉ်များကို guideline , SOP များအတိုင်း လုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊

309. US CDC မှ ဓာတ်ခွဲကျွမ်းကျင်ပညာရှင်များ၊ ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပတ်သက်၍ Hands on Training လာရောက် သင်ကြားပေးမည်ဖြစ်၍ ဇီဝလုံခြုံရေးအတွက် လိုအပ်မည့်ပြင်ဆင်မှုများကို လုပ်ဆောင်ထား စေလိုကြောင်းနှင့်

ဖေဖော်ဝါရီလကုန်ခန့်တွင် ခာတ်ခွဲစမ်းသပ် စစ်ဆေးမှုကို မိမိတို့ မြန်မာနိုင်ငံတွင် စတင် လုပ်ဆောင်နိုင်မည်ကို သိရှိရပါကြောင်း၊

310. ဝေဘာဂီကူးစက်ဆေးရုံကြီးရှိ ယခုဆောင်လုပ်ပြီးစီးတော့မည့် နှစ်ထပ်ဆောင်တွင် လူနာ (၂၀)ဦးအား သီးခြားခွဲခြားထားရှိ၍လည်းကောင်း၊ သုံးထပ်ဆောင်တွင် အတည်ပြု လူနာ (၁၅)ဦးအား သီးခြားခွဲခြားထားရှိ၍လည်းကောင်း၊ အထူးကြပ်မှတ် ကုသရန် လိုသည့် လူနာများအတွက် လူနာ(၁၀)ဦးစာအခန်းအဖြစ်လည်းကောင်း၊ ဆောင်ရွက်နိုင် သည်ကို သိရှိရသည့်အတွက် နှစ်ထပ်ဆောင် ဆောက်လုပ်မွန်းမံခြင်း လုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဖြစ် အမြန်ဆုံးပြင်ဆင် ဆောင်ရွက်စေလိုကြောင်း၊

311. မန္တလေးတိုင်းဒေသကြီးတွင် ကူးစက်ရောဂါစောင့်ကြည့်ဆေးရုံတစ်ရုံကို ထပ်မံပြင်ဆင် ထားရှိရန် လိုအပ်ကြောင်း၊

312. မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအနေဖြင့် စောင့်ကြည့်လူနာထားရှိမည့်နေရာ (၅) နေရာနှင့် ICU တွင်ထားရှိမည့် နေရာ (၂) နေရာကို ပြင်ဆင်ထားရှိသော်လည်း၊ ယခုထက် ပိုမို၍ လူနာထားရှိနိုင်ရေးကို သက်ဆိုင်ရာဌာနများအနေဖြင့် အလျင်အမြန် ဆောင်ရွက်စေလိုကြောင်း၊

313. တိုင်းဒေသကြီး/ ပြည်နယ်များရှိ မိမိတို့ဆေးရုံများတွင် ICU facility ထားရှိရမည့် လုပ်ငန်းစဉ်များကို အမြန်ဆုံး update လုပ်ပြီး၊ follow up လုပ်စေလိုကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် ဆေးရုံများ၏ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်း ပေးနိုင်မည်ဖြစ် ကြောင်း၊

314. ကန်တော်နဒီဆေးရုံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လာသည့် ကျောင်းသား/ သူ (၅၉)ဦးနှင့် ကျန်းမာရေးဝန်ထမ်း (၃)ဦးတို့အား Quarantine စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းသည် (၁၅.၂.၂၀၂၀)ရက်နေ့၊ ည (၁၂)နာရီတွင် ပြီးစီးမည်ဖြစ်ပြီး (၁၆.၂.၂၀၂၀) ရက်နေ့၊ နံနက်တွင် ပြန်လည်ထွက်ခွာ၍ ရမည်ဖြစ်ပါ၍ လိုအပ်သော စီစဉ်မှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် အသုံးပြုခဲ့သော အခန်းများ ကို Disinfection ပြုလုပ်မည့် အစီအစဉ်များကို အသေးစိတ် strategy ဆွဲထားစေလို ကြောင်း၊

315. ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနအနေဖြင့် ယခုဖြစ်စဉ်နှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များကို မှတ်တမ်းစနစ်တကျထားရှိ ဆောင်ရွက်စေလိုကြောင်း၊

316. ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဦးစီးဌာနများအနေနှင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေတွင် နိုင်ငံတကာနှင့် ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ခြင်း၊ လက်ရှိဖြစ်ပွား သေဆုံးမှုများ၊ Epidemiological analysis, Trend များကို သုံးသပ်ပြီး နိုင်ငံတကာရှိ IHR Focal များနှင့် ချိတ်ဆက်၍ သတင်းဖလှယ်သည့် အစဉ်အလာကောင်းများရှိပါကြောင်း၊

317. MBDS (*Mekong Basin Disease Surveillance*), Senior Officials' Meeting on Health Development (SOMHD), PHE (*Public Health England*), RPHL(*Regional Public Health Laboratory Network*), NIC (*National Influenza Centre Network*), GMS– HS (*GMS Health Security Network*) အစရှိသည့် Public Heath Focal များနှင့်လည်း ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်မှု အစီအစဉ်များ ဆောင်ရွက်ပါက နိုင်ငံဖြတ်ကျော် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအတွက် အလွန်ထိရောက်သည့် Coordination system/ network ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊

318. (၈.၂.၂၀၂၀) ရက်နေ့တွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေယာဉ် (၅)စီး၊ ခရီးသည်စုစုပေါင်း (၃၉၆)ဦး ဝင်ရောက်ခဲ့ပြီး လိုအပ်သည်များစစ်ဆေးခြင်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊

319. (၂၀.၂.၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒုတိယဝန်ကြီး (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန) မှဦးဆောင်ပြီး လေကြောင်းလိုင်းများ/ နီးနွယ်ဌာနများမှ တာဝန်ရှိသူများပါဝင်သည့် ညှိနှိုင်းအစည်းအဝေးပြုလုပ်မည်ဖြစ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ဇဟိုကော်မတီမှ အကြံပြုထားသည့် အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း

သက်ဆိုင်ရာ လေကြောင်းလိုင်းများနှင့် နီးနွယ်ဌာနများက လိုက်နာဆောင်ရွက်ရေး တိုက်တွန်း ဆွေးနွေးမည်ဖြစ်ပါကြောင်း၊

320. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန အနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမြန်ဆက်သွယ်၍ လက်ရှိဖြစ်ပွားနေသော Virus ရောဂါပိုး၏ Virus Shedding Period မည်သည့်အချိန်ထိရှိသည်ကို လက်ရှိဖြစ်ပွားနေသောအခြေအနေပေါ် မူတည်၍ သုံးသပ်ချက်အား စုံစမ်းမေးမြန်းစေလိုကြောင်း၊

## (၁၄/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၁၀) ရက်၊ (၂၀၂၀) ခုနှစ်

321. ရောဂါကူးစက်ဖြစ်ပွားမှုကာကွယ်ထိန်းချုပ်ခြင်းနှင့် ရောဂါကူးစက်မှု သံသယလက္ခဏာရှိသူများကို စောစီးစွာ ထောက်လှမ်းရှာဖွေခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနမှဝန်ထမ်းများ၊ နီးနွယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံးက ချိတ်ဆက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါကြောင်း၊

322. ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်မှုများဖြင့် ရောဂါကူးစက်မှု သံသယရှိသူတစ်ဦးကို ယမန်နေ့ကထောက်လှမ်းရှာဖွေနိုင်ခဲ့ရန် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊

323. ရောဂါဖြစ်ပွားသူများ ရုတ်တရက်များပြားစွာ ပေါ်ပေါက်လာပါက ၎င်းတို့အား အချိန်နှင့်တစ်ပြေးညီ စောစီးစွာဖြင့် အရည်အသွေးပြည့်ဝသည့် ကုသမှုများ ပေးအပ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုများကို ဆက်လက်အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

324. ကုသရေး ကုထုံးဆိုင်ရာ ဆွေးနွေးမှုများ အချိန်နှင့်တစ်ပြေးညီပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ ဆေးပညာရှင်များ၊ ကူးစက်ရောဂါ ကုသရေးပညာရှင်များ၊ ကပ်ရောဂါဗေဒပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော ဆက်သွယ်ရေးကွန်ရက် viber group အဖွဲ့ ဖွဲ့စည်းဆောင်ရွက်စေလိုပါကြောင်း၊

325. ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာ အချက်အလက် ပိုစတာနှင့် လက်ကမ်းစာစောင်များအား ဈေးများ၊ ဘတ်စ်ကားဂိတ်များ၊ ဘတ်စ်ကားများ စက်ရုံ၊

အလုပ်ရုံများနှင့်ဘုရားများတွင် ဖြန့်ဝေပေးနေမှုကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဆောင်ရွက်စေလိုပါကြောင်း၊

326. ရောဂါဖြစ်ပွားရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများ နေထိုင်ရာရပ်ကွက်များတွင် တရုတ်ဘာသာဖြင့် ပြုစုထားသော ကျန်းမာရေးအသိပညာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးသွားရမည်ဖြစ်ပါကြောင်း၊

327. မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်လည်း ထိုသို့ကျန်းမာရေးအသိပညာ အချက်အလက်များဖြန့်ဝေမှုနှင့် အသိပေးနှိုးဆော်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုပါကြောင်း၊

328. ကျောင်းသား၊ ကျောင်းသူများတွင် ရောဂါကာကွယ်ရေးအသိပညာများရရှိကာ ၎င်းတို့မှတစ်ဆင့် မိဘများ၊ မိတ်ဆွေသူငယ်ချင်းများကို ဖြန့်ဝေပေးနိုင်ရေးအတွက် ကျောင်းများတွင် ကျန်းမာရေးအသိပညာအချက်အလက် ပိုစတာ၊ လက်ကမ်းစာစောင်များ အထူးအလေးပေး ဆက်လက်ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊

329. ရုပ်မြင်သံကြားလိုင်းများ၊ ရေဒီယိုလိုင်းများမှ ကျန်းမာရေးအသိပညာများကို တိုင်းရင်းသားဘာသာစကားများနှင့်ပါဖြန့်ဝေပေးလျက်ရှိခြင်းသည် ကောင်းမွန်ပါကြောင်း၊

330. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှုများအား မြန်မာ့ရုပ်မြင်သံကြားနှင့်သတင်းစာများတွင် ပုံမှန်ဖော်ပြနိုင်ရန်နှင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့်ပတ်သက်သော သတင်းများအား စဉ်ဆက်မပြတ် ထုတ်လွှင့်ရန်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊

331. သတင်းများထုတ်ပြန်ရာတွင် ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ပျံ့နှံ့မှုအခြေအနေများအား နားလည်လွယ်ကူသော Dashboard ဖြင့် ဖော်ပြရန်နှင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ထူးခြားဖြစ်စဉ် သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ Transparently သတင်းပေးပို့နေခြင်းဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများအပါအဝင် အများပြည်သူများအနေဖြင့်လည်း

နေ့စဉ်ဖတ်ရှုစေလိုကြောင်း၊ သတင်းမီဒီယာများပေါ်သို့ ရောက်ရှိပျံ့နှံ့လာသည့် သတင်းမှားများအား ချင့်ချိန်လက်ခံရန်လိုအပ်ကြောင်း

332. အခြေခံကျန်းမာရေးပညာရှင် ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစကားဝိုင်းငယ်များ ပြုလုပ်၍ ကျန်းမာရေးအသိပညာများ ဆက်လက်ဖြန့်ဝေပေးရမည် ဖြစ်ပါကြောင်း၊

333. ယခုကာလအတွင်း လူစုလူဝေးများပြားရာ နေရာများကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြရန် အသိပေးနိုးဆော်ကြရမည်ဖြစ်ပါကြောင်း၊

334. ဝန်ကြီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကျန်းမာရေးဌာနများ၏ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ထားရှိထားပါကြောင်း၊

335. တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကျန်းမာရေးဌာနမှ ကောင်းမွန်သည့် လုပ်ဆောင်ချက်များကို အခြား တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကျန်းမာရေးဌာနများအနေဖြင့် မိမိတို့နေရာဒေသနှင့်ကိုက်ညီစွာဖြင့် လိုက်လံဆောင်ရွက်စေလိုပါကြောင်း၊

336. ဆေးရုံများတွင် ရောဂါကုသရေးကြိုတင်ပြင်ဆင်ထားရှိရန် ထပ်မံလိုအပ်သည်များကို အမြန်ဆုံးပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊

337. တိုင်းဒေသကြီး/ပြည်နယ်များမှ သတင်းပေးပို့မှုများကိုလည်း ပြန်ကြားပေးပို့ အကြောင်းကြားခြင်း feedback ကို ဆောင်ရွက်စေလိုပါကြောင်း၊

338. ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် ကုန်သွယ်ရေးနှင့် ကူးသန်းသွားလာမှု (Travel and Trade) များထိခိုက်သဖြင့် မိမိတို့ပြည်သူများ ထိခိုက်မှု (Impact) နည်းစေရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊

339. ဝန်ကြီးဌာနနှင့် နိုးနွှယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြည်သူများအကျိုးအတွက် ဝိုင်းဝန်းကြိုးပမ်းနေမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း၊

(၁၅/၂၀၂၀) ၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၁၁) ရက်၊ (၂၀၂၀) ခုနှစ်

340. ယခုဖြစ်ပွားနေသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (2019–nCoV acute respiratory disease) ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၌ ဆက်လက်မြင့်မားလျက်ရှိပြီး (epicenter) ဖြစ်သော ဝူဟန်မြို့တွင် ကူးစက်ပျံ့ပွားမှုနှင့် သေဆုံးမှုသည် အဓိက ဆက်လက်ဖြစ်ပွားနေကြောင်း၊

341. မြန်မာနိုင်ငံ၌ သံသယလူနာနှင့် စောင့်ကြည့်လူနာများ၌ 2019 Novel Coronavirus ရောဂါပိုး မတွေ့ရှိရသေးသော်လည်း ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊

342. တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အဖွဲ့အစည်းများ၏ အသေးစိတ်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်သည့်အခါ၌ ကျေနပ်မှုများစွာရှိပါကြောင်း၊

343. ဤကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများသည် မိမိတို့ကျန်းမာရေးနယ်ပယ် တိုးတက်ရန်အတွက် အလွန်ကောင်းသောလက္ခဏာဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လုပ်ဆောင်ကြစေလိုပါကြောင်း၊

344. ယခုအချိန်၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်မှု၏ အတိုင်းအတာမှာ ပြည်သူများ၏ ပါဝင်မှုအတိုင်းအတာနှင့် တိုက်ရိုက်အချိုးကျ မူတည်နေသဖြင့် ပြည်သူများကို မှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

345. လေကြောင်းခရီးမှ ဝင်ရောက်လာသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံသားများအား လေ့လာကြည့်သောအခါ ၎င်းတို့ အများစုသည် မူလကတည်းက ငှားရမ်းထားသော နေအိမ်တိုက်ခန်းများတွင်သာ သွားရောက်နေထိုင်ကြသည်ကို သိရှိရသဖြင့် ၎င်းတို့ နေထိုင်ရာရပ်ကွက်များ၌ ကျန်းမာရေးအသိပညာပေးမှုများ၊ အသိပေးနှိုးဆော်မှုများကို ဦးတည်ဦးစားပေး၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

346. နေရပ်ပြန်နိုင်ငံသားများသာမက နိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးဖြစ်သော ညှော့သည် နိုင်ငံခြားသားများ၏ တည်းခိုနေထိုင်မှုအခြေအနေများ၊ အထူးသဖြင့် ၎င်းတို့ နေထိုင်လေ့ရှိသည့် ရပ်ကွက်များအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ စုံစမ်း ဖော်ထုတ်ကာ လိုအပ်သော ကျန်းမာရေးအသိပညာပေးနှိုးဆော်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်လိုပါကြောင်း၊

347. စက်ရုံ၊ အလုပ်ရုံများ၌လည်း လူစုလူဝေးအဖြစ် အလုပ်လုပ်ကိုင်သည့် အတွက်လည်းကောင်း၊ အခြားနိုင်ငံမှ လာရောက်၍ လုပ်ကိုင်နေသော နိုင်ငံခြားသား ဝန်ထမ်းများရှိသဖြင့်လည်းကောင်း၊ ထိုနေရာများကိုလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မျက်ခြေမပြတ် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊

348. မိမိတို့အနေဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၌ လုပ်ကိုင်နေသော အခြေခံကျန်းမာရေးပညာရှင်များဖြစ်သော ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁)၊ သားဖွားဆရာမများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှု ထောက်လှမ်းသည့်နေရာများ၌ လုပ်ကိုင်လျက်ရှိသော တာဝန်ခံများအား (၇)လက်မ Mobile Tablet ဖုန်း (၂၃၉)လုံး၊ ၎င်းမြို့နယ်၌ရှိသော တိုက်နယ်ဆရာဝန်နှင့် မြို့နယ်ဆရာဝန်တို့အား (၈)လက်မ Mobile Tablet ဖုန်း (၄၂)လုံး နှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ အဖျားရောဂါစောင့်ကြပ်ကြည့်ရှု ထောက်လှမ်းသည့်နေရာများအတွက် (၈) လက်မ Mobile Tablet ဖုန်း (၄၂)လုံး၊ စုစုပေါင်း (၃၃၃) လုံးကို ဗဟိုမှ သက်ဆိုင်ရာပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများသို့ ယနေ့တွင်ပင် ဖြန့်ဝေရန်စီစဉ်ပြီး ဖြစ်ပါကြောင်း၊

349. ထိုသို့ချက်ချင်းဖြန့်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဤရောဂါနှင့် ပတ်သက်သော အကြောင်းအရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စသည်တို့နှင့်ပတ်သက်၍ ကျန်းမာရေးစကားဝိုင်းငယ်လေးများ နေရာအနှံ့အပြား ပြုလုပ်စေလို၍ ဖြစ်ပါကြောင်း၊

350. အဆိုပါ Mobile Tablet များတွင် ဤရောဂါနှင့် ပတ်သက်၍ ထုတ်ဝေထားသော (၂၂) မျိုးသော ကျန်းမာရေးပိုစတာနှင့် လက်ကမ်းစာစောင်များနှင့် လုပ်ငန်းလမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများ ကိုလည်းထည့်သွင်းထားပြီး ဖြစ်ပါကြောင်း၊

351. သီးခြားထားရှိကုသခြင်း (Isolation) နှင့် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း (Quarantine) ၏အရေးကြီးမှုကို ပြည်သူများ သေချာစွာသိရှိနားလည်ရန်မှာ အရေးကြီးပါကြောင်း၊

352. ထိုသို့ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူတွင် အကယ်၍ 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းရောဂါ လက္ခဏာများပေါ်ပေါက်လာပါက ချက်ချင်း ကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေ နည်းပါးသည့်အပြင် ၎င်းမှ တစ်ဆင့် အတူနေထိုင်သော မိသားစုများနှင့်မိတ်ဆွေများထံသို့ ကူးစက်မှု မဖြစ်ပွားနိုင်တော့သဖြင့် အားလုံးအတွက် အကျိုးရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊

353. ကုသမှုပိုင်းဆိုင်ရာ၌ စနစ်ကျ၍ ပိုမိုထိရောက်နိုင်စေရန်အတွက် clinical management ကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊

354. လေဆိပ်ဝင်ပေါက်မှ ဝင်ရောက်သူများမှာ အရေအတွက်နည်းပါးလာသည်ကို တွေ့ရှိရပါကြောင်း၊ တရားဝင်နှင့်တရားမဝင် နယ်စပ် ဝင်/ထွက်ပေါက် ကုန်းလမ်းများမှဝင်ရောက်လာသူများကို အထူးဦးစားပေး၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

355. ရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရေးအတွက် သံသယလူနာများအား စောစီးစွာ ထောက်လှမ်းခြင်း (Early case detection) သည် အရေးကြီးသည့်အတွက် သံသယလူနာတွေ့ရှိပါက ပြည်သူများ၏ သတင်းပေးပို့မှုသည် လွန်စွာ အရေးကြီးပါကြောင်း၊

356. အကျဉ်းထောင်များ၏ အချုပ်သား၊ အကျဉ်းသားအသစ်များတွင် ဖျားနာလူနာပါရှိပါက (၁၄) ရက် သီးခြားထားရှိကုသရေးညွှန်ကြားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

357. ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်များ၊ ကျေးလက်ဒေသများတွင် ပြည်သူ (၁၀)ခန့်စီအား ကျန်းမာရေးအသိပညာပေး ဟောပြော

မှု (Health Talk) စကားဝိုင်းငယ်များကို ပိုမိုအရေးပေး ဆောင်ရွက်သွားစေလိုပါကြောင်း၊ အထူးသဖြင့် ကျောင်းများ၊ စေတီဘုရားများ၊ ဈေး၊ စက်ရုံနှင့် လူစည်ကားသောနေရာများ တွင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

358. ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး၊ ကာကွယ် ထိန်းချုပ်ရေးနှင့်တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တက်ကြွစွာဆောင်ရွက်လျက် ရှိသည့်အတွက် အားရကျေနပ်ပါကြောင်းနှင့် ယခုဖြစ်စဉ် ပြီးဆုံးသည်အထိ အရှိန်အဟုန် မလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊

## (၁၈/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၁၄) ရက်၊ (၂၀၂၀) ခုနှစ်

359. မိမိတို့နိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ထိစပ်နေသည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားပျံ့နှံ့မှုအခြေ အနေများသည် လက်ရှိတွင် တည်ငြိမ်မှုမရှိသေးပါကြောင်း၊

360. မိမိတို့အနေဖြင့် ရောဂါဖြစ်ပွားမှုဖြစ်စဉ်အပေါ် အလွယ်တကူ ကောက်ချက်ချ၍မရ နိုင်ဘဲ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို သတိကြီးစွာဖြင့် ကြိုတင်တွက်ဆ ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

361. အဆိုပါ နယ်စပ်ဒေသများတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကျန်းမာရေးအသိပညာ အချက်အလက်များအား မြန်မာဘာသာဖြင့်သာမက တရုတ် ဘာသာဖြင့်ပါ ကျယ်ကျယ်ပြန့်ပြန့်ဆက်လက် ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊

362. ပြည်သူများ၏ ကျန်းမာရေးလုံခြုံမှုအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၏ ဦးဆောင်မှုသည် ယခုအချိန်တွင် အလွန် အရေးကြီးပြီး ကျန်းမာရေးဝန်ထမ်းများအားလုံးမှလည်း အားတက်သရော ပါဝင်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊

363. တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများအနေဖြင့် အဆိုပါ နယ်စပ် ဝင်၊ ထွက်ပေါက်များသို့ ကွင်းဆင်းသွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊

364. ထိုသို့ဆွေးနွေးချက်များအား ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြ၍ ထပ်မံလိုအပ်သည်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

365. တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်စပ်ရှိ ဆေးရုံကြီး (၅) ရုံတွင် ထပ်မံလိုအပ်မည့် ဆေးပစ္စည်းကိရိယာများကို ကြိုတင်တွက်ဆ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊

366. ရန်ကုန်နှင့် မန္တလေးမြို့များရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာကြသူများ နေထိုင်မှုအများဆုံးဖြစ်သည့် ရပ်ကွက်များတွင် လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပေးနှိုးဆော်မှုများကို ဆောင်ရွက်ခြင်းကို ဆက်လက်အားဖြည့် ဆောင်ရွက်စေလိုပါကြောင်း၊

367. ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသိပေးဟောပြောမှု (Health Talk) များအား ပိုမိုအရေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

368. နိုင်ငံတကာလေဆိပ်များရှိခရီးသည်များအား တည်းခိုသောလိပ်စာရယူရာတွင် မြို့နယ်အလိုက် မြေပုံ (mapping) ဖြင့်စာရင်းပြုစုထားရှိရမည်ဖြစ်ပါကြောင်း၊

369. ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်၍ ဟိုတယ်များ၌ တည်းခိုသည့် ဖျားနာလူနာများအား သတင်းရယူဆောင်ရွက်နိုင်ရေးကို ဆက်လက်အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

370. လက်ရှိတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၄) နိုင်ငံအနက် (၂၅) နိုင်ငံတွင် ရောဂါဖြစ်ပွားမှုရှိနေပါကြောင်း၊

371. သုတေသနတွေ့ရှိချက်တစ်ခုတွင် ကိုရိုနာဗိုင်းရပ်(စ်) ပိုးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လင်းနို့များမှ တစ်ဆင့် ကူးစက်ပျံ့နှံ့ခဲ့သည်ဟု ဖော်ပြထားပါကြောင်း၊

372. အလားတူ တိရိစ္ဆာန်များမှတစ်ဆင့် လူတို့ထံသို့ ရောဂါပိုးများကူးစက်ပျံ့နှံ့ခဲ့ပြီး အထူးသဖြင့် သားသတ်ရုံများမှ အစပြု၍ ရောဂါပိုးများကူးစက်ပျံ့နှံ့ခဲ့သည့် ဖြစ်စဉ်များလည်း ရှိပါကြောင်း၊

373. ထို့အတွက် မိမိနိုင်ငံရှိ သားသတ်ရုံများကို အထူးကြပ်မတ်စစ်ဆေးမှုများအားလုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ထို့အပြင် ပြည်သူများအနေဖြင့် သားရိုင်းတိရိစ္ဆာန်များအားကိုင်တွယ်ခြင်းနှင့် သာမာန်စားသုံးနေကျမဟုတ်သည့် ထူးခြားသော အသားဟင်းလျာ (ဥပမာ – လင်းနို့) များ စားသုံးခြင်းကို သတိပြုရှောင်ရှားကြစေလိုပါကြောင်း၊

374. နေအိမ်၌သာနေထိုင်စေ၍ အသွားအလာတားမြစ်ပိတ်ပင်ခြင်း/ ကန့်သတ်ခြင်း (Home Quarantine) ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှု ခံရသူများ လိုက်နာရန် အချက်များကို လည်း ကျယ်ကျယ်ပြန့်ပြန့်နားလည်သိရှိစေရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ် ပါကြောင်း၊

375. ပြည်သူများအနေဖြင့် လွယ်ကူစွာလုပ်ကိုင်ဆောင်ရွက်နိုင်ပြီး ရောဂါကူးစက်မှု ကာကွယ်ရာတွင် အလွန်ထိရောက်သည့် စနစ်တကျလက်ဆေးခြင်း အလေ့အထကို ကျင့်သုံးစေလိုပါကြောင်း၊

376. လုပ်ငန်းများဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များကို စီးပွားရေးနှင့် လူမှုရေး တည်ငြိမ်မှုရှုထောင့်ကို အလေးပေး ချိန်ထိုးစဉ်းစားကာ ဆုံးဖြတ်ချက်ချ မှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

377. ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ မှ အားနည်းချက်နှင့် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်၍ ဆက်လက် ဆောင်ရွက်မည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် သုတေသနအစည်း အဝေးကြီးတစ်ရပ်ကို (၂) ရက်တာကာလကြာ ကျင်းပလျက်ရှိပါကြောင်း၊

378. ဝန်ကြီးဌာနအနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကွန်ရက်ချိတ်ဆက်၍ သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

379. မြန်မာနိုင်ငံတွင် မိမိတို့ဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်ဆန်းစစ်ခြင်းနှင့် အသုံးချ သုတေသနပုံစံဖြင့်ဆန်းစစ်ခြင်းများကို ဆောင်ရွက်သွားကာ လိုအပ်ချက်နှင့် အားနည်းချက်များကို ချက်ချင်းအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

380. အသုံးချသုတေသနများဖြင့် ဆေးရုံများတွင် သံသယလူနာများနှင့် လူနာများအတွက် အဆင်သင့်ပြင်ဆင်ထားရှိအခြေအနေနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအကြား စနစ်တကျပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်စေလိုပါကြောင်း၊

381. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်မှလည်း ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် သုတေသနသည် အဓိကအရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်ဟု အလေးပေးပြောကြားခဲ့ပါကြောင်း၊

382. ဝန်ကြီးဌာနမှ ထုတ်ဝေထားသော ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ ခာတ်ခွဲစမ်းသပ်ရေး လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကို လက်ရှိ ပြောင်းလဲလာသော ကူးစက်ရောဂါဖြစ်ပွားမှုဖြစ်စဉ်များနှင့်အညီ လိုအပ်သလို မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

383. တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအနေဖြင့် ပြည်သူများအကျိုးအတွက် မိမိတို့၏ကိုယ်ပိုင်အရေးကိစ္စသဖွယ် ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း၊

384. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

385. မိမိတို့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါဖြစ်ပွားပျံ့နှံ့မှု အခြေအနေများကို အထူးသတိပြုစောင့်ကြည့်ကာ လိုအပ်သလိုအမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

386. တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်ဖြစ်ပွားမှု သည် အချိန်နှင့်အမျှပြောင်းလဲနိုင်သည့် အခြေအနေ (Evolving situation) ဖြစ်နေသော ကြောင့် မိမိတို့အနေဖြင့် မန္တလေးမြို့ရှိ ဆေးရုံအုပ်ကြီးများနှင့် မန္တလေး ပြည်သူ့ဆေးရုံကြီး မှ ပါမောက္ခ/ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအား ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၌ မည်သည့်ပုံစံဖြင့် ပါဝင်ပံ့ပိုးဆောင်ရွက်ရမည်ကို အသိပေးရှင်းပြရခြင်း ဖြစ်ပါကြောင်း၊

387. မန္တလေးမြို့နှင့် အနီးအနားမြို့များ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ များစွာ နေထိုင်သွားလာလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ဤရောဂါဖြစ်ပွားနိုင်မှု အခြေအနေများ ကို မျက်ခြေမပြတ်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊

388. ယခုအခါ၌ ဤရောဂါဖြစ်ပွားသူများ၏ သေဆုံးနှုန်းသည် (၂.၈) ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရသည့်အပြင် ဤရောဂါ၏ ရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားကူးစက်ခံရနိုင်ခြေရှိသူများထံ ကူးစက်မှုအခြေခံနှုန်း {R0 (R nought) }သည်လည်း မြင့်မားသည့်အတွက် မန္တလေးမြို့နှင့် အနီးအနားမြို့များလည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံ များ၌လည်းကောင်း အထူးဂရုစိုက်၍ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊

389. မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုံးဝ အရှိန်လျှော့၍ မရဘဲ ဆက်လက်အားဖြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

390. ယခုအခါမန္တလေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံများတွင် သံသယနှင့် စောင့်ကြည့်လူနာများကို စောင့်ကြပ်ကြည့်ရှုကုသမှုပေးနေပြီး အကယ်၍ခေတ်ခွဲအတည်ပြုလူနာများ၊ ရောဂါပြင်းထန်သည့်လူနာများရောက်ရှိ ပေါ်ပေါက်လာပါက အရည်အသွေးပြည့်ဝစွာ ကုသမှုပေးနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆေးပညာပါမောက္ခများ ဝိုင်းဝန်းရေးသားပြုစုထားသည့် ကုသရေးလမ်းညွှန်များအတိုင်း ကုသပေးရန် အဆင်သင့်စီစဉ် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊

391. မန္တလေးတိုင်းဒေသကြီးသို့ တရားဝင်နှင့်တရားမဝင် ဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်လာသောသူများသည် ရောဂါပျိုးချိန် (incubation period) ကာလအတွင်း ရောဂါလက္ခဏာများ မပြသသေးဘဲ ပကတိကျန်းမာစွာနေထိုင်နေသော်လည်း အချိန်မရွေးရောဂါလက္ခဏာများပေါ်ပေါက်လာနိုင်သည့်အချက်ကို သတိပြုကြရမည် ဖြစ်ပါကြောင်း၊

392. မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်သူ့ကျန်းမာရေးဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်၊ လူမှုရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ ကုန်သွယ်ရေးရှုထောင့်စသည်ဖြင့် ရှုထောင့်ပေါင်းစုံကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက်ချဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

393. တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ဝင်ရောက်လာသူများ၏ ရာခိုင်နှုန်းအများစုသည် ၎င်းတို့ ယခင်ကတည်းက ငှားရမ်းထားပြီးဖြစ်သော နေအိမ်များသို့ သွားရောက်နေထိုင်သည်ကိုတွေ့ရှိရသည့် အချက်သည် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ အထူးအရေးကြီး၍ အဓိကကျသော အချက်တစ်ခုဖြစ်သည်ကို သိရှိစေလိုပါကြောင်း၊

394. ၎င်းတို့အများစု တည်းခိုနေထိုင်လျက်ရှိသည့် နေရာများအား မြေပုံစာရင်း (mapping) ပြုစု၍ ၎င်းတို့နေထိုင်ရာ ရပ်ကွက်များ၌ ရောဂါဖြစ်ပွားမှုအား စောစီးစွာ သိရှိကုသမှုဆောင်ရွက်နိုင်ရန် ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ရာတွင် တရုတ်ဘာသာစကားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊

395. အလားတူ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင်လည်း တရုတ်ဘာသာဖြင့် ကျန်းမာရေး အသိပညာအချက်အလက်များဖြန့်ဝေခြင်းကို အားဖြည့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

396. စောစီးစွာလူနာရှာဖွေဖော်ထုတ်ခြင်း (Early Case Detection) ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အလွန် အရေးကြီးသဖြင့် ပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးခြင်းကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊

397. ထိုသို့ကျန်းမာရေးအသိပညာပေးရာတွင် လူအများနားလည်လွယ်မည့် သတင်းအချက် အလက်များ ဖြစ်ရန်လိုအပ်သည့်အပြင် အရေးကြီးသည့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များကိုသာ ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်း အသိပေး ခြင်းဖြင့် မိမိတို့၏ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ပိုမိုထိရောက်စေမည်ဖြစ် ပါကြောင်း၊

398. မန္တလေးတိုင်းဒေသကြီးအတွင်း၌ စောင့်ကြည့်လူနာနှင့်သံသယလူနာများအား သီးခြား ထားရှိကုသမှုပေးရာတွင် လူနာများအား ဆေးကုသမှုပေးခြင်း၊ ရောဂါထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရုံသာမက လူနာများနှင့် အနီးကပ်ထိတွေ့သူများအား ရှာဖွေရန်ခြင်းနှင့် ၎င်းတို့အားနေအိမ် (သို့မဟုတ်) ဆေးရုံတွင် ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ အခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများသည် ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ရမည့် အရေးပါသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဖြစ်ကြောင်း၊

399. ထိုသို့ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူတွင် အကယ်၍ 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းရောဂါ လက္ခဏာများပေါ်ပေါက်လာပါက ချက်ချင်း ကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေ နည်းပါးသည့်အပြင် ၎င်းမှ တစ်ဆင့် အတူနေထိုင်သော မိသားစုများနှင့် မိတ်ဆွေများထံသို့ ကူးစက်မှု မဖြစ်ပွားနိုင်တော့သဖြင့် အသွားအလာကန့်သတ်ပိတ်ပင်၍ ရောဂါဖြစ်ပွားမှုအခြေအနေ ကို စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများသည် အားလုံးအတွက် အကျိုး ရှိသည့် ကိစ္စရပ်ဖြစ်သည်ကို ပြည်သူများ သိရှိနားလည်စေရေး ဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း၊

400. ယခုကဲ့သို့ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မျိုးဆက်သစ်ဆရာဝန်နှင့် ပညာရှင်များအတွက် အတွေ့အကြုံနှင့် သင်ခန်းစာများစွာရရှိနိုင်ပြီး နောင်ဖြစ်ပေါ်လာမည့် အခြားကပ်ရောဂါဖြစ်ပွားမှုနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဿနာများအား ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြုနိုင်ပါကြောင်း၊

401. မန္တလေးပြည်သူ့ဆေးရုံကြီး၌ ယခုဖြစ်ပွားသော COVID-19 ရောဂါနှင့် အခြားကပ်အသွင်ဖြစ်ပွားနိုင်သောရောဂါများအတွက် စားပွဲဝိုင်းလေ့ကျင့်ခန်း(Table-Top Exercise) များကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကပ်ရောဂါဗေဒပညာရှင်များ၏ အကူအညီဖြင့် အမြန်ဆုံးဆောင်ရွက်စေလိုပါကြောင်း၊

402. မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားရှိပြီး ထိုမှတ်တမ်းများအား ဆန်းစစ်သုံးသပ်၍ နောက်ဖြစ်ပေါ်လာမည့် ကပ်အသွင်ဖြစ်ပွားမှုများအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊

403. မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင်စောင့်ကြည့်လူနာနှင့် သံသယလူနာများအား သီးခြားခွဲခြား စောင့်ကြပ်ကြည့်ရှုကုသမှုပေးခြင်း (Isolation) နှင့် ရောဂါထိန်းချုပ်ခြင်း (Infection Control) လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား အလွယ်တကူ သိရှိစစ်ဆေးနိုင်ရန် ပုံစံ (Checklist) တစ်ခုပြုစု၍ စိစစ်သုံးသပ်ခြင်း (Quick review of preparedness on hospitals) ကို ဆောင်ရွက်စေလိုပါကြောင်း၊

404. ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားချိန်များတွင် ကန်တော်နဒီဆေးရုံအား လူနာများသီးခြား ထားရှိကုသခြင်း (Isolation)နှင့် အနီးကပ်ထိတွေ့သူများအား စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine)လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူးစက်ရောဂါကုသသည့်သတ်မှတ်ဆေးရုံ (designated hospital) အဖြစ် သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ထားရှိသွားရန် လိုအပ်ပါကြောင်း၊

405. မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း မဟုတ်မမှန် သတင်းများ၊ ကောလဟလ များအား ပြည်သူ့ထံသို့ ချက်ချင်းရှင်းလင်းနိုင်ရန် အစီအမံများ စီစဉ်ဆောင်ရွက်ထား ရှိစေလိုပါကြောင်း၊

406. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ပါဝင်ဆောင်ရွက် နေသူ အားလုံးသိရှိစေရန် သတင်းအချက်အလက်များမျှဝေရန် လုပ်ငန်းများ၊ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြန်လည်စိစစ် သုံးသပ်ခြင်း (Retrospective review & analysis) ဆောင်ရွက်ပြီး လိုအပ်သည်များ အားဖြည့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊

407. မန္တလေးပြည်သူ့ဆေးရုံကြီး၌ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (PPE) များ အလျှင်အမြန်ထပ်မံရရှိရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပြီးဖြစ်သဖြင့် ရရှိပါက ချက်ချင်းထပ်မံ၍ ပေးပို့ မည်ဖြစ်ပါကြောင်း၊

**ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၁၉/၂၀၂၀)၊ နေပြည်တော်၊ ရုံးအမှတ် (၄)၊ ဖေဖော်ဝါရီလ (၁၇) ရက်၊ (၂၀၂၀) ခုနှစ်**

408. ယခု ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အထူးသဖြင့် ဝူဟန်မြို့တွင် ကူးစက်ပျံ့ပွား၊ သေဆုံးမှုသည် အဓိက ဆက်လက် ဖြစ်ပွားနေကြောင်း၊ ရောဂါဖြစ်ပွားပျံ့နှံ့မှုသည် ကျဆင်းသည့်သဏ္ဍာန် ရှိသော်လည်း ကူးစက်ရောဂါများသည် ခန့်မှန်းရခက်ပါကြောင်း၊

409. သို့ဖြစ်ပါ၍ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို အထူးဂရုပြု၍ ဆက်လက် အားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

410. ရောဂါနိုင်ငံအတွင်းသို့ ဝင်ရောက်ပြန့်ပွားမှုမရှိစေရန်အတွက် Preventive aspect ဖြင့် ဆောင်ရွက်ရာတွင် ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့်

သံသယလူနာနှင့် အနီးကပ်ထိတွေ့ ဆက်ဆံခဲ့သူများအား လိုက်လံစုံစမ်းထောက်လှမ်း ကြည့်ရှုခြင်းတို့ကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

411. ကုသရေးဦးစီးဌာနမှ တရားဝင်နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များနှင့် ချိတ်ဆက် ဆောင်ရွက်မည့် ကျိုင်းတုံ၊ မူဆယ်၊ လားရှိုး၊ စပ်စံထွန်းနှင့် မြစ်ကြီးနားပြည်သူ့ဆေးရုံ များ၏ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေ (Preparatory Status) အား ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပါကြောင်း၊

412. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လက်ရှိအချိန်ထိ ရရှိခဲ့သောအထောက်အပံ့များအား ပြန်လည် စိစစ်ပြီး ၎င်းတို့ ကတိကဝတ်ပြုထားသည်များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

413. (Disinfection) လုပ်ငန်းများတွင် လိုအပ်သောပစ္စည်းများ အလုံအလောက်ရှိမှု အခြေ အနေအား လျင်မြန်စွာစိစစ် (Quick review) ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

414. စက်ရုံ၊ အလုပ်ရုံများ၊ စားသောက်ဆိုင်များ၊ ဘဏ်များ စသည့်အများပြည်သူပိုင် လူစုလူဝေးလေ့ရှိသော နေရာများတွင် ပြည်သူများအား ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ အား မလိုအပ်ပါက ထိတွေ့မှုနည်းအောင် နေထိုင်ရေး အလေ့အကျင့်များရှိစေရန်အတွက် ထိရောက်သော ကျန်းမာရေးအသိပေးနှိုးဆော်မှုသတင်းတို ထုတ်ဝေရမည်ဖြစ်ပါကြောင်း၊

415. နိုင်ငံတကာလေဆိပ်များရှိ ခရီးသည်များအား တည်းခိုသောလိပ်စာ ရယူရာတွင် မြို့နယ်အလိုက် Mapping ဖြင့် စာရင်းပြုစုထားရှိရမည်ဖြစ်ပါကြောင်း၊

416. ဟော်တယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်၍ ဟိုတယ်များ၌ တည်းခိုသည့် ဖျားနာလူနာများအား သတင်းရယူဆောင်ရွက်နိုင်ရေးကို ဆက်လက် အားဖြည့်ဆောင်ရွက်ရန်နှင့် ဟိုတယ်၊ တည်းခိုခန်းများသို့ နေ့စဉ် ဆက်သွယ်ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊

417. ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် Early case detection သည် အရေးကြီးသည့်အတွက် သံသယလူနာတွေ့ရှိပါက ပြည်သူများ၏ သတင်းပေးပို့မှုသည် လွန်စွာအရေးကြီးသည့်အတွက်ဆက်လက်ရယူ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

418. ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများနှင့် Teleconference ပြုလုပ်ကျင်းပရမည်ဖြစ်ပါကြောင်း၊

419. ပြည်သူများ၏ ကျန်းမာရေးလုံခြုံမှုအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဦးစီး ဌာနမှူးများ၏ဦးဆောင်မှုသည် ယခုအချိန်တွင် အလွန်အရေးကြီးပြီး ကျန်းမာရေးဝန်ထမ်းများအားလုံးမှလည်း အားတက်သရော ပါဝင်ဆောင်ရွက်နေသည့် အတွက်ကျေးဇူးတင်ရှိပါကြောင်း၊

## (၂၂/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၂၁) ရက်၊ (၂၀၂၀) ခုနှစ်

420. မိမိတို့နိုင်ငံတွင် လက်ရှိ၌ Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူများ မတွေ့ရှိရသေးသော်လည်း အချိန် မရွေး လူနာများ ဖြစ်ပွားတွေ့ရှိလာနိုင်သည် ဆိုသည့်အချက်ကို မိမိတို့ဝန်ထမ်းများနှင့် ပြည်သူများသည် အထူးသတိပြုရမည်ဖြစ်ပါကြောင်း၊

421. ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ သည် ယင်းအချက်ကို နောက်ခံထား၍ ရောဂါကာကွယ်မှု၊ ထိန်းချုပ်မှုလုပ်ငန်းများကို ဆေးရုံများ၌ ပိုမိုထိရောက်စွာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

422. လက်ရှိတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ အကယ် ၍ COVID-19 လူနာ (၄) - (၅) ဦးတစ်ချိန်တည်း စုပြုံ၍ ဆေးရုံတစ်ရုံသို့ ရောက်ရှိလာ ပါက မည်သို့ဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထား၍ အသင့်ပြင်ဆင်ထားရှိရမည် ဖြစ်ပါကြောင်း၊

423. ထိုသို့ လူနာများတွေ့ရှိခဲ့ပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဖြစ်ရပ် အခြေပြု (Case Scenario) နှင့် စားပွဲတင်လေ့ကျင့်ခန်း (Table top exercise) များဖြင့် ဆွေးနွေး

ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ လမ်းညွှန်မှုများပေးအပ်ရန် အရေးကြီးပါကြောင်း၊

424. ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ဆေးရုံများအား ဗဟိုအဆင့် ကြီးကြပ်ကွပ်ကဲခြင်း နှင့် ကျန်ဆေးရုံကြီးများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနမှူးများမှ ကွပ်ကဲဆောင်ရွက် သွားရန်ဖြစ်ပါကြောင်း၊

425. ဆေးရုံများ တွင်ကြိုတင်ပြင်ဆင်မှုများကို ရေးဆွဲထားသော Checklist များဖြင့် ချက်ချင်းစစ်ဆေး လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊

426. ဆေးရုံများရှိ ပြင်ပလူနာဌာနများသည်လည်း လူနာနှင့်လူနာရှင်များ ပထမဆုံး ထိတွေ့ ရသည့်အတွက် လူနာနှင့် လူနာရှင်များကို အဆင်ပြေစွာ ကုသပေးနိုင်ရန်အတွက် သေချာ စွာ ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊

427. အထူးသဖြင့် တရုတ်–မြန်မာနယ်စပ်နှင့် နီးသော ဆေးရုံများ၌ ကြိုတင်စိစစ်ဆန်း စစ်ကာ ဆောင်ရွက်သွားရန် အထူးအရေးကြီးပါကြောင်း၊

428. Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှုလမ်းကြောင်း ဆိုင်ရာရောဂါ အဓိကဖြစ်ပွားသောနေရာ(Epicenter) သည် ယခုအချိန်ထိ ဟူပေပြည်နယ် တစ်ခုသာရှိသော်လည်း နောက်ထပ်ဖြစ်ပွားသောနေရာ (Sub epicenter) များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အခြားနိုင်ငံများ၌လည်း ပေါ်ပေါက်နိုင်သည့်အတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆက်လက်အားစိုက် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊

429. ရောဂါ ကြိုတင်ကာကွယ်ရေး၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်ခွဲပညာရှင်များ၊ ကုသရေးပညာရှင်များနှင့် ကူးစက် ရောဂါဗေဒပညာရှင်များ စနစ်ကျစွာပူးပေါင်းဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊

430. ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများသည် အဓိက ညှိနှိုင်းကွပ်ကဲသူ (Chief Coordinator) များအဖြစ် ဆောင်ရွက်သွားရန်နှင့် ဗဟိုသို့ ကပ်ရောဂါဗေဒဆိုင်ရာနှင့်

ကုသမှုပိုင်းဆိုင်ရာ အရေးကြီးသည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ရမည်ဖြစ်ပါကြောင်း၊

431. တစ်ပါတည်းပြောကြားလိုသည်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းမှုဖြင့် လုပ်ငန်းများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

432. ရောဂါကာကွယ်ထိန်းချုပ်မှု (Containment Phase) တွင် ဆေးရုံနှင့် ပြည်သူလူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Hospital and Community based Surveillance) လုပ်ငန်းများသည် ယခုလောလောဆယ်အချိန်ကာလ၌ မရှိမဖြစ်လုပ်ဆောင်ရန် အရေး ပါသည့်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး (TMO) များက သက်ဆိုင်ရာမြို့နယ်အလိုက် အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

433. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပြီးသော COVID–19 နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအတွက် ညွှန်ကြားချက်များ၊ ပြည်သူများအတွက် အသိပေးနှိုးဆော်မှုအကြောင်းအချက်များ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်အစည်းအဝေး မှတ်တမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများနှင့် နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် သတင်းများ၊ ကမ္ဘာတစ်ဝန်း COVID–19 ရောဂါဖြစ်ပေါ်မှု အခြေအနေများ အစရှိသည်တို့ကို သိသာထင်ရှားဖတ်ရှုလွယ်စေရန်အတွက် စနစ်တကျထားသိုထားရမည်ဖြစ်ပါကြောင်း၊

434. နယ်စပ်ဒေသများရှိ ပြည်သူများအတွက်လည်းကောင်း၊ ခက်ခဲဒေသတွင် နေထိုင်သောပြည်သူများအတွက် မြန်မာ့အသံတိုင်းရင်းသားအစီအစဉ်မှ ယခုထက် အရေအတွက်ပိုမိုတိုးမြှင့် လွှင့်ပေးရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

435. ပိုစတာနှင့် လက်ကမ်းစာစောင်များကို ပြည်သူများ သွားလာမှုများပြားသည့် နေရာများ၌ မဟာဗျူဟာကျစွာဖြင့် ဖြန့်ဝေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

436. နယ်စပ်ဒေသကုန်းလမ်းမှ ဝင်ထွက်သွားလာသူများကို သေချာစွာ ရောဂါစောင့်ကြပ်ကြည့်ရှုရန် ဖြစ်ပါကြောင်း၊

437. နိုင်ငံတကာအပျော်စီးသင်္ဘောများ ဝင်ရောက်မှုတွင်လည်းကောင်း လေဆိပ်များမှ ဝင်ရောက်လာသူများတွင် လည်းကောင်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များအား မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာရေးအခြေအနေနှင့် အခြားနီးနွယ်သော အချက်အလက်များကို နောက်ခံထား၍ ကိုက်ညီလျက် သေချာစွာ ကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

438. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်၏ သတင်းထုတ်ပြန်ချက်နှင့် ပြောကြားချက်များ၊ ညွှန်ကြားချက်များအား နေ့စဉ် နားထောင်ခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတို့ကိုပြုလုပ်ပြီး လက်တွေ့မြန်မာနိုင်ငံ၏ မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် မဟာဗျူဟာများချမှတ်လုပ် ဆောင်ရန်လိုအပ်ပါကြောင်း၊

439. ယခုလက်ရှိတွင် ထိုသို့ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိရပါကြောင်း၊

440. မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကျန်းမာရေးလုပ်ငန်းတာဝန်ရှိသူများ (IHR focal Point) အနေဖြင့် အခြားနိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာကျန်းမာရေးလုပ်ငန်း တာဝန်ရှိသူ (IHR focal Point) များနှင့် ထူးခြားဖြစ်စဉ်များအပြင်၊ လုပ်ငန်းစဉ်များ အားလည်း အသိပေးညှိနှိုင်းဖလှယ်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊

441. မိမိတို့နိုင်ငံ၌ ဤရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာရှုထောင့်မှ ကမ္ဘာတွင်ဆောင်ရွက်နေမှုများနှင့် ချိတ်ဆက်မှုရှိရန် လိုအပ်ပါကြောင်း၊

442. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်အဖွဲ့များသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထပ်မံရောက်ကြောင်း သိရှိရသည့်အတွက် ဤရောဂါနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားမှု သတင်းအချက်အလက်များပိုမိုတိကျ ပြည့်စုံစွာ

သိရှိနိုင်မည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့်များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊

443. တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရောဂါဖြစ်ပွားမှုအခြေအနေများသည် ရောဂါထိန်းချုပ်မှု အောင်မြင်သင့်သလောက် အောင်မြင်နေသည်ဟု မှတ်ချက်ချ၍ ရပါကြောင်း၊

444. တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဤရောဂါထိန်းချုပ်မှုဆောင်ရွက်မှု အခြေအနေများသည် မိမိတို့နိုင်ငံသို့ ရောဂါမပြန့်ပွားစေရန်အတွက် ရောဂါထိန်းချုပ်မှု လုပ်ငန်းများ အောင်မြင်စေရန်အတွက် များစွာအထောက်အကူပြုပါကြောင်း၊

445. အထူးအရေးကြီးသည့်အချက်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် ဗဟိုမှ တာဝန်ရှိသူများ Video Conferencing ကို အနည်းဆုံး တစ်ပတ်လျှင် နှစ်ကြိမ်ပြုလုပ်ရန်နှင့် အရေးကြီးသည့် တွေ့ရှိချက်များ၊ ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရန် ဖြစ်ပါကြောင်း၊

446. အလားတူစွာ သက်ဆိုင်ရာ ကုသရေးဆရာဝန်ကြီးများမှ တွေ့ဆုံ ဆွေးနွေးခြင်းများကို အနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ်ပြုလုပ်၍ အတွေ့အကြုံများဖလှယ်ရန်သည် အရေးကြီးပါကြောင်း၊ နိုင်ငံတကာတွင် ကုသထုံးများရှာဖွေနေမှုများကိုလည်း မျက်ခြေမပြတ်စောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊

447. လိုအပ်ပါက မိမိတို့ ထုတ်ပြန်ပေးထားသော ကုသရေးပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို အသစ်ရှာဖွေတွေ့ရှိသော ကုထုံးများနှင့်အညီ မွမ်းမံပြင်ဆင်ရမည်ဖြစ်ပြီး လိုအပ်သော ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကိုလည်း အဆင်သင့်ဖြည့်ဆည်း ထားရမည်ဖြစ်ပါကြောင်း၊

448. အလားတူစွာ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ရှိသူများသည် နယ်စပ်ဝင်ပေါက် ထွက်ပေါက်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တစ်ပတ်လျှင်အနည်းဆုံးနှစ်ကြိမ် တယ်လီဖုန်းနှင့် ခေတ်ပေါ်ဆက်သွယ်ရေး ကွန်ရက်များကို

အသုံးပြုဆက်သွယ်၍ သတင်းများဖလှယ်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

449. တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေး ဗဟိုဌာနမှ ပြောကြားချက်ဖြစ်သော ဤရောဂါဖြစ်ပွားသူ (၁၀၀) လျှင် (၈၀) ရာခိုင်နှုန်းမှာ ပြင်းထန်မှု နည်းပါးသောရောဂါ (mild disease) ခံစားရခြင်း၊ (၁၅) ရာခိုင်နှုန်းမှာ ပြင်းထန်သည့် ရောဂါ (severe disease) ခံစားရခြင်း၊ (၅) ရာခိုင်နှုန်းမှာ အထူးပြင်းထန်စွာရောဂါခံစားရခြင်း (critically ill) ဖြစ်ပွားသည်ဟု သိရှိရသည့်အချက်မှာ ပြည်သူ့ကျန်းမာရေးရှုထောင့်နှင့် ကုသရေးရှုထောင့်မှ အရေးကြီးသည့် သတင်းအချက်တစ်ချက်ဟု သတ်မှတ်၍ရသည့်အပြင် မိမိတို့နိုင်ငံ၌ ရောဂါဖြစ်ပွားမှုရှိလာပါကလည်း ဤပုံစံအတိုင်းဖြစ်နိုင်ပါကြောင်း၊

450. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယခုလောလောဆယ်ကာလအတွင်း တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်ပြုလုပ်ရန်လိုအပ်ပါကြောင်း၊

451. ဘာသာရေး အဆောက်အဦများ၊ ဘုန်းကြီးကျောင်းများ၊ Church ကျောင်းများ၊ ဟိန္ဒူဘာသာကျောင်းများ၊ ဗလီကျောင်းများနှင့် စက်ရုံများ၊ ကျောင်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပညာပေးခြင်းလုပ်ငန်းများကို ယခုထက်ပိုမို၍ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊

452. သီးခြားထားရှိကုသခြင်း(Isolation) နှင့် အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း(Quarantine) ၏အရေးကြီးမှုကို ပြည်သူများ သေချာသိရှိနားလည်စေရေးနှင့် ထိုသို့ဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံပြုမူခြင်းမဟုတ်ကြောင်းနှင့် Quarantine အလုပ်ခံရသူနှင့် ၎င်း၏မိသားစု၊ ပတ်ဝန်းကျင်အတွက်ပါ အကျိုးကျေးဇူးရှိပါကြောင်း ပြည်သူများကို အမြဲတမ်းအသိပေးထားရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

453. ဆိုက်ရောက်ဗီဇာထုတ်ပေးမှုဆိုင်းငံ့ခြင်းအား ယခုလောလောဆယ် ကာလအတွင်း၌ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

454. အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအနေဖြင့် နိုင်ငံအတွင်း၌ COVID-19 ရောဂါပိုးအားစစ်ဆေးနိုင်ရေးရန် Reagents, Primers နှင့် Probes များရရှိနေပြီဖြစ်သည့်အတွက် မိမိတို့၌ နဂိုကတည်းကရှိသည့် ဓာတ်ခွဲစက်ကြီးများကိုအသုံးပြု၍ မိမိတို့နိုင်ငံ၌ပင် ဤရောဂါကို ဓာတ်ခွဲစစ်နိုင်ပြီဖြစ်သည့်အတွက် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ပညာရှင်ဝန်ထမ်းများ၏ ဆောင်ရွက်မှုကို အထူးအသိအမှတ်ပြုပါကြောင်း၊

455. ရောဂါပိုးသတ်သန့်စင်ရေးလုပ်ငန်းများ (Disinfection Procedure) အတွက် လိုအပ်သည့် ဓာတုဆေးပစ္စည်းများ မိမိတို့ လက်ဝယ်ရှိမှုအခြေအနေနှင့် လိုအပ်ပါက ချက်ချင်းဖြည့်တင်းဆောင်ရွက်သွားရန် ဘဏ္ဍာငွေချထားမည်ဖြစ်ပါကြောင်း၊

456. ခြုံငုံသုံးသပ်ရမည်ဆိုပါက COVID-19 နှင့်ပတ်သတ်၍ စောစီးစွာ စုံစမ်းထောက်လှမ်းခြင်းနှင့်ကုသပေးခြင်း (Early detection and prompt treatment)၊ အနီးကပ်ထိတွေ့သူများအား စုံစမ်းထောက်လှမ်းခြင်း (Contact tracing) သေချာစနစ်ကျစွာ အားလုံးပေါင်းစည်းလုပ်ကိုင်ပါက မိမိတို့ မျှော်မှန်းသည့် COVID-19 ရောဂါ ဖြစ်ပွားမှုမရှိခြင်းဖြစ်ပွားပါကလည်း ထိခိုက်သေဆုံးမှုနည်းပါးခြင်း စသောအခြေအနေများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် မိမိအပါအဝင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဝန်ထမ်းများအားလုံးနှင့် နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

**မကွေးတိုင်းဒေသကြီးအတွင်း Coronavirus Disease (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပွဲ**

**မကွေးပြည်သူ့ဆေးရုံကြီး၊ ဖေဖော်ဝါရီလ (၂၂) ရက်၊(၂၀၂၀) ခုနှစ်**

457. ဆွေးနွေးပွဲသို့ တက်ရောက်လာသော မကွေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်နှင့် တိုက်နယ်ဆရာဝန်များ၊ သူနာပြုအုပ်၊ သူနာပြုဆရာမကြီးများ၊ သူနာပြုဆရာမများနှင့် ကုသမှု

အထောက်အကုပြုပညာရှင် ဝန်ထမ်းများအား ဝန်ကြီးဌာနမှ Coronavirus Disease (COVID–19) လတ်တလောအသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပေးပြောကြားလိုပါကြောင်း၊

458. မကွေးတိုင်းဒေသကြီးသည် ဧရိယာအကျယ်အဝန်းများပြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လုပ်ကိုင်ခဲ့ကြကာ နေရပ်သို့ပြန်လာသူများ အများအပြားသည် မြို့နယ်အနှံ့အပြားသို့ ရောက်ရှိလျက်ရှိသော စာရင်းကို သုံးသပ်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး၌ ဤရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ထိန်းချုပ်ရန် နယ်စပ်မြို့များ၌ အရေးကြီးသည်နှင့်အလားတူ မကွေးတိုင်းဒေသကြီးအတွက်လည်း အရေးကြီးပါကြောင်း၊

459. တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Coronavirus Disease 2019 (COVID–19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားကူးစက်မှုများ ဆက်လက်များပြားလျက်ရှိနေပါကြောင်း၊

460. မိမိတို့နိုင်ငံတွင် လက်ရှိ၌ Coronavirus Disease 2019 (COVID–19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားသူများ မတွေ့ရှိရသေးသော်လည်း အချိန်မရွေးလူနာများ ဖြစ်ပွားတွေ့ရှိလာနိုင်ပါကြောင်း၊

461. သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအတွင်း၌ရှိသော နီးနွယ်ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် မိမိတို့၏တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများသည် စနစ်တကျ ချိတ်ဆက်ပူးပေါင်းကာ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ဆပ်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

462. ထိုသို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် COVID–19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ လူနာများ ရုတ်တရက်ဖြစ်ပွားပေါ်ပေါက်ပါက သီးခြားထားရှိကုသမှုပေးရန်အတွက် မကွေးပြည်သူ့ဆေးရုံကြီးအပြင် ယခုအသစ်ဆောက်လုပ်ပြီးစီးပြီး စတင်အသုံးမပြုရသေးသည့် ပြည်သူ့ဆေးရုံကြီးရှိ (၅) ထပ်ဆောင်သစ်၌ စီစဉ်ထားရှိသည်မှာ ကောင်းမွန်ပါကြောင်း၊

463. ယခုကာလ၌ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများသည် ရောဂါထပ်မံပြန့်ပွားမှုမရှိစေရန် အရေးအကြီးဆုံးဖြစ်သည့်အတွက် အထူးကြပ်မတ် ကုသဆောင်(ICU) များတွင် လိုအပ်သော အသက်ရှူစက်များ၊ လူနာ၏အခြေအနေကို အချိန်နှင့်တစ်ပြေးညီစောင့်ကြပ်ကြည့်ရှုနိုင်သည့် စက်ကိရိယာများ အစရှိသည်တို့ကို ဗဟိုမှထပ်မံဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊

464. ဝန်ကြီးဌာနသည် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်အစည်းအဝေးကို နေ့စဉ်ပြုလုပ်ကာ ကုသရေးဆိုင်ရာ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာနှင့် ကပ်ရောဂါဗေဒ ထိန်းချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို အမြဲမပြတ်ပေးအပ်ခြင်း၊ သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊

465. ဤရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများသည် အဓိကညှိနှိုင်းကွပ်ကဲသူ (Chief Coordinator) များအဖြစ်လည်းကောင်း၊ မြို့နယ်များတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး (TMO) များ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက်အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များက လက်တွေ့မြေပြင်တွင်လည်းကောင်း ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊

466. ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ဆောင်ချက်များ၊ ဝန်ထမ်းများအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများနှင့် ပြည်သူများအတွက် ကျန်းမာရေးအသိပေးနှိုးဆော်မှုများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် ဝန်ကြီးဌာန၏ လူမှုကွန်ရက်စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း၊

467. မကွေးတိုင်းဒေသကြီးရှိ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လုပ်ဆောင်ချက်များကို လုပ်ငန်းလမ်းညွှန်များနှင့် အညီလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အင်တာနက်နှင့် လူမှုကွန်ရက် စာမျက်နှာများကို အမြဲမပြတ် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုလေ့လာသုံးသပ်၍ မိမိတို့၏

တိုင်းဒေသကြီးနှင့် လိုက်လျောညီထွေဖြစ်မည့် ရောဂါကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများကို လုပ်ဆောင်စေလိုပါကြောင်း၊

468. ဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) မှ COVID–19 ရောဂါပိုး ဓာတ်ခွဲအဖြေရှာမှုကို ပြုလုပ်နိုင်နေပြီဖြစ်သဖြင့် စောင့်ကြည့်လူနာနှင့် သံသယလူနာများအား (၆) နာရီအတွင်း စစ်ဆေးအဖြေထုတ်နိုင်ပြီ ဖြစ်ပါကြောင်း၊

469. မကွေးတိုင်းဒေသကြီးတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ရှိ နှီးနွှယ်ဌာနများ၏ ပူးပေါင်းကူညီမှုများကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအတွက် ကောင်းမွန်သော လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊

470. တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေး ဗဟိုဌာနမှ ပြောကြားချက်ဖြစ်သော ဤရောဂါဖြစ်ပွားသူ (၁၀၀) လျှင် (၈၀) ရာခိုင်နှုန်းမှာ မပြင်းထန်သော သာမာန်လက္ခဏာ (mild disease) ကိုသာခံစားရခြင်း၊ (၁၅) ရာခိုင်နှုန်းမှာ ပြင်းထန်သည့် ရောဂါ (severe disease) ခံစားရခြင်း၊ (၅) ရာခိုင်နှုန်းမှာ အထူးပြင်းထန်စွာ ရောဂါခံစားရခြင်း (critically ill) ဖြစ်ပွားသည်ဟု သိရှိရသည့်အချက်မှာ ပြည်သူ့ကျန်းမာရေးရှုထောင့်နှင့် ကုသရေးရှုထောင့်မှ အရေးကြီးသည့် သတင်းအချက် တစ်ချက်ဟု သတ်မှတ်၍ရသည့်အပြင် မိမိတို့နိုင်ငံ၌ ရောဂါဖြစ်ပွားမှု ရှိလာပါကလည်း ဤပုံစံအတိုင်း ဖြစ်နိုင်ပါကြောင်း၊

471. ဝန်ကြီးဌာနရှိ ဆေးရုံများ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ကို စိတ်နှလုံးသွင်း၍ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဖြစ်ပွားကူးစက်မှုမရှိစေရေးနှင့် အကယ်၍ ရောဂါဖြစ်ပွားသူများရှိပါကလည်း ပြန့်ပွားကူးစက်မှုမရှိစေရေးနှင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေးဆက်လက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊

472. တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ နေရာဒေသအလိုက်၊ ကျန်းမာရေးရှုထောင့်မှသာမက လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးစသည်ဖြင့် ရှုထောင့်အမျိုးမျိုးကိုပါ ထည့်သွင်းစဉ်းစား၍ အသင့်တော်ဆုံးသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို သက်ဆိုင်သူအားလုံးမှ ဝိုင်းဝန်းဆုံးဖြတ်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

473. ယနေ့ ခေတ်ကာလသည် လေကြောင်းခရီးသွားလာမှုများ တိုးတက်များပြားသည်နှင့် အညီ အိမ်နီးချင်းနိုင်ငံများသာမက အလှမ်းဝေးကွာသည့် နိုင်ငံများသို့ပင် နေ့ချင်းခရီး ရောက်ရှိနိုင်သည့်အတွက် အလှမ်းဝေးနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုပုံသဏ္ဌာန်သည် မိမိတို့ မြန်မာနိုင်ငံသို့လည်း ထင်ဟပ်လာနိုင်သည့်အတွက် ၎င်းနိုင်ငံများ၌ ဖြစ်ပွားသည့် ရောဂါ ဖြစ်ပွားမှုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီသုံးသပ်ရမည် ဖြစ်ပါကြောင်း၊

474. ရောဂါစတင်ဖြစ်ပွားရာပင်ရင်းဗဟိုနေရာ (epicenter) ဝူဟန်မြို့အပြင် အခြားရောဂါ ကူးစက်ပြန့်ပွားမှု ဆင့်ပွားဖြစ်ပွားမှုနေရာငယ် (Sub-epicenter) များလည်း အချိန်မရွေး ဖြစ်ပွားလာနိုင်သည့် အခြေအနေများကိုလည်းသုံးသပ်ပြီး မိမိတို့နိုင်ငံ၌ ကြိုတင်ပြင်ဆင်မှု များကို ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

475. COVID-19 ရောဂါပိုးသည် ယခုအချိန်အထိ မျိုးရိုးဗီဇပြောင်းလဲခြင်း (mutation) မရှိ သေးသည်ကို တွေ့ရှိရသည်မှာ ကောင်းမွန်သော လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊

476. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအပါအဝင် ရောဂါဖြစ်ပွားမှုများသော နိုင်ငံများ၏ သတင်းထုတ်ပြန်ချက်နှင့် ပြောကြားချက်များအား နေ့စဉ်နားထောင်ခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတို့ကို ပြုလုပ်ခြင်း၊ အပတ်စဉ် ကပ်ရောဂါဗေဒရှုထောင့် (Epidemiological Point of View) မှအခြေအနေများအား တင်ပြအစီရင်ခံသွားခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊

477. ဒေသတွင်းနိုင်ငံများတွင် COVID-19 ရောဂါရှိသူများအား အောင်မြင်စွာကုသခဲ့မှု ကုထုံးဆိုင်ရာ အတွေ့အကြုံများနှင့်အခက်အခဲ အချက်အလက်များကို ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် ချိတ်ဆက်၍ အမြန်ဆုံး သတင်းရယူသွားရန် အရေးကြီးပါကြောင်း၊ သို့မှသာ

မိမိတို့နိုင်ငံတွင် ခါတ်ခွဲအတည်ပြု COVID–19 ရောဂါ လူနာများတွေ့ရှိပါက ၎င်းတို့အား ကုသရာ၌ များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊

478. မြန်မာနိုင်ငံတစ်ဝန်းရှိ အဓိကဆေးရုံများနှင့် နယ်စပ်ဒေသတွင်ရှိသော မြို့နယ်ဆေးရုံများတွင် လက်ရှိအချိန်၌ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား စာရင်းပုံစံဖြင့် ဆန်းစစ်ခြင်း (Checklist) ကို ချက်ချင်းဆောင်ရွက်၍ တွေ့ရှိချက်များအား ဝန်ကြီးဌာနသို့ အမြန်ဆုံးသတင်းပို့ရန်လိုအပ်ပြီး၊ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းမည် ဖြစ်ပါကြောင်း၊

479. COVID–19 ရောဂါနှင့်ပတ်သက်၍ ယခုအချိန်အခါ၌ နယ်စပ်မြို့များမှ လူများ ဝင်၊ ထွက်ရာနေရာများရှိ ဝန်ထမ်းများနှင့် ပြည်သူများ၏ ကျန်းမာရေးအသိပညာ မည်မျှရှိနေသည်ကို ဆန်းစစ်ခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှု လုပ်ငန်းများ ထိရောက်မှုအတိုင်းအတာကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ တွေ့ရှိချက် ပေါ်မူတည်၍ လိုအပ်လျှင်လိုအပ်သလို မဟာဗျူဟာ၊ နည်းဗျူဟာများကို ပြောင်းလဲ၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

480. လတ်လောရောဂါဖြစ်ပွားမှု များပြားနေသော ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများမှ ဝင်ရောက်သော ခရီးသည်များအား အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၌ ယခုထက်ပိုမို၍ ဂရုစိုက်စစ်ဆေးရန် လိုအပ်သည့်အပြင် ၎င်းတို့တည်းခိုမည့် ဟိုတယ်နှင့် တည်းခိုခန်းများသို့ ချက်ချင်းအကြောင်းကြားသည့်ကိစ္စသည် ယခုအချိန်အခါ၌ အထူးအရေးကြီးပါကြောင်း၊

481. ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများနှင့် မိမိတို့ လေဆိပ်ကျန်းမာရေးဌာနများတို့သည် အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ်အပတ်စဉ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး လိုအပ်လျှင် လိုအပ်သလို ပိုမိုတိကျစနစ်ကျစွာဖြင့် ချိန်ကိုက်ညီ ပူးပေါင်းဆောင်ရွက်ခြင်း (synchronized coordination) ကို လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊

482. တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ လာရောက်နေထိုင်မှုများပြားသည့် ရပ်ကွက်များ၌လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ယခုထက်ပိုမို၍ စနစ်တကျ ဆောင်ရွက်စေလိုကြောင်းနှင့် အသိပညာပေးဟောပြောမှုများကို ဆက်လက်၍ ဆောင်ရွက်စေလိုပါကြောင်း၊

483. ဗဟိုအဆင့် နေ့စဉ်အစည်းအဝေးများတွင် ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်)၊ ကပ်ရောဂါဗေဒဌာနမှ ဆရာ/ဆရာမတစ်ဦး မဖြစ်မနေတက်ရောက်၍ လက်တွေ့လုပ်ငန်းဆောင်ရွက်ဆွေးနွေးမှု အတွေ့အကြုံများအားရယူကာ သင်ကြားမှုများ ပြုလုပ်ရာတွင် ပြန်လည်မျှဝေသွားရန် ဖြစ်ပါကြောင်း၊

484. COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများအား ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ ပြုလုပ်ရာတွင် အစိုးရိမ်လွန်ကဲခြင်းနှင့် လုံးဝအလေးဂရု မပြုခြင်းတို့ကြားတွင် မျှတမှုရှိသော ကျန်းမာရေးအသိပေးမှုများ (balanced health education and communication) ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

485. COVID-19 ရောဂါနှင့်ပတ်သက်၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူများမှ အလွယ်တကူ နားလည်သိရှိစေရန်အတွက် အသိပေးရမည် ဖြစ်ပါကြောင်း၊ အလားတူ အခြားရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်း ပြည်သူများနားလည် သိရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

486. အများပြည်သူများ အသုံးပြုသည့် YBS ဘတ်စ်ကားများ၊ အဝေးပြေး express ကားများနှင့် သင်္ဘောများတွင် လက်ဆေးခြင်း၊ ချောင်းဆိုးခြင်းနှင့်ပတ်သက်သည့် (၂) မိနစ်ခန့်ကြာမည့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို ဖြစ်နိုင်ပါက လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနများကို အကြောင်းကြားရမည် ဖြစ်ပါကြောင်း၊

487. အပျော်စီးသင်္ဘောများ ပြည်တွင်းသို့ဝင်ရောက်မှုအား တတ်နိုင်သမျှ မလာစေချင်ပါကြောင်းနှင့် (၄-၃-၂၀၂၀) ရက်နေ့တွင် ဝင်ရောက်မည့် သင်္ဘောပါခရီးသည်များ၏ လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားလာမှု ရာဇဝင်နှင့် မြန်မာနိုင်ငံအတွင်း သွားရောက်မည့်

ခရီးစဉ်၊ အသုံးပြုမည့်ယာဉ်၊ တည်းခိုမည့် ဟိုတယ်များအပါအဝင် အသေးစိတ်အချက်အလက်များ အတိအကျတောင်းခံ၍ ရောဂါစောင့်ကြပ်ကြည့်ရှုသွားရန် လိုအပ်ကြောင်း၊ ဤကိစ္စရပ်ကို အထူးတင်းကြပ်စွာ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

488. Free visa ပေးထားသည့် နိုင်ငံများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးရန် လိုအပ်ပါကြောင်း၊

489. နိုင်ငံခြားခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်များတွင် COVID-19 ရောဂါနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် ညွှန်ကြားစာများ ရရှိခြင်း ရှိ၊ မရှိကို အမြန်ဆုံး ဆန်းစစ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

490. လှူဒါန်းရရှိထားသည့် ဤရောဂါနှင့်ပတ်သက်သည် ဆေးနှင့် ဆေးပစ္စည်းများကို လိုအပ်သော ဆေးရုံများ၏ လက်ကျန်စာရင်း (Balance) အားစိစစ်၍ အမြန်ဆုံး ဖြန့်ဝေပို့ဆောင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထပ်မံရရှိမည့် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံ (PPE)များသည် မိမိတို့ ဝန်ထမ်းများ သံသယလူနာများထံမှ ခေတ်ခွဲနမူနာများရယူခြင်းနှင့် ကုသမှုပေးခြင်းများ၌ အသုံးပြုရန်လိုအပ်သဖြင့် လုံးဝပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

491. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် COVID-19 ရောဂါအား ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လာရောက်ပြသပါက မဖြစ်မနေ သတင်းပေးပို့တိုင်ကြားရမည့်ရောဂါ (mandatory reporting)အဖြစ် သတ်မှတ်၍ အမိန့်စာထုတ်ပြန်မည် ဖြစ်ပါကြောင်း၊

492. မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အထူးသဖြင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် ပါဝင်ကူညီဆောင်ရွက်ပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါကြောင်း၊

493. လိုအပ်ပါက COVID-19 ရောဂါသံသယနှင့် စောင့်ကြည့်လူနာအဓိပ္ပာယ်သတ်မှတ်ချက် (definition)တွင် ဖြစ်ပွားပျံ့နှံ့မှု များလျက်ရှိသည့် နိုင်ငံများ၌

အသုံးပြုသည့်ပုံစံကို သုံးသပ်ပြီး သင့်လျော်ပါက မိမိတို့နိုင်ငံ၌လည်း ပြင်ဆင်သတ်မှတ်သွားရမည်ဖြစ်ပါကြောင်း၊

494. Health Decleration Card တွင် ရောဂါဖြစ်ပွားသည့်နိုင်ငံများအား ထပ်တိုးထည့်သွင်း သတ်မှတ်သွားခြင်းနှင့် လေယာဉ်မထွက်ခွာမီ ကျန်းမာရေးအသိ ပေးနှိုးဆော်ချက်ကို ပိုမိုရှင်းစေရန်အတွက် ပြန်လည်မွမ်းမံထားသည်ကို တွေ့ရှိရသည်မှာ ကောင်းမွန်ပါကြောင်း၊

495. ဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးအနေဖြင့် မိမိတို့တွင် ရှိသော လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာငွေ၊ စက်ပစ္စည်းကိရိယာများဖြင့် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်မှုများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်ကြစေလိုပါ ကြောင်း၊

## (၂၅/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၂၇) ရက်၊ (၂၀၂၀) ခုနှစ်

496. မိမိတို့မြန်မာနိုင်ငံတွင် လက်ရှိ၌ COVID-19 ရောဂါခံတတ်ခွဲအတည်ပြုလူနာမရှိသေး သော်လည်း အချိန်မရွေးပေါ်ပေါက်လာနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်ပါကြောင်း၊

497. ကိုရီးယားသမ္မတနိုင်ငံတွင် COVID-19 ရောဂါလူနာမရှိခဲ့ရာမှ ရုတ်တရက် ရောဂါ ဖြစ်ပွားသူအများအပြားပေါ်ပေါက်လာခဲ့သည်ဖြစ်ပါကြောင်း၊

498. အဆိုပါ ကိုရီးယားသမ္မတနိုင်ငံတွင် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါဖြစ်ပွား/ သေဆုံးမှုများအား ကူးစက်ရောဂါဗေဒရှုထောင့်မှ ပြန်လည် သုံးသပ်၍ မိမိတို့နိုင်ငံအနေဖြင့် လိုအပ်သည်များအား ကြိုတင်ပြင်ဆင်ထားရှိစေ လိုပါကြောင်း၊

499. တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အပါဝင် ရောဂါဖြစ်ပွားရာ နေရာဒေသများမှ ပြည်တွင်းသို့လာရောက်မည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားတွင် ရောဂါဖြစ်ပွားမှု ရှိ၊ မရှိကို အထူးအလေးထားစောင့်ကြည့်ရမည်ဖြစ်ပါကြောင်း၊

500. မြန်မာနိုင်ငံသည် COVID–19 ရောဂါဖြစ်ပွားမှုများပြားနေသည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် တိုက်ရိုက်လေကြောင်း လိုင်းဆက်သွယ်မှုရှိသည့်အတွက် အထူးဂရုပြုစောင့်ကြပ်ကြည့်ရှုရန်လိုအပ်သည့် အနေ အထား ဖြစ်ကြောင်း၊

501. သက်ဆိုင်ရာနိုင်ငံသွယ်ဌာနများနှင့်လည်း ဤကိစ္စရပ်ကိုညှိနှိုင်းပေါင်းစပ်ကာ အလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာသံရုံးများမှ တဆင့်ညှိနှိုင်းမှုများ ဆောင် ရွက်ခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

502. ရောဂါဖြစ်ပွားမှုရှိသည့်နိုင်ငံများမှ တိုက်ရိုက်ဝင်ရောက်လာသော လေကြောင်းလိုင်း များအား အထူးအလေးထားဦးစားပေး၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ခရီးသည်များ တည်းခိုနေထိုင်ရာနေရာ၊ သွားလာမည့်ခရီးစဉ်များအား စုံစမ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများနှင့် ညှိနှိုင်းပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

503. ၎င်းတို့တည်းခိုနေထိုင်မည့်နေရာများတွင် နေထိုင်ရင်း ရောဂါဖြစ်ပွားမှုသံသယရှိပါက ချက်ချင်းသတင်းပေးပို့ရန်မှာ အထူးအရေးကြီးပါကြောင်း၊

504. ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ဤကိစ္စရပ်နှင့် ပတ်သက်၍ စာဖြင့် အကြောင်းကြား အသိပေးထားရမည်ဖြစ်ပါကြောင်း၊

505. ရောဂါဖြစ်ပွားရာနိုင်ငံများတွင် နေထိုင်ခဲ့ပြီး ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြ သူများအား တတ်နိုင်သမျှ မိမိတို့အိမ်တွင်း၌သာ (၁၄) ရက်ကြာနေထိုင်ရန် (stay home notice)၊ မလွှဲမရှောင်သာ အပြင်ထွက်ပါက နှာခေါင်းစည်း၊ ပါးစပ်စည်း (surgical mask) ကိုအသုံးပြုရန်နှင့် ဖျားနာမှုရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန်နှင့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို အတိအကျလိုက်နာရန် အလေးထားမှာကြားရ မည်ဖြစ်ပါကြောင်း၊

506. နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ဆေးရုံကြီးမှ မွမ်းမံ (update) ပြုစုထားရှိသော COVID-19 သံသယလူနာနှင့် ကူးစက်လူနာများ အစုလိုက်ရောက်ရှိလာပါက တုံ့ပြန်ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်အား တိုင်းဒေသကြီး/ ပြည်နယ်များရှိ ညွှန်းပို့ဆေးရုံများ အပါအဝင် ဆေးရုံများသို့ အမြန်ဆုံးဖြန့်ဖြူး၍ သက်ဆိုင်ရာဆေးရုံအလိုက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်စေလိုကြောင်း၊

507. နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ ကိုယ်တိုင် ကွင်းဆင်းကြီးကြပ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊

508. မြန်မာနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များ၊ နယ်စပ် ဝင်ပေါက်/ထွက် ပေါက်ဂိတ်များတွင် အသုံးပြုလျက်ရှိသော Thermal Scanner များအား ပုံမှန်ချိန်ညှိ (calibrate) ရန် သက်ဆိုင်ရာ ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး ပုံမှန်စစ်ဆေးမှုများ ပြုလုပ်စေလိုပါကြောင်း၊

509. အများပြည်သူများအသုံးပြုသည့် YBS ဘတ်စ်ကားများ၊ Express ကားများနှင့် သင်္ဘောများတွင် လက်ဆေးခြင်း၊ ချောင်းဆိုးခြင်းနှင့်ပတ်သက်သည့် မှန်ကန်သည့်အပြုအမူများအား သိရှိနားလည်စေရန် ကျန်းမာရေးပညာပေးရာတွင် အသုံးပြုမည့် (၃) မိနစ်စာ Short Message Video အား လိုအပ်သည်များ မွမ်းမံပြင်ဆင်၍ ပြည်သူများထံ အလျင်အမြန် ဖြန့်ဝေပေးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊

510. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် COVID-19 ရောဂါအား ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လာရောက်ပြသပါက မဖြစ်မနေသတင်းပေးပို့တိုင်ကြားရမည့်ရောဂါ (mandatory reporting) အဖြစ်သတ်မှတ်၍ အမိန့်စာထုတ်ပြန်မည် ဖြစ်ပါကြောင်း၊

511. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့်လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိစေလိုပါကြောင်း၊

512. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊

**(၂၆/၂၀၂၀)၊ နေပြည်တော်၊ ဖေဖော်ဝါရီလ (၂၈) ရက်၊ (၂၀၂၀) ခုနှစ်**

513. ယခုအချိန်တွင် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွား/ သေဆုံးမှုများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း၌ ယခင်ကထက်ကျဆင်းနေပြီဟု ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ တွေ့ရှိရသော်လည်း စင်္ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုးရီးယားသမ္မတ နိုင်ငံ၊ အီရန်နိုင်ငံနှင့် အီတလီနိုင်ငံ ကဲ့သို့သော နိုင်ငံများတွင် ဖြစ်ပွားမှုများ များပြားနေသည်ကိုတွေ့ရှိရပါကြောင်း၊

514. ထို့အပြင် ယမန်နေ့ တစ်နေ့တည်း၌ ရောဂါဖြစ်ပွားရာနိုင်ငံ (၉) နိုင်ငံ ထပ်မံတိုးလာခဲ့သဖြင့် မိမိတို့ နိုင်ငံအတွင်းသို့လည်း ရောဂါဖြစ်ပွားမှု အချိန်အမရွေးရောက်လာနိုင်သည်ဆိုသည့်အချက်ကို နောက်ခံထား၍ ဤရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို စနစ်တကျ အားဖြည့်ကာ ဆက်လက်လုပ်ဆောင်ရမည်မှာ အရေးကြီးပါကြောင်း၊

515. အထူးသဖြင့် ကိုရီးယားသမ္မနိုင်ငံ၌ ရက်တိုကာလအတွင်း ဤရောဂါဖြစ်ပွားသူများပြားလာသည်ကိုတွေ့ရသဖြင့် ထိုဖြစ်စဉ်၏ အကြောင်းအချက်များကို ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကပ်ရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်မှုရှုထောင့်မှ ဆန်းစစ်သုံးသပ်ရမည်ဖြစ်ပြီး မိမိတို့လေ့လာသုံးသပ်၍ တွေ့ရှိချက်များပေါ်မူတည်၍ မိမိတို့သည်ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ကုသရေးကဏ္ဍပိုင်းဆိုင်ရာများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊

516. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများလုပ်ကိုင်နေသည်မှာ (၈) ပတ်ခန့်ရှိပြီဖြစ်သည့်အတွက် မိမိတို့၏ ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်မှုများပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

517. လိုအပ်ချက်၊ အားနည်းချက်များကို ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒနှင့်ကုသရေးဘက်တို့မှ အားဖြည့်ဆောင်ရွက်စေလိုပါကြောင်း၊

518. အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင့်လိုက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

519. လူတစ်ဦးချင်း (Individual)၊ အိမ်ထောင်စုတစ်စုချင်း (Family)၊ ရပ်ရွာလူထု တစ်စုချင်း (Community)နှင့် လူများစုဝေးတက်ရောက်ကြသည့်ပွဲလမ်းသဘင် (Mass Gathering) အဆင့်များအလိုက် မည်သို့ကြိုးကြပ်ဆောင်ရွက်ရမည်ကို စဉ်းစားကာ ဆောင်ရွက်ကြစေလိုကြောင်း၊

520. ယခုအချိန်အခါတွင် မိမိတို့မြန်မာနိုင်ငံအတွင်းတွင် လူစုလူဝေးများဖြင့် ပြုလုပ်မည့် ပွဲလမ်း သဘင်များအား တတ်နိုင်သမျှ အနည်းဆုံးဖြစ်နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

521. ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများနေဖြင့်လည်း - ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်များရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊ အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့် အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့် လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာ ပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန်မှာ အရေးကြီးပါကြောင်း၊

522. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရှိ ကျန်းမာရေးဌာနများအကြား ၌ COVID-19 ရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ခြင်း၊ သုံးသပ်ခြင်း၊ ပြန်လည်အကြံပြု ဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

523. တိုင်းဒေသကြီး/ပြည်နယ်များမှ နေ့စဉ်သတင်းပေးပို့မှုများအား ကူးစက်ရောဂါဗေဒ ရှုထောင့်မှ အသေးစိတ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်စေလိုပါကြောင်း၊

524. မိမိတို့မြန်မာနိုင်ငံတွင် လက်ရှိ၌ COVID-19 ရောဂါခံတတ်ခွဲအတည်ပြုလူနာ မရှိသေးသော်လည်း အချိန်မရွေးပေါ်ပေါက်လာနိုင်သည်ဆိုသည့်အချက်ကို ပြည်သူလူထုများအားလုံးသိရှိနိုင်ရန် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဆက်သွယ်အသိပေး ပြောကြားရမည်ဖြစ်ပါကြောင်း၊

525. ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ (၂၄-၁-၂၀၂၀) ရက်နေ့မှ ယခုအချိန်အထိ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးများမှ ညွှန်ကြားချက်များအား တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးများအပါအဝင် ဗဟိုအဆင့် ဆေးရုံကြီးများသို့ဖြန့်ဖြူး၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပြန်လည်သုံးသပ် အားဖြည့်ဆောင်ရွက်စေလိုပါကြောင်း၊

526. COVID-19 ရောဂါနှင့် ပတ်သက်၍ ကာကွယ် ရေးလုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် ကာကွယ်ရေး (Preventive)၊ ကုသရေး (Curative) နှင့် ကျန်းမာရေးအသိပညာပေးရေး (Health Literacy Promotion) အခန်းကဏ္ဍများမှဆောင်ရွက်ချက်များကို ဆန်းစစ်သုံးသပ်၍ လိုအပ်ချက်များကို မှတ်တမ်းတစ်ခုစီ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

527. ယခုအချိန်အခါတွင် Mobile Tablet များကို အသုံးပြု၍ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များမှတစ်ဆင့် ပြည်သူများအား သတင်းဖြန့်ဝေခြင်းလုပ်ငန်းကို ပိုမိုအားဖြည့်၍ ရာနှုန်းပြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

528. eHealth Unit မှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါ Mobile Tablet အား မည်မျှအထိအသုံးပြုသည်၊ မပြုသည်ကို လေ့လာဆန်းစစ်မှုများ ချက်ချင်း ဆောင်ရွက်စေလိုကြောင်း၊

529. COVID-19 ရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ သက်ဆိုင်ရာ ဆေးရုံကြီးများ နှင့် ပြုလုပ်ဆွေးနွေးကြမည့် Tele/ Video Conferencing များအား တစ်ပတ်လျှင် နှစ်ကြိမ် မပျက်မကွက် ဆက်လက်ပြုလုပ်စေလိုကြောင်း၊

530. အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များ၊ နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များတွင် တာဝန်ကျ သူများနှင့် ဗဟိုမှ တာဝန်ရှိသူများမှ တယ်လီဖုန်းဖြင့် နေ့စဉ်ဆက်သွယ်မေးမြန်းမှုများအား ဆက်လက်လုပ်ဆောင်စေလိုကြောင်း၊

531. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် အခြားသော နိုင်ငံများ၏ COVID-19 ရောဂါ ဖြစ်ပွား/သေဆုံးမှုများနှင့် ပတ်သက်သည့် အချက်အလက်များအား တိကျ

သေချာသည့် သက်ဆိုင်ရာ နိုင်ငံများမှမီဒီယာများမှ အချိန်နှင့် တစ်ပြေးညီစောင့်ကြပ်ကြည့်ရှုပြီး သုံးသပ်စေလိုကြောင်း၊

532. ယခု COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်း များနှင့် ပတ်သက်သည့် အကြောင်းအရာများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာ/ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုများ၊ အကြောင်းကြားမှုများ ပြုလုပ်ရာတွင် တရားဝင်စာများဖြင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊

533. ယခုအချိန်တွင် COVID–19 ရောဂါ လျင်မြန်စွာဖြစ်ပွားလျက်ရှိသည့် အီတလီ၊ အီရန်နှင့် ကိုရီးယားသမ္မတနိုင်ငံများမှ လေကြောင်းလိုင်းများ မြန်မာနိုင်ငံအတွင်းသို့ တိုက်ရိုက် (သို့မဟုတ်) တစ်ဆင့်ခံ ဆိုက်ရောက်နေမှုများနှင့်ပတ်သက်၍ တတ်နိုင်သမျှ ပိုမိုအားထည့်ကာ လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်စေလိုပါကြောင်း၊

534. ကိုရီးယားသမ္မတနိုင်ငံမှ တိုက်ရိုက်ဝင်ရောက်လာသော လေကြောင်းလိုင်းများအား အထူးဦးစားပေး၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ခရီးသည်များ တည်းခိုနေထိုင်ရာ နေရာအတိအကျ၊ ပြည်တွင်း၌ သွားလာမည့်ခရီးစဉ် အတိအကျများအား စုံစမ်းမှတ်သား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ညှိနှိုင်းပြီး ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

535. ရောဂါဖြစ်ပွားမှုများပြားသော နေရာဒေသများမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်မှု တတ်နိုင်သမျှနည်းပါးစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

536. ကူးစက်ရောဂါဖြစ်ပွားမှုများသော ဒေသမှပြန်လည်ရောက်ရှိလာသူ နိုင်ငံသားများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်ရန်နှင့် လိုအပ်ပါက နေအိမ်များ၊ တည်းခိုခန်းနှင့် ဟိုတယ်များ၊ ညွှန်းပို့ဆေးရုံ များတွင် အသွားအလာတားမြစ် ကန့်သတ်ခြင်း (Quarantine) ကို (၁၄) ရက်ကြာ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

537. လေကြောင်းလိုင်းများအနေဖြင့် ဖြစ်နိုင်ပါက လေယာဉ်ခရီးစဉ်တစ်ခုချင်း ပြီးဆုံးပါက အဆိုပါလေယာဉ်များအား စနစ်တကျ ပိုးသတ်သန့်ရှင်းမှုများ ပြုလုပ်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

538. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ ဆက်လက်ဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း၊

**ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား ဆန်းစစ်သုံးသပ်ခြင်း အစည်းအဝေး၊ ရန်ကုန်၊ ဖေဖော်ဝါရီလ (၂၉) ရက်၊ (၂၀၂၀) ခုနှစ်**

539. မြန်မာနိုင်ငံ၌ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်များအလိုက် ကျွမ်းကျင်မှုဆိုင်ရာမှ ဗဟိုမှ ချမှတ်ပေးထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေကြသော ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊

540. ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်သွယ်နေသော အဓိက ဝင်၊ ထွက်ပေါက် ဖြစ်သည့်အတွက် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အထူးအရေးကြီးသော တိုင်းဒေသကြီးဖြစ်ပါကြောင်း၊

541. ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုများ ပီပြင်လျှင် ပီပြင်သကဲ့သို့ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပါကြောင်း၊

542. နိုင်ငံတကာမှ ခရီးသည်များ ပြည်တွင်းသို့ အဓိကဝင်ရောက်ရာ ဝင်ပေါက်ဖြစ်သဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများအတွက် အထူးအရေးကြီးသော တိုင်းဒေသကြီးဖြစ်ပါကြောင်း၊

543. ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသည် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ နီးနွှယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသည်မှာ ပြည်သူ့

ကျန်းမာရေး၊ ကပ်ရောဂါဗေဒနှင့်ကုသရေး ရှုထောင့်များမှ သုံးသပ်ပါက ကောင်းမွန်ပါကြောင်း၊

544. တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ဆောင်ရွက်နေသည့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများ အတွေ့အကြုံများကို ဝေမျှရမည်ဖြစ်ပြီး ကောင်းမွန်သည့် လုပ်ဆောင်ချက်များကို အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၏ နေရာဒေသအခြေအနေများနှင့် ကိုက်ညီမှုရှိသော လုပ်ငန်းများကို အတုယူ လုပ်ဆောင်စေလိုပါကြောင်း၊ ထိုသို့ လုပ်ငန်းဆောင်ရွက်မှုများ အတွေ့အကြုံများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) တွင် လေ့လာဖတ်ရှုနိုင်ပါကြောင်း၊

545. ရောဂါကာကွယ်ရေးအတွက် နီးနွယ်ဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ပြည်သူများထံ ကျန်းမာရေးအသိပေးနှိုးဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးရန် ပြင်ဆင်ထားရှိခြင်း၊ ကောလာဟလသတင်းမှား များကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် သံသယလက္ခဏာ လူနာများအား ကွင်းဆင်းရှာဖွေခြင်း စသည့်လုပ်ငန်းများကို ရရှိသည့် လူအင်အား၊ ဘဏ္ဍာငွေအင်အား၊ စက်ပစ္စည်း ကိရိယာအင်အားများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည်ကိုတွေ့ရှိရပါကြောင်း၊

546. လုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ စွမ်းဆောင်ရည် အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊

547. လုပ်ငန်းဆောင်ရွက်မှုများကို တိုက်ဆိုင်စစ်ဆေးရန်စာရင်း (checklist) များဖြင့် အမြဲမပြတ် ကြည့်ရှုဆန်းစစ် (monitor) နေရမည်ဖြစ်ပြီး လိုအပ်ချက်နှင့် အားနည်းချက်များကို ချက်ချင်းအားဖြည့်ဆောင်ရွက်ရမည်ဆိုသည့် လမ်းညွှန်ချက်အားလည်း ရန်ကုန်တိုင်းဒေသကြီး၌ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊

548. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)နှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များမှ တာဝန်ရှိသူများ

အကြား အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ချိတ်ဆက်မှုများကို တွေ့ရှိရသည့်အတွက် ကျေနပ်မှု ရှိပါကြောင်း၊

549. မိမိတို့မြန်မာနိုင်ငံတွင် လက်ရှိ၌ COVID-19 ရောဂါခံတော်ခွဲအတည်ပြုလူနာ မရှိသေးသော်လည်း အချိန်မရွေး ပေါ်ပေါက်လာနိုင်သည်ဆိုသည့်အချက်ကို ပြည်သူလူထုများအားလုံး သိရှိနိုင်ရန် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဆက်သွယ်အသိပေး ပြောကြားလျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊

550. လေကြောင်းခရီးဖြင့် အိမ်နီးချင်းနိုင်ငံများသာမက အလှမ်းဝေးသော နိုင်ငံများမှ ခရီးသည်များပါ နေ့ချင်းခရီးဖြင့် မိမိတို့နိုင်ငံသို့ ရောက်ရှိနိုင်သည့်အတွက် မိမိတို့နိုင်ငံ၌လည်း ရောဂါဖြစ်ပွားမှုများ ရုတ်တရက်တွေ့ရှိနိုင်သဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို စနစ်တကျ တင်းကျပ်၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

551. ထိုသို့ တင်းကျပ်စွာမဆောင်ရွက်ပါက သံသယလက္ခဏာလူနာများ လွတ်ထွက်သွားနိုင်ပါကြောင်း၊

552. ဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုများပြားလျက်ရှိသော နိုင်ငံများမှ လေကြောင်းခရီးစဉ် လာရောက်မှုများ တတ်နိုင်သမျှလျှော့နည်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊

553. ရန်ကုန်တိုင်းဒေသကြီး၌ လေကြောင်းခရီးဖြင့် လာရောက်သူများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ တည်းခိုနေထိုင်ရာနေရာ အတိအကျ၊ ပြည်တွင်း၌ သွားလာမည့် ခရီးစဉ် အတိအကျများအား စုံစမ်းမှတ်သား၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသဖြင့် ကျေနပ်မှုရှိပါကြောင်း၊

554. နိုင်ငံတကာခရီးသည်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်သည့်အခါ ကျန်းမာရေးကြေညာချက် (health declaration card) တွင်ပါဝင်သော တည်းခို နေထိုင်ရာ နေရာ၊ ဖုန်းနံပါတ်စသည့်အချက်များ ပြည့်စုံမှန်ကန်စွာဖော်ပြ ဖြည့်သွင်းခြင်းမရှိပါက ပြည်တွင်းသို့ လုံးဝ (လုံးဝ) ဝင်ရောက်ခွင့်မပြုရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အကြောင်းကြား ညှိနှိုင်းပြီးဖြစ်ပါကြောင်း၊

555. ကျန်းမာရေးဆိုင်ရာကြေညာချက် (health declaration card) ကို ဖြည့်သွင်းရာတွင် ခရီးသည်များ အဆင်ပြေစေရေးအတွက် မိမိတို့ လိုအပ်သော သတင်းအချက်အလက် အချို့ကိုသာ ဖြည့်သွင်းနိုင်ရန် ယနေ့ပင် ပြုပြင်မွမ်းမံဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

556. ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တိုင်းတွင် ကပ်ရောဂါအသွင်ပုံစံ ဖြစ်ပွားမှုများကို လျင်မြန်စွာ ကာကွယ်ထိန်းချုပ်ရေးအတွက် လျင်မြန်တုံ့ပြန်ရေးအဖွဲ့ (rapid response team) များ ဖွဲ့စည်းဆောင်ရွက်ထားခြင်းမှာ ကောင်းမွန်ပါကြောင်း၊ အဆိုပါအဖွဲ့များကို ယခုဖြစ်စဉ်အတွက်သာမက နောင်ဖြစ်ပေါ်လာနိုင်သည့် ဖြစ်စဉ်များအတွက်လည်း ဆက်လက်ဖွဲ့စည်းထားရှိရမည် ဖြစ်သည့်အပြင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်း ဆောင်ရွက်ရန်အတွက်လည်း အကြောင်းကြားမည် ဖြစ်ပါကြောင်း၊

557. ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို မဟာဗျူဟာကျစွာ ဖြည့်ဆည်းဆောင်ရွက်ခြင်းသည် အရေးကြီးသဖြင့် လက်ရှိဝယ်ယူဖြန့်ဖြူးထားမှုများကို အမြန်ဆုံးသုံးသပ်ဆန်းစစ်မှုများပြုလုပ်၍ လိုအပ်မှုရှိပါက ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

558. ဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ နိုင်ငံတွင်း၌ COVID-19 ရောဂါပိုး စစ်ဆေးနိုင်ရန် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့မှု၊ လက်ရှိတွင် အန္တရာယ်ရှိသော ဓာတ်ခွဲနမူနာများကို ကိုင်တွယ်စစ်ဆေးပေးနေမှု၊ ဝေဘာဂီအထူးကု ဆေးရုံကြီးအပါအဝင် ဆေးရုံများတွင် သံသယနှင့် စောင့်ကြည့်လူနာများအား ကိုယ်တိုင် ရောဂါကူးစက်ခံရနိုင်ခြေ ရှိသည့်ကြားမှ ကြိုးပမ်းအားထုတ်ကုသမှုပေးနေသည့် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြု ပညာရှင်များ အားလုံးသည် ပြည်သူများ အကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊

559. ဝေဘာဂီအထူးကုဆေးရုံနှင့် မန္တလေးမြို့ ကန်တော်နဒီ ကူးစက်ဆေးရုံများတွင် လူနာများအား သီးခြားထားရှိ၍ ကုသမှုပေးရာတွင် နိုင်ငံတကာ အဆင့်အတန်းမီဖြစ်စေရေး အတွက် ယခုဘဏ္ဍာနှစ်မှစ၍ အထူးဦးစားပေး ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊

560. သို့မှသာ ယခု COVID-19 ရောဂါဖြစ်စဉ်သာမက နောင်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါဖြစ်စဉ်များအတွက်ပါ အသင့်ပြင်ဆင်ကုသနိုင်မည် ဖြစ်ပါကြောင်း၊

561. COVID-19 ရောဂါဖြစ်ပွားသူများအား အောင်မြင်စွာ ကုသမှုပေးခဲ့သည့် နိုင်ငံများ၏ ကုထုံးပုံစံ နည်းစနစ်များကိုလည်း သိရှိလေ့လာနိုင်ရန် မိမိလမ်းညွှန်ထားသည့်အတိုင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ထားသည်ကို တွေ့ရသဖြင့် ကျေနပ်ပါကြောင်း၊

562. ကျန်းမာရေးအသိပညာပေး ပို့စတာနှင့် လက်ကမ်းစာစောင်များ ပြုစုရာတွင် ပြည်သူများ အလွယ်တကူ နားလည်နိုင်စေရန်အတွက် ရိုးရှင်းသည့်ပုံစံဖြင့် သတင်းအချက်အလက်အနည်းငယ်ကိုသာ တိုက်ရိုက်ထည့်သွင်းရန် ဖြစ်ပါကြောင်း၊

563. ပြည်သူများထံ ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများ၏ အကျိုးထိရောက်မှု၊ ပြည်သူများက ကျန်းမာရေးအသိပညာများကို လက်တွေ့အသုံးချမှု၊ ဥပမာအားဖြင့် လူစုလူဝေးများကို ရှောင်ကြဉ်ခြင်း၊ ချောင်းဆိုး၊ နှာချေပါက ဖုံးအုပ်ခြင်း၊ လက်ကို စနစ်တကျ ဆေးကြောခြင်း စသည်တို့ကို လက်တွေ့ဆောင်ရွက်နေမှု ရှိ၊ မရှိကိုလည်း ဆန်းစစ်သုံးသပ်မှု၊ လေ့လာမှုများ ပြုလုပ်နေပြီဖြစ်သဖြင့် ကောင်းမွန်ပါကြောင်း၊

564. ယခုအစည်းအဝေး၌ လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းများ၏ အတွေ့အကြုံ၊ အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို သိရှိရသည့်အတွက် ဝန်ကြီးဌာနမှ ထပ်မံထုတ်ဝေမည့် လုပ်ငန်းလမ်းညွှန်များတွင် မွမ်းမံပြင်ဆင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

565. ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ထမ်းများဖြင့် ထပ်မံအားဖြည့်ပေးမည် ဖြစ်ပါကြောင်း၊

566. တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီးရှိ (၄) ထပ်လူနာဆောင်သစ်ကိုလည်း အသွားအလာကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုမှု (quarantine) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိပြီး ထပ်မံလိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊

567. ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများတွင် အဝေးပြေး ကားရပ်နားစခန်းများ၌ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

568. ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အရှိန်အဟုန်လုံးဝမလျှော့ဘဲ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြပါရန်နှင့် ဝန်ကြီးဌာနမှလည်း ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

## (၂၇/၂၀၂၀)၊ ရန်ကုန်၊ မတ်လ (၁) ရက်၊ (၂၀၂၀) ခုနှစ်

569. ယနေ့ WHO ၏ အခြေအနေ သတင်းလွှာအမှတ် (၄၀) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ COVID-19 ရောဂါ အတည်ပြုလူနာအရေအတွက် ကျဆင်းလာသော်လည်း ကျန်ကမ္ဘာ့နိုင်ငံ (၅၃) နိုင်ငံတွင် ကူးစက်ဖြစ်ပွားနေပြီး နိုင်ငံ (၁၇) နိုင်ငံတွင် နိုင်ငံတွင်းကူးစက်ပြန့်ပွားမှု (Local Transmission) ဖြစ်နေသည့်အပြင် ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံတို့တွင် ဖြစ်ပွားမှုနှင့် သေဆုံးမှုမြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊

570. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ အခြေအနေသတင်းလွှာ အမှတ် (၃၉) တွင် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့ အန္တရာယ်ရှိနိုင်မှု သုံးသပ်မှုအခြေအနေ (Risk Assessment) အား တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global)တွင် ရောဂါကူးစက် ပျံ့နှံ့နိုင်မှုအခြေအနေ အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သဖြင့် မိမိတို့ နိုင်ငံအနေဖြင့်လည်း ကူးစက်ပျံ့နှံ့အန္တရာယ်ရှိနိုင်မှု သုံးသပ်မှုအခြေအနေသည် အလွန်မြင့်မားသည့် အခြေအနေတွင် ရှိပါကြောင်း၊

571. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာဆန်းစစ် တွေ့ရှိချက်များပေါ်မူ၍တည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါကူးစက်မှု မရှိသေးသည့် နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်ရမည့် အကြံပြုချက် (၅)ချက် ထုတ်ပြန်ထားရာ မိမိတို့ဆောင်ရွက်ထားသည်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရပြီး မိမိတို့သည် တစ်စိုက်မတ်မတ် အရှိန်အလျှော့ဘဲ တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

572. ရောဂါကူးစက် ဖြစ်ပွားသည့်နိုင်ငံများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသဖြင့် နိုင်ငံ၏ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရောဂါ ဖြစ်ပွားနေသည့် နိုင်ငံများမှ ခရီးသည်များအား အဖျားရောဂါစောင့်ကြပ်ကြည့်ရှုမှု (Fever Screening) ပြုရာတွင် စနစ်တကျ ဆက်လက်ဆောင်ရွက်ပြီး သံသယလူနာများ ဖော်ထုတ်ခြင်း၊ ဝင်ရောက်လာသည့် ခရီးသည်များ၏ ကျန်းမာရေးအခြေအနေဖော်ပြချက် ကဒ်ပြား (Health Declaration Card) များ ဖြည့်စွက်မှုကို သေချာကြီးကြပ် ဆောင်ရွက် ခြင်းနှင့် ၎င်းခရီးသည်များ တည်းခိုမည့် ဟိုတယ်နှင့် တည်းခိုခန်းများထံ ဆက်သွယ်မှု၊ အကြောင်းကြားမှုတို့ကို အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်နိုင်ရမည် ဖြစ်ပါ ကြောင်း၊

573. ထိုသို့ဆောင်ရွက်နိုင်ရန် ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အခြေခံကျန်းမာရေး ပညာရှင်များ လာရောက်ကူညီပံ့ပိုးသည်ကိုတွေ့ရသည်မှာ အရေးပေါ်ပြဿနာ အခြေ အနေတွင် မိမိတို့ ကျန်းမာရေးဝန်ထမ်းများ၏ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းနေပါကြောင်း၊

574. မြန်မာနိုင်ငံ ကျန်းမာရေးမှူးအဖွဲ့မှလည်း အတွေ့အကြုံရင့် ကျန်းမာရေးမှူးများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နေ့စဉ်တာဝန်ချထားသည်ကို တွေ့ရှိရသည်မှာ လည်း အလွန်နှစ်လိုဖွယ်ကောင်းသော အချက်တစ်ချက် ဖြစ်ပါကြောင်း၊

575. (၄-၃-၂၀၂၀) ရက်နေ့တွင် ခရီးသည်နှင့် သင်္ဘောဝန်ထမ်း (၈၀၀) ကျော် လိုက်ပါလာ မည့် အပျော်စီးသင်္ဘောတစ်စင်း မြန်မာနိုင်ငံသို့ ဆိုက်ကပ်မည့် ကိစ္စနှင့်ပတ်သက်၍ အဆိုပါ သင်္ဘောသည် မြန်မာနိုင်ငံသို့ မလာရောက်မီ ရောဂါဖြစ်ပွားပျံ့နှံ့မှုရှိသော နိုင်ငံများ သို့ ဝင်ရောက်ခဲ့မည်ဖြစ်သဖြင့် အဆိုပါ သင်္ဘောအား မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် မပြုသင့်ပါကြောင်းအား သက်ဆိုင်ရာသို့ အကြံပြုတင်ပြထားပါကြောင်း၊

576. ဝေဘာဂီအထူးကုဆေးရုံ အပါအဝင်ဆေးရုံများတွင် တာဝန်ကျ ကျန်းမာရေးဝန်ထမ်း များမှ သံသယလူနာ၊ စောင့်ကြည့်လူနာများအား ကုသမှုပေးခြင်း၊ အသွားအလာ ကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းတို့တွင် ကိုယ်တိုင်ရောဂါကူးစက် ခံရနိုင်သည့် ကြားမှ (၂၄) နာရီပတ်လုံး စွမ်းစွမ်းတမံ ဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း၊

577. ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် အဓိကအရေးကြီးသည့် အချက်တစ်ချက်ဖြစ်သော ရောဂါပိုးသတ်ခြင်း (disinfection) လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများအနေဖြင့် ဗဟိုမှချမှတ်ပေးထားသည့် လုပ်ငန်းလမ်းညွှန် (Guidelines, SOP) များအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

578. နိုင်ငံတစ်ဝန်းဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင် (ICU) များတွင် ပိုမိုထိရောက်စွာ ကုသမှုပေးနိုင်ရေးအတွက် ရေရှည်အကျိုးကိုမျှော်ကိုး၍ ဝန်ထမ်းများအတွက် မွမ်းမံသင်တန်း (Refresher Training) များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေးအမြန်ဆုံးလုပ်ဆောင်တော့မည် ဖြစ်ပါကြောင်း၊

579. ထို့အပြင် အထူးကြပ်မတ်ကုသဆောင် (ICU) များ၌ လိုအပ်သော ပစ္စည်းကိရိယာများကို ဝယ်ယူဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိပါကြောင်း၊

580. အထူးသဖြင့်လူနာအဝင်အထွက်များပြားသည့် ပြင်ပလူနာဌာန၊ အရေးပေါ်ဌာနတို့တွင်ရောဂါပိုးသတ်ခြင်း (disinfection) ကိုကြပ်ကြပ်မတ်မတ် လုပ်ဆောင်စေလိုပါကြောင်း၊

581. ရောဂါဖြစ်ပွားသည့် လူနာများနှင့် ထိတွေ့ခြင်း (သို့မဟုတ်) ရောဂါဖြစ်ပွားသည့် နေရာများသို့ ခရီးသွားရာဇဝင်ရှိခြင်းကြောင့် အသွားအလာ ကန့်သတ်၍ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) (၁၄) ရက်တိတိ ပြုလုပ်ခြင်းသည် ၎င်းတို့၏ မိသားစုများနှင့်ပတ်ဝန်းကျင်သို့ ရောဂါကူးစက်မှုမရှိစေရန် ကပ်ရောဂါဗေဒဆိုင်ရာရှုထောင့်မှ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ စောင့်ကြပ်ကြည့်ရှုသည့်ကာလ (၁၄) ရက်အတွင်း ရောဂါလက္ခဏာတစ်ခုခုပေါ်လာပါက လိုအပ်သည့် ဆေးဝါးကုသမှုကို ချက်ချင်းပေးနိုင်သဖြင့် ရောဂါပြင်းထန်အသက်ဆုံးရှုံးမှုကိုပါ ကာကွယ်နိုင်ကြောင်းအား ပြည်သူများ သိရှိနားလည်စေရေးဆက်လက်အသိပေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

582. ရောဂါကူးစက်ခံရမှု မရှိရအောင် ပြည်သူလူထုအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များအား သတင်းမီဒီယာ၊ ပိုစတာ၊ လက်ကမ်းစာစောင်များဖြင့် အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသော်လည်း ပြည်သူလူထုမှ၎င်းသတင်းအချက်အလက်များကို သိရှိခြင်း ရှိ၊ မရှိနှင့် လက်တွေ့ကျင့်သုံးခြင်း ရှိ၊ မရှိတို့ကို ဆန်းစစ်နိုင်ရန် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသူ/သားများ ပါဝင်

သည့်အဖွဲ့မှ သုတေသနပုံစံဖြင့် ဆန်းစစ်မှုများ ပြုလုပ်သွားရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးရပ်ကွက်များနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်ရှိ ကျေးလက်တောရွာများတွင် ဆောင်ရွက်စေလိုပါကြောင်း၊

583. (၂၉-၂-၂၀၂၀) ရက်နေ့မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါအဓိပ္ပာယ် သတ်မှတ်ချက် ပြောင်းလဲခဲ့သဖြင့် မိမိတို့အနေဖြင့် ပြောင်းလဲလာသည့် အခြေအနေပေါ်မူတည်၍ လူနာသစ်ရှာဖွေခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းတို့အား ပိုမိုကောင်းမွန်စေရန် Clinical Management Committeeမှ လုပ်ငန်းလမ်းညွှန်၊ လူနာအခြေအနေ ဆန်းစစ်မှုနှင့် စံလုပ်ထုံးလုပ်နည်းများအား မွမ်းမံပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊

584. ထိုသို့ မွမ်းမံမှုများ ပြုလုပ်ထားသည့် COVID-19 လူနာကုသခြင်း လမ်းညွှန်များကို တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများမှ ဆရာဝန်များထံ ချက်ချင်းထပ်မံ ဖြန့်ဝေပေးအပ်စေလိုပါကြောင်း၊

585. အသွားအလာကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) မပြုလုပ်မီ ဆွေးနွေးပြောကြားခြင်း (Pre Quarantine Counseling) ပြုလုပ်နိုင်ရန်အတွက် ဆေးလူမှုဆက်ဆံရေးအရာရှိများအား တာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊

586. ရောဂါဖြစ်ပွားရာနေရာဒေသမှ ပြည်တွင်း၊ အထူးသဖြင့် ရန်ကုန်သို့ ရောက်ရှိလာသူ နိုင်ငံသားနှင့် နိုင်ငံခြားသားများအား ရောဂါလက္ခဏာမရှိသော်လည်း သတ်မှတ်နေရာတွင် ထားရှိကာ အသွားအလာကန့်သတ်၍ ရောဂါဖြစ်ပွားမှုရှိ၊ မရှိ စနစ်တကျ စောင့်ကြပ်ကြည့်ရှုမှု (quarantine) ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန၏ ဆောက်လုပ်ပြီးစီးသော်လည်း အသုံးပြုခြင်းမရှိသေးသည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး (၄) ထပ်ဆောင်သစ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်မှ ဆေးရုံသစ်တို့တွင် အသင့်ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း၊

587. အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆောက်လုပ်ပြီးစီးသော်လည်း အသုံးပြုခြင်းမရှိသေးသည့် လူနာဆောင်သစ်များကို အသွားအလာကန့်သတ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ပြင်ဆင်ထားရှိမှုများကို အမြန်ဆုံး ပြန်လည်သုံးသပ်စေလိုပါကြောင်း၊

588. ထို့အပြင် အခြားသင့်တော်ရာ နေရာများကိုလည်း ကြိုတင်သတ်မှတ် ပြင်ဆင်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊

589. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နီးနွယ်ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းချိတ်ဆက်ကာ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆက်လက်အားဖြည့် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊

## (၂၈/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၃) ရက်နေ့၊ (၂၀၂၀) ခုနှစ်

590. ယခုအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၆၅) နိုင်ငံ၌ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ ရှိနေပါကြောင်း၊

591. မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါဖြစ်ပွားသူ မတွေ့ရှိသေးသော်လည်း လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းကြောင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များကို ဖြတ်သန်း၍ ရောဂါဖြစ်ပွားပျံ့နှံ့ရာ နေရာဒေသများမှ ခရီးသည် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ ပြည်တွင်းသို့ ဝင်ရောက်မှုများ ရှိနေပါကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်နေသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုံးဝ အရှိန်အဟုန်လျှော့၍ မရပါကြောင်း၊

592. COVID-19 ရောဂါနှင့်ပတ်သက်၍ နေအိမ်တွင် အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine) ပြုလုပ်မည်ဆိုပါက လိုက်နာရမည့် အချက်များနှင့် အကျိုးကျေးဇူးများအား ပြည်သူများသိရှိရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင် အင်တာနက် စာမျက်နှာများပေါ်တွင် ထပ်မံဖော်ပြစေလိုပါကြောင်း၊

593. COVID-19 ရောဂါဖြစ်ပွား သေဆုံးမှုမြင့်တက်လျက်ရှိသော နိုင်ငံများမှ ပြန်လည်ရောက်ရှိလာနိုင်ဖွယ်ရှိသည့် မြန်မာနိုင်ငံသားများအား ရောဂါလက္ခဏာတစ်စုံတစ်ရာမရှိ

သော်လည်း အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ဆောင်ရန်အတွက် တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှ ဆောက်လုပ်ပြီးစီးသော်လည်း လက်ရှိတွင် အသုံးပြုခြင်းမရှိသေးသည့် (၄) ထပ်ဆောင်သစ်တွင် ထားရှိဆောင်ရွက်နိုင်ရေး လိုအပ်သည်များ အမြန်ဆုံး ထပ်မံဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

594. အလားတူ ဆောက်လုပ်ပြီးစီးသော်လည်း လက်ရှိတွင် အသုံးပြုခြင်းမရှိသေးသည့် ကျန်းမာရေးဌာနအဆောက်အဦများအား အသွားအလာ ကန့်သတ်၍ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများအတွက် အသုံးပြုနိုင်ရေး ကြိုတင်စီစဉ်ထားရှိမည် ဖြစ်ပါကြောင်း၊

595. (၂၈-၂-၂၀၂၀) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါအဓိပ္ပာယ် (Case definition) ပြောင်းလဲ သတ်မှတ်ခဲ့သည့်အတွက် သံသယလူနာနှင့် စောင့်ကြည့်လူနာအရေအတွက် ပိုမိုများပြားလာနိုင်သဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး၊ ကုသရေးနှင့် ဓာတ်ခွဲကဏ္ဍတို့အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရမည် ဖြစ်ပါကြောင်း၊

596. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါအဓိပ္ပာယ် (Case definition) ပြောင်းလဲ သတ်မှတ်ခဲ့သည့်အပြင် မိမိတို့နိုင်ငံ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် COVID-19 ရောဂါ ဓာတ်ခွဲစမ်းသပ်မှုများကို ပြုလုပ်နိုင်ပြီဖြစ်သဖြင့် အခြားရောဂါစမ်းသပ်မတွေ့ရသည့် (unknown etiology) လတ်လော ပြင်းထန်အဆုတ်ရောင်ရောဂါ ရှိသူများတွင်လည်း COVID-19 ရောဂါသံသယ လက္ခဏာများရှိပါက ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်၍ ရောဂါရှိ၊ မရှိ အတည်ပြုစေလိုပါကြောင်း၊

597. ဆေးရုံများအနေဖြင့် လူနာများအတွက်လိုအပ်နိုင်သည့် အောက်စီဂျင်နှင့် အသက်ရှူစက် (Ventilator) များ၊ အရေးပေါ် လူနာတင်ယာဉ်များ၊ ကုသမှုသုံးဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ စသည်တို့အား ကြိုတင်ပြင်ဆင်ထားရှိရမည် ဖြစ်ပါကြောင်း၊

598. မိမိတို့နိုင်ငံ၌ ယခုကာလတွင် COVID-19 ရောဂါ ဖြစ်ပွားမှုများ ရှိလာနိုင်သဖြင့် ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအတွက် ဘက်စုံခြုံငုံသုံးသပ်မှု

(holistic review) အား အမြန်ဆုံးပြုလုပ်ကာ ဖြည့်ဆည်းဆောင်ရွက်ရန် ထပ်မံလိုအပ်ချက်များအား စာရင်းအတိအကျဖြင့် တင်ပြရမည်ဖြစ်ပါကြောင်း၊

599. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊

## (၂၉/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၄) ရက်နေ့၊ (၂၀၂၀) ခုနှစ်

600. ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID-19 ရောဂါဖြစ်ပွားသူ မတွေ့ရှိရသေးသည့်အချက်ကို ကြည့်၍ ကျေနပ်နေ၍မရပါကြောင်း၊

601. အခြားနိုင်ငံများ၌ အချိန်တိုအတွင်းများပြားစွာဖြစ်ပွားနေသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ အရှိန်အဟုန်ကို ပို၍ပင်တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊

602. မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း COVID-19 ရောဂါသံသယလက္ခဏာရှိသောသူများအား ရှာဖွေဖော်ထုတ်၍ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်လျက်ရှိပါကြောင်း၊

603. မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ရုတ်တရက် ဖြစ်ပွားလာနိုင်သည်ဟူသော ခံယူချက်ကို နောက်ခံထား၍ မိမိတို့၏ ဆေးရုံများတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများအတွက် ပထမဦးစားပေးအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

604. ဝန်ကြီးဌာနမှ ဝယ်ယူမှုနှင့်လှူဒါန်းမှုများမှ ရရှိသောအသက်ရှူစက်များ၊ တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးဝတ်စုံများ စသည်တို့ကို အရေးကြီးသည့် ဆေးရုံများသို့ လိုအပ်ချက်နှင့်အညီ အမြန်ဆုံးဖြန့်ဝေလျက်ရှိပါကြောင်း၊

605. ယခု COVID-19 ရောဂါ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေမှု သတင်းအချက်အလက်များကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်တို့မှသုံးသပ်ပြီး ဝန်ကြီးဌာနမှ ရေးဆွဲ

ထားသော COVID-19 ရောဂါဖြစ်ပွားခြင်း ကာကွယ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (preparedness/ contingency plan) ကိုသာမက အခြားဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်များကို ဆန်းစစ်သုံးသပ်မှုများ အမြန်ဆုံးပြုလုပ်ကာ လိုအပ်သည်များကို ပြန်လည် ပြုပြင်မွမ်းမံ ရေးဆွဲရမည်ဖြစ်ပါကြောင်း၊

606. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုအခြေအနေများသည် ကောင်းမွန်နေသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ဆောင်ရွက်ချက်များကို သတင်းမပြတ် ရရှိလျက်ရှိပါကြောင်း၊

607. ညွှန်းပို့ဆေးရုံကြီးများ (Designated Hospital) များအတွက် လိုအပ်သည့် ပြင်ဆင်ထားရှိမှုများ လုပ်ဆောင်ထားရှိသကဲ့သို့ အခြားသောတိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများအတွက် လိုအပ်သည့် ပြင်ဆင်မှုများအား ဗဟိုအဆင့် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊

608. မိမိတို့အနေဖြင့် ယခုအချိန်တွင် ရရှိသောလူအင်အား၊ ဘဏ္ဍာငွေနှင့် ဆေးဝါးပစ္စည်းကိရိယာများကို အသုံးချကာ ပြည်သူများ ရောဂါမဖြစ်ပွားစေရေးအတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊

609. ဗဟိုအဆင့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအကြား တယ်လီဖုန်းနှင့် အင်တာနက်ဆက်သွယ်မှုလမ်းကြောင်းများအသုံးပြုကာ tele/ video conferencing များဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပုံမှန်ပြုလုပ်နေခြင်းသည် ဤရောဂါ ကာကွယ်ထိန်းချုပ်မှုအတွက် အလွန်အရေးကြီးပြီး ထိရောက်သည့် ဆောင်ရွက်မှုတစ်ရပ် ဖြစ်ပါကြောင်း၊

610. တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးများ၊ နီးနွယ်ဌာနများ၊ နိုင်ငံတကာ/ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု လက်ရှိအခြေအနေများအား ပိုမိုထိရောက် ကောင်းမွန်စေရန်အတွက် ဗဟိုအဆင့်၌ နေ့စဉ်အစည်းအဝေး ပြုလုပ်နေသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌

ရက်သတ္တပတ် (၁) ပတ်လျှင် (၂) ကြိမ်ခန့် ပြုလုပ်စေလိုပါကြောင်း၊ ဆုံးဖြတ်ချက်၊ အကြံပြုချက်များကိုလည်း ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့စေလိုပါကြောင်း၊

611. ယခုအချိန်၌ လူစုလူဝေးများပြားသော ပွဲလမ်းသဘင်များကို တတ်နိုင်သမျှမပြုလုပ်ရန် နှင့် မလွှဲမရှောင်သာ ပြုလုပ်ရပါကလည်း ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ကိစ္စရပ် များအားလည်း ထည့်သွင်းစဉ်းစား ချင့်ချိန်ရမည်ဖြစ်ပါကြောင်း၊

612. အကယ်၍ လူစုလူဝေးပွဲလမ်းသဘင်များသည် ကောင်းကျိုးသက်ရောက်မှုရှိပြီး မဖြစ် မနေကျင်းပရမည်ဆိုပါကလည်း လူဦးရေ တတ်နိုင်သမျှအနည်းဆုံးဖြင့်သာ ကျင်းပပြု လုပ်သွားရန်နှင့် ပွဲလမ်းသဘင်များ ကျင်းပမည်ဆိုပါကလည်း COVID–19 ရောဂါ ပညာပေး အချက်အလက်များနှင့် ပြည်သူလူထုအနေဖြင့် လိုက်နာဆောင်ရွက်ရန်များကို ပွဲမစမီ (၅) မိနစ်ခန့် အချိန်ယူ၍ ပြောကြားရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်စေလို ကြောင်း၊

613. ပြည်သူများအနေဖြင့်လည်း ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးမျိုး ဖြစ်ပွားနေပါက လူစုလူဝေးနေရာများ၊ ပွဲလမ်း သဘင်များသို့ သွားလာခြင်းမှ လုံးဝရှောင်ကြဉ်ကြရန်မှာ အရေးကြီးပါကြောင်း၊

614. လက်ကို စနစ်တကျပုံမှန်ဆေးကြောခြင်း၊ အရက်ပြန်ပါဝင်သော လက်သန့်စင်ဆေး ရည်ကို အသုံးပြုဆေးကြောခြင်း၊ ချောင်းဆိုးနှာချေပါက ဖုံးအုပ်ခြင်း၊ ချောင်းဆိုးနှာချေ နေမကောင်းပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း စနစ်တကျ အသုံးပြုခြင်းတို့သည် ဤရောဂါကာကွယ်မှုအတွက် အလွန်ထိရောက်သည့်အတွက် ၎င်းအချက်များအား အရေး ထားပြီး ဆောင်ရွက်စေလိုပါကြောင်း၊

615. မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်မှုများသည် ကောင်းမွန်ပါကြောင်း၊ ဆက်လက်၍လည်း ပိုမို၍ ပါဝင် ဆောင်ရွက်စေလိုပါကြောင်း၊

616. ဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်တို့မှအပြင် လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေးစသည့် ရှုထောင့်စုံမှစဉ်းစားကာ ပြည်သူများအတွက် အကျိုးရှိမည့်ဆုံးဖြတ်ချက်များ ဆက်လက်ချမှတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

## (၃၀/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်

617. မိမိတို့နိုင်ငံ၌ ယခုလက်ရှိအချိန်အထိ ဓာတ်ခွဲအတည်ပြု COVID-19 ရောဂါဖြစ်ပွားသူ (၁) ဦးမျှ မတွေ့ရှိရသေးပါကြောင်း၊

618. သံသယ (၂)ဦးနှင့် စောင့်ကြည့်လူနာ (၅၈)ဦး၊ စုစုပေါင်း (၆၀)ဦးတို့တွင် ဓာတ်ခွဲအဖြေ ရောဂါပိုးမတွေ့သူ (၅၄)ဦးနှင့် ဓာတ်ခွဲအဖြေစောင့်ဆိုင်းနေသူ (၆)ဦး ရှိပါကြောင်း၊

619. COVID-19 ရောဂါပိုး မတွေ့ရှိရသော သံသယနှင့် စောင့်ကြည့်လူနာများသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြ၍ ဆေးရုံဆင်းသွားပြီ ဖြစ်ပါကြောင်း၊

620. COVID-19 ရောဂါ သံသယ၊ စောင့်ကြည့်လူနာနှင့် လူနာများကို ကိုင်တွယ်ကုသရာတွင် တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးဝတ်စုံ (personal protective equipment) ကို အလေအလွင့်မရှိစေဘဲ စနစ်ကျစွာ အသုံးချနိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံး ထုတ်ပြန်ထားသော လမ်းညွှန်များနှင့်အညီ မွမ်းမံပြင်ဆင် (update) ၍ အမြန်ဆုံး ဖြန့်ဝေပေးရမည် ဖြစ်ပါကြောင်း၊

621. ယခုအချိန်အထိ တွေ့ရှိချက်များအရ COVID-19 ရောဂါဖြစ်ပွားသူများ၏ (၈၈) ရာခိုင်နှုန်းသည် ကိုယ်ပူချိန်မြင့်မားခြင်း၊ (၆၈) ရာခိုင်နှုန်းသည် ချောင်းခြောက်ဆိုးခြင်း၊ (၃၈) ရာခိုင်နှုန်းသည် ကိုယ်လက်မအီမသာ အားလျော့ခြင်း၊ (၃၃) ရာခိုင်နှုန်းသည် သလိပ်ပါ ချောင်းဆိုးခြင်း၊ (၁၉) ရာခိုင်နှုန်းသည် အသက်ရှုမဝခြင်း၊ (၁၄) ရာခိုင်နှုန်းသည် လည်ချောင်းနာခြင်း ဖြစ်ပွားသည်ကို သိရှိရပါကြောင်း၊

622. ရောဂါဖြစ်ပွားသူများတွင် အဖျားလက္ခဏာပြသသူမှာ (၈၈) ရာခိုင်နှုန်းရှိသည်ဖြစ်၍ ရောဂါကူးစက်ဖြစ်ပွားရာ နိုင်ငံများမှ လေကြောင်းခရီးဖြင့် လာရောက်သူများအား လက်ကိုင် ကိုယ်ခန္ဓာအပူချိန်တိုင်းစက် (handheld infrared thermometer) ဖြင့် တစ်ကြိမ်၊ လူအများကို တစ်ပြိုက်နက် ကိုယ်ခန္ဓာ အပူချိန်တိုင်းသည့်စက် (thermal scanner) ဖြင့် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ်တိုင်းတာ၍ အထူးအလေးထား စောင့်ကြပ်ကြည့်ရှုရန် မိမိမှ ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊

623. ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပစ္စည်းများသယ်ပို့သည့် container များတွင် ရောဂါပိုးမပါရှိနိုင်ဟုဆိုသော်လည်း မိမိတို့အနေဖြင့် ပိုမိုစိတ်ချစေရန် လေကြောင်းခရီးသည်များ၏ ခရီးသွားအိတ်နှင့် သေတ္တာများကိုလည်း ပိုးသတ်သန့်စင်ရန် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရန်ပြောကြားထားပြီး ဖြစ်ပါကြောင်း၊

624. ယခုလက်ရှိတွေ့ရှိချက်များအရ COVID-19 ရောဂါဖြစ်ပွားသူများအနက် သေဆုံးနှုန်းသည် တစ်ဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး ယခုအခါ (၃.၄) ရာခိုင်နှုန်းအထိ ရှိနေပါကြောင်း၊

625. သို့သော်လည်း မိမိတို့နိုင်ငံ၌ သေဆုံးမှု မမြင့်စေရန်အတွက် ကုသရေးကျွမ်းကျင်မှုဆိုင်ရာ၌လည်းကောင်း၊ ကုသရာ၌လိုအပ်သော ပစ္စည်းကိရိယာများနှင့် အောက်စီဂျင်လုံလောက်စွာ ရရှိစေရန်လည်းကောင်း၊ လူနာများလျင်မြန်စွာ လွှဲပြောင်းနိုင်ရေးအတွက်လည်းကောင်း ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊

626. ထို့အပြင် ရောဂါအခံရှိသူများ၊ ဆီးချိုရောဂါရှိသူများ၊ အသက်အရွယ်ကြီးသူများသည် ရောဂါပြင်းထန်စွာခံစားရပြီး သေဆုံးနိုင်သဖြင့် သံသယလက္ခဏာများ ဖြစ်ပွားပါက ဆေးရုံသို့ ချက်ချင်းလာရောက်ရန်အတွက်ကိုလည်း ပြည်သူများအား ဆက်လက်အသိပေးရမည် ဖြစ်ပါကြောင်း၊

627. အသွားအလာကန့်သတ်၍ သတ်မှတ်နေရာတွင်ထားရှိကာ ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ၏ အကျိုးကျေးဇူးများကို ပြည်သူများပိုမိုသိရှိ နားလည်ရန်

အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်မည် ဖြစ်ပါကြောင်း၊

628. ရောဂါဖြစ်ပွားသူနှင့် အနီးအပါးထိတွေ့ခဲ့သူ၊ ရောဂါဖြစ်ပွားသေဆုံးမှုများပြားရာ နေရာဒေသမှ လာရောက်သူများအနေဖြင့် ပုန်းအောင်းမနေသင့်ဘဲ အနီးဆုံး ကျန်းမာရေးဌာနသို့ အကြောင်းကြားကာ အသွားအလာကန့်သတ်၍ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ကို ခံယူကြရမည် ဖြစ်ပါကြောင်း၊

629. အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါဖြစ်ပွားရာ နေရာဒေသများမှ ရောက်ရှိလာသူများအားလုံးကို အသွားအလာကန့်သတ်၍ သတ်မှတ်နေရာတွင် (၁၄) ရက်တာ ကာလအထိထားရှိခြင်း (quarantine) ကိုပင် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း လိုအပ်ပါက ထိုသို့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

630. အိမ်တွင် အသွားအလာကန့်သတ်၍ နေထိုင်စေခြင်း (home quarantine) လုပ်ဆောင် ရာ၌ လိုက်နာရမည့် အချက်များကိုလည်း စနစ်တကျဆောင်ရွက်ရန်မှာ အရေးကြီးသဖြင့် ပြည်သူများသိရှိရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသွားမည် ဖြစ်ပါကြောင်း၊

631. ယခုအချိန်တွင် တိုင်းဒေသကြီး/ ပြည်နယ် အချို့တွင် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကို ဆိုင်းငံ့ခြင်း၊ မပြုလုပ်ခြင်းများကို တွေ့ရှိရသည်မှာ မိမိတို့ဆောင်ရွက်နေသောရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုပါကြောင်း၊

632. လူစုလူဝေးနှင့် ပွဲလမ်းသဘင်များ မဖြစ်မနေကျင်းပရမည်ဆိုပါက ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အချက်များကို ပွဲမစတင်မီတွင် (၅) မိနစ်ခန့်အချိန်ယူ၍ ပြောကြားနိုင်ရန်အတွက် အချက်အလက်များကို မိမိတို့ဝန်ကြီးဌာနမှ အမြန်ဆုံးဖြန့်ဝေမည်ဖြစ်ပါကြောင်း၊

633. ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို (၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ရာ

ဆောင်ရွက်ချက်များ ပိုမိုပီပြင် အကျိုးရှိထိရောက်စေရန်အတွက် အမြန်ဆုံးပြန်လည် သုံးသပ်ရမည် ဖြစ်ပါကြောင်း၊

634. မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့သော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဖြစ်သည့် သံသယနှင့် စောင့်ကြည့်လူနာများအား ရှာဖွေတွေ့ရှိပုံ၊ ကိုင်တွယ်ဆောင်ရွက်ပုံ၊ ညွှန်းပို့ပုံ၊ စမ်းသပ်ကုသပုံ၊ ဓာတ်ခွဲစမ်းသပ်ပုံ၊ ကျန်းမာရေးအသိပညာဖြန့်ဝေမှုများ၏ ထိရောက်မှု ရှိ/ မရှိ၊ ဝန်ကြီးဌာနချင်း၊ ဗဟိုအဆင့်တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဌာနများ၊ အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အကြား ချိတ်ဆက်ဆောင်ရွက်ပုံ၊ ဝန်ကြီးဌာနမှ ဝယ်ယူထားသည့် ပစ္စည်းများနှင့် လှူဒါန်းလက်ခံရရှိသည့် ပစ္စည်းများကို ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ ခွဲဝေဖြန့်ဖြူးသည့် ပုံစံစနစ်၊ သက်ဆိုင်ရာဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဖြစ်ရပ်အခြေပြု စားပွဲတင်လေ့ကျင့်ခန်းများ ပြုလုပ်ထားရှိမှု၊ သတင်းပြန်ကြားမှု အခြေအနေများ စသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆန်းစစ်မှုများ အမြန်ဆုံးပြုလုပ်၍ အားနည်းချက်များကို တွေ့ရှိပါက ၎င်းတို့အား ချက်ချင်းအားဖြည့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

635. အထက်ပါ ကိစ္စရပ်များအား လာမည့်ရက်သတ္တပတ် (၁) ပတ် အတွင်း လုပ်ဆောင်ပြီး တွေ့ရှိချက်များ အပေါ်မူတည်၍ မဟာဗျူဟာ၊ နည်းဗျူဟာများကို လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

636. ယခုဖြစ်စဉ်တွင်သာမက နောင်ဖြစ်ပေါ်လာနိုင်သည့် ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်စဉ်များအတွက် ရေရှည်ကာလကို မျှော်မှန်းကာ မြို့နယ်ဆရာဝန်များအား ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေး မွမ်းမံသင်တန်းများ ဆက်လက်ပြုလုပ်သွားရမည် ဖြစ်ပါကြောင်း၊

637. ကမ္ဘာ့ဘဏ်၊ International Monetary Fund နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အရေးပေါ်ကိစ္စရပ်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများ ပေးအပ်ရန် စီစဉ်နေမှုတွင် မိမိတို့နိုင်ငံအတွက်ရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှတစ်ဆင့် ချက်ချင်းအကြောင်းကြား ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

638. ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများတွင် ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်အားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

639. မိမိတို့သည် ပြည်သူများထံသို့ မှန်ကန်သည့် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာဖြင့် ဆက်လက်ပြန်ကြားပေးမည်ဖြစ်ပါကြောင်း၊

640. လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒရှုထောင့်၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ လူမှုရေးရှုထောင့်စသည်တို့မှ အသေးစိတ်လေ့လာသုံးသပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

**(၃၁/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၉) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

641. COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည်မှာ (၅-၁-၂၀၂၀) မှ ယခုအချိန်အထိ (၂) လကျော်ကာလရှိပြီ ဖြစ်ပါကြောင်း၊

642. အစဦးတွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် အရေးကြီးသော်လည်း (၂) လကြာပြီး ယခုအချိန်၌ ပြည်သူများ၏ သိရှိပါဝင်မှု အခန်းကဏ္ဍသည် ပိုမိုအရေးကြီးလာပြီဖြစ်ပါကြောင်း၊

643. (က) ပြည်သူများ၏ COVID-19 ရောဂါအပေါ် ခံယူချက်၊

644. (ခ) ရောဂါ၏ ကူးစက်ပျံ့နှံ့မှုနှင့် ကာကွယ်ထိန်းချုပ်မှုတို့ကို သိရှိနားလည်မှု အတိုင်းအတာ၊

645. (ဂ) ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများမိမိတို့ကိုယ်တိုင် လိုက်နာဆောင်ရွက်ရမည့် အခန်းကဏ္ဍ၊

646. (ဃ) မိမိ၌လည်းကောင်း၊ မိမိ၏ ပတ်ဝန်းကျင်၌လည်းကောင်း သံသယရောဂါ လက္ခဏာဖြစ်ပွားမှုတွေ့ရှိပါက အနီးဆုံးကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးဌာနထံသို့ သတင်းပေးပို့ရန်တာဝန်ရှိမှု၊

647. (င) မိမိတို့ပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါက ရောဂါဖြစ်ပွားမှုနှင့် ကူးစက်မှုများ ကာကွယ်နိုင်မည်၊ ထိန်းချုပ်နိုင်မည်ဆိုသည့်အချက်၊

648. (စ) မိမိတို့တစ်ဦးချင်းစီ၌ မြန်မာနိုင်ငံ၌ ရောဂါပျံ့နှံ့မှုမရှိရန် အသီးသီးတာဝန် ရှိသည် ဟူသော ခံယူချက်များရှိမှုစသည့် အချက်များသည် ယခုအချိန်၌ အလွန်အရေးကြီး လိုအပ် ပါကြောင်း၊

649. ယခုအချိန်၌ ပြည်သူများသည် စိုးရိမ်ထိန့်လန့်မှုလွန်ကဲစွာ (panic) ဖြစ်ပြီး လုပ်ဆောင်ရမည့်အချက်များကို မလုပ်ဆောင်မိခြင်းမျိုး မဖြစ်စေရန်လိုအပ်ပါကြောင်း၊

650. မဟုတ်မှန်သော ကောလာဟလသတင်းတုများ၊ သတင်းမှားများကို ထပ်ဆင့်ဖြန့်ဝေ ခြင်းနှင့် ကိုယ်တိုင်ပြောကြားခြင်း၊ ဖန်တီးခြင်းများ မပြုလုပ်ကြစေလိုပါကြောင်း၊ ပြုလုပ် ပါက ဥပဒေအရ အရေးယူခံရနိုင်သည် ဖြစ်ပါကြောင်း၊

651. မိမိထပ်မံအသိပေးပြောကြားလိုသည်မှာ လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းများ ဖြန့်ဖြူးနေသူများ အနေဖြင့်လည်း ကျင့်ဝတ်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊

652. ပြည်သူများအနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပ၊ အင်တာနက်စာမျက်နှာများ၊ လူမှု ကွန်ရက်စာမျက်နှာများ၊ facebook စသည့် နေရာအနှံ့မှ သတင်းများကို ခိုင်မာတိကျမှု ရှိသည့် သတင်းရင်းမြစ်နှင့် ချိန်ထိုးတိုက်ဆိုင်စစ်ဆေးပြီးမှသာ မှန်ကန်သည့် သတင်းများ ကိုသာ ယုံကြည်ကြရန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ တရားဝင်ထုတ်ပြန်ချက်များကို ကြည့်ရှုစေလိုပါကြောင်း၊

653. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း (၇-၃-၂၀၂၀) ရက်နေ့တွင် ယခုအခါ ကမ္ဘာတစ်ဝန်း တွင် COVID-19 ဓာတ်ခွဲအတည်ပြု ရောဂါဖြစ်ပွားသူဦးရေ (၁၀၀,၀၀၀) ကျော်သွားပြီ ဖြစ်ကြောင်း၊ ရောဂါပျံ့နှံ့မှုကို အတိုင်းအတာတစ်ခုအထိ နှေးကွေးသွားစေရန်နှင့် ဖြစ်ပွား မှုကျဆင်းသွားရန်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရေး (containment) လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက် သွားရန်၊ ပြည်သူများအတွင်း ဖျားနာသည့်လူနာများအား အမြန်ဆုံးရှာဖွေခြင်း၊ အသွား

အလာကန့်သတ်ပိတ်ပင်ခြင်း (quarantine)၊ လူနာများအတွက် ဆေးရုံများနှင့် ဆေးခန်းများအား ပြင်ဆင်ထားရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးခြင်း စသည့် နည်းလမ်းများဖြင့် ထိရောက်စွာ ဆောင်ရွက်ရန်တို့ကို တိုက်တွန်းထားပါကြောင်း၊ အဆိုပါ တိုက်တွန်းချက်များ အားလုံးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လုပ်ဆောင်လျက်ရှိပါကြောင်း၊

654. ယခုကာလတွင် ဝန်ကြီးဌာန၏ ဆေးရုံများတွင် ရောဂါဖြစ်ပွားသူများအတွက် ကုသမှု ပေးရန် ပြင်ဆင်ထားရှိမှု၊ အသင့်အနေအထားရှိမှုတို့သည် အရေးကြီးသဖြင့် မိမိတို့သည် သတ်မှတ်ဆေးရုံ (designated hospital) များတွင် အထူးဦးစားပေး သတ်မှတ်၍ ဆောင်ရွက်လျက် ရှိပါကြောင်း၊

655. ယခုလက်ရှိအချိန်၌ မိမိတို့နိုင်ငံအတွင်းသို့ ပြည်ပမှဝင်ရောက်လာသူ အရေအတွက် များ နည်းပါးလာသည်နှင့်အမျှ ရောဂါဖြစ်ပွားကူးစက်ရန် အလားအလာရှိမှုသည် တိုက်ရိုက်အချိုးကျ နည်းပါးသွားမည်ဖြစ်ပါကြောင်း၊

656. ရောဂါဖြစ်ပွားကူးစက်မှု များပြားနေသော ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းလိုင်း များ မိမိတို့နိုင်ငံသို့ ဝင်ရောက်မှုကို ယခုလ (၉) ရက်နေ့မှ ဧပြီလ (၂၄) ရက်နေ့အထိ ရပ်နားထားမည်ဟု သိရှိရပါကြောင်း၊

657. မိမိတို့နိုင်ငံရှိ မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းမှ ကိုရီးယားသမ္မတနိုင်ငံသို့ တစ်ပတ်လျှင် (၃) ကြိမ် သွားလာမှုများကို လျှော့ချခြင်း (သို့မဟုတ်) လုံးဝပိတ်ခြင်းတို့ကို အမြန်ဆုံး စတင်ဆောင်ရွက်ရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနထံသို့ ယမန်နေ့ (၈-၃-၂၀၂၀) ရက်နေ့တွင် အကြံပြုမေတ္တာရပ်ခံထားပြီးဖြစ်ပါကြောင်း၊

658. လက်ရှိအချိန် ကမ္ဘာ့နိုင်ငံများ၌ ကပ်ရောဂါဖြစ်ပွားမှုအခြေအနေအရပ်ရပ်ကို သုံးသပ်ပါက COVID-19 ရောဂါကြောင့် အကြမ်းသေဆုံးနှုန်းမှာ (၃.၄) ရာခိုင်နှုန်းခန့်ရှိနေပါကြောင်း၊

659. ပြည်သူများအနေဖြင့် မိမိတို့၏ ဆွေမျိုး၊ မိတ်ဆွေနှင့် ပတ်ဝန်းကျင်ရှိ အသက်အရွယ်ကြီးသူများ၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါရှိသူများ၊ ကျောက်ကပ်ဆေးနေရသူများ၊ ကင်ဆာ

စသည့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါဖြစ်ပွားပါက ပြင်းထန်ပြီး သေဆုံးနိုင်ရန် အလားအလာများပါကြောင်း၊

660. အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လူစုလူဝေးများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရန်၊ ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို အထူးအလေးပေး လိုက်နာကျင့်သုံးရန်အတွက် တစ်ဦးမှ တစ်ဦးသို့ ဆင့်ပွားအကြောင်းကြား ပြောကြားကြစေလိုပါကြောင်း၊

661. မိမိအနေဖြင့်လည်း သက်ကြီးဘိုးဘွားရိပ်သာများ၊ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ ပရဟိတဂေဟာများ၊ လူငယ်စောင့်ရှောက်ရေးဂေဟာများ၊ အမျိုးသမီးသင်တန်းကျောင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ မသန်စွမ်းကျောင်းများ နှင့် လူငယ်သင်တန်းကျောင်းများတွင် ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပွားနိုင်သဖြင့် သတိပြုဆောင်ရွက်ရန်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုအကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊

662. မိမိတို့သတိပြုရမည့်အချက်မှာ အမေရိကန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံစသည်တို့တွင် ရောဂါဖြစ်ပွားမှုစတွေ့ပြီးနောက် မကြာခင်အချိန်အတွင်းမှာပင် လျင်မြန်စွာ ပျံ့နှံ့များပြားလာသည်ကို တွေ့ရှိရသည့်အချက်ဖြစ်ပါကြောင်း၊

663. အဆိုပါနိုင်ငံများကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဤရောဂါဖြစ်ပွားရောက်ရှိကာ ပျံ့နှံ့မှုဖြစ်ပွားလာပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက်လည်း ကြီးစွာသော လုပ်ငန်းဖိအားဒဏ်များအပါအဝင် ဘက်စုံဖိအားများဝင်လာမည်ဖြစ်သဖြင့် မိမိတို့၏ ဝန်ထမ်းများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားစဉ် (၅-၁-၂၀၂၀) ကတည်းက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နေ့မအား၊ ညမနား ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊

664. ထို့ကြောင့် မိမိတို့နိုင်ငံ၌လည်း အလားတူ ပုံစံဖြစ်ပေါ်မလာစေရေးအတွက် လိုအပ်သော အစီအမံများကို စဉ်းစားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊

665. ရောဂါကူးစက်ဖြစ်ပွားသူများကို ကိုင်တွယ်ကုသမှုပေးနေရသည့် ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံရနိုင်ခြေရှိသဖြင့် ဝန်ကြီးဌာနရှိ clinical management committee၊ Infection prevention and control committee နှင့် အထူးကု ဆရာဝန်ကြီးများမှ ပြုစုထုတ်ဝေထားရှိသော လူနာသတ်မှတ်မှု၊ လူနာကုသမှု၊ Infection prevention and control စသည့် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံး လုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

666. ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်ခံရနိုင်ခြေ မရှိစေရန်နှင့် ဘေးကင်းလုံခြုံစေရန် မိမိတို့ တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါကြောင်း၊

667. ပြည်သူများအား ကျန်းမာရေးအသိပေးနှိုးဆော်မှုများပြုလုပ်သောအခါတွင်လည်း နားလည် ရန် လွယ်ကူသော၊ မှတ်သားရန် ရိုးရှင်းတိုတောင်းသောနှိုးဆော်ချက်များနှင့် မှန်ကန်တိကျ ပွင့်လင်းသော သတင်းပြန်ကြားချက်များကိုသာ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊

668. ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒ၊ လူမှုရေး၊ စီပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေးစသည့် ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေးစဉ်းစား ပြီးမှသာ ချမှတ်လျက်ရှိပါကြောင်း၊

669. သို့မှသာ မိမိတို့ဆောင်ရွက်ချက် ငွေကြေးကုန်ကျမှု၊ အချိန်ပေးရခြင်းအတိုင်းအတာ အလေအလွင့်မရှိဘဲ အကျိုးရှိထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပညာရှင်များအနေဖြင့်လည်း အဆိုပါအချက်ကို အမြဲသုံးသပ်စဉ်းစားရမည်ဖြစ်ပါကြောင်း၊

670. COVID-19 ရောဂါ၏ သဘောသဘာဝဖြစ်ပေါ်ပြောင်းလဲမှု (natural history of disease) ကို ယခုအချိန်အထိ အပြည့်အဝသိရှိနိုင်ခြင်းမရှိသေးဆိုသည့် အချက်ကိုလည်း ဂရုပြု၍ မိမိတို့သည့် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

671. မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်၊ အမေရိကန် CDC၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CDC နှင့် ရောဂါဖြစ်ပွားမှုများပြားသော နိုင်ငံများ၏ တရားဝင်

အင်တာနက်စာမျက်နှာများရှိ သတင်းအချက်အလက်များကို အမြဲမပြတ်လေ့လာဆန်းစစ် သုံးသပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊

672. ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်နှင့် မိသားစုအားလုံးရောဂါ ကူးစက်ခံရခြင်းမှ ကင်းဝေးစေရန် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ကျန်းမာရေးအသိပေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ သံသယ လူနာများတွေ့ရှိပါ က သတင်းပေးပို့ခြင်းတို့ဖြင့် ပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း၊

673. COVID-19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်များသည် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးကဏ္ဍကို စိန်ခေါ် နေသည့် ကိစ္စတစ်ရပ်ဖြစ်သဖြင့် မိမိတို့နှင့် ပြည်သူများ၊ နီးနွယ်ဝန်ကြီးဌာန၊ လူမှုရေးအဖွဲ့ အစည်းများနှင့် တစ်ညီတစ်ညွတ်တည်းပူးပေါင်း၍ ကာကွယ်ထိန်းချုပ်ရမည် ဖြစ်ပါကြောင်း၊

## (၃၃/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၁၂) ရက်နေ့၊ (၂၀၂၀) ခုနှစ်

674. ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (၁၁-၃-၂၀၂၀) ရက်နေ့၌ COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုများအား ကမ္ဘာ့ကပ်ရောဂါ (pandemic) အဖြစ်သတ်မှတ် ကြေညာခဲ့ပါကြောင်း၊

675. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မိမိတို့နိုင်ငံအပါအဝင် ရောဂါကူးစက်ပျံ့နှံ့မှုမရှိသေးသော နိုင်ငံများ အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော - (က) ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးခြင်း၊ (ခ) အရေးပေါ်တုံ့ပြန်ရေးစနစ်ကို အဆင်သင့် ပြင်ဆင်ထားရှိ အသက်သွင်း ထားခြင်း၊ (ဂ) ပြည်သူလူထုအား ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ (ဃ) ရောဂါပိုးရှိသူများရှာဖွေခြင်း/ အခြားနိုင်ငံ များမှ ရောဂါရှိသူများနှင့် ထိတွေ့ခဲ့သူများကို အသွားအလာကန့်သတ်ခြင်း၊ သံသယရှိသူများကို သီးခြားခွဲထားရှိခြင်း၊ (င) ရှိရင်းစွဲ ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်များကို သုံး၍ သံသယရှိသူများ ကို ဖော်ထုတ်ကာ COVID-19 ရောဂါပိုး ဓာတ်ခွဲစမ်းသပ်ခြင်း၊ (စ) လက်ကို သန့်ရှင်းစင်ကြယ် အောင်ဆေးကြောခြင်း၊ ချောင်းဆိုး၊ နှာချေခြင်း ကျင့်ဝတ်နှင့်

လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာနေခြင်းအား ရှောင်ကြဉ်ခြင်းတို့ကို လက်တွေ့ကျင့်သုံးရန် ပြည်သူများအား အသိပညာပေးခြင်း အချက်များအား ဆောင်ရွက်ရန်တိုက်တွန်းထားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအချက်များ ကို ဆောင်ရွက်နေပြီးဖြစ်ပါကြောင်း၊

676. ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့အနေဖြင့် ပြည်သူများအကြား ဤရောဂါဖြစ်ပွားမှုလုံးဝမရှိစေရေးနှင့် အသက်ဆုံးရှုံးမှုမရှိစေရေးတို့ဖြစ်ပါကြောင်း၊

677. ထို့အပြင်လူနာများအား ကုသမှုပေးသည့် မိမိတို့၏ ကျန်းမာရေးဝန်ထမ်းများထံ COVID–19 ရောဂါ ကူးစက်မှုမရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်ရေးလုပ်ငန်းများ၊ ပစ္စည်းကိရိယာများ လုံလောက်စွာရှိစေရေးကိုလည်း အလေးပေးဆောင် ရွက်လျက်ရှိပါကြောင်း၊

678. ကမ္ဘာ့အရပ်ရပ်ရှိနိုင်ငံများတွင် COVID–19 ရောဂါ လောလောဆယ်ဖြစ်ပွားပျံ့နှံ့မှု အခြေအနေများကို ပြည်သူ့ကျန်းမာရေးရှုထောင့်မှ သုံးသပ်ကြည့်ရာ မိမိတို့နိုင်ငံသို့ ရောဂါဝင်ရောက်နိုင်မည့် အလားအလာသည် တစ်နေ့တစ်ခြားပိုမိုများပြားလာနေပါကြောင်း၊

679. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများမှလည်း COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးသည် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စဖြစ်သည်ကဲ့သို့ နှလုံးသွင်းကာ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

680. COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ပြည်သူများ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုမရှိပါက မိမိတို့၏ ဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးသည် ရာနှုန်းပြည့်ရရှိနိုင်မည် မဟုတ်ပါကြောင်း၊

681. ပြည်သူများထံမှ မှန်ကန်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ရရှိနိုင်ရန်အတွက်လည်းကောင်း၊ လိုအပ်သည်များကို အကြံပြုတောင်းဆိုနိုင်ရန် အတွက်လည်းကောင်း၊ ပြည်သူများတွင် ဤရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာဗဟုသုတကြွယ်ဝရေးမှာ အရေးကြီးပါကြောင်း၊ အဆိုပါ ကိစ္စရပ်အတွက် ဝန်ကြီးဌာနမှ မဟာဗျူဟာများချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊

682. လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် အတိုင်းအတာတစ်ခုအထိ ပူးပေါင်းပါဝင်မှုများကို တွေ့ရှိနေရပါကြောင်း၊ ပြည်သူများထံမှ ယခုထက်ပိုမိုကောင်းမွန်သည့် ပူးပေါင်းပါဝင်

ဆောင်ရွက်မှုများ ရရှိစေရန်အတွက် မိမိတို့အနေဖြင့်ဆန်းသစ်သော နည်းဗျူဟာများဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

683. ဤကိစ္စအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများမှ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၌ဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

684. လွန်ခဲ့သော (၂) ပတ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ၌ COVID-19 ရောဂါဖြစ်ပွားမှုသည် (၁၃) ဆခန့် မြင့်တက်လာပြီး ဖြစ်ပွားသော နိုင်ငံအရေအတွက်မှာလည်း (၃) ဆတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဤအချက်ကို မိမိတို့အနေဖြင့် အထူးသတိထား၍ နောက်ခံထားစဉ်းစားရမည် ဖြစ်ပါကြောင်း၊

685. အီတလီ၊ အီရန်နှင့် ကိုရီးယားသမ္မတနိုင်ငံ အစရှိသည့်နိုင်ငံများ၌ ရောဂါပျံ့နှံ့မှုများသည် ရုတ်တရက် များပြားစွာ ဖြစ်ပေါ်လာခြင်းဟူသောအချက်သည် ကပ်ရောဂါဗေဒရှုထောင့်မှ အထူးအရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပြီး မိမိတို့နိုင်ငံတွင် ၎င်းတို့ကဲ့သို့ မဖြစ်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

686. အဆိုပါ နိုင်ငံများကဲ့သို့ ဖြစ်ပွားပါက မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မနိုင်နင်းသော တာဝန်ကိုထမ်းရမည်ဖြစ်ပါကြောင်း၊

687. ယခုလောလောဆယ်ကာလ၌ ဤရောဂါကာကွယ်ထိန်းချုပ်ရန် ကိစ္စရပ်များကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊

688. မိမိတို့အနေဖြင့် ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒ၊ လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့် ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းစဉ်းစားသုံးသပ်ကာ ဆုံးဖြတ်မည်ဖြစ်ပါ ကြောင်း၊

689. ဆုံးဖြတ်ရာ၌ မြန်မာနိုင်ငံ ပြည်သူများ၏ အရေး၊ မြန်မာနိုင်ငံ ပြည်သူများ ရောဂါမရရှိစေရေး၊ ရောဂါဖြစ်ပွားပါကလည်း သေဆုံးမှု အနည်းဆုံးဖြစ်စေရေးတို့ကို နောက်ခံထား၍ မိမိတို့ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

690. မိမိတို့နိုင်ငံအတွင်းသို့ ရောဂါသည် မလွဲမသွေဝင်ရောက်နိုင်သည်ဟူသော အသိစိတ်ဓာတ်ဖြင့် ရောဂါကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုပြီး ဆေးရုံများတွင်ဆေးနှင့် ဆေးပစ္စည်းများအသင့်ပြင် ဆင်ထားရှိမှု၊ ကုသမှုပေးမည့် ဝန်ထမ်းများအတွက် ရောဂါကူးစက်

ခြင်းမရှိစေရန် ရောဂါကာကွယ်ရေးပစ္စည်းများ လုံလောက်မှုရှိစေရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

691. မိမိတို့ ဝယ်ယူထားသည်နှင့် လှူဒါန်းလက်ခံရရှိထားသည့် ဆေးနှင့် ဆေးပစ္စည်းများအား လူနာများအား ကိုင်တွယ်ကုသမှုပေးမည့် ကျန်းမာရေးဝန်ထမ်းများ (Front line health staff) အတွက် ဖြန့်ဖြူးပေးရန်ကို ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ သုံးသပ်ပြီး အရေးကြီးကိစ္စအနေဖြင့် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊

692. ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့်သင်တန်းများ ပေးခြင်း များကိုလည်း ဆက်လက်အားဖြည့်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊

693. မိမိတို့လုပ်ဆောင်ထားရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်မှုရှိ၊ မရှိကို သိရှိနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးနိယာမများနှင့်အညီ ပြန်လည်ဆန်းစစ် သုံးသပ်မှု များပြုလုပ်ကာ လိုအပ်သည်များ အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊

694. ဆောင်ရွက်ထားရှိသောလုပ်ငန်းများအားဆန်းစစ်သုံးသပ်ရာတွင် နှီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူများပါ ပါဝင်၍ အကြံပြုဆွေးနွေးပြောကြားနိုင်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ယခုရက်ပိုင်းအတွင်း ပြုလုပ်သွားမည်ဖြစ်ပါ ကြောင်း၊

695. အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒရှုထောင့်တို့မှ ဆွေးနွေး မှုများအပြင်၊ မီဒီယာများရှုထောင့်၊ ပြည်သူများ၏ရှုထောင့်၊ ကျန်းမာရေးအသိပညာ ဖြန့်ဝေမှုနှင့် သတင်းပြန်ကြားမှုဆိုင်ရာကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးမှုများကိုပါ ရယူဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

696. မိမိတို့နိုင်ငံတွင် ယခုအချိန်၌ COVID–19 ရောဂါ ဖြစ်ပွားမှု မတွေ့ရှိရသေးသည့်အတွက် ပြင်ပ နိုင်ငံများမှ ဝင်ရောက်မှုနည်းသည်နှင့်အမျှ နိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့နိုင်ချေ နည်းပါးစေမည် ဆိုသည့်အချက်ကို သိရှိသဘောပေါက်ရမည်ဖြစ်ပါကြောင်း၊

697. ထို့ကြောင့် ရောဂါဖြစ်ပွားမှုများပြားသည့် နိုင်ငံများမှ ခရီးသွားများ ပြည်တွင်းသို့ဝင်ရောက်မှု နည်းနိုင်သမျှ နည်းပါးစေရေးအတွက် လုပ်ဆောင်ရန်ရှိသည်များကို မိမိအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများထံသို့ စာဖြင့်ပေးပို့ အကြံပြုထားခဲ့ပြီးဖြစ်ပါကြောင်း၊

698. အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များမှ ဝင်ရောက်လာသူများအား ရောဂါဖြစ်ပွားမှု များပြားသည့်နိုင်ငံများအလိုက် ယေဘုယျအားဖြင့် (၁၄) ရက်ကြာ အသွားအလာကန့်သတ်ခြင်း (Quarantine) အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

699. ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင် ထိရောက်မှုရှိစေရန်အတွက် - ကပ်ရောဂါဗေဒရှုထောင့်သုံးသပ်ဆန်းစစ်မှုအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ကလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့ကို ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ) ကလည်းကောင်း၊ ဆေးရုံပိုင်းကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆန်းစစ်သုံးသပ်မှုအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ကလည်းကောင်း၊ နိုင်ငံတကာဝင်၊ ထွက်ဂိတ်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး) ကလည်းကောင်း အသီးသီး တာဝန်ယူဦးဆောင်၍ စနစ်တကျစတင်ဆောင်ရွက် တော့မည်ဖြစ်ပါကြောင်း၊

## (၃၄/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၁၅) ရက်နေ့၊ (၂၀၂၀) ခုနှစ်

700. မိမိတို့နိုင်ငံ၌ ယခုလက်ရှိအချိန်အထိ ဓာတ်ခွဲအတည်ပြု COVID-19 ရောဂါဖြစ်ပွားသူ (၁) ဦးမျှ မတွေ့ရှိရသေးသော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားမှု၊ ပျံ့နှံ့မှုပုံစံနှင့် အခြေအနေအား ကပ်ရောဂါဗေဒရှုထောင့်မှ အနီးကပ် လေ့လာဆန်းစစ်သုံးသပ်လျက် ရှိပါကြောင်း၊

701. ထိုသို့လေ့လာသုံးသပ်ရာမှရရှိသော တွေ့ရှိချက်များအပေါ် မူတည်၍ မိမိတို့နိုင်ငံ၏ ရောဂါကူးစက်ခြင်း ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊

702. မိမိတို့အနေဖြင့် ပြည်သူများ ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေး၊ သေဆုံးမှုမရှိစေရေးတို့အတွက် ဆုံးဖြတ်ချက်များကို ပြတ်သားစွာ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

703. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အကြံပြုထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်လျက်ရှိသည့်အတွက် လူစုလူဝေးများနှင့် ပွဲလမ်းသဘင်များ များစွာလျော့ပါးသွားပြီဖြစ်သဖြင့် ရောဂါကူးစက်ပြန့်ပွားနိုင်ချေ နည်းပါးလာမည်ဖြစ်ပါကြောင်း၊

704. ထို့အပြင် ကူးစက်ရောဂါဖြစ်ပွားမှု မြင့်မားလျက်ရှိသော နိုင်ငံများမှခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်မှုနည်းပါးခြင်းဖြင့် မိမိတို့နိုင်ငံ၌ ရောဂါဝင်ရောက်ဖြစ်ပွားမှု နည်းပါးနိုင်ပါကြောင်း၊

705. သို့ဖြစ်ပါ၍ ယခုအချိန်တွင် ရောဂါဖြစ်ပွားမှုများပြားသော နိုင်ငံ (၇) ခုမှ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များအား စိစစ်၍ (၁၄)ရက်တာကာလ အသွားအလာကန့်သတ် (quarantine) ရန် ယနေ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုပုံစံများအရ လိုအပ်ပါက နိုင်ငံအရေးအတွက် ထပ်မံတိုးမြှင့်မည်ဖြစ်ပါကြောင်း၊

706. ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ပြည်သူများထံ ပန်ကြားချက်များကို ပြည်သူများအနေဖြင့် အလေးအနက်ထား မှတ်ယူပြီး လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊

707. ဤကဲ့သို့သော ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားသော ရောဂါများကို နှိမ်နင်းရာတွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ တွင် များစွာထိရောက်မှုရှိသဖြင့် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းပန်ကြားလိုပါကြောင်း၊

708. မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးနှီးနွှယ်ဝန်ထမ်းများ၊ ဓာတ်ခွဲဝန်ထမ်းများ၏ လုပ်ဆောင်ချက် စွမ်းရည်များနှင့် စိတ်စေတနာများကိုလည်း ယုံကြည်ပါကြောင်း၊

709. မိမိတို့ ဝန်ထမ်းများသည် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်းကောင်း၊ ဆေးရုံများ၌ ကုသမှုပေးသည့်ကိစ္စများ ဆောင်ရွက်ရာ၌လည်းကောင်း၊ အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများကို ဆေးရုံနှင့် ကျန်းမာရေးအဆောက်အဦများ၌ ထားရှိပြီး ကျန်းမာရေးဝန်ဆောင်မှု ပေးရာ၌လည်းကောင်း မိမိ၏ကိုယ်ပိုင်အရေးကဲ့သို့ သဘောထားကာ ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် ချီးကျူးဂုဏ်ယူပါကြောင်း၊

710. ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား ငွေအင်အား၊ ပစ္စည်းအင်အားများ အပါအဝင် ဝိုင်းဝန်းပံ့ပိုးမှုများ ပေးလျက်ရှိသော မြန်မာနိုင်ငံသူ/ သားများနှင့် ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများအား ပြည်သူများအားလုံး၏ ကိုယ်စားကျေးဇူးအထူးတင်ရှိပါကြောင်း၊

711. အလုပ်ပိတ်အခန်းနေရာများတွင် ရောဂါကူးစက်နိုင်ချေမြင့်မားသဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ YBS Aircon–bus များတွင် COVID–19 ကဲ့သို့သော အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများကူးစက်မှုလျှော့ချရေးကို အဖြေရှာရန်အတွက် သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

712. လှည်းကူးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်းနှင့် သိမ်ဖြူမြို့နယ်ရှိ အားကစား အဆောက်အဦများတွင် အသွားအလာကန့်သတ် (quarantine) ရန်အတွက် အသုံးပြုမည်ဖြစ် သဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်မည့် လူအင်အား၊ ပစ္စည်းအင်အားများကို ဖြည့်ဆည်း ဆောင်ရွက် ပြင်ဆင်လျက် ရှိပါကြောင်း၊

713. ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးဂိတ်များနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ကြီးများရှိ အဝေးပြေးကားဂိတ်များတွင် ခရီးသွားပြည်သူများအား COVID–19 ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းအား လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု ကာ ယခုထက် ပိုမိုအားထည့်၍ ကြေညာနှိုးဆော်ရမည်ဖြစ်ပါကြောင်း၊

714. ပြည်သူများတွင် COVID–19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာဗဟုသုတများ ရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှု အခြေအနေများကို အသုံးချသုတေသနပုံစံဖြင့် ဆန်းစစ်မှုများ ကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ ဆောင်ရွက်ထားသည်မှာ ကောင်းမွန်ပါကြောင်း၊ တွေ့ရှိချက်များကို မူတည်၍ မိမိတို့သည် လိုအပ်သလို ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများ ကို မွမ်းမံဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊

715. အဆိုပါ သုတေသနမှ ဆန်းစစ်မှု မေးခွန်းများအား တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေ၍ အထူးသဖြင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် သွားလာနေသူများအား ဆန်းစစ်စေ လိုပါကြောင်း၊

716. လက်ကိုစနစ်တကျ ဆပ်ပြာနှင့် ရေကိုအသုံးပြုဆေးကြောခြင်းသည် ရိုးရှင်းသည်ဟုထင်ရ သော်လည်း COVID–19 အပါအဝင် ကူးစက်ရောဂါအများအပြားကို ထိရောက်စွာကာကွယ်နိုင်

သဖြင့် ဝန်ကြီးဌာန၏တစ်ပြည်လုံးရှိ ဆေးရုံများတွင် လူနာနှင့် လူနာစောင့်များ လက်ဆေးကြော ရန် ဘေစင်နှင့် ရေရရှိမှုကို အမြန်ဆုံးဆောင်ရွက်ရန် မိမိညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

717. ဆောင်ရွက်ခြင်း ရှိမှု၊ မရှိမှု အခြေအနေကိုလည်း မိမိတို့ သုံးသပ်ပြီး တစ်ပြည်လုံးရှိ ဆေးရုံ များ၌ ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊

## (၃၅/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၁၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်

718. မြန်မာနိုင်ငံပြည်သူများတွင် COVID-19 ရောဂါကိုကာကွယ်ရေးနှင့် ပြည်သူများရောဂါ ဖြစ်ပွားသေဆုံးမှု မရှိစေရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး ဝန်ထမ်း များအားလုံးကို ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊

719. ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြတ်သား သော ဆုံးဖြတ်ချက်များ ချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

720. ရောဂါဖြစ်ပွားသော နိုင်ငံနှင့် နေရာဒေသများမှ ပြည်တွင်းသို့ ဝင်ရောက်သူများ နည်းပါး လာခြင်းဖြင့် ရောဂါဝင်ရောက်ကူးစက် ဖြစ်ပွားနိုင်ချေပါ လျော့နည်းလာမည်ဖြစ်ပါကြောင်း၊

721. ပြည်သူများမှ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းထားသည့် ပစ္စည်းကိရိယာများနှင့် လှူဒါန်းငွေများကို အကျိုးရှိထိရောက်စွာ အသုံးပြု သွားမည်ဖြစ်ပါကြောင်း၊

722. ယခုကဲ့သို့ ကျန်းမာရေးပြဿနာနှင့် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သူများ အားလုံးအကြား စနစ်တကျ ချိန်သားကိုက် ချိတ်ဆက် ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊

723. ဝန်ကြီးဌာနအနေဖြင့် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများ ပါဝင်သည့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးဌာန၏ အီးမေးလ်အစုဖွဲ့ (email group) ကိုဖွဲ့စည်းထားရှိပြီး ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

724. ထို့အပြင် ယခုကဲ့သို့ အင်တာနက်ကွန်ရက်ကို အသုံးပြုကာ Video conferencing ပုံစံဖြင့် ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ပုံမှန်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

725. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရေးအတွက် - ကပ်ရောဂါဗေဒ ရှုထောင့်မှ နိုင်ငံတကာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆန်းစစ်သုံးသပ်မှုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှုအဖွဲ့၊ ဆေးရုံပိုင်းကြိုတင်ပြင်ဆင်မှုနှင့် အသွားအလာ ကန့်သတ်ပိတ်ပင်ခြင်း လုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှုအဖွဲ့နှင့် နိုင်ငံတကာ ဝင်၊ ထွက် ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှုအဖွဲ့တို့အားဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊

726. COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် ပြည်သူ့ကျန်းမာရေးအပိုင်းမှ ဆောင်ရွက်နေမှုသည် အတိုင်းအတာတစ်ခုထိကျေနပ်ဖွယ်ရာရှိပြီး ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှုများ ပိုမိုအားထုတ်ဆောင်ရွက်ရန်သည် အရေးကြီးပါကြောင်း၊

727. COVID-19 ရောဂါလူနာများ ရောက်ရှိလာပါက ကုသမှုပေးနိုင်ရန်အတွက် ဖြစ်စဉ်အခြေပြု စားပွဲတင် လေ့ကျင့်ခန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်းကို ဆန်းစစ်သုံးသပ်မှုမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးကြစေလိုပါကြောင်း၊

728. ယခုအစည်းအဝေးတွင် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ တာဝန်ရှိသူများ၊ ရောဂါနှိမ်နင်းရေးပညာရှင်များ၊ ကုသရေးပါမောက္ခများ၊ ဝယ်ယူဖြန့်ဖြူးရေးတာဝန်ရှိသူများ စသည်ဖြင့် ကဏ္ဍစုံမှ ပါဝင်တက်ရောက်ကြသဖြင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ၊ အခက်အခဲများနှင့် အားနည်းချက်များကို ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊

729. ဝန်ကြီးဌာနမှ ရေးဆွဲထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်း အစီအစဉ်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုအခြေအနေများ အား ကမ္ဘာ့ကပ်ရောဂါ (Pandemic) ဟုကြေညာခဲ့မှုနှင့်အညီ လိုအပ်သလိုပြုပြင်မွမ်းမံ၍ စီမံချက်တစ်ခု ရေးဆွဲသွားရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

## (၃၆/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၁၇) ရက်နေ့၊ (၂၀၂၀) ခုနှစ်

730. ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါပျံ့နှံ့ကူးစက်မှု အရှိန်အဟုန်မြင့် များပြားနေသည့် ကာလအတွင်း မိမိတို့နိုင်ငံတွင်းသို့ အဆိုပါနိုင်ငံများမှ ဝင်ရောက်လာသော ခရီးသည်များအား အထူးအားထည့်၍ ရောဂါဖြစ်ပွားသူ ရှာဖွေခြင်းကိုလည်းကောင်း၊ ဝင်ရောက်လာသည့်

အရေးအတွက် နည်းနိုင်သမျှ နည်းပါးရမည် ဟူသော ခံယူချက်ဖြင့် မိမိတို့သည် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဆုံးဖြတ်ချက်များကို ပြတ်ပြတ်သားသား အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊

731. ကမ္ဘာအရပ်ရပ်ရှိ COVID-19 ရောဂါဖြစ်ပွားသောနိုင်ငံများ၌ ရောဂါကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းနည်းဗျူဟာများကို သုံးသပ်ကြည့်ရာ ၎င်းနိုင်ငံများ၌ လေယာဉ်ခရီးစဉ်များ ပိတ်ပင်ခြင်း၊ လျှော့ချခြင်း၊ မြို့များ၌ အဝင်၊ အထွက်ပိတ်ပင်ခြင်း၊ ကျောင်းများ ပိတ်ပင်ခြင်း၊ မရှိမဖြစ်ဆိုင်များမှလွဲ၍ အခြားဆိုင်များ ပိတ်ပင်ခြင်းနှင့် လူစုလူဝေးများ မလုပ်ရန် ပိတ်ပင်ခြင်းတို့ကိုလည်းကောင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ နိုင်ငံတစ်ခုမှ ဦးစီးကျင်းပသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များစွာ တက်ရောက်မည့် အစည်းအဝေးများ၊ ညီလာခံများ ပိတ်ပင်ခြင်းများကို လည်းကောင်း ပြတ်ပြတ်သားသား လုပ်ဆောင်နေသည်များကို တွေ့ရှိရပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့်လည်း ဖြစ်ပေါ်လာမည့် အခြေအနေပေါ်မူတည်၍ လိုအပ်လျှင် လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ ဗဟိုကော်မတီသို့ အကြံပြုတင်ပြဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

732. မိမိတို့နိုင်ငံတွင် COVID-19 ရောဂါဖြစ်ပွားသူမတွေ့ရှိရသေးသော ရောဂါကာကွယ် ထိန်းချုပ်နိုင်မည့် အခွင့်အလမ်း ပြတင်းပေါက်ဖွင့်ချိန်ကာလ (window of opportunity) (၂) လခွဲခန့် အတွင်း ထိရောက်စွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဤအခွင့်အလမ်း ပြတင်းပေါက်ဖွင့်ချိန် ကာလသည် အချိန်မရွေး ပိတ်သွားနိုင်သည်ဖြစ်၍ ဆေးရုံပိုင်းဆိုင်ရာ ပြင်ဆင်မှုလုပ်ငန်းများ၊ ပြည်သူများအား ဤရောဂါနှင့်ပတ်သက်၍ အသိပေးခြင်းများ၊ ပြည်သူများကိုယ်တိုင်ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများပေးအပ်ခြင်း စသည်များကို အဖက်ဖက်မှအအဆင်သင့် ဖြစ်စေရေးကို ယခု ထက်ပိုမိုအားထုတ် ဆောင်ရွက်ပါက ရေရှည်တွင် များစွာအကျိုးရှိမည် ဖြစ်ပါကြောင်း၊

733. မိမိတို့သည် ယခုအခါ video conferencing ဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်နေသဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်စွာ ပြီးစီးမည့်အပြင် လုပ်ဆောင်ထားရှိမှု အခြေအနေများ ထိရောက်မှုရှိ၊ မရှိကိုအချိန်နှင့် တစ်ပြေးညီ ဆန်းစစ်သုံးသပ်နိုင်ပြီ ဖြစ်ပါကြောင်း၊

734. ထိုသို့ video conferencing ပြုလုပ်ခြင်းဖြင့် ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေး ဝန်ထမ်းများအား ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အသိပညာများ ဖလှယ်နိုင်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများ၏ လိုအပ်ချက်များကို သိရှိပြီး ဖြည့်ဆည်းပေးနိုင်ခြင်း၊ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါကူးစက်မှု၊ ပြန့်ပွားမှုပုံစံ

အခြေအနေများကို ကပ်ရောဂါဗေဒရှုထောင့်မှ သုံးသပ်ပြီး အသိပေးနိုင်ခြင်း အစရှိသည့် အကျိုးများကိုရရှိခြင်းဖြင့် ဤရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊

735. COVID-19 ရောဂါထိန်းချုပ် ကာကွယ်နိုင်ရေးနှင့် ပတ်သက်၍ ပြည်သူများလိုက်နာ ကျင့်သုံးသင့်သည့် မှတ်သားရလွယ်ကူမည့် အချက်များကို ပြန်လည်စုစည်း ထုတ်ပြန်ပေးရမည်ဖြစ်ပါကြောင်း၊

736. COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိနားလည် သဘောပေါက်စေရန် ဤရောဂါနှင့် ပတ်သက်သည့် အမေးများသည့် မေးခွန်းများနှင့် အဖြေများ (Frequently Asked Questions) အား ပြန်လည်မွမ်းမံ ထုတ်ပြန်မည်ပါကြောင်း၊

737. မြန်မာနိုင်ငံအတွင်းရှိသော အကျဉ်းထောင်များမှ အကျဉ်းသားများအပြင် တိုက်ပွဲများဖြစ်ပွားနေဆဲရှိသည့် ဒေသများမှ တိုက်ပွဲရှောင်ဒုက္ခသည်စခန်းများမှ နေထိုင်သူများကိုပါ COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် လုပ်ငန်းလမ်းညွှန်ချက်များကို ပြုစု၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အမြန်ဆုံးပေးပို့ရမည်ဖြစ်ပါကြောင်း၊

738. ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးမတက်ရောက်မီတွင် Non-contact thermometer များဖြင့် နေ့စဉ် ကိုယ်အပူချိန် စစ်ဆေးနိုင်ခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများကို ယခုအချိန်ကာလ၌ ပိုမိုအားထည့် ဆောင်ရွက်စေလိုပါကြောင်း၊

739. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဖွင့်လှစ်မည့် သင်တန်းများ၊ လူများစွာတက်ရောက်မည့် အစည်းအဝေးကြီးများနှင့် ညီလာခံများအား တတ်နိုင်သမျှ လျှော့ချနိုင်ရေး (သို့မဟုတ်) ခေတ္တရပ်ဆိုင်းရေး (သို့မဟုတ်) tele conferencing (သို့မဟုတ်) video conferencing အသုံးပြုဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

740. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လက်ရှိအခြေအနေတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေး၍ တင်းကျပ်စွာဖြင့် လုပ်ဆောင်နေခြင်းခြင်းမှာ ပြည်သူတစ်ဦးတစ်ယောက်မျှ ရောဂါကူးစက် မဖြစ်ပွါးစေရေးနှင့် အသက်ဆုံးရှုံးမှု မရှိစေရေးတို့အတွက်ဖြစ်ပါကြောင်း၊

741. ဤရောဂါ အောင်မြင်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အဓိကအရေးကြီးသည့် အချက်ဖြစ်သည့် ပြည်သူများကိုယ်တိုင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းမှုကို ဆောင်ရွက်စေလိုပါကြောင်း၊

742. ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ အများအပြားသည် မဟာသင်္ကြန်ကာလအတွင်း ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ဆောင်သင့်သည်များကို ကြိုတင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဤကိစ္စရပ်သည် နိုင်ငံအတွက် အထူးအရေးကြီးသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ကိစ္စရပ်တစ်ရပ်ဖြစ်ပါကြောင်း၊

743. ထိုသို့ ပြန်လည်ဝင်ရောက်လာမည့်သူများအနေဖြင့် မိမိတို့၏ နေအိမ်တွင် တတ်နိုင်သမျှ နေထိုင်ရန်၊ သံသယရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန် စသည့်အချက်တို့အား တင်းကျပ်စွာ လိုက်နာဆောင်ရွက်ရန် အသိပေး နှိုးဆော်မှုများ ပြုလုပ်နိုင်ရန် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများအတွက် လက်ကမ်းစာစောင်များကို အဆင်သင့် ပြုစုထားမည်ဖြစ်ပါကြောင်း၊

744. ရွှေတိဂုံစေတီတော်ကြီးအပါအဝင် လူအများလာရောက်သည့် စေတီဘုရားများတွင် ရောဂါကူးစက်ဖြစ်ပွားခြင်းမှာ ကာကွယ်နိုင်ရန် Thermal Scanner များ၊ Non-contact thermometrer များ၊ ဆပ်ပြာနှင့် လက်ဆေးနိုင်သည့်နေရာများ၊ အရက်ပြန် အနည်းဆုံး(၆၀) ရာခိုင်နှုန်း ပါဝင်သည့် လက်သန့်စင်ဆေးရည် (Hand Sanitizer) များအား သက်ဆိုင်ရာ စေတီဘုရားဂေါပကအဖွဲ့များမှ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊

745. ဝန်ကြီးဌာနမှ ဝယ်ယူထားသည်နှင့် လှူဒါန်းလက်ခံရရှိသည့် ဆေးနှင့် ဆေးပစ္စည်း ကိရိယာများကို COVID-19 လူနာတွေ့ရှိပါက ထားရှိကုသရန် သတ်မှတ်ထားသော ဆေးရုံများနှင့် ရောဂါထိန်းချုပ်ကုသရေးအတွက် အချက်အခြာကျသော ဦးစားပေးနေရာများကို ဖြည့်ဆည်းမှုများသည် အရေးကြီးပါကြောင်း၊

**COVID-19 ရောဂါ ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြင်ဆင်ဆောင်ရွက်မှု အထူးအစည်းအဝေး**

**နေပြည်တော်၊ မတ်လ (၁၈) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

746. ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့် ဆရာမများ စသည့် ကဏ္ဍစုံမှ တာဝန်ရှိသူများနှင့် ယနေ့ ဒုတိယအကြိမ် Video Conferencing ပုံစံဖြင့် တစ်ပြိုင်တည်း၊ တစ်စုတစ်စည်းတည်း အပြန်အလှန် ဆွေးနွေးနိုင်ခြင်းဖြင့် လုပ်ငန်း ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုထိရောက် ကောင်းမွန်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်း အတွေ့အကြုံ ကောင်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ ပညာရှင်များ အချင်းချင်းဝေမျှနိုင်သည် ဖြစ်ပါ ကြောင်း၊

747. ယနေ့ Video Conferencing ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် (၄-၁-၂၀၂၀)ကတည်းကစတင်ခဲ့သော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကို တစ်ချိန်တည်း၊ တစ်စုတည်း ခြုံငုံသုံးသပ်ဆွေးနွေးနိုင်ခြင်းသည် မိမိတို့ ဝန်ကြီး ဌာန၏ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှု စွမ်းဆောင်ရည် မြင့်မားလာစေမည်မှာ သေချာ ပါကြောင်း၊

748. ပြဿနာ၊ အားနည်းချက်နှင့် စိန်ခေါ်မှုအရပ်ရပ်ကိုလည်း အချိန်နှင့် တစ်ပြေးညီ စုပေါင်းတိုင်ပင်၍ ဖြေရှင်းပေးနိုင်ပြီဖြစ်ပါကြောင်း၊ ရေရှည်တွင်လည်း မိမိတို့သည် ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်မျိုးစုံကို ဆွေးနွေးရန် Video Conferencing ကို ပုံမှန် တစ်ပတ်တစ်ခါ ပြုလုပ်တော့မည်ဖြစ်ပါကြောင်း၊

749. တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ဆေးရုံကြီးများမှ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း အတတ်နိုင် ဆုံး ချက်ချင်းဖြည့်ဆည်းမည် ဖြစ်ပါကြောင်း၊

750. မိမိအနေဖြင့် ဝန်ကြီးဌာနအဆင့်မှ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်မည်ဖြစ်ပြီး၊ ထပ်မံလိုအပ်သည်များကို COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီထံသို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

751. GAVI- the Vaccine Alliance ၏ Health system strengthening - 2 ရန်ပုံငွေမှ (၁၀) ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ (၁၀) သန်းကို ကို COVID-19 ရောဂါ

ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း အကြောင်းကြားလာခဲ့၍ ၎င်းရန်ပုံငွေများကို အသုံးချဆောင်ရွက်ရန် လုပ်ငန်းစီမံချက် အဆိုပြုလွှာတစ်ခုပြုစု ပေးပို့ကာ မိမိတို့ရရှိတော့မည်ဖြစ်ပါကြောင်း၊

752. ထို့အပြင် USAID မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ ပံ့ပိုးပေးထားသော ရန်ပုံငွေများထဲမှ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ (၇)သိန်းကိုလည်း ရယူအသုံးပြုနိုင်ရန် အကြောင်းကြားစာ ရရှိသည့်အတွက် မိမိတို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဆေးရုံ၏ လိုအပ်ချက်များ ပံ့ပိုးရာတွင်လည်းကောင်း အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊

753. ထိုသို့ ပံ့ပိုးကူညီပေးသော GAVI– the Vaccine Alliance နှင့် USAID အဖွဲ့တို့အားလည်း ကျေးဇူးတင်ရှိပါကြောင်း၊

754. ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော COVID–19 ရောဂါနှင့်ပတ်သက်၍ အမေးများသော မေးခွန်းနှင့် အဖြေများကို နောက်ဆုံးထွက်လာသော အချက်များနှင့်အညီ ပြုပြင်မွမ်းမံ၍ ထုတ်ဝေသွားရမည်ဖြစ်ပါကြောင်း၊

755. ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များဖြစ်သည့် (က) အမျိုးသားအဆင့် လုပ်ငန်းချိတ်ဆက်ဆောင်ရွက်မှု၊ (ခ) ပြည်သူများနှင့် သက်ဆိုင်သူအားလုံးထံ လက်ရှိအခြေအနေနှင့် လုပ်ဆောင်ရမည်များအား ပြန်ကြားဆက်သွယ်ခြင်း၊ (ဂ) ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်း၊ (ဃ) ကုသမှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်း၊ (င) ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ခြင်း၊ (စ) သံသယရောဂါလက္ခဏာရှိသူများအား ရှာဖွေခြင်း၊ (ဆ) အမျိုးသားအဆင့် ဓာတ်ခွဲခန်း၏ စွမ်းရည်မြှင့်တင်ခြင်း၊ (ဇ) ဆေးနှင့်ဆေးပစ္စည်းများ မပြတ်မလပ်ဖြစ်စေရန် စီမံခန့်ခွဲခြင်း၊ (ဈ) မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများ မပြတ်တောက်စေရေး ဆောင်ရွက်ခြင်း အကြံပြု ပြောကြားချက်များကိုလည်း မိမိတို့ဝန်ကြီးဌာနမှ လုပ်ဆောင်ပြီးဖြစ်ပါကြောင်း၊

756. ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူများမှ ပါဝင်လှူဒါန်းနေသည့် ဆေးနှင့်ဆေးပစ္စည်းများအား အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနတွင် အဖွဲ့တစ်ခုဖွဲ့စည်းပြီး စနစ်တကျစာရင်းပြုစုကာ ခွဲဝေဖြန့်ဖြူးဆောင်ရွက်လျက်ရှိပါကြောင်း၊

757. အထူးကြပ်မတ်ကုသဆောင် (ICU) များတွင် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် မေ့ဆေးပညာပါမောက္ခများမှ လတ်တလော လိုအပ်ချက်အတွက်သာမက ရေရှည်ကာလအတွက်ပါ ထည့်သွင်းစဉ်းစား၍ အကြံပြုသည်များကို မိမိတို့ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

758. ယခုအချိန်တွင် ပြည်သူများအနေဖြင့် အရေးအကြီးဆုံး အလေးထားဆောင်ရွက်ရန်မှာ လူစုလူဝေး ရှောင်ကြဉ်ခြင်း၊ ရောဂါကာကွယ်ရေး နည်းလမ်းများဖြစ်သည့် လက်ကို (၁၅ မှ ၂၀) စက္ကန့်ခန့် အချိန်ယူ၍ သေချာစွာ စနစ်တကျ ပွတ်တိုက်ဆေးကြောခြင်းနှင့် ဆေးကြောထားခြင်းမရှိသော လက်ဖြင့် မျက်နှာအား ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ သတင်းအချက်အလက်မှန်များကိုသာ တိုက်ဆိုင်စစ်ဆေးရယူခြင်း တို့ကိုလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊

759. ဝန်ကြီးဌာန၏ ဝန်ထမ်းများ အနေဖြင့်လည်း ပွင့်လင်းမြင်သာစွာဖြင့် သတင်းအချက်အလက်မှန်များကို ပြည်သူများ အသုံးပြုမှုများပြားသည့် လူမှုရေးကွန်ရက်မှ ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊ ဤအချက်သည် COVID-19 ရောဂါကာကွယ်ထိန်းချုပ်မှုအတွက် အလွန်အရေးကြီးသည့် နည်းဗျူဟာတစ်ခု ဖြစ်ပါကြောင်း၊ ဤသို့ ပြုလုပ်ခြင်းအားဖြင့် မမှန်သတင်းများနှင့် ကောလာဟလသတင်းများ အလိုအလျောက် ပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း၊

760. ထို့အပြင် ယခုအချိန်ကာလတွင် ရောဂါဖြစ်ပွားမှုများပြားသော နေရာဒေသ၊ နိုင်ငံများမှ ပြည်တွင်းသို့ဝင်ရောက်မှုများ နည်းပါးခြင်းဖြင့် ရောဂါဝင်ရောက်ဖြစ်ပွားနိုင်ချေလည်း နည်းပါးလာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပြတ်သားစွာဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

761. ရောဂါဖြစ်ပွားပါက ပြင်းထန်စွာဖြစ်ပွားပြီး သေဆုံးနိုင်ချေများသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချို၊ ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါနှင့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် ယခုကာလအတွင်း တတ်နိုင်သမျှ အပြင်ထွက်သွားလာခြင်းကို ရှောင်ကြဉ်ကြပြီး မိမိနှင့် သင့်တော်ရာ ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်ကြစေလိုပါကြောင်း၊

762. ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများအား မှတ်တမ်းများ ထားရှိခြင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် စာရွက်စာတမ်းများကို ပင်မဖိုင်တစ်ခုစီ ပြုလုပ်စုစည်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

763. ဝန်ကြီးဌာနမှ ရေးဆွဲထားရှိသော COVID-19 အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက် (contingency plan) ကိုလည်း လက်တွေ့မြေပြင် အခြေအနေနှင့် အကိုက်ညီဆုံး ဖြစ်စေရေးအတွက် ရက်ပိုင်းအတွင်း အပြီးသတ်ရေးဆွဲရမည်ဖြစ်ပါကြောင်း၊

764. ဆေးရုံများတွင် အောက်စီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆန်းစစ်ခြင်းကို အမြန်ဆုံးပြုလုပ်၍ လိုအပ်သည်များကို ချက်ချင်းပံ့ပိုးပေးရမည် ဖြစ်ပါကြောင်း၊

765. နေရပ်စွန့်ခွာရသူများ ခေတ္တနေထိုင်ရာစခန်း (IDP Camp) များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခု Video Conferencing သို့ တက်ရောက်လျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများမှ ပံ့ပိုးဆောင်ရွက်မည် ဖြစ်ပါကြောင်း၊

766. မိမိတို့ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုရေးကွန်ရက်တွင် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ပြည့်စုံစွာ ဖော်ပြထားရှိပါကြောင်း၊

767. ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ပြတ်သားစွာ ဆောင်ရွက်နေသော အခြားနိုင်ငံများမှသာဓက နမူနာများရယူ၍ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်လာသော အခြေအနေနှင့်အညီ လိုအပ်သည်များအား ပြတ်သားစွာ ဆုံးဖြတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊

768. တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရုံးချုပ်၊ အမေရိကန် CDC စသည့် အင်တာနက်စာမျက်နှာများကို ပုံမှန်ကြည့်ရှုကာ သတင်းအချက်အလက်များ ရယူနေရမည် ဖြစ်ပါကြောင်း၊

769. တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးစီးဌာနမှူးများအနေဖြင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များကို မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုက်ညီသော လုပ်ငန်းစဉ်များအဖြစ် မွမ်းမံကာ တာဝန်များ တိကျစွာ ခွဲဝေသတ်မှတ်၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

770. မိမိတို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်း၏ အဓိက ရည်မှန်းချက်မှာ ပြည်သူ တစ်ဦးတစ်ယောက်တွင်မျှ ရောဂါမဖြစ်ပွားစေရေးနှင့် သေဆုံးမှု မရှိစေရေးတို့ ဖြစ်သည် ဆိုသည့်အချက်ကို ပြည်သူများ သိရှိစေခြင်းဖြင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူစေလိုပါကြောင်း၊

771. ယနေ့ အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ပိုမိုကောင်းမွန်ထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် အကြံပြုချက်များကို ပွင့်လင်းစွာဖြင့် အခြေအနေမှန်ကို ပြောကြားကြစေ လိုပါကြောင်း ပြောကြားခဲ့ပါသည်။

## (၃၇/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၀) ရက်နေ့၊ (၂၀၂၀) ခုနှစ်

772. ယခုကဲ့သို့ Video conferencing ပုံစံဖြင့် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အားလုံးပါဝင် ဆွေးနွေးနိုင်ခြင်းဖြင့် လုပ်ငန်းချိတ်ဆက် ဆောင်ရွက်မှုများ ပိုမိုအားကောင်းခြင်း၊ ကဏ္ဍစုံ မှ လုပ်ငန်းသဘော သဘာဝများကို သိရှိညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ နောက်ဆုံးရ သတင်း အချက်အလက်များကို ဝေမျှနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊

773. ဝန်ကြီးဌာနအနေဖြင့် အစည်းအဝေးပွဲကြီးများ၊ ပွဲလမ်းများ ပြုလုပ်ခြင်းကို ယခုကာလ အတွင်း ရပ်ဆိုင်းထားပြီး ယခုကဲ့သို့ Video Conferencing များပြုလုပ်ခြင်းနှင့် အီးမေးလ် အစုအဖွဲ့ (email group)၊ အင်တာနက်ကွန်ရက် အသုံးပြုချိတ်ဆက်မှုများဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊

774. ယခုလက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါဖြစ်ပွားမှုများ ကျဆင်းလာလျက်ရှိသော်လည်း ဖြစ်ပွားသည့် နိုင်ငံအရေအတွက်နှင့် နိုင်ငံအချို့တွင် ရောဂါဖြစ်ပွားသေဆုံးမှု အရေအတွက်များသည် တစ်နေ့တစ်ခြား တိုးမြင့်လာလျက်ရှိပါကြောင်း၊

775. မိမိအနေဖြင့် ဖေဖော်ဝါရီလလယ်ပိုင်းကတည်းက မကြာခဏ ပြောကြားနေသကဲ့သို့ မိမိတို့နိုင်ငံသို့ COVID-19 ရောဂါ အချိန်မရွေး ဝင်ရောက်ဖြစ်ပွားနိုင်သည်ဟု ခံယူကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊

776. ယခုကဲ့သို့ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများတွင် မိမိပြောကြားခဲ့သော အချက်များတွင် နောက်ဆုံးရအချက်အလက်များ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ ပါဝင်ပါကြောင်း၊

777. တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဌာနများ၊ ဆေးရုံများအနေဖြင့် အဆိုပါ အချက်များကို မိမိတို့၏ နေရာဒေသ၊ ဌာန အခြေအနေ အရပ်ရပ်နှင့်ကိုက်ညီရန် မွမ်းမံ၍ မိမိတို့နိုင်ငံတွင်းသို့ ရောဂါဝင်ရောက်ခြင်း မရှိစေရန်နှင့် ရောဂါဝင်ရောက်လာပါကလည်း ထပ်မံပြန့်ပွားမှုမရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

778. COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူတစ်ဦးတွေ့ရှိပါက လူနာနှင့်ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်း (contact tracing) ကာ အသွားအလာ ကန့်သတ်ခြင်း (quarantine) ဆောင်ရွက်ရန်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်စသည် တို့ကို စနစ်တကျ ဖြစ်စေရေးအတွက် လုပ်ငန်းအဆင့်ဆင့်ကို စံပြုပုံစံ (flow chart) ရေးဆွဲကာ ဖြန့်ဝေထားရှိရမည် ဖြစ်ပါကြောင်း၊

779. ယခင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါအဓိပ္ပာယ် သတ်မှတ်ချက်နှင့်အညီ ရောဂါဖြစ်ပွားရာနေရာဒေသမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာပြီး သံသယရောဂါလက္ခဏာ ရှိသူများ၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ပြီး သံသယရောဂါ လက္ခဏာရှိသူများကိုသာ COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးခဲ့ရာမှ ယခုအခါတွင် မိမိတို့နိုင်ငံ၌ အဆိုပါ လူနာများကိုသာမက ပြောင်းလဲလာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါအဓိပ္ပာယ်သတ်မှတ်ချက်နှင့်အညီ ခရီးသွားရာဇဝင်နှင့် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိစေကာမူ သံသယလက္ခဏာများရှိပါက ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်ပါကြောင်း၊

780. ထိုသို့ COVID-19 ရောဂါ ခာတ်ခွဲစစ်ဆေးမှုများကို ပိုမိုကျယ်ပြန့်စွာတိုးမြှင့် လုပ်ဆောင်နေသည်ကို ပြည်သူများ သိရှိရန်လိုအပ်ပါကြောင်း၊

781. တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဆေးရုံတွင် လုပ်ဆောင်ရန်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြတ်သားစွာ ဆုံးဖြတ်ချက်ချ လုပ်ဆောင်ရန်ဖြစ်ပါကြောင်း၊ မူဝါဒရေးရာကိစ္စရပ်များကိုသာ ဗဟိုအဆင့် တာဝန် ရှိသူများထံ တင်ပြရန်ဖြစ်ပါကြောင်း၊

782. ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့် ရန်ပုံငွေနှင့် လှူဒါန်းလက်ခံရရှိငွေများကို ယနေ့ပင် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေချထားမည်ဖြစ်ပါကြောင်း၊

783. အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အသက်ရှူစက်များအပါ အဝင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများနှင့် ပတ်သက်၍ လိုင်စင်လုပ်ငန်းများကို အထူးဦးစား ပေးအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

784. ပြည်ပနိုင်ငံများမှပြန်လာမည့် မဟာသင်္ကြန်ကာလအတွက် မြန်မာနိုင်ငံသား အများ အပြားအား လိုအပ်ပါက အသွားအလာကန့်သတ်ခြင်း (quarantine) ဆောင်ရွက်နိုင်ရန် အတွက် အဆောက်အဦနေရာများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အစိုးရ အဖွဲ့များ၏ ပံ့ပိုးမှုဖြင့် စီစဉ်နေမှုများကို ဆက်လက်လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊

785. ရောဂါဖြစ်ပွားသေဆုံးမှုများပြားသော နိုင်ငံအရေအတွက်လည်း တိုးတက်လာသည် ဖြစ်၍ ပြည်တွင်းသို့ ဝင်ရောက်လာသူများကို အသွားအလာကန့်သတ်မှု နိုင်ငံစာရင်းကို ထပ်မံတိုးမြှင့်ရမည် ဖြစ်ပါကြောင်း၊

786. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ အတွက် လုပ်ငန်းလမ်းညွှန်များကို Mobile Tablet များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးသွားရမည် ဖြစ်ပါကြောင်း၊

787. ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင် သည့် နိုင်ငံများ၏ သာဓကများကို ဆန်းစစ်ရာတွင် ပြည်သူများကိုယ်တိုင် ရောဂါ

ကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်သည်ကို တွေ့ရှိရပါကြောင်း၊

788. မိမိတို့နိုင်ငံတွင် ပြည်သူများ အထူးသဖြင့် ရောဂါဖြစ်ပွားပါက ပြင်းထန်ပြီး၊ အသက်သေဆုံးနိုင်ချေ များပြားသော အသက်အရွယ်ကြီးသူများနှင့် ကင်ဆာ၊ နာတာရှည်အဆုတ်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါအပါအဝင် အခြားအခံရောဂါရှိသူများအနေဖြင့် တတ်နိုင် သမျှ မိမိနေအိမ်တွင်သာ နေထိုင်ပါရန်၊ လူစုလူဝေးကို ရှောင်ကြဉ်ရန်တို့ကို တိုက်တွန်း နှိုးဆော်လိုပါကြောင်း၊

## (၃၈/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၂) ရက်နေ့၊ (၂၀၂၀) ခုနှစ်

789. ယခုအခါ COVID-19 ရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်း (၁၈၅) သို့ ကူးစက်ပြန့်ပွားနေပြီး ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အများအပြားသည် ပြည်တွင်းသို့ ဝင်ရောက်နေပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်းသို့ ရောဂါဝင်ရောက် ဖြစ်ပွားနိုင်ချေသည် ပိုမိုမြင့်မားလာပါကြောင်း၊

790. ပြန်လည်ဝင်ရောက်လာကြသူများသည် အလွန်များပြားသဖြင့် ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်ခြင်း (facility quarantine) ကို ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ နေအိမ်များတွင် အသွားအလာကန့်သတ်ခြင်း (home quarantine) ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

791. ထိုသူများအနေဖြင့် သတ်မှတ်ထားသည့် အချက်များကို အသိစိတ်ဓာတ်ရှိစွာဖြင့် တိကျစွာလိုက်နာကာ (၁၄) ရက်တာ ကာလအထိ နေအိမ်တွင် အသွားအလာ ကန့်သတ်နေထိုင်ရမည် ဖြစ်ပါကြောင်း၊

792. သို့မှသာ ရောဂါဖြစ်ပွားမှု ရှိပါက ချက်ချင်းသိရှိကာ လျင်မြန်စွာ ကုသမှုပေးနိုင်မည် ဖြစ်ပြီး မိမိ၏ မိဘ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများကို ရောဂါမကူးစက်စေရန် ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်မည် ဖြစ်ကြောင်းကို ၎င်းတို့အား သေချာစွာ ပြောကြားအသိပေးရမည်ဖြစ်ပါကြောင်း၊

793. နေအိမ်များတွင် အသွားအလာကန့်သတ်နေထိုင်သူများအနေဖြင့် နေ့စဉ် သက်ဆိုင်ရာကျန်းမာရေးဌာနသို့ တယ်လီဖုန်းဖြင့် မဖြစ်မနေ သတင်းပေးပို့ရမည် ဖြစ်ပါကြောင်း၊

794. လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆောင်ရွက်ခြင်း ရှိ၊မရှိကိုလည်း ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများက ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

795. ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ညှိနှိုင်းပြီးသည်ဖြစ်၍ ဟိုတယ်အချို့ကို အသွားအလာကန့်သတ်ပြီး စောင့်ကြပ်ကြည့်ရှုမည့် နေရာအဖြစ် သတ်မှတ်ပြီး ဟိုတယ်များ၌ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းကို ဆောင်ရွက်ရန် စတင်လုပ်ဆောင်နေပြီ ဖြစ်ပါကြောင်း၊

796. မန္တလေးတိုင်းဒေသကြီးတွင်လည်း အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရန် နေရာများကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊

797. နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်နေမှုများကို အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)နှင့် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) တို့ပါဝင်သည့်အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊

798. နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ကြေညာထားသော COVID-19 ရောဂါကူးစက်ပြန့်ပွားလျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ကုလသမဂ္ဂအဖွဲ့နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို သက်ဆိုင်ရာနေအိမ်များတွင်သာ နေထိုင်စေ၍ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လိုက်နာရန်အချက်များကို တိတိကျကျ လိုက်နာရန် မှာကြားထားပြီး ဖြစ်ပါကြောင်း၊

799. COVID-19 ရောဂါကြောင့် သေဆုံးမှုရာခိုင်နှုန်းသည် စတင်ဖြစ်ပွားစဉ်ကာကဦ (၂.၁) ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း ယခုအခါ ရောဂါကြောင့်သေဆုံးမှု ရာခိုင်နှုန်းသည် (၄.၂) ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရ၍ မိမိတို့အနေဖြင့် COVID-19 ခါတ်ခွဲ အတည်ပြုလူနာများကိုတွေ့ရှိပါက ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင် ပြင်ဆင်မှုများကို ပိုမိုအားစိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊

800. ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူ ဖြန့်ဖြူးရေးလုပ်ငန်းများ၊ အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများနှင့် ဤရောဂါနှင့် ပတ်သက်၍ အရေးကြီးသည့် ကိစ္စများကို ပိုမိုတိကျစွာ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက် နိုင်စေရေးအတွက် "ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာန (Command Center) များကို ဝန်ကြီးဌာန၊ ရုံးအမှတ် (၄)တွင်တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးနှင့် ကုသရေးဦးစီးဌာနတွင် တစ်ခု၊ နယ်စပ် ဝင်၊ ထွက်ပေါက်နေရာများအတွက် တစ်ခု ထားရှိကာ (၂၃-၃-၂၀၂၀) ရက်နေ့မှ စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

801. အဆိုပါ (Command center)များတွင် ခေတ်မှီဆက်သွယ်ရေးနည်းပညာများ အသုံးပြု ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး ဌာနခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန စသည့် ကဏ္ဍ များမှ တာဝန်ရှိသူများ အပါအဝင် အထောက်အကူပြုအဖွဲ့များပါဝင်ကာ တစ်ရက်လျှင် အဆိုင်း (၃) ဆိုင်းဖြင့် အလှည့်ကျ တာဝန်ထမ်းဆောင်တော့မည် ဖြစ်ပါကြောင်း၊

802. ဝယ်ယူဖြန့်ဖြူးရေးကဏ္ဍအနေဖြင့် (က) လက်ဝယ်တွင်ရှိသော ဆေးနှင့်ဆေးပစ္စည်း များ၊ (ခ) မှာယူရရှိရန်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ၊ (ဂ) လှူဒါန်းရရှိမှုမှ ရရှိသော ဆေး နှင့် ဆေးပစ္စည်း ခွဲဝေချထားမှုများကို စနစ်တကျ ဆန်းစစ်သုံးသပ်နိုင်ရေးအတွက် dashboard များ ပြုလုပ်ထားရှိ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အချိန်နှင့် တစ်ပြေးညီ စတင်ဆောင်ရွက်လျက် ရှိပါကြောင်း၊

803. COVID-19 ရောဂါကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်များချမှတ် ဆောင်ရွက် ရန်မှာ အချိန်နှင့်အမျှ အရေးကြီးသဖြင့် မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့် (delegation of authority)

ကို ယမန်နေ့ကစတင်၍ အပြည့်အဝပေးအပ်ထားပါကြောင်း၊ ဆုံးဖြတ်ချက်ချ လုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်ပြီး ဗဟိုအဆင့် (Command Center)သို့ သတင်းပေးပို့ရမည် ဖြစ်ပါကြောင်း၊

804. ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်တို့တွင် တစ်နိုင်ငံလုံးသို့ ရောက်ရှိရန် ခက်ခဲသဖြင့် တစ်နိုင်ငံလုံးမှ ပြည်သူများသိရှိရန်အတွက် မြို့နယ်နှင့် ကျေးလက်တောရွာများတွင် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဌာနတို့ ပူးပေါင်း၍ လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြုကာ ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊

805. မြန်မာနိုင်ငံမှ သက်ဆိုင်ရာ နေရပ်နိုင်ငံများသို့ ပြန်လည်သွားရောက်လိုသည့် သံရုံးဝန်ထမ်းများနှင့် ကုလသမဂ္ဂ ဝန်ထမ်းများအတွက် ယခုလက်ရှိတွင် COVID-19 ရောဂါလက္ခဏာများ မရှိကြောင်း ထောက်ခံချက်ကိုလည်း ပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊

806. ယခုလက်ရှိတွင် ဖွံ့ဖြိုးတိုးတက်မှုအမြင့်မားဆုံးသော အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင်လည်း ရောဂါကူးစက်ဖြစ်ပွား သေဆုံးနှုန်းများ မြင့်မားနေသည်ကို တွေ့ရှိနေရပါကြောင်း၊

807. မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှာလည်း ယခုရက်ပိုင်းအတွင်း ရောဂါကူးစက်ပြန့်ပွားမှုများ များပြားလာကာ သေဆုံးမှုများလည်း မြင့်တက်လာသဖြင့် မိမိအနေဖြင့် မိမိတို့နိုင်ငံသို့ ဝင်ရောက်လာမည်ကို အထူးစိုးရိမ်မိပါကြောင်း၊

808. ပြည်သူများအနေဖြင့် COVID-19 ရောဂါ၏ မိမိတို့နိုင်ငံအပေါ် ရိုက်ခတ်နိုင်သော အခြေအနေ အတိမ်အနက်ကိုသိရှိကာ ပေါ့လျော့ခြင်း လုံးဝမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှထုတ်ပြန်ထားသည့် အချက်များကို စနစ်တကျ လိုက်နာကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

## (၃၉/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၃) ရက်နေ့၊ (၂၀၂၀) ခုနှစ်

809. ယခု Video Conferencing သို့ ဆွေးနွေးတင်ပြညှိနှိုင်းရန် တက်ရောက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြုပညာရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအားလုံးသည် ပြည်သူများတွင် COVID-19 ရောဂါ မရရှိစေရေးနှင့် ဖြစ်ပွားပါက ထိရောက်စွာ ကုသနိုင်ရေးအတွက် နေ့မအား ညမအား ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊

810. ယခုကဲ့သို့ Video Conferencing ပြုလုပ်ခြင်းဖြင့် လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ ချက်ချင်းပံ့ပိုးနိုင်သည်ဖြစ်သည့်အတွက် မိမိတို့၏ လုပ်ငန်းများနှင့် ပြည်သူများအား ဝန်ဆောင်မှုပေးခြင်းကိစ္စများသည် ပိုမိုထိရောက်မည်မှာ သေချာပါကြောင်း၊

811. ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း (၁၈၆) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု ရှိနေပြီဖြစ်သည့်အပြင် နိုင်ငံတွင်းကူးစက်မှု (local transmission) ရှိနေသည့် အိမ်နီးချင်းနိုင်ငံနှင့် အခြားနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများသည် နိုင်ငံအတွင်းသို့ အစုလိုက်အပြုံလိုက် ပြန်လည်ဝင်ရောက်လျက်ရှိသဖြင့် ရောဂါဝင်ရောက်ကူးစက်ဖြစ်ပွားနိုင်ချေသည် အလွန်မြင့်မားနေသည့် အခြေအနေ ဖြစ်နေပါကြောင်း၊

812. မိမိတို့အနေဖြင့် နိုင်ငံတွင် ကပ်ရောဂါ ဝင်ရောက်ဖြစ်ပွားတော့မည် (imminent epidemic) ဟု သဘောထားကာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

813. မိမိတို့နိုင်ငံတွင် COVID-19 ရောဂါခံတက်ခွဲအတည်ပြု လူနာတစ်ဦးတွေ့ရှိပါက ကုသမှုပေးရန်၊ ရောဂါပြန့်ပွားမှု မရှိစေရေးထိန်းချုပ်ရန်တို့အတွက် လုပ်ငန်းအစီအစဉ်အဆင့်ဆင့် (flow chart) ကို နောက်ဆုံးရ ကုထုံးအချက်အလက်များနှင့်အညီ မွမ်းမံရေးဆွဲပြီးဖြစ်သည့်အတွက် ဆေးရုံများ နှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေတော့မည် ဖြစ်ပါကြောင်း၊

814. ရောဂါဖြစ်ပွားကူးစက်ရာနိုင်ငံများမှ ပြည်တွင်းသို့ ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်ခြင်း (quarantine) ပြုလုပ်နိုင်ရန်အတွက် နေရာများကိုလည်း စီစဉ်လျက်ရှိရာ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင် များအသင်းတို့ထံမှ ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုများ ရရှိနေသဖြင့်

အသွားအလာ ကန့်သတ်ခြင်း (quarantine)လုပ်ငန်းစနစ်တကျ ဆောင်ရွက်ရန်များစွာအထောက်အကူဖြစ်လျက်ရှိပါကြောင်း၊

815. ရောဂါဖြစ်ပွားရာ နိုင်ငံများမှ ပြန်လာကြသူများ၊ ရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းကို မိမိတို့ ဝန်ကြီးဌာနမှ မဖြစ်မနေ ဆောင်ရွက်ခြင်းဖြင့် ရောဂါဝင်ရောက်ဖြစ်ပွားပျံ့နှံ့မှုရှိရန် အလားအလာ နည်းသွားမည် ဖြစ်ပါကြောင်း၊

816. COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားပြီး (၂) လကျော်ကြာ အချိန်၌ ရောဂါဖြစ်ပွားပြီး ကောင်းစွာ ထိန်းချုပ်နိုင်သော နိုင်ငံများ၏ အတွေ့အကြုံအရ (၁၄) ရက်တာကာလ အသွားအလာ ကန့်သတ်ခြင်း (quarantine) နည်းဗျူဟာသည် အလွန်ထိရောက်သည်ကို တွေ့ရှိရပါကြောင်း၊

817. မိမိတို့ ဝန်ကြီးဌာနမှ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ဆောင်ရွက်ရာတွင် ရောဂါကူးစက်ပြန့်ပွားမှု များပြားပြီး နိုင်ငံတွင်း ကူးစက်မှုရှိသော နေရာဒေသ၊ နိုင်ငံများမှ ပြန်လာခြင်း၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ခြင်းနှင့် ရောဂါဖြစ်ပွားကူးစက်မှုနည်းပါးသောနိုင်ငံမှ ပြန်လာခြင်း စသည့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်များအပေါ်မူတည်၍ (၁၄) ရက်တာကာလ သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိ အသွားအလာကန့်သတ်ခြင်း (facility quarantine) (သို့မဟုတ်) နေအိမ်တွင်ထားရှိ အသွားအလာ ကန့်သတ်ခြင်း (home quarantine) တို့ကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

818. နယ်စပ် ဝင်ပေါက်များမှ ဝင်ရောက်လာသူများအား တကွဲတပြားမဖြစ်စေဘဲ တစ်စု တစ်စည်းတည်း ဘတ်စ်ကားများဖြင့် သက်ဆိုင်ရာနေရပ် အသီးသီးသို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

819. ထိုသို့ ပို့ဆောင်ရာတွင်လည်း ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများကို ခရီးစဉ်တစ်လျှောက်လုံး လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် လက်ကမ်းစာစောင်နှင့် ပိုစတာများပံ့ပိုးပေးမည် ဖြစ်ပါကြောင်း၊

820. မိမိတို့အနေဖြင့် ထိုသို့ဆောင်ရွက်နေခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ အကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ကို နေရပ်ပြန်လာသူများနှင့် ပြည်သူများအားလုံးက သိရှိရန်လိုအပ်ပြီး၊ ထိုသို့ပြန်ရောက်လာသူများ အနေဖြင့်လည်း ကိုယ်တိုင် ရောဂါဖြစ်ပွားလာပါကလည်း ချက်ချင်းကုသမှုခံယူနိုင်ရေးနှင့် မိမိမှ မိမိ၏ မိဘ၊ မိသားစုနှင့် ပတ်ဝန်းကျင်သို့ ရောဂါ

ကူးစက်ခြင်းမျိုး မရှိစေရေးတို့အတွက် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ပြုလုပ်ခြင်းကို တိကျစွာ လိုက်နာဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊

821. ထိုသို့ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိကိုလည်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများက ရပ်ရွာနေ ပြည်သူများနှင့် ပူးပေါင်းကာ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

822. COVID-19 ရောဂါသည် အလွန်ကူးစက်ပြန့်ပွားမှု မြန်ဆန်သော ရောဂါဖြစ်ပြီး အီတလီနိုင်ငံကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးသော နိုင်ငံမျိုးတွင်ပင် ရောဂါကို ထိန်းချုပ်ရန် အလွန်ခက်ခဲနေပြီး ရောဂါကြောင့် သေဆုံးမှုများ မြင့်မားများပြားလျက် ရှိသည်ကိုလည်း သတိပြုကြရန် လိုအပ်ပါကြောင်း၊

823. ရောဂါဖြစ်ပွားရာ နိုင်ငံများမှ ပြန်ရောက်လာကြသူများအနေဖြင့် လူစုလူဝေးများနိုင်သည့် အလှူပွဲကြီးများ ပြုလုပ်ပါက မြန်မာနိုင်ငံ ပြည်သူများထံသို့ ရောဂါကူးစက်ပြန့်ပွား စေရန် အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းနှင့် တူသဖြင့် မလုပ်ဆောင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း၊

824. ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်တို့နှင့် အလှမ်းဝေးသော ကျေးလက်ဒေသများတွင် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု၍ ဖြန့်ဝေပေးပါက အလွန်အကျိုးရှိမည့် နည်းဗျူဟာတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများက ဤနည်းဗျူဟာအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

825. ယခုကဲ့သို့ ကျန်းမာရေးပြဿနာ၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ ဖြစ်စေရေးအတွက် ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆေးရုံများအားလုံးမှ လုပ်ဆောင်နေမှုများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေးဝန်ကြီးများမှ လုပ်ဆောင်နေမှုများ အားလုံးကို အပြန်အလှန်သိရှိ ဝေမျှကြရမည်ဖြစ်ပါကြောင်း၊

826. ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ အနေဖြင့် မိမိတို့ ကျန်းမာရေးဝန်ထမ်းများအား တာဝန်ခွဲဝေချထားရာ၌ စနစ်တကျ သာတူညီမျှ ခွဲဝေခြင်း (proper and balanced division of labour) ကို လုပ်ဆောင်စေလိုပါကြောင်း၊

827. ယနေ့မှစတင်၍ ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာန (Command Center) များ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်သဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အချိန်နှင့်

တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ဆေးရုံများ၏ လိုအပ်ချက်များကို ပံ့ပိုးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စိန်ခေါ်မှု အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းခြင်းတို့ကို လုပ်ဆောင်နိုင်ပြီ ဖြစ်ပါကြောင်း၊

828. ဤ ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာန (Command Center) မှ ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့က တိုင်းဒေသကြီး/ ပြည်နယ်များမှ ပေးပို့သော သတင်းအချက်အလက်များကို စောင့်ဆိုင်းလက်ခံသည်သာမက မိမိတို့ကိုယ်တိုင်က စတင်ဦးဆောင်၍ လိုအပ်ချက်နှင့် အခြေအနေများကို ဆက်သွယ်မေးမြန်းရမည် ဖြစ်ပါကြောင်း၊

829. COVID-19 ရောဂါသည် အသစ်ပေါ်ပေါက်လာသော ရောဂါဖြစ်သည့်အတွက် ရောဂါဖြစ်ပွားမှုပုံစံ၊ ကူးစက်မှုပုံစံသည် အချိန်နှင့်အမျှ အမြဲပြောင်းလဲမှုရှိသည့်အပြင် မထင်မှတ်သော ဖြစ်ရပ်များ အချိန်မရွေး ဖြစ်ထွန်းပေါ်ပေါက်သော သဘောရှိသည့်အတွက် ဤပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာန (Command Center) များ ဖွင့်လှစ်ဆောင်ရွက်ခြင်းမှာ ထိရောက်သော လုပ်ဆောင်မှုပင် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## (၄၀/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၅) ရက်နေ့၊ (၂၀၂၀) ခုနှစ်

830. ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း (၁၉၅) နိုင်ငံတွင် COVID-19 ရောဂါဖြစ်ပွားမှုရှိနေပြီး မိမိတို့မြန်မာ နိုင်ငံတွင်လည်း အမေရိကန်နိုင်ငံမှ ပြန်ရောက်သူ မြန်မာနိုင်ငံသား (၁) ဦးနှင့် အင်္ဂလန်နိုင်ငံမှ ပြန်ရောက်သူ မြန်မာနိုင်ငံသား (၂) ဦးတို့၌ COVID-19 ရောဂါ ဖြစ်ပွားမှုကို တွေ့ရှိခဲ့ပါကြောင်း၊

831. မြန်မာနိုင်ငံတွင်းတွင် COVID-19 ရောဂါပြန့်ပွားမှု မရှိစေရေးအတွက် အဆိုပါလူနာ (၃)ဦးနှင့် ထိတွေ့ခဲ့သူများအားလုံးကို ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အားဖြည့်ဆောင်ရွက်ခြင်းနှင့် ကြိုတင်ရေးဆွဲထားသော COVID-19 ရောဂါဖြစ်ပွားသူ တွေ့ရှိပါက ဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရေးဆွဲထားသော လုပ်ငန်းလမ်းညွှန်များအတိုင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊

832. မိမိတို့အနေဖြင့် လူနာများ တွေ့ရှိလာပြီဖြစ်သည့်အတွက် ကာကွယ်ထိန်းချုပ်မှု နည်းဗျူဟာ အချို့ကို လိုအပ်သလို မွမ်းမံပြင်ဆင်၍ ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊

833. ရောဂါဖြစ်ပွားရာ နေရာဒေသများမှ ပြန်လည်ရောက်ရှိလာကြသူများအား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း (facility quarantine)၊ နေအိမ်တွင် အသွားအလာကန့်သတ်ခြင်း (home quarantine)နှင့် ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း (hotel quarantine) တို့ကို မိမိတို့ရေးဆွဲထားသော လမ်းညွှန်ချက်များနှင့်အညီ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊

834. ထိုသို့ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်များ၊ အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များကိုလည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တစ်ဆင့် ဟိုတယ်များသို့လည်းကောင်း၊ တိုင်းဒေသကြီး/ အစိုးရအဖွဲ့ ထိုမှတစ်ဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများထံသို့လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဌာနများထံသို့လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရမည်ဖြစ်ပါကြောင်း၊

835. နိုင်ငံရပ်ခြားမှ ပြည်လာသူများ နေထိုင်မည့်လိပ်စာအတိအကျကိုရယူကာ နေထိုင်မှုပြမြေပုံ (home quarantine mapping) ရေးဆွဲကာ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းပညာရှင်များက မိမိတို့ရေးဆွဲထားသော လုပ်ငန်းလမ်းညွှန်များအတိုင်း တိတိကျကျဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊

836. မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထုများ၏ ပူးပေါင်း ဆောင်ရွက်မှု ရယူ၍ အသွားအလာကန့်သတ်ခြင်း (quarantine) ခံယူသူများ စည်းကမ်း လိုက်နာမှု ရှိ၊ မရှိကို ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လိုက်နာမှု မရှိပါက တည်ဆဲဥပဒေများနှင့် အညီအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်းကို အသိပေးရှင်းလင်းရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် မလိုက်နာပါက ဥပဒေနှင့်အညီအရေးယူနိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

837. အီတလီနိုင်ငံကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတွင်ပင် COVID-19 ရောဂါကြောင်း သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိသည်ကို သာဓကယူကြကာ နိုင်ငံသား တစ်ဦးချင်းမှ အသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် မိမိတို့ မိသားစုများအားလည်းကောင်း၊ မိမိတို့ ရပ်ကွက်များ အတွင်းသို့လည်းကောင်း ရောဂါပျံ့နှံ့၍ သေဆုံးမှုများ မရှိစေရေးအတွက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

838. ပြည်သူများအနေဖြင့် အစိုးရိမ်လွန်ကာ ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လာသူများအား ခွဲခြားဆက်ဆံခြင်းမျိုး မပြုရန်မှာ အရေးကြီးပါကြောင်း၊ ခွဲခြား ဆက်ဆံပါက ပုန်းကွယ်ရှောင်ပုန်းမှုများ ဖြစ်ပေါ်လာနိုင်ပြီး နောက်ဆက်တွဲ အန္တရာယ်နှင့် ဆိုးကျိုးများ ဖြစ်ပွားနိုင်သည်ကို အသိပညာပေးရန် လိုအပ်ပါကြောင်း၊

839. ယခုအချိန်အထိ အလှူရှင်များမှ စုစုပေါင်း လှူဒါန်းငွေသားမှာ ကျပ်သိန်းပေါင်း (၁၅,၀၀၀)ခန့်၊ အမေရိကန်ဒေါ်လာ (၁၇,၅၀၀) လက်ခံရရှိသည့်အပြင် အသက်ရှူစက် (၃၉) လုံး၊ Thermal Scanner (၄)လုံး၊ တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးဝတ်စုံ (၈,၀၀၀) ခန့် အပါအဝင် ဆေးနှင့်ဆေးပစ္စည်း တန်ဖိုး ငွေကျပ်သိန်းပေါင်း (၁၆,၀၀၀) ခန့် ကိုလည်း လက်ခံရရှိခဲ့ပါကြောင်း၊

840. ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများသို့လည်း အလှူရှင်များက ငွေသားနှင့် ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိလျက်ရှိပါကြောင်း၊

841. မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ COVID–19 ရောဂါကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးကြပ်မတ်ကုသဆောင်များ၏ လိုအပ်ချက်များကိုလည်းပံ့ပိုးနိုင်မည်ဖြစ်သဖြင့် ရေရှည်တွင် ပြည်သူများအတွက် အလွန်အကျိုးရှိပါကြောင်း၊

842. ဝန်ကြီးဌာနမှ COVID–19 အတွက် ဝယ်ယူထားသည့် ဆေးနှင့်ဆေး ပစ္စည်းကိရိယာများနှင့် လှူဒါန်းလက်ခံရရှိသည့် တစ်ကိုယ်ရည် ရောဂါကာကွယ်ရေး ဝတ်စုံများအပါအဝင် ဆေးနှင့်ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် တိုင်းဒေသကြီး/ ပြည်နယ် များရှိ လိုအပ်သည့် ဆေးရုံများသို့ အမြန်ဆုံး ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ပါ ကြောင်း၊

843. ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) တွင် တက်ရောက်နေသော ပြည်သူ့ကျန်းမာ ရေးသိပ္ပံကျောင်းသားများနှင့် ပါမောက္ခများက ယခင်ရက်သတ္တပတ်က ပြုလုပ်ခဲ့သော အသုံးချသုတေသန၏ ရလဒ်များအရ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာများ၊ သတင်းစာများထက် ပြည်သူများထံ

ပိုမိုကျယ်ပြန့်စွာ ရောက်ရှိမည့် ကျန်းမာရေးအသိပညာပေးနည်းဗျူဟာမှာ လက်ကိုင်အသံချဲ့စက် ငယ်များ အသုံးပြု၍ ဖြန့်ဝေခြင်းနည်းလမ်း ဖြစ်ပါကြောင်း၊

844. ထို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် အထွေထွေ အုပ်ချုပ်ရေးဝန်ထမ်းများ ပူးပေါင်းကာ ရပ်ကွက်၊ ကျေးရွာများအတွင်း လက်ကိုင်အသံချဲ့ စက်ငယ်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးမှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

845. မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှု စတင်တွေ့ရှိနေပြီဖြစ်သဖြင့် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး ဗဟိုဌာန (Command Center) အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များ အစိုးရအဖွဲ့များ၊ ဆေးရုံများနှင့် ပိုမိုချိတ်ဆက်ကာ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ အား စုံစမ်းဖော်ထုတ်ခြင်း၊ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခြင်း စသည့်ကိစ္စရပ်များ အား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

846. ထို့သို့ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုစွမ်းဆောင်ရည်ပြည့်ဝပြီး အချိတ်အဆက်မိ ထိရောက်မည် ဖြစ်ပါကြောင်း၊

## (၄၁/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်

847. မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပိုမိုချိတ်ဆက်မှု ကောင်းမွန် စွာဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲ ကွပ်ကဲခြင်းများဆောင်ရွက် နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲ ရေးဌာန(Central Command Centre) ကို ယနေ့မှစတင်၍ အဆင့်မြှင့်ကာ ဆောင်ရွက် သွားတော့မည် ဖြစ်ပါကြောင်း၊

848. မိမိတို့မြန်မာနိုင်ငံ၌ ပြည်ပမှ ရောက်ရှိလာသူ (၃) ဦးတွင် COVID-19 ရောဂါ တွေ့ရှိနေ ပြီဖြစ်သဖြင့် မိမိတို့သည် လက်ရှိဆောင်ရွက်နေသော နည်းဗျူဟာများကို ပြောင်းလဲလာ သည့် အခြေအနေနှင့် ကိုက်ညီစွာ မွမ်းမံပြင်ဆင်၍ ရောဂါကာကွယ် ထိန်းချုပ်ရေး

လုပ်ငန်းများအား လျင်မြန်ပြတ်သားစွာ ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

849. ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ နေ့စဉ်ထောင်ချီ၍ အစုလိုက် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေမှု အခြေအနေသည် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့ ဖြစ်ပွားရန်အတွက် အခွင့်အလမ်း အလွန်များပြီး အန္တရာယ်လည်းကြီးမားပါကြောင်း၊

850. ထိုကြောင့် မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ပြည်သူများအား ကျန်းမာရေး ဝန်ဆောင်မှုပေးနေသည့် ဝန်ထမ်းများအနေဖြင့် ဤအချက်ကိုနောက်ခံထားကာ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

851. ဤကဲ့သို့ အစုလိုက် အပြုံလိုက်ဝင်ရောက်မှု အခြေအနေသည် ကမ္ဘာ၌ အလွန်ထူးခြားသော အခြေအနေတစ်ခုဖြစ်ပြီး အဆိုပါအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသဆိုင်ရာရုံးသို့ ဆက်သွယ်အကြောင်းကြားပြီး လိုအပ်သော အထောက်အပံ့များ ပိုမိုရရှိရန် ဆောင်ရွက်နေပါကြောင်း၊

852. ဤသို့ ဝင်ရောက်လာသော မိမိတို့ နိုင်ငံသားများအနေဖြင့် မိမိတွင် ရောဂါပါလာပါက မိမိမှနေ၍ မိမိ၏ မိသားစုများ၊ မိတ်ဆွေများ၊ ရပ်ကွက်တွင်းရှိပြည်သူများအား မကူးစက်ရန် အလွယ်ဆုံးသော နည်းလမ်းမှာ (၁၄) ရက်တာကာလ အသွားအလာ ကန့်သတ်ခြင်းကို အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို တိတိကျကျ နေ့စဉ်မပြတ် လိုက်နာခြင်း ဖြစ်ပါကြောင်း၊

853. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသွားအလာကန့်သတ်ခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ သတ်မှတ်နေရာအဆောက်အဦ (facility quarantine center) များတွင် COVID-19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဟိုတယ် quarantine center များတွင် COVID-19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သေချာစွာလိုက်နာ ကျင့်သုံးပါက ပြည်ပမှရောဂါပိုး ကူးစက်ခံရသူများမှ

တစ်ဆင့် ရောဂါဆက်လက်ပြန့်ပွားမှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊

854. ဤကိစ္စကို အောင်မြင်ရန် သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်ဆရာဝန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရပ်ကွက် လူကြီးများက လက်ကိုင်အသံချဲ့စက်ငယ်များ၊ အသံချဲ့စက်များကို အသုံးပြုကာ သင့်လျော်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အစရှိသည်တို့ဖြင့် လှည့်လည်၍ ပြည်သူများအား အသိပေးရမည် ဖြစ်ပါကြောင်း၊

855. လက်ကိုင် အသံချဲ့စက်များအသုံးပြု၍ ပြောကြားရမည့် COVID-19 ရောဂါနှင့် ပတ်သက်၍ ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်း၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ အသွားအလာကန့်သတ်၍ စောင့်ကြည့်ခြင်းခံရသူများ လိုက်နာရမည့်အချက်များ၊ ပြည်သူများ ဝိုင်းဝန်းကူညီရမည့် အချက်များ စသည်ဖြင့် ပြည်သူများ သိရှိလိုက်နာရမည့် အဓိကလိုအပ်သည့်အချက်များကို ပြည်သူများနားလည်ရန် လွယ်ကူသော အသုံးအနှုန်းစာသားဖြင့် ပြုစုထားရှိပြီး မိမိတို့ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာတွင် ရှင်းလင်းတိကျစွာ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊

856. မိမိတို့ဝန်ကြီးဌာနမှ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ စသည့်အဆင့်တိုင်း၌ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ပြည်သူလူထုအခြေပြု၊ ဆေးရုံအခြေပြု ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင် ထွက်ပေါက်များမှ ဝင်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ သတ်မှတ်နေရာ အဆောက်အဦနှင့် နေအိမ်များတွင်ထားရှိကာ အသွားအလာ ကန့်သတ်ခြင်းပြု၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ COVID-19 ရောဂါ သံသယလူနာနှင့် ဓါတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက ထိရောက်စွာ ကုသပေးနိုင်ရေးအတွက် ဆေးရုံများတွင် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်မည့် ဓါတ်ခွဲပစ္စည်းကိရိယာများ မှာယူဖြည့်ဆည်းခြင်း၊ အမျိုးမျိုးသော လုပ်ငန်းလမ်းညွှန်များ ပြုစုထုတ်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ သိရှိရန်နှင့် အကြံပေးခြင်းများ ပြုလုပ်နိုင်ရန် အတွက် အဓိကကျသည့် လုပ်ငန်းများ (Key action) နှင့် ဗဟိုမှ တိုင်းဒေသကြီး/

ပြည်နယ်အသီးသီးသို့ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးပစ္စည်း (PPE) များ ပေးပို့ထောက်ပံ့မှု အခြေအနေများကို နေ့စဉ်အသိပေးသွားတော့မည်ဖြစ်ပါကြောင်း၊

857. ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ပြည်သူများမှ လှူဒါန်းသောငွေကြေး၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းကိုလည်း ပြည်သူများ သိရှိနိုင်စေရန် မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၌ နေ့စဉ်ထုတ်ပြန်ကြေညာသွားတော့မည် ဖြစ်ပါကြောင်း၊

858. ဗဟိုမှလည်း နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ဝယ်ယူရရှိသော ဆေးနှင့် ဆေးပစ္စည်းများကိုလည်းကောင်း၊ လှူဒါန်းရရှိသော ဆေးနှင့် ဆေးပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်များ၊ ဆေးရုံများမှ တောင်းခံချက်များအား အမြန်ဆုံး၊ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊

859. COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းလုပ်ဆောင်နိုင်ရာတွင် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ အားလုံး သိရှိနိုင်ရန်နှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းထားသော COVID-19 email group တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးချုပ်များ၊ လူမှုရေးဝန်ကြီးများကိုလည်း ထပ်မံထည့်သွင်း၍ အသိပေးဆောင်ရွက်သွား တော့မည် ဖြစ်ပါကြောင်း၊

860. ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊

861. ထိုကဲ့သို့ ပြည်သူလူထုအခြေပြုကာ သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ကို စနစ်တကျ ဆောင်ရွက်သွားနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ တိကျသော လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးကာ ပြည်သူလူထုနှင့် ရပ်ကွက်/ ကျေးရွာ

ဒေသခံ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

862. ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ၏ မြန်မာနိုင်ငံအတွင်း ပြန်လည်နေထိုင်မည့် နေရပ်လိပ်စာ အတိအကျကိုရယူကာ အသွားအလာ ကန့်သတ်ကာ နေထိုင်စေမည့်နေရာ ပြမြေပုံ (Quarantine Mapping) များရေးဆွဲကာ အသွားအလာ ကန့်သတ်ကာ နေထိုင်စေသည့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်လာသူများ၏ ကျန်းမာရေး အခြေအနေကို သက်ဆိုင်ရာမြို့နယ် ဆရာဝန်များသည် အခြေခံ ကျန်းမာရေး ပညာရှင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး၊ ရပ်ရွာပြည်သူလူထု၏ ပူးပေါင်း ဆောင်ရွက်မှုရယူကာ နေ့စဉ် စောင့်ကြည့် သတင်းရယူကာ အဆင့်ဆင့် ဆက်သွယ်အကြောင်းကြားရမည် ဖြစ်ပါကြောင်း၊

863. ဓါတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက အဆိုပါလူနာ နေ့ရက်အလိုက် သွားရောက်ခဲ့သည့် မြို့များ၊ နေရာများ၊ စီးနင်းခဲ့သည့်ယာဉ်များကို စုံစမ်းဖေါ်ထုတ်ကာ အများပြည်သူ သိရှိအောင် သတင်းစာ၊ တီဗီ၊ ရေဒီယို၊ အင်တာနက်စာမျက်နှာတွင် ကြေညာခြင်းဖြင့် ထိုသူနှင့် ထိတွေ့၊ နီးစပ်ခဲ့သူများကို အသိပေးဖေါ်ထုတ်နိုင်မည် ဖြစ်ပါကြောင်း၊

864. ယခုအချိန်အခါတွင် မြို့နယ်ဆရာဝန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ လမ်းညွှန်ချက်များကို မိမိဒေသ အခြေအနေနှင့် ကိုက်ညီစွာဖြင့် ထိရောက်စွာ စီမံဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊

865. တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့်လည်း ဝန်ထမ်းများကို လိုအပ်သလို သင့်လျော်သောနေရာများတွင် ခေတ္တပြောင်းလဲ ထမ်းဆောင်စေပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊

**(၄၂/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၇) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

866. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများအားလုံးသည် COVID–19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါကြောင်း၊

867. ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဌာန (Central Command Centre) သည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ၊ ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ကာ ပြည်သူများအကျိုးအတွက် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်နေသည်ဖြစ်၍ ပါဝင်သူများအားလုံး၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊

868. COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရာတွင် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ အားလုံး သိရှိနိုင်ရန်နှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိများဖြင့် ဖွဲ့စည်းထားသော COVID–19 email group တွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့ဝန်ကြီးချုပ်များ၊ လူမှုရေးဝန်ကြီးများကိုလည်း ထပ်မံထည့်သွင်း၍ အသိပေးဆောင်ရွက်လျက် ရှိပါကြောင်း၊

869. ရောဂါဖြစ်ပွားရာနေရာဒေသများမှ ပြန်လည်ရောက်ရှိလာကြသူများအနေဖြင့် (၁၄) ရက်တာကာလ အသွားအလာကန့်သတ်ခြင်းကို လူ့ကျင့်ဝတ်အရ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

870. အသွားအလာ ကန့်သတ်ခြင်းခံယူသူများအနေဖြင့် မိမိ၏မိသားစုနှင့် လတ်တလောကာလ၌ (၁၄) ရက်တာ ခွဲခွာနေရခြင်းကို သည်းမခံနိုင်ပါက ရောဂါဖြစ်ပွားမှုရှိပါက တစ်သက်လုံး ခွဲခွာနေရသည့် အဖြစ်မျိုးကိုပင် ကြုံတွေ့ရနိုင်ပါကြောင်း၊

871. မိမိတို့ဝန်ကြီးဌာန ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် ပြည်သူများအတွက် အကောင်းဆုံးဖြစ်စေမည့် ဆုံးဖြတ်ချက်များကို ပြတ်သားစွာ ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

872. COVID–19 ရောဂါကာကွယ်ရေးနည်းလမ်းများကို မြန်မာနိုင်ငံပြည်သူများအားလုံးထံ ကျယ်ပြန့်စွာရောက်ရှိ စေရေးအတွက် အဓိအကျဆုံး ကျန်းမာရေးအသိပညာ အချက်အလက်များကို ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရေး အတွက်

လက်ကိုင်အသံချဲ့စက် (hand-held speaker) များ၊ အသံချဲ့စက် (loud speaker) များ အသုံးပြု၍ သင့်တော်ရာယာဉ်များဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် လှည့်လည် ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊

873. ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးအသိပေးနှိုးဆော်စာ (health message) များကိုလည်း ပြုစုထားရှိပြီးဖြစ်ပါကြောင်း၊

874. ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်း များကို ဆောင်ရွက်တော့မည် ဖြစ်ကြောင်း၊

875. ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့ မြန်မာနိုင်ငံအတွင်း ပြန်လည်နေထိုင်မည့် နေရပ်လိပ်စာ အတိအကျကိုရယူကာ အသွားအလာ ကန့်သတ်ကာ နေထိုင်စေမည့်နေရာပြမြေပုံ (Quarantine Mapping) များရေးဆွဲထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

876. သတင်းထုတ်ပြန်ထားသည့် COVID-19 ခါတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့နီးကပ်မှုရှိခဲ့သူများ၊ ယာဉ်တစ်စီးတည်း အတူတကွစီးနင်းခဲ့သူများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးဌာနနှင့် အနီးဆုံး ကျန်းမာရေးဌာနသို့ မဖြစ်မနေ အမြန်ဆုံးသတင်းပို့ရမည်ဖြစ်ပါကြောင်း၊

877. ဆေးရုံများတွင် ရောဂါပိုးကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေး လုပ်ငန်းများကိုလည်း လုပ်ငန်း လမ်းညွှန်များနှင့် အညီ တိတိကျကျအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

878. အသက်ရှူစက်များ၊ တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးဝတ်စုံများ အပါအဝင် ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူရရှိမှု၊ လှူဒါန်းလက်ခံရရှိမှုနှင့် ဖြန့်ဝေမှုများကိုလည်း လွယ်လင့်တကူ ကြည့်ရှုစီမံခန့်ခွဲနိုင်ရေးအတွက် dashboard များ ပြုလုပ်ထားပြီဖြစ်၍ လိုအပ်ချက်ရှိသော ဆေးရုံများသို့ လျင်မြန်စွာ ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း၊

879. မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ခာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိနေပြီဖြစ်သဖြင့် လက်ရှိဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းဗျူဟာများကို ပြောင်းလဲလာသော အခြေအနေများနှင့် အညီ မွမ်းမံဆောင်ရွက်ရန်၊

880. ခာတ်ခွဲအတည်ပြုလူနာ (၈) ဦးနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေ ထောက်လှမ်းဖော်ထုတ် (contact tracing) မှုများကို အားဖြည့်ဆောင်ရွက်ရန်၊

881. ဆေးရုံများတွင် ရောဂါပိုးကူးစက်ပြန့်ပွားခြင်း ကာကွယ်ရေးလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်များနှင့် အညီစနစ်တကျဆောင်ရွက်ရန်၊

882. အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်များနှင့် အညီလိုက်နာဆောင်ရွက်ရန်၊

## (၄၄/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၂၉) ရက်နေ့၊ (၂၀၂၀) ခုနှစ်

883. COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ပြုလုပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ခာတ်ခွဲ ကဏ္ဍအသီးသီးမှ ဝန်ထမ်းများအားလုံးကို ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊

884. ယခုကဲ့သို့ Video Conferencing ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ခြင်းအားဖြင့် လုပ်ငန်းလိုအပ်ချက်များကို တိုက်ရိုက်သိရှိကာ အချိန်နှင့်တစ်ပြေး ညီသိရှိဖြည့်ဆည်းနိုင်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ကောင်းမွန်သည့် လုပ်ဆောင်ချက်များကို အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ အတုယူလုပ်ဆောင်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊

885. တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများအနေဖြင့်လည်း ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ခြင်းနှင့် ပုံမှန် ဆက်သွယ်ခြင်းတို့ဖြင့် လိုအပ်ချက်များကို မေးမြန်းခြင်း၊ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်ပါက ဗဟိုအဆင့်သို့တင်ပြ တောင်းခံခြင်းများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

886. တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများ၊ ဆေးရုံကြီး များမှ တာဝန်ရှိသူများအနေဖြင့်လည်း လုပ်ငန်းဆိုင်ရာ အကြံပြုချက်များ ပွင့်ပွင့် လင်းလင်း ပေးအပ်စေလိုပါကြောင်း၊

887. မိမိတို့နေဖြင့် ပြောင်းလဲနေသော အခြေအနေအရပ်ရပ်နှင့်အညီ လုပ်ငန်းနည်းဗျူ ဟာများ၊ လုပ်ငန်းစဉ်များကို မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊

888. ကုသရေးဆိုင်ရာ၊ ဆေးရုံပိုင်းဆိုင်ရာများကို သက်ဆိုင်ရာ ဆေးရုံတာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများမှ လိုအပ်သလို ဆုံးဖြတ်ချက်ချဆောင်ရွက်ရန်ဖြစ်ပြီး လိုအပ် သည်များကို ချက်ချင်းတင်ပြတောင်းခံရန်ဖြစ်ပါကြောင်း၊

889. ဝန်ကြီးဌာန ဝယ်ယူဖြန့်ဖြူးကဏ္ဍမှလည်း မှာယူထားရှိသည်နှင့် လှူဒါန်းရရှိသည် ဆေးနှင့်ဆေးပစ္စည်းများကို လိုအပ်သည့်နေရာသို့ ချက်ချင်း အမြန်ဆုံးဖြန့်ဝေပေးရန် ဖြစ်ပါကြောင်း၊

890. ယခုအချိန်တွင် ရောဂါပြန့်ပွားကူးစက်မှုကို ထိန်းချုပ်ရန်မှာ သတ်မှတ်နေရာ အဆောက်အဦတွင်ထားရှိ အသွားအလာကန့်သတ်ခြင်း၊ အိမ်တွင်ထားရှိ အသွားအလာ ကန့်သတ်ခြင်း၊ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်း ပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်ခြင်းတို့ကို စနစ် တကျ တင်းကျပ်စွာ လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊

891. အသွားအလာကန့်သတ်ခြင်း ခံယူသူဦးရေ၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များကို နေ့စဉ်သတင်းပေးပို့ရန် ဖြစ်ပါကြောင်း၊

892. ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရာများရရှိရန် ကွင်းဆင်းကြိုးပမ်း ဆောင်ရွက်သည့် ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊

893. COVID-19 ရောဂါခေတ်ခွဲအတည်ပြုလူနာ (၈) ဦးနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေဖော်ထုတ်လုပ်မှုခဲ့ရာ (၄၇၀) ဦးကျော်ကို တွေ့ရှိခဲ့ပြီး ၎င်းတို့တွင် ရောဂါကူးစက် ခံထားရခြင်း ရှိ၊ မရှိနှင့် ရှိခဲ့ပါက ၎င်းတို့မှတစ်ဆင့် ထပ်မံကူးစက်ပြန့်ပွားခြင်း မရှိစေရေးအတွက် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

894. ယခုအချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးသည် ကြီးမားသည့် လုပ်ငန်းတာဝန်နှင့် ဖိအားများအကြား ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် သဘောထားမတိုက်ဆိုင်မှုများ၊ နားလည်မှုလွဲခြင်းများရှိပါကလည်း အားလုံးသည် ပြည်သူများတွင် ရောဂါဖြစ်ပွား ပျံ့နှံ့မှုမရှိစေရေး၊ အသက်သေဆုံးမှုမရှိစေရေးနှင့် ပြည်သူများ အကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တိုင်ပင်ညှိနှိုင်း ဆွေးနွေးကာ ဆောင်ရွက်သွားစေလိုပါကြောင်း၊

895. ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြသူများကို အသွားအလာကန့်သတ်ထားရှိသည့် မြို့နယ်အလိုက်စာရင်းနှင့် မြေပုံများ ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

896. ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီ စောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community based facility quarantine) တွင် ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးဌာနများအပြင် ရပ်ရွာနေ ပြည်သူများက ပါဝင်ပူးပေါင်း ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများ အနေဖြင့် မိမိကိုယ်ပိုင်အရေးကဲ့သို့ သဘောထားလာမည်ဖြစ်ပြီး လုပ်ငန်းပိုမိုထိရောက် မည်ဖြစ်ပါကြောင်း၊

897. ဗဟိုအဆင့် တာဝန်ရှိသူများအားလည်း နိုင်ငံခြားမှ ပြန်လည်ရောက်ရှိသူများ များပြားနေသည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်း ဒေသကြီးတို့တွင် လုပ်ငန်းအားဖြည့်ဆောင်ရွက်ရန် စေလွှတ်ထားရှိပါကြောင်း၊

(၄၅/၂၀၂၀)၊ နေပြည်တော်၊ မတ်လ (၃၀) ရက်နေ့၊ (၂၀၂၀) ခုနှစ်

898. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဇန်နဝါရီလကတည်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပြောင်းလဲလာသော အခြေအနေများနှင့် အညီ လုပ်ငန်းစဉ်နှင့် နည်းဗျူဟာများကို မွမ်းမံပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း၊

899. ယခုအခါ ရောဂါဖြစ်ပွားရာ နိုင်ငံများမှ ပြည်တွင်းသို့ ရောက်ရှိလာသူများအား အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း၊ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့် ရှောက်ပေးမှုဖြင့်သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်ခြင်းတို့ကို စနစ်တကျ တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊

900. ထိုသို့ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများတွင် တိုက်ဆိုင်စစ်ဆေးစာရင်းပုံစံ (checklist) များအား အသုံးပြု၍ အသွားအလာ ကန့်သတ်ခံရသူများအနေဖြင့် ကန့်သတ်စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိအား ဆန်းစစ်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

901. COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းပြီး ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိနှင့် အကယ်၍ ရောဂါဖြစ်ပွားခြင်းရှိပါကလည်း အခြားသူများထံ မကူးစက်စေရန်အတွက် အသွားအလာကန့်သတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

902. ဆေးရုံကြီးများ၏ ပြင်ပလူနာဌာန (OPD) များတွင် လူနာများအားလုံး စုပြုံပြသနေခြင်းမှ အဖျားရောဂါလူနာများအတွက် သီးသန့် ပြင်ပလူနာဌာနပြုလုပ်ခြင်းကို မန္တလေးပြည်သူ့ဆေးရုံကြီးတွင် စတင်ဆောင်ရွက်လျက်ရှိမှုကို အခြားဆေးရုံကြီးများက လေ့လာဆောင်ရွက်စေလိုပါကြောင်း၊

903. ယနေ့ Video Conference အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနထံမှ ရယူလိုသည့် ပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန်လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကြစေလိုပါကြောင်း၊

904. ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဌာန (Central Command Centre) ကို ဖွင့်လှစ် ဆောင်ရွက်နေမှုကြောင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများ၊ ဆေးရုံများနှင့် တိုက်ရိုက်ချိတ်ဆက်မှုများပြုလုပ်နိုင်ပြီး လိုအပ်ချက်များကို ပိုမိုပြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါကြောင်း၊

905. ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးဌာန (Central Command Centre) ၏ အခန်း ကဏ္ဍသည် အရေးကြီးသည့်အတွက် ဌာနတွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ကဏ္ဍအလိုက် တာဝန်များခွဲဝေဆောင်ရွက်ခြင်းမှာ အရေးကြီးပါကြောင်း၊

906. ယခုကဲ့သို့ အစည်းအဝေးများမှ ထွက်ပေါ်လာသော အစည်းအဝေး ဆုံးဖြတ်ချက် လုပ်ငန်းများကို တာဝန်လုပ်ဆောင်ရမည့် ဌာန၊ ဌာနခွဲသတ်မှတ်ချက်နှင့်တကွ မှတ်တမ်း ပြုစုကာ သက်ဆိုင်သူများအားလုံးထံ ဖြန့်ဝေပေးသွားရမည်ဖြစ်ပါကြောင်း၊

907. လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အစီရင်ခံစာအမျိုးမျိုးပြုစုရာတွင်လည်း အဓိကကျသော အချက်များကိုသုံးသပ်ချက်များနှင့်အတူ ထည့်သွင်းပြုစုစေလိုပါကြောင်း၊

908. လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဦးစီးဌာန အသီးသီးရှိ ဌာနခွဲအားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှုများသည် ကောင်းမွန်ပါ ကြောင်း၊

909. COVID-19 ကူးစက်ပိုးနှင့် ပတ်သက်၍လည်း ပြည်သူများ ယခုထက်ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

910. အသွားအလာကန့်သတ်ခြင်း (quarantine) ခံရသူများ လိုက်နာရမည့် အချက်များ ကိုလည်း အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာနေရာများအားလုံးသို့ ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊

## (၄၆/၂၀၂၀)၊ နေပြည်တော်၊ ဧပြီလ (၁) ရက်နေ့၊ (၂၀၂၀) ခုနှစ်

911. မိမိတို့နိုင်ငံတွင် ယနေ့အထိ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၁၅) ဦးတွေ့ရှိနေရပြီဖြစ်ပြီး နိုင်ငံပြင်ပမှ ကူးစက်ဝင်ရောက်မှုများအပြင် နိုင်ငံတွင်းကူးစက်မှုလည်းပါဝင်နေပါကြောင်း၊

912. ဝန်ကြီးဌာနအနေဖြင့် သံသယလူနာများရှာဖွေ ဓာတ်ခွဲစစ်ဆေးခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြည်တွင်းသို့ ရောက်ရှိလာသူများအား အသွားအလာကန့်သတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

913. COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုကဏ္ဍ၊ ကွင်းဆင်းကြီးကြပ်မှု၊ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုကဏ္ဍများတွင်လည်း ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး၊ တက္ကသိုလ်များအားလုံးမှ ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊

914. အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများဆောင်ရွက်ရာနေရာ (quarantine site) များ စီမံခန့်ခွဲမှု၊ အသွားအလာကန့်သတ်ခြင်းခံရသူများ စည်းကမ်းမှာလိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ဆောင်ရွက်မှုတို့ကို အထူးအလေးထား စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

915. အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများဆောင်ရွက်ရာနေရာအားလုံးတွင် လိုက်နာရမည့် စည်းကမ်းချက်ပိုစတာများကို နေရာအနှံ့ကပ်ထားရမည်ဖြစ်ပါကြောင်း၊

916. အသွားအလာကန့်သတ်ခြင်း (၁၄) ရက်တာကာလပြည့်မြောက်မည့် လူဦးရေအလိုက် စာရင်းဇယားများ ပြုစုထားရှိခြင်းနှင့် အသွားအလာကန့်သတ်ခြင်း (၁၄)ရက်တာကာလပြည့်မြောက်သူများအား ပြည့်မြောက်ကြောင်း လက်မှတ်ထုတ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

917. အသွားအလာကန့်သတ်ခြင်း (၁၄)ရက်တာကာလ ပြည့်မြောက်သူများသည် ကျန်းမာရေးကောင်းမွန်သူ၊ ရောဂါမရှိသူများ ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ရောဂါကူးစက်ခံရမည်ကို စိုးရိမ်ပြီး ခွဲခြားဆက်ဆံမှုများ မပြုလုပ်စေရန်မှာ အရေးကြီးပါကြောင်း၊

918. တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အတွေ့အကြုံများ၊ အခက်အခဲများနှင့် ပတ်သက်၍လည်း ယခုအစည်းအဝေးတွင် ဝေမျှပြောကြားစေလိုပါကြောင်း၊

919. တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကို အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လိုက်လံလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊

920. ရပ်ကွက်၊ ကျေးရွာများတွင် လှည့်လည်၍ လက်ကိုင်အသံချဲ့စက်ငယ်များ (သို့မဟုတ်) အသံချဲ့စက်များ အသုံးပြု၍ ကျန်းမာရေးအသိပေးနှိုးဆော်မှုများပြုလုပ်ခြင်းသည် အထူးထိရောက်သည့် နည်းဗျူဟာဖြစ်သည့်အတွက် ပိုမိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

921. ထိုသို့ပြောကြားရာတွင်လည်း ပြည်သူများစိတ်ဝင်စားမှုရှိအောင် ပြောကြားရမည်ဖြစ်ပါကြောင်း၊

922. အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပေးနှိုးဆော်မှုများပြုလုပ်ရာတွင် အသုံးပြုနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ကျန်းမာရေးအသိပညာပေးမှု အကြောင်းအရာ (၈)မျိုးကို ပြုစုဖြန့်ဝေထားရှိပါကြောင်း၊

923. ထိုသို့ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

924. ရန်ကုန်တိုင်းဒေသကြီးတွင် ဝေဘာဂီအထူးကုဆေးရုံကြီးတွင်သာမက လူနာများပိုမိုများပြားလာပါက ကုသမှုပေးနိုင်ရေးအတွက် တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးရှိ လူနာဆောင်သစ်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တို့တွင်ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊

925. ထိုသို့ဆောင်ရွက်နေမှုတွင် ပံ့ပိုးပေးနေသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊

926. အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း COVID-19 လူနာများပိုမိုများပြားလာပါက ထားရှိကုသမှုပေးနိုင်ရန်အတွက် ဆေးရုံများကို ကြိုတင်သတ်မှတ်ထားရှိကာ ကြိုတင်ပြင် ဆင်မှုများဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

927. တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများမှ အထူးကြပ်မတ်ကုသဆောင်များကို ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်နှင့် လိုအပ်ချက်များကို စာရင်းပြုစုကာ အမြန်ဆုံးတင်ပြစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

928. ကုသရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာဆေးရုံရှိ အထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံအုပ်ကြီးများမှ တိုင်ပင်ညှိနှိုင်းဆောင်ရွက်စေလိုပါကြောင်း၊

929. ယခုအချိန်တွင် အရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့်အရင်းအမြစ်များ ဗျူဟာကျရွှေ့ပြောင်းမှု (resource mobilization) တို့သည် အထူးအရေးကြီးပါကြောင်း၊

930. မိမိတို့အနေဖြင့် လာမည့် (၄) ပတ်တာကာလအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊

931. တိုင်းဒေသကြီး/ ပြည်နယ် အဆင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ အကြားတွင်လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာ ဆေးပညာရပ်အထူးကုဆရာဝန်များအကြားတွင်လည်းကောင်း ယခုကဲ့သို့ Video Conferencing ပုံစံအစည်းအဝေးများ ပုံမှန်ပြုလုပ်ဆွေးနွေးတိုင်ပင်ကြစေလိုပါကြောင်း၊

**COVID-19 Clinical Management အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ COVID-19 ကုသရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲ**

**ရန်ကုန်၊ ဧပြီလ (၄) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

932. ယခုကဲ့သို့ COVID–19 ကုသရေးလုပ်ငန်းများကို ပြည်သူများ အကျိုးအတွက် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအား မှတ်တမ်းတင်ရှိပါကြောင်း၊

933. ဝန်ကြီးဌာနအနေဖြင့် ယခုကာလတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လက်ကိုင်အသံချဲ့စက်များဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းတို့ကို အဓိကထား ဆောင်ရွက်ရခြင်းမှာ COVID–19 ရောဂါ ထပ်မံပြန့်ပွားမှုမရှိစေရေးအတွက် ဖြစ်ပါကြောင်း၊

934. COVID–19 ကုသရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံအသီးသီးရှိ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများပါဝင်သော တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များ ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊

935. ယခု ရန်ကုန်၌ရှိသော Clinical Management အဖွဲ့မှ တင်ပြမှုများသည် ကောင်းမွန်၍ ထောက်ခံပါကြောင်း၊ ယခုတင်ပြချက်များနှင့်ဆွေးနွေးချက်များကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ Clinical Management အဖွဲ့များထံသို့ အချိန်နှင့် တစ်ပြေးညီ ဝန်ကြီးဌာနမှ ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊

936. ဤရောဂါသည် ရောဂါသစ် ဖြစ်သည်နှင့်အညီ ရောဂါ၏ ပြင်းထန်မှုအခြေအနေနှင့် ရောဂါ၏ ဖြစ်စဉ်ပြောင်းလဲမှုအခြေအနေတို့အပေါ်မူတည်၍ ကုထုံးများကိုလည်း လိုအပ်သလို ချိန်ဆကုသရမည်ဖြစ်ပါကြောင်း၊ အောင်မြင်သည့် ကုသချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များထံသို့ မျှဝေပေးသွားရမည် ဖြစ်ပါကြောင်း၊

937. Clinical Management အဖွဲ့များ Viber group ဖွဲ့၍ ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်နေခြင်းမှာလည်းကောင်းမွန်ပါကြောင်း၊ Video Conferencing များလည်း ဆက်လက်ပြုလုပ် ဆွေးနွေးကြစေလိုပါကြောင်း၊

938. အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) အနေဖြင့် ဓာတ်ခွဲနမူနာများကို အရေအတွက် ပိုမိုစစ်ဆေးသွားရန် မိမိမှ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ လာမည့်အပတ်တွင် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) မှ စက်များအား calibration and

validation ပြုလုပ်ပြီးပါကလည်း ဓာတ်ခွဲစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်သွားရန်ကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

939. ရောဂါဖြစ်ပွားသူနှင့် ထိတွေ့နီးကပ်ခဲ့သူများနှင့် သံသယ/ စောင့်ကြည့်လူနာများ အားလုံးကို ရရှိသော ဓာတ်ခွဲပစ္စည်းများအပေါ်မူတည်၍ ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊

940. သို့မှသာ ရောဂါဖြစ်သူများကို စောစီးစွာသိရှိပြီး သီးခြားထားရှိကုသမှုပေးနိုင်ကာ ရောဂါ ဆက်လက်ပြန့်ပွားမှု မရှိတော့မည်ဖြစ်ပါကြောင်း၊

941. အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိသူများကလည်း အရည်အသွေးကောင်းမွန်ပြီး တိကျမှန်ကန်သော အဖြေပေးနိုင်သည့် High Sensitivity and specificity ရှိသည့် Rapid Diagnostic Test Kit များ အသုံးပြုနိုင်ရေးအတွက် ဝယ်ယူသွားရန် မိမိညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊

942. Rapid Diagnostic Test Kit ကို အသုံးပြု စစ်ဆေးရမည့်သူများ၊ ရောဂါဖြစ်စဉ်အချိန်ကာလတစ်ခု၌ စစ်ဆေးရမည့်ရက်နှင့် ထပ်မံအတည်ပြုစစ်ဆေးရမည့်ရက် စသည်တို့ပါဝင်သော လုပ်ငန်းလမ်းညွှန်ကို ရောဂါဗေဒပညာရှင်များနှင့် တိုင်ပင်ရေးဆွဲမည်ဖြစ်ပါကြောင်း၊

943. ထို့အပြင် ကုမ္ပဏီတစ်ခုမှ လှူဒါန်းသည့် Cobas 6800m PCR စက်နှင့် UNICEF အဖွဲ့မှ လှူဒါန်းသည့် reagent (၁၀,၀၀၀) တို့ ရက်သတ္တပတ် တစ်ပတ်ခန့်အတွင်းတွင် ရောက်ရှိမည်ဟုခန့်မှန်းသည့်အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှု အရေအတွက် သိသာစွာ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊

944. အဆိုပါစက်သည် (၂၄) နာရီ အပြည့်လည်ပတ်ပါက ဓာတ်ခွဲနမူနာ (၂၄၀၀) ခန့်ကို စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊

945. ဤကဲ့သို့စစ်ဆေးနိုင်မည်ဆိုပါက မိမိတို့ ဤရောဂါ ဆက်လက်ပြန့်ပွားမှုမရှိစေရေးကို ခိုင်မာစွာထိန်းချုပ်ရန် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊

946. ဆေးရုံကြီးများ၏ ပြင်ပလူနာဌာန (OPD) များတွင် လူနာများအားလုံးစုပြုံပြွသနေခြင်းကို မပြုလုပ်စေတော့ဘဲ အဖျားရောဂါလူနာများအတွက် သီးသန့် ပြင်ပလူနာဌာန (fever clinic) များကို စနစ်ကျစွာဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့

ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးများတွင် လုပ်ဆောင်နေသကဲ့သို့ တစ်ပြည်လုံး အတိုင်းအတာဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများတွင် ဆောင်ရွက်ရန် ညွှန်ကြားသွားမည်ဖြစ်ပါကြောင်း၊ ဤသို့ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်ပွားသူများကို ပိုမိုရှာဖွေဖော်ထုတ်နိုင်မည်သာမက ရောဂါကူးစက်ပြန့်ပွားမှုကိုလည်း ထိရောက်စွာဟန့်တားနိုင်မည်ဖြစ်ပါကြောင်း၊

947. တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံကြီးအသီးသီးတွင် ထားရှိကုသပေးမည်ဖြစ်ပါကြောင်း၊

948. ထို့အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် ယာယီဆေးရုံကိုလည်း ပြုလုပ်နေပြီဖြစ်ပြီး အဆိုပါယာယီဆေးရုံတွင် ယာယီတာဝန်ယူမည့် အုပ်ချုပ်ရေး၊ အထူးကုဆရာဝန်၊ ဆရာဝန်နှင့် သူနာပြုများကို စာရင်းပြုစုထားရှိပြီးဖြစ်ပါကြောင်း၊

949. ဤ COVID-19 ကပ်ရောဂါဖြစ်စဉ်တွင် အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းတို့ဖြင့် ရေရှည်ကာလတွင်လည်း မည်သည့်ရောဂါဖြင့်မဆို တက်ရောက်မည့် လူနာများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊

950. Clinical Management အဖွဲ့မှထုတ်ပြန်ထားသည့်ထုတ်ပြန်မည့် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံး လုပ်နည်းများ၊ စံသတ်မှတ်ချက်များကို တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များမှ တစ်ဆင့် ဆေးရုံများထံသို့ မျှဝေပေးမည်ဖြစ်ပါကြောင်း၊

951. ကုသရေးပညာရှင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသော Clinical Management အဖွဲ့များ၏ တင်ပြမှုများအပေါ် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များကိုလည်း အလေးထား စဉ်းစားမည်ဖြစ်ပါကြောင်း၊

**Video Conferencing ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာ ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများ နှင့် ဆွေးနွေးပွဲ၊ နေပြည်တော်၊ ဧပြီလ (၇) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

952. ပြည်သူများက လှူဒါန်းငွေ၊ ဆေးနှင့်ဆေး ပစ္စည်းများ၊ စက်ကိရိယာများ လှူဒါန်းနေခြင်းသည် ရှေ့တန်း၌တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုများ၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဝန်ထမ်းများအတွက် လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေစေရေးနှင့် လုပ်ငန်းလုံခြုံမှုရှိစေရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊

953. ယခုအချိန်၌ အဓိက လုပ်ဆောင်ရမည့် အချက် (၅) ချက်ဖြစ်သော - (က) အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာ (quarantine site) များကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ (ခ) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ (ဂ) အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း၊ (ဃ) ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့သူများ၊ သံသယ လူနာ များအားလုံးကို COVID-19 ဓာတ်ခွဲစစ်ဆေးခြင်း၊ (င) ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆေးရုံများအနေဖြင့် မိမိတို့ နေ့စဉ်နှင့် အပတ်စဉ် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည် သုံးသပ်၍ အားနည်းချက်၊ လိုအပ်ချက်များရှိပါက မွမ်းမံပြင်ဆင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

954. ယခုရက်ပိုင်းမှစ၍ COVID-19 ဓာတ်ခွဲစမ်းသပ်မှုများကိုလည်း အရေအတွက် ပိုမိုတိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး Rapid Diagnostic Test Kit များ သုံးရန်ကိုလည်း လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်မည်ဖြစ်ပါကြောင်း၊

955. ယခုရက်ပိုင်းအတွင်း ပုဂ္ဂလိကယာဉ်များ သွားလာမှု ကန့်သတ်မှုများရှိနေသဖြင့် ဓာတ်ခွဲနမူနာများ ပို့ဆောင်ရာတွင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ မော်တော်ယာဉ်များကို စနစ်တကျ ချိတ်ဆက်၊ ဆက်သွယ်ပို့ဆောင်ရေးအတွက် အသုံးပြု ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

956. ဝန်ကြီးဌာနရှိ အခြားကျန်းမာရေးစီမံချက်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးမှုမရှိစေရေးဆောင်ရွက်ရန်နှင့် သတင်းအချက်အလက် စနစ်ကောင်းမွန်စေရေးတို့ ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

957. COVID-19 ကို အကြောင်းပြု၍ ကျန်ကျန်းမာရေးစီမံချက်များ ဆောင်ရွက်မှု လုံးဝ မနှောင့် နှေးစေရန် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက တာဝန်ယူရမည်ဖြစ်ပါကြောင်း၊

958. ယနေ့ အစည်းအဝေးတွင်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုသာ လိုရင်းတိုရှင်း တင်ပြသွားရန်ဖြစ်ပါကြောင်း၊

**COVID-19 ကုသရေးဌာန (ဖောင်ကြီး) ပြင်ဆင်ထားရှိမှုများအား ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းကြည့်ရှုစဉ် COVID-19 ကုသရေးဌာန (ဖောင်ကြီး) ပြင်ဆင် ဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်နေသူများနှင့်တွေ့ဆုံရာ၌ပြောကြားချက်၊ ရန်ကုန်၊ ဧပြီလ (၉) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

959. ယခုကဲ့သို့ ပြည်သူများအကျိုးအတွက် ခံယူချက်စိတ်ထားပြည့်ဝစွာဖြင့် ကိုယ်ပိုင် အရေးကိစ္စ သဖွယ်သဘောထားကာ အချိန်တိုအတွင်း COVID-19 ကုသရေးဌာန ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊

960. မိမိတို့နိုင်ငံတွင် လက်ရှိ၌ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦးသာတွေ့ရှိရသေးသော်လည်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်အတွက် ကြိုတင်ပြင်ဆင်မှု အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ဝေဘာဂီအထူးကုဆေးရုံကြီးအပြင် တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးရှိ (၄) ထပ်ဆောင်သစ်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တို့တွင် COVID-19 ကုသရေးဌာနများ ပြင်ဆင်ထား ရှိခြင်းဖြစ်ပါကြောင်း၊ လူနာများကုသရန် လိုအပ်ပါက ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ မွမ်းမံပြင်ဆင်လျက်ရှိသော COVID-19 ကုသရေးဌာနကို အသုံးပြုမည်ဖြစ်ပါကြောင်း၊

961. COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နိုးနွယ်ဝန်ကြီးဌာနများ၊ တိုင်း

ဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ ဤရောဂါဆက်လက်ပြန့်ပွားမှုမရှိစေရေးအတွက် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း၊

962. သို့ရာတွင် ဤရောဂါသည် အသစ်အဆန်းဖြစ်သော ရောဂါတစ်ခုဖြစ်သည့်အပြင် အခြား ကမ္ဘာ့နိုင်ငံများ၌ လျင်မြန်စွာကူးစက်ပြီး သေဆုံးမှုများနေမှုများ ဖြစ်ပွားနေသည် ဆိုသည့် အချက်ကို နောက်ခံထား၍ အဆိုးဆုံးသော အခြေအနေဖြစ်လာပါက လူနာများကို ထိရောက်စွာ ကုသပေးပြီး သေဆုံးမှုလျှော့ချနိုင်ရေးအတွက် ဤကဲ့သို့ COVID-19 ကုသရေးဌာန (ဖောင်ကြီး) ကို ပြင်ဆင်လျက်ရှိသည်မှာ များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊

963. မိမိတို့နိုင်ငံကဲ့သို့ ချမ်းသာကြွယ်ဝမှုမရှိသော နိုင်ငံတစ်ခုတွင် လက်ဝယ်ရှိသော အရင်းအမြစ်များကို ထိရောက်စွာ အသုံးချ၍ အကောင်းဆုံးဆောင်ရွက်နေခြင်းဖြစ်ပြီး ဝိုင်းဝန်းပံ့ပိုးပေးသော အလှူရှင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊

964. ယခုကဲ့သို့ ကုသရေးကဏ္ဍပြင်ဆင်မှုများဆောင်ရွက်နေသကဲ့သို့ ရောဂါဖြစ်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှုများမရှိစေရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အထူးအားစိုက်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊

965. ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ယခုထက်အကြိမ်ရေများစွာတိုးမြှင့်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသာမက အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာ (quarantine site) နေရာများတွင်လည်း ဆောင်ရွက်စေလိုပါကြောင်း၊

966. ဤ COVID-19 ကုသရေးဌာန (ဖောင်ကြီး) စီမံခန့်ခွဲရေးအဖွဲ့ နှင့် ကုသရေးဆိုင်ရာ လုပ်ငန်း ကော်မတီများဖွဲ့စည်းပြီး ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် ဆေးပညာပါမောက္ခများ၊ အရေးပေါ်ဆေးပညာပါမောက္ခများ၊ မေ့ဆေးပညာပါမောက္ခများ၊ အပူပိုင်းဆိုင်ရာရောဂါ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ၊ စီမံခန့်ခွဲအုပ်ချုပ်ရေးမှတာဝန်ရှိသူများမှ တိုင်ပင် ညှိနှိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည်ကို အထူးကျေနပ်မှုရှိပါကြောင်း၊

967. COVID-19 ကုသရေးဌာန (ဖောင်ကြီး) အတွက်လိုအပ်သည်များအား ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

**ဘားအံပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ကရင်ပြည်နယ်**
**ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ**
**တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့စဉ်**
**ဘားအံ၊ ဧပြီလ (၁၀) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

968. COVID-19 လူနာများကုသမှုပေးရန် အထူးကြပ်မတ်ကုသဆောင်များ အပါအဝင် စနစ်ကျစွာ ပြင်ဆင်ထားရှိမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဘားအံပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေး ဝန်ထမ်းများ၊ အသွားအလာကန့်သတ်မှုနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ အားလုံး၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊

969. ထိုင်းနိုင်ငံမှ ပြန်လာသူ မြန်မာနိုင်ငံသား အမြောက်အများသည် ကရင်ပြည်နယ်ရှိ နယ်စပ်ဂိတ်များကို ဖြတ်ကျော်ဝင်ရောက်လာသည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အတွင်း ရောဂါကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများစနစ်တကျ ဆောင်ရွက်ရေးသည် မြန်မာနိုင်ငံအတွက် အရေးကြီးပါကြောင်း၊

970. အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) အနေဖြင့် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများကို အရေအတွက် ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

971. စောင့်ကြည့်လူနာများအားလုံးနှင့် COVID-19 လူနာနှင့် ထိတွေ့ခဲ့သူများအားလုံးကို ဦးစားပေး စစ်ဆေးသွားမည်ဖြစ်ပြီး အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ခံရသူများအတွင်း ရာခိုင်နှုန်းအချိုးအစားတစ်ခုအား သုတေသန

(implementation research) ပုံစံဖြင့် ခေတ်ခွဲစစ်ဆေးမှုများ တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

972. သို့မှသာ မိမိတို့သည် ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိနေသူများကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါထိန်းချုပ်မှု နည်းဗျူဟာများကို လိုအပ်သလို ပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊

973. ယခုရက်ရှည်ရုံးပိတ်ရက်ကာလအတွင်း ခေတ်ခွဲနမူနာများ ပေးပို့ရာတွင် ဝန်ကြီးဌာနရှိ မော်တော်ယာဉ်များကို စနစ်တကျတာဝန်ခွဲဝေသတ်မှတ်၍ အသုံးချဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

974. ယခုအခါ စေတနာရှင်ပြည်သူများက COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည့် အပြင်နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေဖြင့်လည်း ဝယ်ယူလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံများ ပိုမိုရရှိအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊

975. အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာများအား စနစ်တကျစီမံခန့်ခွဲမှုလုပ်ငန်းများသည်  ယခုအချိန်၌ ဤရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် အဆုံးအဖြတ်အချက်ပင် ဖြစ်ပါကြောင်း၊

976. အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာများ၏ ဆောင်ရွက်မှုပုံစံနှင့် အရည်အသွေးတို့ကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ မွမ်းမံဖြည့်ဆည်းဆောင်ရွက်ရန်အတွက် supervisory checklist များ အသုံးပြု ဆန်းစစ်မှုများအမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

977. ဆန်းစစ်တွေ့ရှိချက်များကို ဗဟိုသို့ အမြန်ဆုံးပေးပို့စေလိုပါကြောင်း၊

978. လက်ကိုင်အသံချဲ့စက်ငယ်များကို အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများအား အကြိမ်အရေအတွက်တိုးမြှင့်လုပ်ဆောင်စေလိုပါကြောင်း၊

979. ပြည်သူများကိုယ်တိုင် COVID-19 ကပ်ရောဂါမကူးစက်နိုင်စေရေး ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဤကပ်ရောဂါကိုထိန်းချုပ်နိုင်မှသာ တစ်နိုင်ငံလုံးရှိ လုပ်ငန်း ဆောင်တာများ ပုံမှန် ပြန်လည် လည်ပတ်နိုင်မည်ဖြစ်ပါကြောင်း၊

980. ဘားအံပြည်သူ့ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများအတွက် ထပ်မံလိုအပ်ချက်များကို အမြန်ဆုံး စာရင်းပြုစုတင်ပြ စေလိုပါကြောင်း၊

981. ဝန်ကြီးဌာနမှ ပံ့ပိုးနိုင်သည်များကို ချက်ချင်းပံ့ပိုးပေးမည်ဖြစ်ပြီး အခြားထပ်မံလိုအပ်မည့် ကိစ္စရပ်များကို အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊

**ကရင်ပြည်နယ်၊ မြဝတီခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှု အထောက်အကူပြုပညာရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့စဉ်**

**မြဝတီ၊ ဧပြီလ (၁၁) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

982. ကရင်ပြည်နယ်တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများ ညီညွတ်စွာလက်တွဲပူးပေါင်းဆောင်ရွက်နေမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊

983. မိမိတို့နိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနှင့် မတူဘဲ ထိုင်းနိုင်ငံမှ နိုင်ငံတွင်းသို့ မြန်မာနိုင်ငံသားများ အစုလိုက်အပြုံလိုက် ပြန်လာမှုများကို လက်ခံလျက်ရှိနေပါကြောင်း၊

984. ယခုကဲ့သို့ COVID-19 ဖြစ်ပွားနေချိန်ကာလတွင် ထိုသို့ ရောဂါဖြစ်ပွားမှုများပြားရာနေရာမှ နိုင်ငံတွင်းသို့ဝင်ရောက်လာမှုများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်

ထားသော လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေးသည် မိမိတို့ နိုင်ငံအတွက် လွန်စွာအရေးကြီးပါကြောင်း၊

985. ထိုသို့ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများတွင်လည်း စည်းကမ်းလိုက်နာဆောင်ရွက်ရေးသည် အထူးအရေးကြီးပြီး ပြန်လည်ဝင်ရောက်လာသူ မည်သူ့တွင်မဆို ရောဂါပိုးပါရှိလာနိုင်သည်ဟူသော ထင်မြင်ချက်ဖြင့် အထူးသတိပြုကြရမည်ဖြစ်ပါကြောင်း၊

986. အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများတွင် ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက် ပိုစတာများ နေရာအနှံ့ကပ်ခြင်းနှင့် လက်ကိုင်အသံချဲ့စက်ဖြင့် ထပ်ခါထပ်ခါ နှိုးဆော်ခြင်း တို့ကိုလုပ်ဆောင်စေလိုပါကြောင်း၊

987. အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် အတူ ပူးပေါင်းဆောင်ရွက်ရာတွင် အပတ်စဉ် ဆွေးနွေးညှိနှိုင်းသုံးသပ်မှုများပြုလုပ်ကာ ပိုမိုကောင်းမွန်ထိရောက်စေရန် ဆောင်ရွက်စေလိုပါကြောင်း၊

988. ထို့အပြင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မြေပြင်တွင်လက်တွေ့ပါဝင်ဆောင်ရွက်သူများ အားလုံးအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို နေ့စဉ်ပြန်လည် သုံးသပ်ပြီး အားနည်းချက်များရှိပါက ပိုမိုကောင်းမွန်စေရေး မွမ်းမံဆောင်ရွက်သွား ရမည်ဖြစ်ပါကြောင်း၊

989. လိုအပ်ချက်များကိုလည်း ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊

990. ယခုအခါ စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှု၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဝယ်ယူမှုများကြောင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆေး၊ ဆေးပစ္စည်းကိရိယာ၊ ရောဂါကာကွယ်ရေး အသုံးအဆောင်များ ပိုမိုရရှိလာသဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဌာနများနှင့် ညှိနှိုင်းကာ လိုအပ်သည့်နေရာများသို ဦးစားအလိုက်ပေးပို့လျက်ရှိပါကြောင်း၊

991. ဝန်ကြီးဌာန ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များသည် Video Conferencing စနစ်ဖြင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ပြောကြားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဝန်ကြီးဌာနအနေဖြင့် မှန်ကန်တိကျစွာ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊

992. ယခုကဲ့သို့ တွေ့ဆုံရာတွင်လည်း လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ပွင့်လင်းစွာပြောကြားကြစေလိုပါကြောင်း၊

993. မြဝတီခရိုင်ဆေးရုံကြီး၏ COVID-19 လူနာများ ကုသမှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကျေနပ်မှုရှိပါကြောင်း၊

994. ပိုမိုကောင်းမွန်စေရေးအတွက်လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ယခုအခါ စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှု၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဝယ်ယူမှုများကြောင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆေး၊ ဆေးပစ္စည်းကိရိယာ၊ ရောဂါကာကွယ်ရေး အသုံးအဆောင်များ ပိုမိုရရှိလာသဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဌာနများနှင့် ညှိနှိုင်းကာ လိုအပ်သည့်နေရာများသို့ ဦးစားအလိုက်ပေးပို့လျက်ရှိပါကြောင်း၊

995. မြဝတီခရိုင်ဆေးရုံကြီး၏ COVID-19 လူနာများ ကုသမှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကျေနပ်မှုရှိပါကြောင်း၊

996. ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊

**မော်လမြိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ခဲ့ပြီး**
**မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန် များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြုပညာရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့စဉ်**

**မော်လမြိုင်၊ ဧပြီလ (၁၂) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

997. မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအားလုံးသည် COVID–19 လူနာများအား ကုသမှုပေးရန် ပြင်ဆင်ထားရှိမှုလုပ်ငန်းများအား မိမိတို့၏ ကိုယ်ပိုင်အရေး ကိစ္စကဲ့သို့ အလေးပေးဆောင်ရွက်နေကြသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊

998. မိမိတို့ ယခုကဲ့သို့လာရောက်ခြင်းမှာ ဆေးရုံ၏ COVID–19 လူနာများကုသပေးရန် ပြင်ဆင်ထားရှိမှုအတွက်သာမက အခြားဆေးရုံပိုင်းဆိုင်ရာလိုအပ်ချက်များကိုပါ ဖြည့်ဆည်း ပေးနိုင်ရန် ဖြစ်ပါကြောင်း၊

999. ပြင်ပလူနာဌာနများတွင် ရောဂါအမျိုးမျိုးသောလူနာများကို တစ်နေရာတည်းတွင် ပြသနေခြင်းမပြုလုပ်စေဘဲ အဖျားရောဂါလူနာများအား သီးခြားပြသနိုင်ရန်အတွက် ဖျားနာ လူနာများအတွက် ပြင်ပလူနာဆေးခန်း(fever clinic)များကို စနစ်တကျ ဖွင့်လှစ်နိုင်ရန် အတွက် လုပ်ငန်းလမ်းညွှန်များထုတ်ဝေရန် ညွှန်ကြားပြီးဖြစ်ပါကြောင်း၊ ဤကိစ္စကို သေချာပီပြင်စွာမလုပ်နိုင်ပါက COVID–19 ရောဂါကူးစက်မှုကိုပင် ပိုမိုများလာစေနိုင်ပါ ကြောင်း၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက ကြီးကြပ် ကာ ဆောင်ရွက်စေလိုပါကြောင်း၊ ဤ fever clinic များအား ဆေးရုံကြီးများ၌ ဆောင်ရွက်ခြင်းသည် ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း၊

1000. ယခုအခါ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူမှုများအပြင် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကြောင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရေသုံးရောဂါ ကာကွယ်ရေးဝတ်စုံ (PPE)နှင့် အသုံးအဆောင်များကိုရရှိခဲ့သဖြင့် မိမိတို့အနေဖြင့် လိုအပ် သည့် ဆေးရုံများသို့ လိုအပ်သည့် ပစ္စည်းများကိုသာ ပေးပို့နိုင်ရန်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊

1001. ဆေးရုံအုပ်ကြီးများကလည်းလိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို ဦးစား ပေးပုံစံ ဖြင့် တင်ပြစေလိုပါကြောင်း၊

1002. COVID-19 လူနာများကိုကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် မိမိတို့ကိုယ်တိုင် ရောဂါကူးစက်မှုမခံရစေရေးကို အလေးပေးဆောင်ရွက်စေလိုပါကြောင်း၊

1003. အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုဆောင်ရွက်နေရာ (quarantine site) များအားလုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီစနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန်မှာ ယခုအချိန်၌ အထူးအရေးကြီးကိစ္စရပ်တစ်ခုဖြစ်နေသဖြင့် လုံးဝအားမလျှော့သည့် အပြင် ပိုမို၍အင်အားထည့်ဆောင်ရွက်စေလိုပါကြောင်း၊

1004. မိမိတို့အနေဖြင့် COVID-19 အပြင် အခြားကူးစက်ရောဂါ၊ မကူးစက်နိုင်သောရောဂါများကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်ကိုလည်းဆောင်ရွက်ပေးပါရန် ပြောကြားလိုပါကြောင်း၊

1005. မိုးရာသီကာလမှာ မကြာမီရောက်ရှိတော့မည်ဖြစ်သည့်အတွက် သွေးလွန်တုပ်ကွေး၊ ဝမ်းနှင့် ပတ်သက်သည့် ရောဂါများအတွက်လည်း ပြည်နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများကလည်း ကြိုတင်ပြင်ဆင်မှုများကိုစတင်ပြုလုပ်ပါရန် ပြောကြားလိုပါကြောင်း၊

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးရန် လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအဖွဲ့များအား လက်ခံတွေ့ဆုံခဲ့စဉ်**

**နေပြည်တော်၊ ဧပြီလ (၁၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1006. ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်ခွဲပညာရှင်ကြီးများ၊ သုတေသနပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများ

COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အတွေ့အကြုံဝေမျှ ဆွေးနွေးမှုများသည် မြန်မာနိုင်ငံအတွက် အထူးအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊

1007. အမှန်တကယ်လိုအပ်သောအချိန်တွင် လိုအပ်သည့် ပံ့ပိုးမှုများပေးခြင်းနှင့် ဆေးနှင့်ဆေး ပစ္စည်းများပေးအပ်ခြင်းတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးဘက်ဆိုင်ရာကျွမ်း ကျင်ပညာရှင်များ အဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊

1008. ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆောင်ရွက်ခဲ့သော လက်တွေ့လုပ်ငန်းအတွေ့အကြုံများနှင့် မြန်မာနိုင်ငံ၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သို့ လာရောက်လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ရှိချက် များအားပေါင်းစပ်ကာ အကြံပြုချက်များပေးအပ်ခြင်းဖြစ်သဖြင့် အထူးအသုံးဝင်မည်ဖြစ် ပါကြောင်း၊

1009. ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အဖွဲ့နှင့် မြန်မာနိုင်ငံဆေးပညာရှင်များသည် ယခု COVID–19 ဖြစ်စဉ်အတွက်သာမက အခြားကျန်းမာရေးလုပ်ငန်းကိစ္စရပ်များ အတွက်ပါ ကွန်ရက်ချိတ်ဆက်၍ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊

1010. ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာ–တရုတ် ချစ်ကြည်ရေးကို ပိုမို မြင့်မားစေပြီး အပြန်အလှန်ကူညီမှုတို့ကို ပြသနေခြင်းပင်ဖြစ်ပါကြောင်း၊

1011. ယခုတွေ့ဆုံရာတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးဘက်ဆိုင်ရာကျွမ်းကျင် ပညာရှင်များအဖွဲ့အနေဖြင့် အကြံပြုချက်များအား ပွင့်လင်းပြတ်သားစွာ ပေးအပ်စေလိုပါ ကြောင်း၊ ယခုဆွေးနွေးပွဲမှ အကြံပြုချက်များကို မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးချ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

1012. မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် လက်ကိုင်အသံချဲ့စက်ငယ်များဖြင့် ကျန်းမာရေး အသိပညာပေးနှိုးဆော်မှုများကိုလည်း ထပ်ခါထပ်ခါ ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊

1013. ရောဂါဖြစ်ပွားသူများအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးဆွေးနွေးမှုများလည်း ပြုလုပ်သွား မည်ဖြစ်ပါကြောင်း၊

1014. တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆောင်ရွက်ထားရှိသော သုတေသနများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊

1015. မြန်မာ-တရုတ် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ရင်းနှီးချစ်ကြည်မှုဖြင့် ဆက်လက်၍ အနီးကပ် ပူးပေါင်းကာ COVID-19 ကပ်ရောဂါကို ကျော်လွှားနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

**ကိုရီးယားသမ္မတနိုင်ငံ၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု အတွေ့အကြုံများ ဝေမျှမှု webinar စနစ်ဖြင့်ပြုလုပ်သည့် အစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့စဉ်**

**နေပြည်တော်၊ ဧပြီလ (၁၈) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1016. ယခုကဲ့သို့ ကိုရီးယားသမ္မတနိုင်ငံ၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းများကို ငွေကြေးနှင့် စွမ်းအားစုများအား အကျိုးရှိထိရောက်စွာနှင့် စွမ်းရည်မြင့်မားစွာ ဆောင်ရွက်ခဲ့သည့် နည်းဗျူဟာများ (cost effective and efficient measures)၊ အချိန်နှင့် တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်ခဲ့မှု (time efficient and responsive) များစသည့် အတွေ့အကြုံများကိုဝေမျှကာ အားနည်းချက်၊ အားသာချက များကို ဆွေးနွေးခြင်းသည် မိမိတို့ နိုင်ငံအတွက်သာမက ယခုအစည်းအဝေးသို့ တက်ရောက်လာသော အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊

1017. မိမိမြန်မာနိုင်ငံအနေဖြင့် COVID-19 ဖြစ်ပွားသူဦးရေ ရုတ်ချည်းတက်မလာစေရန်၊ ရောဂါဖြစ်ပွားသူထံမှ အခြားသူများထံ ရောဂါကူးစက်မှုမရှိစေရန် ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အစွမ်းကုန်တတ်နိုင်သမျှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

1018. မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် မတူသော ထူးခြားသည့် အခြေအနေ တစ်ခုမှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ ထောင်သောင်းချီ၍ ပြန်လည် ဝင်ရောက်လာမှုများရှိနေ၍ ထိုသူများမှ တစ်ဆင့် ရောဂါကူးစက်ပြန့်ပွားမ မရှိစေရန် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများဆောင်ရွက်နေရခြင်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါကြောင်း၊

1019. ဤစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ပြည်သူများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့ အစည်းများ အားလုံးပူးပေါင်း၍ ဆောင်ရွက်နေသည်ကို အသိပေးပြောကြားလိုပါ ကြောင်း၊

1020. ထို့အပြင် ယနေ့ webinar အစည်းအဝေးသို့ တက်ရောက်လာသော အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အတွေ့အကြုံများသည် နိုင်ငံအားလုံးအတွက် အကျိုးရှိ မည်ဖြစ်ပါကြောင်း၊

1021. ယခု webinar အစည်းအဝေး၌ တင်ပြဆွေးနွေးသည့် presentation များကိုလည်း ပြန်လည် မျှဝေစေလိုပါကြောင်း၊

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်များ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအား ဆောင်ရွက်မှုအခြေအနေများ ခြုံငုံဆန်းစစ်ခြင်း အစည်းအဝေး**

**နေပြည်တော်၊ ဧပြီလ (၁၈) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1022. ဤသို့ခြုံငုံသုံးသပ်ဆန်းစစ်ရခြင်းမှာ မိမိတို့ဆောင်ရွက်လျက်ရှိစော လုပ်ငန်းနည်း ဗျူဟာများ၏ ထိရောက်မှုရှိ၊ မရှိ၊ အခြေအနေနှင့် လိုအပ်ချက်များကို ဖော်ထုတ်ကာ လိုအပ်သည်များ အားဖြည့်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊

1023. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၄-၁-၂၀၂၀) ရက်နေ့မှ စတင်၍ COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လာခဲ့တွင် ဤရောဂါအသစ်၏ဖြစ်စဉ်ပြောင်းလဲမှုပုံစံ၊ ပြောင်းလဲလာသော ရောဂါဖြစ်ပွားမှုနှင့် ရောဂါကူးစက်ပျံ့နှံ့ပုံစံများနှင့်အညီ မိမိတို့သည် နည်းဗျူဟာများ မွမ်းမံပြောင်းလဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊

1024. ယခုနှစ်ဦးပိုင်း၌ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့စဉ်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး စီမံချက်ပုံစံရေးဆွဲချမှတ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်ဖြစ်၍ ဝန်ကြီးဌာန၏ အခန်းကဏ္ဍသည် ကနဦးအချိန်ကာလ၌ အရေးကြီးခဲ့ပါကြောင်း၊

1025. သို့သော် လုပ်ငန်းဆောင်ရွက်မှု (၃) လ ကျော်ကာလတွင် နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများသည် ပိုမို၍အရေးကြီးလာပါကြောင်း၊

1026. ပြည်သူများ၏ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း အခန်းကဏ္ဍသည် ဝန်ကြီးဌာန၏ အခန်းကဏ္ဍနှင့် ထပ်တူထပ်မျှ အရေးအကြီးပါကြောင်း၊ ထိုသို့ပြည်သူများ ကိုယ်တိုင်ပါဝင်လုပ်ဆောင်မှုများ စနစ်တကျရှိပြီး အားကောင်းပါက ရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ လျင်မြန်စွာ ပြီးစီးပြီးအောင်မြင်မည် ဖြစ်ပါကြောင်း၊

1027. ယခုအခါ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော ရောဂါနှင့်ပတ်သက်သည့် ကပ်ရောဂါဗေဒဆိုင်ရာ အခြေအနေအဝဝ (epidemiological situation) ကို အနီးကပ်အသေးစိတ်သုံးသပ်လျက်ရှိပြီး လိုအပ်လျှင် လိုအပ်သလို နည်းဗျူဟာအချို့ကို မွမ်းမံပြင်ဆင်ချမှတ်ကာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊

1028. တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့် တစ်ခုတွင် ဆောင်ရွက်လျက်ရှိသော နည်းဗျူဟာများ၏ အရေးကြီးမှုပမာဏသည် မတူညီပါကြောင်း၊

1029. ကပ်ရောဂါဗေဒအရ ဖြစ်ပွားမှု အခြေအနေပုံသဏ္ဍာန်များနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုစီက လိုအပ်သလို ချိန်ဆ၍ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

1030. သို့မှသာ ငွေကုန်ကြေးကျနည်းပါးစွာဖြင့် အကျိုးရှိထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊

1031. မိမိတို့ဝန်ကြီးဌာနသည် ခွင့်ပြုအင်အား၏ (၅၀) ရာခိုင်နှုန်းခန့်သော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ခန့်ဖြင့်သာ ဆောင်ရွက်နေရသည်ဖြစ်၍ ဤရောဂါကာကွယ်ထိန်းချုပ်လုပ်ငန်းများတွင် သတ်သတ်မှတ်မှတ်တာဝန်ခွဲဝေဆောင်ရွက် (division of labor) ရမည်ဖြစ်ပါကြောင်း၊

1032. ယခုအခါ၌ ဆေးရုံ၌ COVID-19 လူနာများအားကုသမှုနှင့် လူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ခြင်း (contact tracing) တို့သည် ပထမဦးစားပေးအဆင့်ဖြစ်လာပြီဖြစ် ပါကြောင်း၊

1033. လူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ခြင်းတွင် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ၌ အခန်းကဏ္ဍသည် အလွန်မြင့်မားပြီး မရှိမဖြစ်လိုအပ်ပါကြောင်း၊

1034. မိမိတို့ဝန်ကြီးဌာနရှိ COVID-19 Clinical Management အဖွဲ့များမှ အထူးကုဆရာဝန်ကြီးများသည် COVID-19 လူနာများကို ကုသမှုပေးရာတွင် ကမ္ဘာတစ်ဝန်း၌ အသုံးပြုနေသော ကုထုံးပုံစံများကို လေ့လာ၍ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ကုသမှုလမ်းညွှန် (clinical management guideline) ကိုလည်းမွမ်းမံထုတ်ဝေထားသည်ကို အသိပေးလိုပါကြောင်း၊

1035. ယနေ့အစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများ၊ ဆောင်ရွက်နေဆဲလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ ကို ပွင့်ပွင့်လင်းလင်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊

1036. လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေကူးစက်ရောဂါကာကွယ်ရေး ဝတ်စုံနှင့် အသုံးအဆောင်များအား အသုံးပြုမှု နှုန်းထားပုံစံများကိုလေ့လာ၍ သိပ္ပံနည်းကျ

တွက်ချက်ကာလျော့နည်းကုန်ဆုံးလာမည့် ပမာဏနှင့် ထပ်မံလိုအပ်နိုင်သည့် ပမာဏ တို့ကို အချိန်နှင့် တစ်ပြေးညီ ကြိုတင်မှာကြားရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊

1037. ထိုသို့ ကြိုတင်မှာကြား၍ ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်မှာ ဤရောဂါကို အောင်မြင်စွာထိန်းချုပ်ရေးအတွက် အဓိကအရေးကြီးသည့် အချက်ကြီးတစ်ချက်ဖြစ်နေပါကြောင်း၊

1038. ယခုအချိန်၌ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်၌ အဖွဲ့အစည်းများစွာပါဝင်သည်မှာ ကောင်းမွန်သော်လည်း မိမိတို့သည် ၎င်းအဖွဲ့အစည်းများနှင့် စနစ်တကျ ချိန်သားကိုက်ပူးပေါင်းဆောင်ရွက်မှုများသည် အထူး အရေးကြီးပါကြောင်း၊

1039. စနစ်တကျ ချိန်သားကိုက်ပူးပေါင်းဆောင်ရွက်မှုများသည် ရာနှုန်းပြည့်မရရှိနိုင်သော် လည်း ရရှိနိုင်စေရေးအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ရမည်ကာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူးများကပံ့ပိုး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

1040. ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းပါဝင်ဆောင်ရွက်နေသူအားလုံးအကြားတွင် သတင်းအချက်အလက်များ အချိန်နှင့် တစ်ပြေးညီ အပြန်အလှန်ဝေမျှမှုများသည် အလွန် အရေးကြီးသည့် အချက်တစ်ချက် ဖြစ်ပါကြောင်း၊

1041. ပြည်တွင်းသို့ပြန်လာသူ မြန်မာနိုင်ငံသားများ ဆက်လက်၍ ဝင်ရောက်လာမည်ဟု သိရှိရသောကြောင့် ယခင်ရရှိပြီးသော အတွေ့အကြုံများကို အသုံးချ၍ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများအား စနစ်တကျ ကြိုတင်ပြင်ဆင်စီမံခန့်ခွဲမှု သည် အထူးအရေးကြီးပါကြောင်း၊

1042. ယခုအခါ ရောဂါပျံ့နှံ့မှုပုံစံသိရှိရန်အတွက် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှု ရာနေရာများမှ ခွာတ်ခွဲနမူများပိုမိုရယူဆောင်ရွက်လျက်ရှိပါကြောင်း၊

1043. COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများလုပ်ဆောင်နေသည်နှင့် တစ်ပြိုင်နက်တည်း ပြည်သူ့ကျန်းမာရေးပိုမိုကောင်းမွန်ထိရောက်စေရေးအတွက် လည်းကောင်း၊

ကုသမှုပိုင်းဆိုင်ရာမား ပိုမိုကောင်းမွန်စေရန်အတွက်လည်းကောင်း သုတေသနများပိုမိုပြု လုပ်စေလိုပါကြောင်း၊

1044. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 နှင့် ပတ်သက်သော သတင်း အချက်အလက်များကို လုံးဝထိန်ချန်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာပေးအပ်လျက်ရှိပါ ကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါဖြစ်ပွားမှု သတင်းအချက်အလက် အမှန်များကို သိရှိမှသာ မိမိတို့ကိုယ်တိုင်ရောဂါ ကူးစက်မှုမခံရစေရေးအတွက်လည်းကောင်း၊ ရောဂါကာကွယ်ရေး လုပ်ငန်းများကိုလည်းကောင်း အလေးထား ဆောင်ရွက်နိုင်မည်ဖြစ် ပါကြောင်း၊

**စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်ဌာနများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရမည့် အချက်များအား စစ်ဆေးခြင်းလုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပွဲ**

**နေပြည်တော်၊ ဧပြီလ (၂၀) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1045. စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများရှိ လုပ်ငန်းခွင်တွင် COVID-19 ကူးစက်ပြန့်ပွားမှု များ မရှိစေရေး ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများသည်အရေးကြီးပါကြောင်း၊

1046. ရောဂါလက္ခဏာမပြသဘဲ COVID-19 ရောဂါဖြစ်ပွားနေသူများလည်း ရှိနေသည်ဖြစ်၍ မိမိကိုယ်ကို ရောဂါကူးစက်မှုမခံရစေရေး လုပ်ဆောင်ရမည့်အချက်များကို လိုက်နာကျင့်သုံးရန်မှာ အဓိကဖြစ်ပါကြောင်း၊

1047. စက်ရုံ၊ အလုပ်ရုံများတွင် လူတစ်ဦးရောဂါဖြစ်ပွားရာမှ အခြားသူများထံသို့လည်းကောင်း၊ ထိုသို့ကူးစက်ခံရသူများ၏ မိသားစုဝင်များ၊ အတူနေထိုင်သူများထံသို့လည်းကောင်း ထပ်ဆင့်ကူးစက်ပြန့်ပွားမှုများဖြစ်ပွားနိုင်ပါကြောင်း၊

1048. စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် ဆပ်ပြာနှင့်ရေကို အသုံးပြု လက်ဆေးရန်နေရာများကို မရှိမဖြစ်ထားရှိခြင်း၊ တစ်ဦးနှင့် တစ်ဦးနီးကပ်စွာ အလုပ်လုပ်ရသူများအနေဖြင့် နှာခေါင်းနှင့်ပါးစပ်စည်းကို မဖြစ်မနေတပ်ဆင်ခြင်း နှင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်းတို့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူမှ တစ်ဆင့် ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားပြသခြင်း တို့ကိုဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း၊

1049. စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးအချက်အလက်များကိုလည်း အသံချဲ့စက်ငယ်များဖြင့် နေ့စဉ်၊ တစ်နေ့လျှင် (၂) ကြိမ်ခန့်အသိပေးနှိုးဆော်ရမည်ဖြစ်ပါကြောင်း၊

1050. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ရေးအသိပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊

1051. နိုင်ငံတစ်ဝန်းတွင် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများစွာရှိသည်ဖြစ်၍ ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊ စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံများ စသည်ဖြင့် ဦးစားပေးသတ်မှတ်ထားသော စက်ရုံ၊ အလုပ်ရုံများကို စတင်စစ်ဆေးသွားရမည်ဖြစ်ပါကြောင်း၊

1052. ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေးဌာနများရှိ ဝန်ထမ်းများအား အဖွဲ့များဖွဲ့စည်း တာဝန်ခွဲဝေ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

1053. ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ COVID-19 ဖြစ်ပွားနေစဉ်ကာလတွင် ကိုယ်တိုင်ရောဂါကူးစက်ခံရနိုင်ချေများရှိသော်လည်း အများပြည်သူရုံးပိတ်များပါမကျန် (၂၄) နာရီပတ်လုံး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အစွမ်းကုန် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ချီးကျူးပါကြောင်း၊

1054. ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံးမှ နိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေးဝန်ထမ်းများသည် အရင်းအမြစ်များ အကန့်အသတ်ရှိနေသည့်ကြားမှ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူများအတွက် အကျိုးပြုလိုစိတ်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ကျင့်ဝတ်များနှင့်အညီ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊

1055. COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကို ရရှိနိုင်ရေးအတွက် ကြိုးပမ်းဝယ်ယူမှု၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ဆေးရုံများသို့ ပို့ဆောင်ဖြန့်ဖြူးမှုများလုပ်ဆောင်နေသူများအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊

1056. လုပ်ငန်းများဆောင်ရွက်ရာတွင် အားလုံးသည် လုပ်ငန်းအောင်မြင်စေလိုစိတ်များဖြင့် ဆောင်ရွက်ကြသည်ဖြစ်၍ နားလည်မှုလွဲမှားမှု၊ သဘောထားကွဲလွဲမှုများလည်း ရှိနိုင်ပါကြောင်း၊ ထိုသို့သော အခါများတွင် အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်များဖြင့်ဆောင်ရွက်စေလိုပါကြောင်း၊

1057. ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ဝယ်ယူမှု၊ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ဆေး၊ ဆေးပစ္စည်း၊ စက်ကိရိယာ၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များ ပိုမိုရရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် ပိုမိုရရှိ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊

1058. နိုင်ငံတော်မှလည်း ဆေးနှင့်ဆေးပစ္စည်း၊ စက်ကိရိယာပစ္စည်းများ ဝယ်ယူရရှိရေး မြန်ဆန်စေရန်အတွက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို အထူးအခြေအနေတစ်ရပ်အဖြစ် ဖြေလျှော့ပေးခဲ့ပါကြောင်း၊

**COVID-19 ကုသရေးဌာန (ဖောင်ကြီး) ပြင်ဆင်ထားရှိဆောင်ရွက်နေသူများနှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်**

**နေပြည်တော်၊ ဧပြီလ (၂၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1059. COVID-19 ကုသရေးဌာန (ဖောင်ကြီး) ပြင်ဆင်ထားရှိမှုများသည် ကောင်းမွန်ပါကြောင်း၊

1060. အထွေထွေလုပ်သားများ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊

1061. အရေးတကြီးလိုအပ်သည့် ဆေးဝါးများရှိပါက အချိန်နှင့် တစ်ပြေးညီတင်ပြပေးရန် ဖြစ်ပြီး ဝန်ကြီးဌာနမှ ဦးစားပေး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊

1062. ဆေးပညာရှင်များ၊ Clinical Management Group မှ တာဝန်ရှိသူ အသီးသီးအနေဖြင့် မိမိတို့ နိုင်ငံတွင် COVID-19 လူနာ တစ်ဦးချင်းစီကို ကုသပေးမှုနှင့် တွေ့ရှိချက် ရလဒ်များကို အသေးစိတ်မှတ်တမ်းတင်ပြီး သုတေသနပုံစံဖြင့် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အတွေ့အကြုံများကိုလည်း အခြားနိုင်ငံများသို့ ပြန်လည်မျှဝေပေးနိုင်မည်ဖြစ်ပါကြောင်း၊

1063. စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများကို အထူးဦးစားပေး၍ အမြန်စစ်ဆေးသွားနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း၊

1064. ဆေးပညာရှင်များအနေဖြင့် ကုသမှု၊ စီမံခန့်ခွဲမှုများအား ယခုကဲ့သို့ မိမိတို့ အရေးကိစ္စ သဖွယ် အလေးထား ကြိုးပမ်းဆောင်ရွက်နေမှုများကို ဝန်ကြီးဌာန ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊

**ပညာရေးဝန်ကြီးဌာနမှ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြု ဒရုန်းယာဉ်နှင့် စက်ပစ္စည်းများလှူဒါန်းမှုအားလက်ခံခဲ့စဉ်**

**နေပြည်တော်၊ ဧပြီလ (၂၇) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1065. ယခုကဲ့သို့ အမှန်တကယ်လိုအပ်နေချိန်တွင် အထူးအသုံးဝင်မည့် စက်ပစ္စည်းကိရိယာများ လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊

1066. ယခုလှူဒါန်းသည့် စက်ပစ္စည်းကိရိယာများသည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအတွက်သာမက COVID-19 ကပ်ရောဂါဖြစ်စဉ်ပြီးမြောက်ပြီး နောက်တွင်လည်း အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်ပါ အထူးအသုံးဝင်မည်ဖြစ်ပါကြောင်း၊

1067. လူနာခန်းများသို့ ဆေးနှင့်ဆေးပစ္စည်းများ၊ အစားအသောက်များပေးပို့ရန်နှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများကို အလိုအလျောက်ဆောင်ရွက်သည့် စက်ပစ္စည်းများသည် COVID-19 ကုသမှုပေးနေသည့် လုပ်ငန်းဆောင်ရွက်နေသူများ၏ လုပ်အားနှင့် အချိန်တို့ကိုသက်သာစေမည်ဖြစ်သဖြင့် ပိုမိုအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ရန်အတွက် အချိန်ပိုမိုပေးအပ်နိုင်မည်ဖြစ်ပါ ကြောင်း၊

1068. အသံချဲ့စက်တပ်ဆင်ထားသော ဒရုန်းယာဉ်ပျံသည် အလွန်ကောင်းမွန်ပြီး ယခု COVID-19 အတွက် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုလုပ်ငန်းများတွင်သာမက အခြားကျန်းမာရေးအသိပညာပေးနှိုးဆော်မှုလုပ်ငန်းများအတွက်ပါအသုံးချနိုင်မည် ဖြစ်ပါကြောင်း၊

1069. ထိုသို့ ဆန်းသစ်တီထွင်မှုများ ပြုလုပ်နိုင်ရန်အတွက် ပညာရှင်များအား အခွင့်အလမ်းများ ပေးအပ်ခဲ့သည့် ပညာရေးဝန်ကြီးဌာနအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊

1070. ဆက်လက်၍လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဆေးရုံများတွင်သာမက အခြားသော ဝန်ကြီးဌာန၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီသည့် အလိုအလျှောက် (autopilot) နှင့် အဝေးထိန်း (remote controlled) စက်ပစ္စည်းများနှင့် ဒရုန်းများကို ပညာရေးဝန်ကြီးဌာနမှ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း၊

**Video Conferencing ဖြင့် ဗဟိုကွင်းဆင်းအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံကြီးများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့စဉ်**

**နေပြည်တော်၊ ဧပြီလ (၂၇) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1071. ဝန်ကြီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊

1072. ယခုကာလတွင် ရောဂါကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများ၏ အခန်းကဏ္ဍနှင့် လူနာများကို ကုသမှုပေးခြင်းအတွက် သက်ဆိုင်ရာဆေးရုံများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊

1073. ယနေ့ အစည်းအဝေးတွင် အသွားအလာကန့်သတ်ထားရှိရာတွင် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ခေတ္တခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေထောက်လှမ်းမှုလုပ်ငန်းများ၊ လက်ကိုင်အသံချဲ့စက်များဖြင့် ကျန်းမရေးအသိပညာပေးနှိုးဆော်မှုလုပ်ငန်းများ၊ လူနာများအား ကုသရေးလုပ်ငန်းများ၊ ခေတ္တခွဲနမူနာပေးပို့မှုလုပ်ငန်းများတွင် တွေ့ကြုံရသည့်အခက်အခဲများကို ပြောကြားဆွေးနွေးကြစေလိုပါကြောင်း၊

1074. အသွားအလာကန့်သတ်မှုလုပ်ငန်းများဆောင်ရွက်သည့်အခါ အသွားအလာကန့်သတ်သည့်သတ်မှတ် ရက်ကာလ ပြည့်မြောက်မည့်သူများ စာရင်းကို ရက်အလိုက်ကြိုတင်ပြင်ဆင်ရေးဆွဲထားရှိစေလိုပါကြောင်း၊

1075. ကရင်နှင့် မွန်ပြည်နယ်များရှိ နယ်စပ်ဝင်၊ ထွက်ပေါက်များမှတစ်ဆင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသူ မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာဖွယ်ရှိသဖြင့် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များ၊ ဆေးရုံများမှ လိုအပ်ချက်များအား ပွင့်လင်းစွာဖြင့်ပြောကြားကြစေလိုပါကြောင်း၊

1076. ယခုအချိန်တွင် ရောဂါကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ပံ့ပိုးမှု၊ နှီးနွှယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပြီး လုပ်ငန်းများအောင်မြင်ရန်မှာ ပြည်သူများ ကိုယ်တိုင် မိမိတို့ထံ ရောဂါမကူးစက်စေရန်နှင့် အခြားသူများထံရောဂါ ပျံ့နှံ့မှုမရှိစေရေးအတွက် ဆောင်ရွက်ခြင်း အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊

1077. ရောဂါလက္ခဏာမပြသသော်လည်း ရောဂါပိုးရှိနေနိုင်သည် ဆိုသည့်အချက်ကို ပြည်သူများသိရှိရန် လိုအပ်ပါကြောင်း၊

1078. ယခုအချိန်တွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေသော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပုံမှန်ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးစီမံချက်လုပ်ငန်းများ နှောင့်နှေးမှုမရှိစေရေးကိုလည်း အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

1079. မိမိအနေဖြင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ သိသိသာသာကျဆင်း စေရေးအတွက် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားအဆင့်အနေဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊

1080. တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ လူမှုရေးဝန်ကြီးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများကလည်း ပံ့ပိုးမှုများအနေဖြင့် -

- ကလေးငယ်တိုင်း အသက်အရွယ်အလိုက် ကာကွယ်ဆေးအကြိမ် အပြည့်အဝရရှိစေရေး၊ ကာကွယ်ဆေးလွှမ်းခြုံမှု မြှင့်တင်ရေးအတွက် အသိပေးနှိုးဆော်စည်းရုံးပေးခြင်းနှင့် သတင်းစကားများ ဝေမျှပေးခြင်း၊
- မစင်မှ တစ်ဆင့်ကူးစက်တတ်သော ရောဂါများ၊ မသန့်ရှင်းသောလက်၊ အစားအစာနှင့် ရေတို့မှ တစ်ဆင့် ကူးစက်တတ်သော ရောဂါလျော့နည်းကျဆင်းရေးအတွက် ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ပိုမိုဆောင်ရွက်စေရေး လှုံ့ဆော်ပေးခြင်း၊
- သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားစေသည့် ခြင်ကျားလောက်လန်း နှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူများအားလုံး မိမိ၏ နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ခြင်ကျားလောက်လန်း ကင်းစင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ပိုမိုဆောင်ရွက်ရေး နည်းမျိုးစုံဖြင့် လှုံ့ဆော်ပေးခြင်း၊
- လူထုကျန်းမာရေးစကားဝိုင်းများ ပြုလုပ်ပေးရန် ပြည်သူလူထုမှ လိုလားစွာတောင်းဆိုလာစေရေး လှုံ့ဆော်ပေးခြင်း၊
- အချို၊ အဆီ၊ အငန်များ လွန်ကဲသော အစားအစာများကို လျှော့စားခြင်းအပြင် ဆေးလိပ်သုံးစွဲခြင်း၊ ကွမ်းယာစားသုံးခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ရန်၊ မိမိတို့ဆွေမျိုး၊ မိတ်ဆွေများ မသုံးစွဲစေရေးအတွက် ပြည်သူများကိုယ်တိုင် သိရှိပါဝင်လာစေရေး လှုံ့ဆော်ပညာပေးခြင်း၊
- "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" ဆောင်ပုဒ်နှင့်အညီ အားကစားလေ့ကျင့်ခြင်းများ လုပ်ဆောင်ရန် လှုံ့ဆော်စည်းရုံး နှိုးဆော်ပေးခြင်း တို့ကို ပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း၊

**အရှေ့တောင်အာရှနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကျန်းမာရေးဝန်ကြီးများ၏ COVID-19 ရောဂါ တုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့် (Special Video Conference of Health Ministers of ASEAN and the United States in Enhancing Cooperation on COVID-19 Response) ဆွေးနွေးခဲ့စဉ်**



**နေပြည်တော်၊ ဧပြီလ (၃၀) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1093. ယခုကဲ့သို့ အာဆီယံနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးများ၏ COVID-19 တုံ့ပြန်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့်ကို ဆောင်ရွက်ပေးခဲ့သည့် အာဆီယံ - ယူအက်စ် ပူးတွဲဥက္ကဋ္ဌများဖြစ်သော အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့အား ကျေးဇူးတင်ပါကြောင်း၊

1094. မြန်မာနိုင်ငံတွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံများ (PPE) နှင့် အမေရိကန် ဒေါ်လာ (၇)သိန်း လှူဒါန်းခဲ့သည့် အမေရိကန်အစိုးရနှင့် USAID အဖွဲ့ တို့ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ယင်းကူညီမှုမှာ COVID-19 အတွက် မိမိတို့လက်ခံရရှိသော ပထမဆုံး ပြည်ပအကူအညီများထဲမှ တစ်ခုဖြစ်ပါကြောင်း၊

1095. အမေရိကန်ကူးစက်ရောဂါနှိမ်နင်းရေးဗဟိုဌာန (US-CDC) ဒေသဆိုင်ရာရုံး (ထိုင်းနိုင်ငံ) နှင့် မြန်မာနိုင်ငံ US-CDC အဖွဲ့၏ နည်းပညာအကူအညီများလည်း ရယူ၍ ပူးပေါင်း ဆောင်ရွက် လျက်ရှိပါကြောင်း၊

1096. မိမိတို့အနေဖြင့် US-CDC (Atlanta) ၊ National Institute of Health တို့နှင့်ပူးပေါင်း၍ COVID-19 ရောဂါကို စမ်းသပ်ကုသမှုဆိုင်ရာ သုတေသနများ (Multicentric clinical trials or studies on COVID-19 and beyond) အား ပိုမိုလုပ်ဆောင်လိုပါကြောင်း၊

1097. အာဆီယံနိုင်ငံများအနေဖြင့် အမေရိကန်နိုင်ငံရှိ သုတေသနဌာနများ( health and research institutions) နှင့် ပူးပေါင်း၍ ကျန်းမာရေးသုတေသနများ ဆက်လက်ဆောင်ရွက်သွားနိုင်မည့် သုတေသနကြားခံ စင်မြင့် (research platform) တစ်ခု ထူထောင်နိုင်ပါက လွန်စွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ "Health futures study on future pandemic", "Social and economic perspectives of COVID-

19", "Management of unusual or unexpected scenarios in the health domain" အစရှိသည့် ခေါင်းစဉ်များဖြင့် သုတေသနများဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊

1098. ဗီဒီယိုကွန်ဖရင့်များသည် ယခုအချိန်၌ နိုင်ငံများအကြား အတွေ့အကြုံ ဖလှယ်ရာတွင် ငွေကုန်ကြေးကျသက်သာပြီး အလွန်ထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်ကြောင်း၊

1099. အာဆီယံ-ယူအက်စ် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုမြှင့်တင်နိုင်ရန်အတွက် အာဆီယံနိုင်ငံများနှင့် အမေရိကန်တို့ရှိ ကျန်းမာရေးပညာရှင်များအကြား ပညာရပ်ဆိုင်ရာအမျိုးမျိုးကို ဖလှယ်သည့် ဗီဒီယိုကွန်ဖရင့်များကို လေးလ (၁)ကြိမ်ခန့် ပုံမှန်ကျင်းပ ဆောင်ရွက်သွားစေလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်မျိုးစုံ ရှိပါကြောင်း၊

1100. US CDC, National Institute of Health တို့မှ ပညာရှင်များ၊ အာဆီယံနိုင်ငံများမှ သုတေသနပညာရှင်များ၊ ပြည်သူ့ ကျန်းမာရေးပညာရှင်များ ပူးပေါင်း၍ မျိုးဆက်သစ် ကျန်းမာရေးဝန်ထမ်းများအတွက် ကျွမ်းကျင်မှုတိုးတက်စေရေး သင်တန်းများဆက်တိုက်ပူးပေါင်းဆောင်ရွက်သွားနိုင်ပါကြောင်း၊ ဥပမာ- "Preparedness and management of future severe epidemic and pandemic due to virus or bacteria or other biochemical'' သင်တန်းမျိုးကို ဆောင်ရွက်နိုင်ကြောင်း၊

1101. ဤ COVID-19 ကပ်ရောဂါတိုက်ဖျက်ရေးအတွက် ကျန်းမာရေးမဟုတ်သည့် အခြားကဏ္ဍများ၏ အခန်းကဏ္ဍများအရေးကြီးပုံကိုလည်း မိမိတို့ချန်လှပ်ထား၍ မရပါကြောင်း၊

1102. ထို့အတွက် မြန်မာနိုင်ငံသည် ကျန်းမာရေးဝန်ထမ်းမဟုတ်သည့် စေတနာ့ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊

1103. COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အစိုးရတစ်ရပ်လုံး၊ ကဏ္ဍအားလုံး ပါဝင်ချဉ်းကပ်သည့် ပုံစံဖြင့် အမျိုးသားအဆင့် ဗဟိုကော်မတီတစ်ရပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်၍ ဖွဲ့စည်းထားပါကြောင်း၊

1104. နိုင်ငံတော်အဆင့် မြင့်မားသော ကော်မတီဖြစ်သည့်အတွက် လုပ်ဆောင်ရမည့် ကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များ မြန်ဆန်ပြီး ပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်သည့်အတွက် ကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက် မြန်ဆန်ပါကြောင်း၊

1105. အကျိုးဆက်အဖြစ် COVID-19 ထိန်းချုပ်ရေးလုပ်ငန်းများ ဆွေးနွေးချက်နှင့် အကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊

1106. အာဆီယံ-ယူအက်စ် အထူးဗီဒီယိုကွန်ဖရင့်မှ ထွက်ပေါ်သည့် ပူးတွဲ ကြေညာချက်ကို မြန်မာနိုင်ငံအနေဖြင့် အတည်ပြုပါကြောင်း၊

**ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများကို စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးနှင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် Video Conferencing ဖြင့်ဆွေးနွေးညှိနှိုင်းစဉ်**

**နေပြည်တော်၊ မေလ (၂) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1107. မိမိတို့အနေဖြင့် ယခုအချိန်ကာလတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊

1108. သို့ရာတွင် မကြာမီအချိန်အတွင်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာမည့် အခြေအနေကို စနစ်တကျ ပြန်လည်လက်ခံပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊

1109. မိမိတို့အနေဖြင့် ပြန်လည်ဝင်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်နေရာ အဆောက်အဦများတွင် အသွားအလာ ကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ယခုလောလောဆယ် ဆောင်ရွက်လျက်ရှိသည် ထက်ပိုမို

စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လူမှုရေးဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီး ဌာနမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီစဉ်ထားရှိသည့် အသွားအလာကန့်သတ်ကာ စောင့်ကြည့်မည့် သတ်မှတ်နေရာ အဆောက်အဦအရေအတွက်၊ ထားရှိနိုင်မည့် လူဦးရေနှင့် ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျလက်ခံ စောင့်ကြပ်ကြည့်ရှုရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြပေးစေလိုပါကြောင်း၊

1110. ယခုအချိန်၌ မြန်မာနိုင်ငံတွင် (၅၈%) သော ရောဂါပိုးတွေ့ရှိသူများသည် ရောဂါလက္ခဏာများ ပြသမှုမရှိသူများဖြစ်သည်ဆိုသည့် အချက်ကိုသိရှိဂရုပြုရန် လိုအပ်ပါကြောင်း၊

1111. အဆိုပါ အကြောင်းအချက်ကြောင့် အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူများနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဆောင်ရန် ရှောင်ရန်များကို သေချာစွာလိုက်နာမှသာလျှင် ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊

1112. မိမိတို့သည် ယခုအချိန်၌ အားစိုက်ကြိုးပမ်းလုပ်ဆောင်လျှင် လုပ်ဆောင်သလောက်လာမည့် ကာလများ၌ လုပ်ကိုင်ဆောင်ရွက်ရမှုများ အတိုင်းအတာတစ်ခုအထိ နည်းပါးသွားမည့်အပြင် ပြည်သူများအနေဖြင့်လည်း ရောဂါကူးစက်ခံရမှုနှင့် သေဆုံးမှုနည်းပါးသွားမည် ဖြစ်ပါကြောင်း၊

1113. မြဝတီမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်စဉ် လမ်းခရီး၌ ရောဂါမကူးစက်စေရန် လိုက်နာရမည့် စည်းကမ်းများကိုချမှတ်၍ ကြီးကြပ်ဆောင်ရွက်သွားရန်အလွန်အရေးကြီးပါကြောင်း၊

1114. တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ ခြုံငုံသုံးသပ်ချက်နှင့် ဆောင်ရွက်နေမှုများကို နေ့စဉ်ဖော်ပြပေးလျက်ရှိပြီး အဆိုပါ သတင်း အချက်အလက်များကို ပုံမှန်ဖတ်ရှုလေ့လာခြင်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများကို သိရှိနိုင်ပြီး မိမိတို့ဒေသတွင် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို သိရှိမည်ဖြစ်ပါကြောင်း၊

**ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျပြန်လည်လက်ခံ၍**
**COVID-19 ကာကွယ်ထိန်းချုပ်လုပ်ငန်းများ**
**ပိုမိုထိရောက်စွာပေါင်းစပ်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၊**
**လူမှုရေးဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ**
**Video Conferencing စနစ်ဖြင့် ညှိနှိုင်းဆွေးနွေး**

**နေပြည်တော်၊ မေလ (၂၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1115. ယခုအချိန်တွင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသားများ အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာလျက်ရှိသဖြင့် ထိုသို့ဝင်ရောက်မှုများအပေါ်တွင် ချိန်သားကိုက် စနစ်တကျ စီမံခန့်ခွဲမှုများပြုလုပ်ကာ COVID-19 ပြန့်ပွားကူးစက်မှုများ မရှိစေရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

1116. ယနေ့အထိ မိမိတို့နိုင်ငံတွင် COVID-19 လူနာ (၂၀၃) ဦးရှိပြီး ယခုရက်ပိုင်းတွင် တွေ့ရှိရသော လူနာသစ်များသည် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊

1117. ယနေ့အထိ ဓာတ်ခွဲစစ်ဆေးခဲ့သည့် သံသယ/ စောင့်ကြည့်လူနာများ၌ (၁.၃) ရာခိုင်နှုန်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ခဲ့သူများ၌ (၃.၄) ရာခိုင်နှုန်း နှင့် အသွားအလာကန့်သတ်ထားရှိသူများ၌ (၀.၃) ရာခိုင်နှုန်း တို့တွင် ရောဂါပိုး တွေ့ရှိခဲ့ပါကြောင်း၊

1118. ယနေ့အထိ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် သံသယ/ စောင့်ကြည့် လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ခဲ့သူများ အားလုံးကိုလည်းကောင်း၊ အသွားအလာကန့်သတ်ခံထားသူများ၏ (၅.၄) ရာခိုင်နှုန်းကိုလည်းကောင်း စစ်ဆေးခဲ့ပြီး၊ စစ်ဆေးခဲ့သည့်ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၃၁၉) ခုအနက် (၁) ရာခိုင်နှုန်းတွင် ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း၊

1119. လက်ရှိအခြေအနေတွင် အတိုင်းအတာတစ်ခုအထိလက်ခံနိုင်သော ရောဂါ ထိန်းချုပ်နိုင်မှုအဆင့်တစ်ခုကို ရရှိနေသော်လည်း COVID-19 နှင့် ရောဂါပိုး၏ သဘော သဘာဝကို အပြည့်အစုံ မသိရှိသေးသဖြင့် မိမိတို့အနေဖြင့် လက်ရှိလုပ်ဆောင်နေသည့်

လုပ်ငန်းများကို လုံး၀အားလျှော့၍မရဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

1120. တိုင်းဒေသကြီး/ ပြည်နယ်များတွင် လူမှုရေး၀န်ကြီးများ၏ ဦးဆောင်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၏ ပညာရပ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ကျန်းမာရေး ၀န်ထမ်းများ၊ နှီးနွှယ်ဌာန/ အဖွဲ့အစည်းများ၊ လူမှုရေး ပရဟိတအဖွဲ့အစည်းများ အားလုံး၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊

1121. ၀န်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ပေးပို့လာသော စာရင်းဇယားနှင့် သတင်းအချက်အလက်များကို နေ့စဉ် ပြည်သူ့ကျန်းမာရေးနှင့် ရောဂါဗေဒရှုထောင့်မှ ဆန်းစစ်မှုများပြုလုပ်၍ စီမံခန့်ခွဲမှု၊ လမ်းညွှန်မှုများကို ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေး၀န်ကြီးများ၊ တာ၀န်ရှိသူများအနေဖြင့် မှန်ကန်သော သတင်းအချက်အလက်များ၊ အကြံပြုချက်များကို အချိန်နှင့် တစ်ပြေးညီဆက်လက် ပေးအပ် စေလိုပါကြောင်း၊

1122. နိုင်ငံတွင်းသို့ ပြန်လည်၀င်ရောက်လာသူများကို နယ်စပ်ဝင်၊ ထွက်ဂိတ်များတွင် လက်ခံမှတ်တမ်းယူမှု၊ အသွားအလာကန့်သတ်ထားရှိရန် နေရာများသို့ သီးခြားယာဉ်များဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ ပို့ဆောင်မှု၊ အသွားအလာကန့်သတ်ထားရှိခြင်း စီမံခန့်ခွဲမှု လုပ်ငန်းများအတွက် ကျန်းမာရေးနှင့်အားကစား၀န်ကြီးဌာနမှ လမ်းညွှန်ချက်များထုတ်ပြန်ထားပြီး အဆိုပါလမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊

1123. သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၊ လုပ်ငန်းပါ၀င်ဆောင်ရွက်သူများအကြား အချိတ်အဆက်မိစွာဖြင့် စနစ်တကျ ဆောင်ရွက်နေကြသည်မှာ ကောင်းမွန်ပါကြောင်း၊

1124. ယခုအချိန်အခါ၌ လုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်း ကဏ္ဍအလိုက် တာ၀န်ခွဲဝေဆောင်ရွက်မှုနှင့် ချိန်သားကိုက် စနစ်တကျ ပူးပေါင်း ဆောင်ရွက်မှုတို့သည် ပိုမို၍ အရေးကြီးလာပါကြောင်း၊

1125. လက်ရှိတွင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အသွားအလာကန့်သတ်ထားရှိရာ နေရာ (၁၀,၀၀၀) ခန့်တွင် အသွားအလာကန့်သတ်ထားရှိသူ (၅၆,၀၀၀) သောင်းခန့်ရှိ နေပြီး၊ ယနေ့အထိ အသွားအလာကန့်သတ် ထားရှိခံခဲ့ရသူ စုစုပေါင်း (၂၂၀,၀၀၀) ဦးခန့်ရှိပါကြောင်း၊

1126. အသွားအလာကန့်သတ်ထားရှိရာနေရာများအား စီမံခန့်ခွဲမှု ပြုလုပ်ရာတွင် အသွားအလာ ကန့်သတ်မှုခံရသူများ စည်းကမ်းလိုက်နာမှုရှိရေးအတွက် ကြိုးကြပ် ဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ ထိုသို့တိကျစွာ စည်းကမ်းလိုက်နာမှုရှိ မှသာလျှင် COVID–19 ကို ကောင်းစွာ ထိန်းချုပ်နိုင်ပြီး ဤကပ်ရောဂါဘေးကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊

1127. အသွားအလာကန့်သတ်ထားရှိရာနေရာများ၏ အခြေအနေကို စစ်ဆေးသည့် ပုံစံစာရင်း (checklist) များကို အသုံးပြု၍ စောင့်ကြည့်ဆန်းစစ်မှုများ ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

1128. မိမိတို့နိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများ၏ (၆၀) ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသေးသော်လည်း ရောဂါပိုးရှိနေသည်ဆိုသည့် အချက်အား နေရပ်ပြန်လာသည့် အသွားအလာကန့်သတ်ထားရှိခံရသူများ သိရှိရန် အထူးအလေးပေး၍ ပြောကြားရမည်ဖြစ်ပါ ကြောင်း၊

1129. ဝန်ကြီးဌာနအနေဖြင့် COVID–19 ဓာတ်ခွဲစစ်ဆေးမှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် လာမည့်လအတွင်း ဓာတ်ခွဲ စစ်ဆေးမှုများ စတင်ပြုလုပ်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ အလားတူ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် စစ်ဆေးနိုင်ရေးကိုလည်း စီစဉ်လျက်ရှိပါကြောင်း၊

1130. ယနေ့ ဆွေးနွေးပွဲတွင် ပြည်ပမှ နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက် လာသူများအတွက် စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်ချက်များ၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် အထွေထွေကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးပြောကြားကြစေလိုပါကြောင်း၊

## COVID-19 အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှု (COVID-19 Surgical Safety) ကိစ္စရပ်များအား Video Conferencing ဖြင့်ဆွေးနွေးပွဲ

## နေပြည်တော်၊ ဇွန်လ (၁၁) ရက်နေ့၊ (၂၀၂၀) ခုနှစ်

1131. COVID-19 သည် ခွဲစိတ်မှုဆိုင်ရာ ရောဂါမဟုတ်သော်လည်း COVID-19 ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ရာတွင် လူနာဘေးကင်း လုံခြုံရေးအပြင် ခွဲစိတ်ကုသသူ ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် သူနာပြုများထံ COVID-19 ရောဂါကူးစက်မှု မရှိစေရေးတို့သည် အရေးကြီးပါကြောင်း၊

1132. ခွဲစိတ်ကုသမှုများဆောင်ရွက်ရန်ဆုံးဖြတ်ချက်ချခြင်းနှင့် ခွဲစိတ်ကုသမှုဆောင်ရွက်ခြင်း တို့တွင် ဆေးပညာ ကျင့်ဝတ်များနှင့်အညီ တိုင်းတာချိန်ဆဆောင်ရွက်သကဲ့သို့ COVID-19 ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများ ဘေးကင်းလုံခြုံရေး (COVID-19 Surgical Safety) ကိစ္စရပ်များ ဆောင်ရွက်ခြင်းများကို ဆေးပညာ ကျင့်ဝတ်များ (medical ethics) နှင့် အညီဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

1133. COVID-19 အန္တရာယ်ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှုကိစ္စရပ်များအတွက် လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို မူကြမ်းများရေးဆွဲဆောင်ရွက်ထား ရှိမှုသည် ကောင်းမွန်ပါကြောင်း၊

1134. အဆိုပါ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်း မူကြမ်းများကို အပြီးသတ် ရေးဆွဲနိုင်ရန် ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာနှင့် နီးနွယ်ဌာနများမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့ကိုဖွဲ့ပြီး ဆောင်ရွက်လျက် ရှိသည့် အစီအစဉ်မှာ ကောင်းမွန်ပါကြောင်း၊

1135. ဆေးနှင့် ဆေးပညာနီးနွယ်ပညာရပ်ဌာနများအားလုံးမှ သက်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများက ကြီးမှူး၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အထူးကုဆရာဝန်များနှင့် ပုံမှန်ဆွေးနွေးမှု၊ ပညာရပ်ပိုင်းဆိုင်ရာမျှဝေမှုတို့အား ယခုကဲ့သို့ Video Conferencing စနစ်ဖြင့် ဆက်လက် ဆောင်ရွက်ကြစေလိုပါကြောင်း၊

1136. နိုင်ငံတကာတွင် ချမှတ်ကျင့်သုံးနေသော COVID–19 ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသခြင်းလုပ်ငန်း လမ်းညွှန်များကို မိမိတို့နိုင်ငံနှင့် ကိုက်ညီစွာဖြင့် မွမ်းမံမှုများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ အထူးကုဆရာဝန်များထံ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်စေလိုပါကြောင်း၊

1137. ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံး၏ အားထုတ်ကြိုးပမ်း ဆောင်ရွက်မှု၊ နှီးနွှယ်အဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းများ၏ ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် အတိုင်းအတာတစ်ခုထိ ရောဂါကူးစက်မှုကို ထိန်းချုပ်ထား နိုင်သော်လည်း ပေါ့ဆ၍မရပါကြောင်း၊

1138. COVID–19 ၏ ဖြစ်စဉ်သဘောသဘာဝ (natural history of disease) ကို အပြည့်အဝမသိရှိသေးသဖြင့် မိမိတို့နေဖြင့် COVID–19 သံသယလူနာနှင့် ခာတ်ခွဲ အတည်ပြုလူနာများကို ခွဲစိတ်ကုသရာ၌ အထူးသတိပြု၍ လုပ်ငန်းလမ်းညွှန်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

1139. COVID–19 အန္တရာယ်ဘေးကင်းလုံခြုံစွာခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင် ရွက်နိုင်ရန်အတွက် အနည်းဆုံး (minimum) လိုအပ်ချက်နှင့် စံနှုန်းများကို ချမှတ် ပေးရန် နှင့် စံနှုန်းများ ပြည့်မီမှုအခြေအနေကို စာရင်းပုံစံ (checklist) များဖြင့် ဆန်းစစ်ကြ ရမည်ဖြစ်ပါကြောင်း၊

1140. အရေးပေါ်မဟုတ်သော ခွဲစိတ်ကုသမှုများကို ယခုအချိန်တွင် စတင်ပြုလုပ်ရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆေးရုံအလိုက် တာဝန်ရှိသူများမှ စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပါကြောင်း၊

1141. ပြင်ပလူနာများနှင့် ပြန်လည်ချိန်းဆို၍ ကြည့်ရှုသော လူနာများ စုပြုံမနေစေရန် သက်ဆိုင်ရာ ဆေးရုံအုပ်နှင့် အထူးကုဆရာဝန်ကြီးများ တိုင်ပင်၍ အစီအမံနှင့် လုပ်ငန်းလမ်းညွှန်များ ချမှတ် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊

1142. ဝန်ကြီးဌာနမှ ဝယ်ယူဖြည့်ဆည်းမှု၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများ ကြောင့် ဆေးပစ္စည်း ကိရိယာများ ပိုမိုရရှိလျက်ရှိပြီး အဆိုပါ ဆေးပစ္စည်းကိရိယာ များကို ယခု COVID–19 အတွက်သာမက ရေရှည်တွင် အခြားလူနာများအတွက်ပါ

အသုံးချဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အထူးကြပ်မတ် ကုသဆောင်များကို အဆင့်မြှင့်တင်မှု၊ ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိလာမှုတို့ကြောင့် ရေရှည်တွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊

1143. (၂၀၂၀-၂၁) ခု ဘဏ္ဍာရေးနှစ်၌ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေဖြင့် ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရာတွင် သက်ဆိုင်ရာပညာရပ် ပါမောက္ခ/ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၏ အကြံပြုချက်များရယူကာ ဆက်လက်ဝယ်ယူရန် အသေးစိတ် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊

1144. ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို ဆေးရုံများသို့ ခွဲဝေချထားပေးရာတွင် လည်း သက်ဆိုင်ရာဆေးရုံများအလိုက် ရောဂါဖြစ်ပွားမှုအခြေအနေများနှင့် အညီခွဲဝေ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

1145. ဝန်ကြီးဌာန ဆေးနှင့် ဆေးပညာနီးနွယ် ပညာရပ်များမှ လုပ်ငန်းလမ်းညွှန် များနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲပုံသေမဟုတ်ဘဲ ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်၊ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို သုံးသပ်ပြီး အချိန်နှင့် တစ်ပြေးညီ မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

1146. ယခု ဆွေးနွေးပွဲသို့တက်ရောက်လာသော ခွဲစိတ်နှင့် နီးနွယ်ပညာရပ်များမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုဆရာမကြီးများ နှင့် တာဝန်ရှိသူများအနေဖြင့် ပွင့်လင်းစွာဖြင့် ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့်**
**ဆေးသုတေသနဦးစီးဌာနအကြား အသုံးချသုတေသနလုပ်ငန်းများ**
**ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေး ညှိနှိုင်းအစည်းအဝေး**

**နေပြည်တော်၊ ဇွန်လ (၁၆) ရက်နေ့၊ (၂၀၂၀) ခုနှစ်**

1147. ယခုကဲ့သို့ ကျန်းမာရေးသုတေသနများကို အဓိကဆောင်ရွက်နေသော ဆေးသုတေသန ဦးစီးဌာနမှ ပညာရှင်များနှင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးလောကတွင် နှစ်ပေါင်းများစွာ

အတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် အလွန်အရေးကြီးသည့် အစည်းအဝေးဖြစ်ပါကြောင်း၊

1148. နိုင်ငံတော်နှင့် မိမိတို့ဝန်ကြီးဌာန ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသန လုပ်ငန်းများသည် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကျန်းမာရေး စနစ်ကြီးတိုးတက်မှုအတွက် အထူး လိုအပ်ပါကြောင်း၊

1149. မိမိတို့ဝန်ကြီးဌာနသည် သုတေသနပြုလုပ်ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းနှင့် သုတေသနယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရေး၊ ဝန်ကြီးဌာန၏ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေး၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုများ ပိုမိုစနစ်ကျမှန်ကန်စေရေး၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပိုမိုပီပြင်စေရေးတို့အတွက် သုတေသန လုပ်ငန်းများဆောင်ရွက်နိုင်ရန် (၂၀၁၆) ခုနှစ်၊ ဧပြီလမှ (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ်အထိ သုတေသနပြုလုပ်ရန် ရန်ပုံငွေ ကျပ်သန်းပေါင်း (၆,၀၀၀) ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ (၂၀၂၀-၂၀၂၁) ခု ဘဏ္ဍာနှစ်၌လည်း သုတေသနရန်ပုံငွေ သန်း (၃,၀၀၀) လျာထားပါကြောင်း၊

1150. သုတေသနတွေ့ရှိချက်များအပေါ်မူတည်၍ စီမံချက်များရေးဆွဲခြင်း၊ ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ခွဲဝေချထားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုပီပြင် အောင်မြင်နိုင်ကာ ကျန်းမာရေးအရင်းအမြစ်များကို အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိထိရောက်မှုရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊

1151. သုတေသနပြုလုပ်သူ တစ်ဦးချင်းအနေဖြင့်လည်း ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်း၊ ဖောက်ထွက်စဉ်းစားနိုင်မှု၊ ဆန်းသစ်တွေးခေါ်နိုင်မှု၊ အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံ၊ ရှုထောင့်စုံမှ ထည့်သွင်း စဉ်းစားနိုင်မှု၊ အချက်အလက်အထောက် အထားကို အခြေခံ၍ ကျိုးကြောင်း ဆီလျော်ဆုံးဖြတ် နိုင်မှုစွမ်းရည်များတိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊

1152. ဝန်ကြီးဌာနအနေဖြင့် သုတေသနကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် –

1153. မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိပြီး နှစ်အလိုက် သုတေသန ပြုလုပ်သူ ဆရာဝန်၊ သူနာပြု သူနာပြုများ၊ ကျန်းမာရေး စောင့်ရှောက်မှု အထောက်အကူပြု ပညာရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ

ပိုမိုများပြားလာကာ သုတေသနစာတမ်းများ၏ အရည်အသွေးနှင့် အရေအတွက်လည်း သိသာစွာမြင့်မားလာပါကြောင်း၊

1154. ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) ၌ "သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန (research capacity strengthening training center)" ကို (၂၀၁၉) ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့ပြီး သုတေသနစွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းအမျိုးမျိုးအား ပိုမိုပြုလုပ်နိုင်ခဲ့ပါကြောင်း၊

1155. ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ ဆေးရုံကြီးများနှင့် တက္ကသိုလ်များတွင် သုတေသနဆိုင်ရာကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှုဘုတ်အဖွဲ့ (Institutional Review Board) များကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊

1156. အမျိုးသားကျန်းမာရေးသုတေသန မူဝါဒ (၂၀၁၇) ကို ရေးဆွဲနိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန မှတ်ပုံတင်စနစ် (Myanmar health research registry)၊ သုတေသန သတင်းအချက်အလက်စနစ် (research information system) နှင့် သုတေသနခေါင်းစဉ်ဘဏ်တိုက် (research title bank) တို့ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း၊

1157. ထို့အပြင် University of Maryland နှင့် ပူးပေါင်း၍ (၂၀၁၉) ခုနှစ်မှ စတင်၍ သုတေသနနည်းစနစ်နှင့် သုတေသနကျင့်ဝတ် ဒီပလိုမာသင်တန်းများကို ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ သင်ကြားရေး ဆရာ၊ ဆရာမများအတွက် ပြုလုပ် လျက်ရှိသဖြင့် ဝန်ကြီးဌာန၏ သုတေသနစွမ်းရည်သည်လည်း မြင့်တက်လာနေပြီဖြစ် ပါကြောင်း၊

1158. သုတေသနများမှ တွေ့ရှိသုံးသပ်ချက်များနှင့် အကြံပြုချက်များကို လက်တွေ့ လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ သုတေသန ရလဒ်နှင့်တွေ့ရှိသုံးသပ်ချက်များကို အမှန်တကယ်အသုံးချဆောင်ရွက်မှသာ သုတေသန ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အောင်မြင်မည် ဖြစ်သဖြင့် သုတေသနအသုံးချမှုကို အားပေးလျက်ရှိပါကြောင်း၊

1159. ကျန်းမာရေးပြဿနာများ၊ ကုထုံးများ၊ ဆေးပညာ သင်ကြားမှု၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများ၊ မူဝါဒရေးရာများကို ပိုမိုကောင်းမွန်စေရန်နှင့်

အားနည်းချက်များအား လိုအပ်သလို မွမ်းမံပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် တိကျသေချာသော လက်တွေ့ အသုံးချသုတေသန (implementation research) များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊

1160. ထိုသို့ဆောင်ရွက်ရာတွင် ဆေးသုတေသနဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ ကျန်းမာရေး စီမံချက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

1161. ဆေးဝါးနှင့်ဆေးပစ္စည်းများ ဝယ်ယူမှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုကဏ္ဍများပိုမိုကောင်းမွန်စေရေးအတွက် အသုံးချသုတေသနများကိုလည်း မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

1162. ယခု COVID-19 ကပ်ရောဂါနှင့် ပတ်သက်သော သုတေသနများကိုလည်း ဆောင်ရွက်စေလိုပါကြောင်း၊

1163. ဆေးသုတေသနဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးမှ ထုတ်ဝေခဲ့သော Research management module များကို မှီငြမ်း၍ ဆေးသုတေသနဦးစီးဌာနအတွက် ကိုယ်ပိုင်သုတေသနစီမံခန့်ခွဲမှု module အဖြစ် ပြုစုထုတ်ဝေစေလိုပါကြောင်း၊

1164. ကျန်းမာရေးစီမံချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆောင်ရွက်လိုသည့် အဆိုပြုသုတေသနခေါင်းစဉ်ဘဏ် (research title bank) ကို မိမိတို့ပြုစုထားရှိခြင်းသည် သုတေသန ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ ယခုအချိန်အထိ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ အဆိုပြုသုတေသနခေါင်းစဉ် (၅၈၇) ခုရှိပြီး ဦးစားပေးအဆင့်များ သတ်မှတ်ကာ ရွေးချယ်ဆောင်ရွက်သွားစေလိုပါကြောင်း၊

1165. ယခုဆွေးနွေးပွဲတွင် ဆွေးနွေးချက်များနှင့် အကြံပြုချက်များ အပေါ်မူတည်၍ သက်ဆိုင်ရာ ကျန်းမာရေးစီမံချက်များ နှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက်အကျိုးရှိသော ကျန်းမာရေးဆိုင်ရာသုတေသနများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် COVID-19 ဖြစ်ပွားမှုအခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ဝန်ကြီးဌာနမှ ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း အစည်းအဝေး**

1166. မိမိတို့ မြန်မာနိုင်ငံတွင် ယနေ့အထိ COVID–19 ဖြစ်ပွားသူလူနာ (၃၁၈) ဦးရှိပြီး လူနာများ၏ (၈၀) ရာခိုင်နှုန်းဖြစ်သော (၂၅၄) ဦးသည် ရောဂါပိုးကင်းစင်သွားခဲ့ပြီဖြစ်ပါကြောင်း၊

1167. မြန်မာနိုင်ငံတွင် COVID–19 ဖြစ်ပွားမှုများကို ဆန်းစစ်ကြည့်ပါက (၅၀) ရာခိုင်နှုန်းသည် ပြည်ပမှ ကူးစက်ဝင်ရောက်ခြင်းဖြစ်ပါကြောင်း၊ လတ်တလောကာလတွင် တွေ့ရှိရသော လူနာသစ်များမှာလည်း ပြည်ပနိုင်ငံမှ ကူးစက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊

1168. ယနေ့အထိ COVID–19 ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း (၈၈,၂၃၄) ဦးအား စစ်ဆေးခဲ့ရာ သံသယ/ စောင့်ကြည့်လူနာများ၌ (၀.၉) ရာခိုင်နှုန်း၊ အသွားအလာကန့်သတ်ထားသူများ၌ (၀.၂) ရာခိုင်နှုန်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ခဲ့သူများ၌ (၃) ရာခိုင်နှုန်းနှင့် စစ်ဆေးသူစုစုပေါင်း၏ (၀.၃၆) ရာခိုင်နှုန်းတွင်သာ COVID–19 ပိုးတွေ့ရှိခဲ့ပါကြောင်း၊

1169. COVID–19 စတင်ဖြစ်ပွားချိန်မှစ၍ အထူးကြပ်မတ်ကုသမှုခံယူခဲ့ရသူ (၁၉) ဦးရှိပြီး၊ အသက်ရှူစက်အသုံးပြုခဲ့ရသော လူနာမှာ (၅) ဦးသာရှိပါကြောင်း၊ လူနာအားလုံး၏ (၅၈) ရာခိုင်နှုန်းသည် မည်သည့် ရောဂါလက္ခဏာမျှမပြသဘဲ ရောဂါပိုးရှိနေပါကြောင်း၊

1170. ယခုလက်ရှိတွင် ဆေးရုံအသီးသီး၌ သီးခြားထားရှိကုသမှုခံယူနေသော လူနာများ၏ ကျန်းမာရေးအခြေအနေမှာကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသမှုခံယူနေရသူ တစ်ဦးမျှ မရှိပါကြောင်း၊

1171. အသွားအလာကန့်သတ်ထားရှိရာနေရာနှင့် လူအရေအတွက်မှာ အပတ်စဉ်နှင့်အမျှ နည်းပါးလာပြီး ယခုလက်ရှိတွင် အသွားအလာကန့်သတ်ထားရှိရာနေရာ

(quarantine site) (၆,၁၁၄) ခုနှင့် အသွားအလာကန့်သတ်ထားရှိသူ (၂၃,၇၈၀) ဦး ရှိပါကြောင်း၊

1172. သို့ရာတွင် ယခုလတ်တလောကာလတွင် ပြည်ပမှ ဝင်ရောက်မှုများအနေဖြင့် ကုန်းလမ်းကြောင်းများမှ တစ်နေ့လျှင်ပျမ်းမျှ (၁,၂၀၀) ဦးခန့်ဝင်ရောက်နေဆဲ ဖြစ်ပါကြောင်း၊

1173. သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနတို့ လက်တွဲပူးပေါင်းကာ အသွားအလာကန့်သတ်ခြင်း (quarantine) လုပ်ငန်းများကို စနစ်တကျအားဖြည့်ဆောင်ရွက်ပါက COVID-19 ကူးစက်မှု ဒုတိယလှိုင်းဖြစ်ပွားရန် အလားအလာနည်းပါးမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးများက ဆက်လက် ဦးဆောင်၍ပံ့ပိုးစေလိုပါကြောင်း၊

1174. ယခုအခါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ COVID-19 ဗိုင်းရပ်စ်ပိုးသည် လေမှတစ်ဆင့် ပြန့်လွင့်ပြီး (airborne) ကူးစက်နိုင်ခြေများစွာ ရှိသည့် အထောက်အထားများ တွေ့ရှိလာရသဖြင့် မိမိတို့အနေဖြင့် ဤရောဂါ၏ ကူးစက်နိုင်စွမ်းကို ပိုမို၍အထူးသတိပြုကာ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို ပြုပြင်ပေးမည်ဖြစ်ပါကြောင်း၊

1175. လုပ်ငန်းလည်ပတ်ရန် သင့်လျော်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖွင့်လှစ်ခွင့်ပြုခဲ့သည့် စက်ရုံ၊ အလုပ်ရုံများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ရှောင်တခင်ဝင်ရောက်၍ တိုက်ဆိုင်စစ်ဆေးမှုပုံစံ (checklist) များဖြင့် ကြည့်ရှုစစ်ဆေးရန် မိမိအနေဖြင့် ညွှန်ကြားထားပြီးဖြစ်ပါ ကြောင်း၊

1176. ပြည်သူများအား အသံချဲ့စက်များဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများ အသိပညာပေးနှိုးဆော်မှုများ လုပ်ဆောင်မှုနည်းပါးလာသည်ကို တွေ့ရှိရသဖြင့် လူမှုရေးဝန်ကြီးများအနေဖြင့် ဤကိစ္စအား ပြန်လည်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက် ရန် ပံ့ပိုးပေးစေလိုပါကြောင်း၊

1177. တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ဝန်ကြီးဌာနမှ ပြုစုထုတ်ဝေထားသော COVID-19

ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် ကျန်းမာရေးအသိပညာပေးချက်များကို စုစည်းထားရှိရမည် ဖြစ်ပါကြောင်း၊

1178. တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများသည် ကျွမ်းကျင်မှု ပိုင်းဆိုင်ရာကိစ္စများ၌ စွမ်းရည်မြင့်မားသူများ ဖြစ်စေရန်အတွက် ဝန်ကြီးဌာနမှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော COVID-19 ရောဂါဖြစ်ပွားမှု ခြုံငုံသုံးသပ်မှု အခြေအနေနှင့် ဆန်းစစ်ချက် အကျဉ်းချုပ်တို့ကိုလည်း အမြဲတမ်းလေ့လာသုံးသပ်စေလိုပါကြောင်း၊

1179. မိမိအနေဖြင့် အရေးကြီးသည့် COVID-19 ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ တရားဝင်အီးမေးလ်မှ တစ်ဆင့် နေ့စဉ်နီးပါး ပေးပို့လျက်ရှိသဖြင့် အီးမေးလ်ကို အမြဲကြည့်ရှု၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊

1180. Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Videoconferencing စနစ်ဖြင့် ကဏ္ဍပေါင်းစုံမှ ပညာရှင်များ၊ ပြည်သူများနှင့် ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မှာကြားချက်များနှင့် ပြည်သူများ၏ တင်ပြချက်များမှာ အရေးကြီးသဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊

1181. တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့နှင့် ဆက်လက်ပူးပေါင်း၍ COVID-19 ကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

1182. လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှု (systematic synchronized coordination) နှင့် လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်မှု (division of labour) တို့သည် အရေးကြီး ပါကြောင်း၊

1183. COVID–19 ကဲ့သို့သော ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် မိမိတို့အနေဖြင့် လစ်ဟာမှုများမရှိစေရေး အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊

1184. ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး (၁၇) ဦး အနေဖြင့် COVID–19 ကာကွယ်ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ဆန်းစစ်သုံးသပ်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်များနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာဖြင့် တင်ပြကြစေလိုပါကြောင်း။